# ရှီကျင့်ဖျင်

## ခယောင်းလမ်းမှလာတဲ့သူ

**မင်းပုည**



Designed by Moe Kyaw(C.U)2016

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ်၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

**အုပ်ရေ – ၁၀၀၀**

**တန်ဖိုး – ၁၀၀၀**

**မျက်နှာဖုံးဒီဇိုင်း**

မိုးကျော်

**စာအုပ်ချုပ်**

ပပစိုးနှင့်အဖွဲ့

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

စည်သူကိုကို(တော်ဝင်ထွန်းပုံနှိပ်တိုက်)

မြ(၁၀၉၈၁)၊ အမှတ်–၁၇၊ ၅၂–လမ်း(အောက်) (၅)ရပ်ကွက်

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**

ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ

အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း

၁၀–မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

**"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း"** (CIP)

**မင်းပုည**

ရှိကျင့်ဖျင်(သို့မဟုတ်)ခရောင်းလမ်းမှလာတဲ့သူ / မင်းပုည

**ရန်ကုန်။** လင်းလင်းစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။

၂၄၀ – စာ ၁၈ X ၂၁ စင်တီ

(၁) **ရှိကျင့်ဖျင်(သို့မဟုတ်)ခရောင်းလမ်းမှလာတဲ့သူ**

# မင်းပုညှ

ရှိကျင့်ဖျင်

(သို့မဟုတ်)

ခရောင်းလမ်းမှလာတဲ့သူ

# မာတိကာ


၁။ တင်မြွောက်ခံသမ္မတ ၇

၂။ ပြည်သူ့ဆန္ဒ လုပသောဘဝ ၁၃

၃။ တော်လှန်ရေးသမား ဒုဝန်ကြီးချုပ်ရဲ့သား ၂၃

၄။ သောကအပိုင်းအစများ ၂၈

၅။ ကျေးရွာရဲ့ပါတီခေါင်းဆောင် ၃၆

၆။ ကျွန်တော်လယ်သမား ၄၁

၇။ စံပြပညာတတ်လူငယ်ဆု ၄၇

၈။ လယ်သမားဘဝမှ ဒေါက်တာဘွဲ့ရယူခြင်း ၅၃

၉။ ပြည်နယ်အတွင်းရေးမှူး ၅၆

၁၀။ ခြစားမှုကို တိုက်ဖျက်ရေးသမား ၆၂

၁၁။ ပြုပြင်ပြောင်းလဲရေးသမား ၇၂

၁၂။ တိုးတက်ရေးသမား ၇၆

၁၃။ အောင်မြင်မှုနည်းပညာများ ၈၀

၁၄။ မီသိန်းဓာတ်ငွေ့စီမံကိန်းများ ၈၃

၁၅။ အောင်မြင်တဲ့ တည်ဆောက်ခြင်းများ ၈၇

၁၆။ ရှိန့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ၉၀

၁၇။ အပြောင်းအရွှေ့များနှင့်ဘဝ ၉၃

၁၈။ ရှိန့်သူ့အဖေ ၉၆

၁၉။ ရှိန့်သူ့အမေ ၉၉

၂၀။ ဒုတိယမြို့တော်ဝန်ဘဝနဲ့ ရှိ ၁၀၄

၂၁။ ရှိ အိမ်ထောင်ပြုပြီ ၁၀၈

၂၂။ သမ္မတ ရှိ ၁၁၁

၂၃။ ရှိကျင့်ဖျင်ရဲ့ စီးပွားရေးဗျူဟာ ၁၁၆

၂၄။ မော်စီတုံး နှလုံးသား ၁၂၀

၂၅။ အခြေခံဥပဒေကို လေးစားခြင်း ၁၂၄

၂၆။ ဆင်းရဲမှုကို အမြစ်ကနုတ် ၁၂၈

၂၇။ ဝါဒများကို ဖြတ်သန်းခြင်း ၁၃၂

(၁)

## တင်မြှောက်ခံသမ္မတ

ဒီနေ့…

အဲဒီနေ့… …။

အဲဒီနေ့က ကျွန်တော့်ဘဝအတွက် အကြီးအကျယ် ပြောင်းလဲတဲ့ နေ့တစ်နေ့ ဖြစ်ပါသည်။

အဲဒီနေ့နဲ့ ပတ်သက်ပြီး ပြောရရင်တော့ **၂၀၁၃ ခုနှစ် မတ်လ ၁၄ ရက်** နေ့က နိုင်ငံတော် ကော်မရှင်များက ကျွန်တော့်ကို သမ္မတအဖြစ် ခန့်အပ်ခဲ့ပါတယ်။

ကြားရတဲ့သတင်းစကားက အသစ်အဆန်း မဟုတ်ပေမယ့် အလွန်ကို အံ့ဩရပါတယ်။ ဝမ်းလည်း သာရပါတယ်။

အကြောင်းက ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်က (CCP) (၁၈)ကြိမ်မြောက် ပါတီညီလာခံကို ကျင်းပပါတယ်။ ညီလာခံမှာ ပါတီရဲ့အခြေအနေ၊ နိုင်ငံရဲ့အခြေအနေတွေကို အရင်

ဆုံး ဆွေးနွေးညှိနှိုင်းကြပါတယ်။ အဲဒါတွေ ဆွေးနွေးပြီးတော့ ပါတီဝင်များက သမ္မတကို ရွေးချယ်ရပါတယ်။

အကြောင်းအရာက လက်ရှိသမ္မတ ဟူကျင်တောင်က သမ္မတတာဝန်မှ အနားယူတော့မယ်လို့ ကြေညာထားတဲ့အတွက် အခုလို ရွေးချယ်ရတာပါ။

ရွေးချယ်ပွဲမှာ ပါတီဝင်အားလုံးက ကျွန်တော့်ကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြပါတယ်။ အဲဒီထဲက ကျွန်တော် အရမ်းကို ပျော်ခဲ့ပါတယ်။

ရွေးချယ်ပေးတဲ့ ပါတီဝင်တွေကိုလည်း ကျေးဇူးတင်ပါတယ်။

သမ္မတဖြစ်ဖို့ အခြေအနေ ကောင်းနေပါတယ်။ ဒါပေမဲ့ သမ္မတဖြစ်မယ်လို့တော့ သေချာပေါက် ပြောလို့မရသေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အားလုံးရဲ့အထက်မှာ နိုင်ငံတော်ကော်မရှင်က ရှိနေတယ်။

ကော်မရှင်က သမ္မတအဖြစ် လက်မခံနိုင်ပါဘူးဆိုရင် မတတ်နိုင်ပါဘူး။ အခုတော့ နိုင်ငံတော်ကော်မရှင်က ကျွန်တော့်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းကို ခံလိုက်ရပါတယ်။

စောစောက ကျွန်တော် ပြောခဲ့တယ်နော်။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံရလို့အရမ်းကို ပျော်ခဲ့ပါတယ်လို့။ အမှန်တော့ ကျွန်တော်က သမ္မတ ဟူကျင်တောင် အစိုးရလက်ထက်မှာ ဒုတိယသမ္မတအဖြစ် တာဝန်ယူခဲ့ရတယ်။

ကျွန်တော် ၂၀၀၈ ခုနှစ်ကစပြီး ဒုတိယသမ္မတအဖြစ်နဲ့ နုတ်ထွက်တော့ ကျွန်တော်ပါ ရာထူးကိုစွန့်ရမှာပေါ့။ နောက်လူကို အစားထိုးရမှာပေါ့။

ကျွန်တော့်ကိုတော့ ထွက်ခွင့်မပေးခဲ့သလို ရာထူးပါတိုးပေးခဲ့ကြတယ်။ အဲဒါကြောင့် အရမ်းပျော်ပါတယ်လို့ ပြောခဲ့တာပါ။

ကျွန်တော် ဒီရာထူးကို လွယ်လွယ်နဲ့ ရခဲ့တာ မဟုတ်ပါဘူး။ အလွန့်ကို ပင်ပန်းခဲ့ပါတယ်။ ရှည်လျားလှတဲ့ ဘဝကြီးကို ကြမ်းတမ်းစွာ ဖြတ်သန်းခဲ့ရလို့ တစ်ခါတစ်ရံ စိတ်ဓာတ်တွေ အကြီးအကျယ်ကို ကျခဲ့ရပါတယ်။

တော်လှန်ရေးသမား မိဘနှစ်ပါးက မွေးဖွားသူက အဲဒီလောက်ပဲ ပင်ပန်းဆင်းရဲလှချည်လားဟု တွေးနေမိပါတယ်။

တချို့က ကျွန်တော့်ကို ပြောတာရှိပါတယ်။ “မင်းဘဝက ငါတို့ထက်စာရင် သာပါသေးတယ်ကွာ၊ ငါတို့က ဘာမှမရှိဘူး၊ ဒီလယ်ယာကိုပဲ အားကိုနေရတာ”လို့ လယ်သမားကြီး တစ်ယောက်က ပြောပါတယ်။

သူတို့ပြောတာ တကယ်ပဲ ဟုတ်နေပြီလားလို့ ကျွန်တော် တွေးနေမိပါတယ်။ သူတို့ပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ ပင်ပန်းဆင်းရဲတဲ့ သူတွေထဲမှာ ကျွန်တော် ပါဝင်သလို မပါဝင်ဘူးလို့လည်း မှတ်ယူလို ရပါတယ်။

ဘယ်လိုပင် မှတ်ယူနေကြပေမယ့် အခုတော့ ကျွန်တော်ဟာ တရုတ်နိုင်ငံကြီးရဲ့ သမ္မတတစ်ဦး ဖြစ်လာပါပြီ။

အဲဒီအတွက် တိုင်းပြည်နဲ့ လူမျိုးအတွက် ကြိုးစားရပါတော့မယ်။ ကြိုးစားတိုင်းလည်း အောင်မြင်မှု ရရှိမယ်လို့လည်း မှတ်ယူထားပါတယ်။

ဘယ်လိုပင် မှတ်ယူရပေမယ့် ကျွန်တော့်အဖေရဲ့ လုပ်ဆောင်ချက်တွေကိုပါ လူထုလက်ခံလာအောင် လုပ်ဆောင်ဖို့က ကျွန်တော့်မှာ တာဝန်ရှိလာပါတယ်။

ယခု သမ္မတဖြစ်နေတဲ့ ကျွန်တော်ဟာ တစ်ချိန်တုန်းက ဆင်းရဲသား လယ်သမားတစ်ဦးအနေနဲ့ ဖြတ်သန်းခဲ့ရဖူးပါတယ်။

ဒီဘဝကိုလည်း ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး။ အချိန်ရတဲ့အခါ သူ့ကို နေထိုင်ရာအရပ်ကို သွားရောက်ပါတယ်။ တွေ့ဆုံ မေးမြန်းခဲ့ပါတယ်။

သူတို့ရဲ့လိုအပ်ချက်ကို ကျွန်တော် လုပ်ဆောင်ပေးပါတယ်။ ဒေသခံ တာဝန်ရှိသူတွေကိုလည်း တစ်ဆင့် တာဝန်ပေးထားခဲ့ပါတယ်။

သူတို့တွေ အေးချမ်းသာယာမှု ဆက်ပြီးအသက်ရှင်နေထိုင်လို့ရမယ်ဆိုတာကို ကျွန်တော် ကောင်းစွာ သိနေပါတယ်။ သူတို့ကို ကာကွယ်ပေးရမယ်ဆိုတာ ကျွန်တော် ကောင်းစွာ သိနေပါတော့တယ်။

○

# (၂)

## ပြည်သူ့ဆန္ဒ လုပသောဘဝ

မှတ်ချက်။ လေးစားရတဲ့ စာရှုသူအပေါင်း
တို့…

(၁၈)ကြိမ်မြောက် တရုတ်ပြည် ကွန်မြူနစ်
ပါတီ ဗဟိုကော်မတီ နိုင်ငံရေး ဦးဆောင်အဖွဲ့
အမြဲတမ်းကော်မတီများရဲ့ သတင်းစာရှင်းလင်းပွဲ
တွင် ယောကြားတဲ့ မိန့်ခွန်းကို ဗဟုသုတအနေနဲ့
ဖော်ပြလိုက်ရပါတယ်။

## ပြန်သူ့ဆန္ဒ လှုပသောဘာဝ ဆိုတာ ကျွန်တော်တို့ရဲ့ ပန်းတိုင်ဖြစ်ပါတယ်
## ၂၀၁၂-ခု နိုဝင်ဘာလ ၁၅ ရက်

သတင်းမီဒီယာက မိတ်ဆွေများဟာ (၁၈)ကြိမ်မြောက် ပါတီညီလာခံအကြောင်းကို ကျယ်ပြန့်စွာ အစီရင်ခံပြီး "တရုတ် အသံ"ကို ကမ္ဘာက ကြားသိအောင် ပို့ဆောင်ပေးခဲ့တဲ့အတွက် ပါတီညီလာခံ အထွေထွေအတွင်းရေးမှူးအဖွဲ့ ကိုယ်စား အားလုံး ကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

(၁၈)ကြိမ်မြောက် ပါတီဗဟိုကော်မတီ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးက ပါတီဗဟိုခေါင်းဆောင်မှုအသစ်ကို ရွေးကောက်တင်မြှောက်ခဲ့ပြီး ဗဟိုကော်မတီ အထွေထွေအတွင်း ရေးမှူးအဖြစ် ကျွန်တော့်ကို မဲပေးရွေးချယ်ခဲ့ပါတယ်။ အသစ် ရွေးကောက်ဘင်မြှောက်ခံရတဲ့ ခေါင်းဆောင်မှုအဖွဲ့ဝင် အားလုံး ရဲ့ကိုယ်စား ကျွန်တော်တို့အပေါ် ယုံကြည်မှုပေးတဲ့ ပါတီဝင်အ ား လုံးကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါတယ်။

ပါတီက ကျွန်တော့်ကို ပေးအပ်တဲ့ တာဝန်နဲ့ ယုံကြည်မှု ကို အစွမ်းကုန် ကျေပွန်အောင် ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။ ပါတီဝင်တစ်ရပ်လုံးရဲ့ ယုံကြည်မှု၊ တိုင်းရင်းသား ပြည်သူအား လုံးရဲ့ မျှော်လင့်ချက်၊ ဒီအင်အားနှစ်ရပ်က ကျွန်တော့်ရဲ့လုပ်ငန်း တာဝန်တွေကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်ဖို့အတွက် နက်ရှိုင်း တဲ့ တွန်းအားဖြစ်သလို ကျွန်တော့်ပခုံးပေါ်က ကြီးမားတဲ့တာဝန်

လည်း ဖြစ်ပါတယ်။ ဒီကြီးလေးတဲ့ တာဝန်ဟာ ပြည်သူတွေ အပေါ် တာဝန်ယူမှု ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ပြည်သူဟာ ကြီးမြတ်တဲ့ပြည်သူ ဖြစ်ပါတယ်။ နှစ်ပေါင်း ၅၀၀၀ ကျော် မြို့ပြယဉ်ကျေးမှု သမိုင်းစီးကြောင်းထဲမှာ တရုတ်ပြည်သူတွေဟာ လူသားမျိုးနွယ်ရဲ့ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးမှာ သိသာထင်ရှားတဲ့ ကောင်းမှုတွေ ပြုခဲ့ပါတယ်။

ဦးခေတ်သမိုင်းမှာ ကျွန်တော်တို့ရဲ့ ပြည်သူအပေါင်းဟာ ဖော်မပြနိုင်လောက်အောင် များပြားတဲ့ အတိဒုက္ခတွေကို ခံစားခဲ့ကြရပြီး အလွန်ကြီးမားတဲ့ အန္တရာယ်တွေကိုလည်း ရင်ဆိုင်ခဲ့ရပါသည်။ အဲဒီအချိန်ကစပြီး တရုတ်အမျိုးသားတစ်ရပ်လုံး ပြန်လည်ခေါင်းထောင်လာဖို့အတွက် မြင့်မြတ်တဲ့စိတ်ထားနဲ့ မရေတွက်နိုင်သော ပြည်သူတွေဟာ မဆုတ်မနစ် ခုခံတွန်းလှန်ခဲ့ကြပါတယ်။

ဒါပေမဲ့ အကြိမ်ကြိမ် ရှုံးနိမ့်ခဲ့ရတယ်။ ၁၉၂၁ ခုနှစ် တရုတ်ပြည် ကွန်မြူနစ်ပါတီ ထူထောင်ပြီးတဲ့ နောက်မှာတော့ ပါတီဟာ တစ်ဗိုလ်ကျ တစ်ဗိုလ်တက် ကြီးမြတ်တဲ့ စွန့်လွှတ်မှုတွေနဲ့ စည်းလုံးညီညွတ်စွာ ပြည်သူကို ဦးဆောင်ပြီး အလံမလဲ စတမ်း ရုန်းကန်ရင်း ဆင်းရဲမွဲတေပြီး ခေတ်နောက်ကျနေတဲ့ တရုတ်ပြည်အဟောင်းကို ကြွယ်ဝချမ်းသာပြီး အင်အားတောင့်တင်းတဲ့ တရုတ်ပြည်အသစ် သွေးသစ်လောင်း ပြောင်းလဲလိုက်

ကြတယ်၊ ဒါဟာ ပြည့်စုံတဲ့ မိုးကုတ်စက်ဝိုင်း အစတစ်ခုကို ဖွင့်လှစ်လိုက်တာပဲ ဖြစ်တယ်။

ကျွန်တော်တို့ရဲ့တာဝန်က စည်းလုံးညီညွတ်စွာ ပါတီနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ဦးဆောင်မှုပေးဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်အမျိုးသားတို့ရဲ့ အားသစ်လောင်းတဲ့ ပန်းတိုင်ဆီ ချီတက်ဖို့လည်း ဖြစ်တယ်။ တစ်ဆက်တည်းမှာပဲ သမိုင်းပေးတာဝန်တွေကို ပခုံးပြောင်း ထမ်းဆောင်ကြရမယ်။

တရုတ်ပြည်သူများရဲ့ တစ်ခေတ်ဆန်းလာရေး ရည်မှန်းချက် ဆက်လက်ဖြစ်ထွန်းဖို့ ကြိုးစားအားထုတ်သွားကြရမယ်။ ဒါမှသာ တရုတ်ပြည်ဟာ ကမ္ဘာ့ပြည်သူတွေအကြား ကြွံခိုင်သန်စွမ်းစွာနဲ့ ရပ်တည်နိုင်မှာဖြစ်ပြီး လူသားမျိုးနွယ်အတွက် ကြီးမားတဲ့ အကျိုးဆောင်မှုသစ်တွေ ပေးဆပ်နိုင်မှာ ဖြစ်တယ်။

ဒီကြီးလေးတဲ့ တာဝန်ဆိုတာ ပြည်သူကို တာဝန်ယူရမယ်။ ကျွန်တော်တို့ရဲ့ ပြည်သူဟာ ကြီးမြတ်တဲ့ပြည်သူ ဖြစ်တယ်။ ရှည်လျားတဲ့ သမိုင်းခရီးမှာ တရုတ်ပြည်သူများဟာ ကိုယ့်ဒူးကိုယ်ချွန် အပတ်တကုတ် အလုပ်လုပ်ကြတယ်။

ရဲရင့်စွာ၊ ဉာဏ်ပညာရှိစွာ တိုင်းရင်းသား လူမျိုးစုများနဲ့ အေးအတူ ပူအမျှ ငြိမ်းချမ်းစွာ နေထိုင်ကြပြီး သာယာလှပတဲ့ အမိမြေကို ဖန်တီးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ခေတ်အဆက်ဆက် ထူးခြားသစ်လွင်တဲ့ တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း ပျိုးထောင်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ ပြည်သူတွေဟာ ဘဝကို ထက်ထက်သန်သန် ချစ်မြတ်နိုးကြသူတွေဖြစ်တယ်။

သူတို့ မျှော်လင့်စောင့်စားနေတာက ပိုမိုကောင်းမွန်တဲ့ ပညာရေး၊ ခိုင်မာတဲ့ အလုပ်အကိုင်၊ ပိုပြီး ကျေနပ်စရာကောင်းတဲ့ဝင်ငွေ၊ အားကိုးစိတ်ချရတဲ့ လူမှုဖူလုံရေးစနစ်နဲ့ ပြည်သူ့ဘဝလုံခြုံရေးအာမခံချက်။ ပိုပြီး အရည်အသွေးကောင်းတဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆေးဝါးကုသမှု၊ ပိုပြီးသင့်တင့်လျှောက်ပတ်တဲ့ နေစရာအိမ်။ သာယာလှပတဲ့ ပတ်ဝန်းကျင်။ ဒါ့အပြင် သူတို့ရဲ့ကလေးတွေ ပိုပြီးကောင်းမွန်စွာ ကြီးပြင်းနိုင်ဖို့ အနာဂတ်မှာ အလုပ်ကောင်းကောင်းလုပ်ပြီး ဘဝကို ပျော်ရွှင်စွာ နေထိုင်နိုင်ဖို့ မျှော်လင့်နေကြတာပဲ ဖြစ်တယ်။

ပြည်သူ့ဆန္ဒ လှပတဲ့ ဘဝဆိုတာ ကျွန်တော်တို့ရဲ့ ပန်းတိုင်ပဲ ဖြစ်တယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ တာဝန်လည်းဖြစ်–တယ်။ လူ့လောကရဲ့ သုခဆိုတာ ပျော်ရွှင်စရာ အားလုံးဟာ လုံ့လဝီရိယနဲ့ ကြိုးပမ်းအားထုတ်တဲ့ လုပ်အားပေါ်ကနေ ထွက်လာတဲ့ ရလဒ်သာဖြစ်တယ်။ ကျွန်တော်တို့ရဲ့ တာဝန်က စည်းလုံးညီညွတ်ရမယ်။ ပါတီနဲ့ တိုင်းရင်းသား ပြည်သူအပေါင်းကို ဦးဆောင်မှု ပေးရမယ်။

အတွေးအခေါ် လွတ်မြောက်မှုကို ရေရှည်ထိန်းသိမ်းရမယ်။ တံခါးဖွင့်ဝါဒနဲ့ ပြုပြင်ပြောင်းလဲရေးကို မြဲမြဲစွာ ဆုပ်ကိုင်ထားပြီး လူ့အဖွဲ့အစည်းရဲ့ ကုန်လုပ်စွမ်းအားများကို အဆက်မပြတ် လွတ်လွတ်လပ်လပ် ဖွံ့ဖြိုးတိုးတက်စေရမယ်။ ပြည်သူလူထုရဲ့ အလုပ်နဲ့ ဘဝအတွင်းက ပြဿနာများကို ကြိုးစားဖြေရှင်းပေးရမယ်၊ မယိမ်းမယိုင်စိတ်နဲ့ အတူတကွ ချမ်းသာကြွယ်ဝတဲ့လမ်း

ပေါ်မှာ လျှောက်လှမ်းကြရမှာ ဖြစ်ပါတယ်။ ဒီလေးနက်တဲ့ တာဝန်ဟာ ပါတီကို တာဝန်ယူရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပြည်သူ့ကို စိတ်ရော ကိုယ်ပါ အလုပ်အကျွေးပြုတဲ့ နိုင်ငံရေးပါတီ ဖြစ်ပါတယ်။ ပါတီရဲ့ဦး ဆောင်မှုနဲ့ ထူးခြားတဲ့ အောင်မြင်မှုတွေ ရရှိခဲ့တာက ပြည်သူ တွေ မျက်မြင်တွေပဲ ဖြစ်ပါတယ်။

ဒီလို ခိုင်လုံတဲ့ အကြောင်းပြချက်တွေ၊ ယုတ္တိတွေက ကျွန်တော်တို့အတွက် ဂုဏ်ယူစရာ ဖြစ်ပါတယ်။ သို့ပေမဲ့ ဂုဏ် ယူသော်လည်း အားရကျေနပ်နေမှာ မဟုတ်သလို အရင်က ရထား တဲ့ အကျိုးအမြတ်တွေပေါ်မှာလည်း ဘယ်တော့မှ လဲလျောင်းနေ မှာ မဟုတ်ဘူး။

ပတ်ဝန်းကျင် အခြေအနေ အသစ်အောက်မှာ ကျွန်တော် တို့ ပါတီဟာ ကြမ်းတမ်းခက်ထန်တဲ့ စိန်ခေါ်မှုများကို ရင်ဆိုင် ခဲ့ရတယ်။

ပါတီတွင်းမှာလည်း အပူတပြင်း ဖြေရှင်းရမယ့် ပြဿနာ တွေကလည်း ရှိနေသေးတယ်။ အထူးသဖြင့် အချို့သော ပါတီဝင် ကေဒါများအကြား ပေါ်ပေါက်နေတဲ့ လာဘ်ပေးလာဘ်ယူ ခြစား မှုတွေပဲ ဖြစ်တယ်။

လူထုနဲ့ ကင်းကွာပြီး သဏ္ဌာန်ဝါဒ၊ ဗျူရိုကရက်ဝါဒ စတဲ့ ပြဿနာတွေကို မုချပဲ ရှိသမျှ ကိုယ်စွမ်း ဉာဏ်စွမ်း ထုတ်ပြီး ဖြေရှင်းရမယ်၊ မုချပဲ ပါတီတစ်ရပ်လုံး နိုးနိုးကြားကြား ရှိနေရတယ်။

**"သံကောင်းမှ ဓားကောင်းရမယ်"** ကျွန်တော်တို့ရဲ့တာဝန်ဟာ ပါတီဝင်ရဲဘော်အားလုံးနဲ့ အတူတကွ ရှိနေရမှာဖြစ်တယ်။ ပါတီက ပါတီကို မြဲမြဲစွာ အုပ်ချုပ်ရမယ်။ တင်းကျပ်တဲ့ စည်းမျဉ်း စည်းကမ်းတွေအတိုင်း လုပ်ရမယ်။ ပါတီတွင်းမှာ ပေါ်လွင်နေတဲ့ အဓိကပြဿနာတွေကို ထိထိရောက်ရောက် ဖြေရှင်းကြရမယ်။ လုပ်ဟန်တွေကို တိုးတက်အောင် ပြုပြင်ပြီး လူထုနဲ့ ဆက်ဆံရေးကို နီးကပ်စွာ ထိန်းသိမ်းထားရမယ်။

ဒီလိုလုပ်ဆောင်ခြင်းများဟာ တရုတ်အမျိုးသားဝိသေသနဲ့ ဆိုရှယ်လစ်ဝါဒ တည်ဆောက်ရေးလုပ်ငန်းမှာ ကျွန်တော်တို့ ပါတီကို ခြေဆုံး ခေါင်းဆုံး တောင့်တင်းခိုင်မာတဲ့ ခေါင်းဆောင်မှု အမြုတေ ဖြစ်လာစေပါတယ်။

ပြည်သူဟာ သမိုင်းကို ဖန်တီးသူဖြစ်တယ်။ လူထုဟာ စစ်မှန်တဲ့ သူရဲကောင်းဖြစ်တယ်။ ပြည်သူလူထုဟာ ကျွန်တော်–တို့အင်အားရဲ့ ရေသောက်မြစ်ဖြစ်တယ်။ ကျွန်တော်တို့ လေးလေးနက်နက် သိထားရမှာက လူတစ်ဦးချင်း ခွန်အားဆိုတာ အကန့်အသတ်ရှိတယ်။

ဒါပေမဲ့ ကျွန်တော်တို့ တစ်စိတ်တစ်ဝမ်းတည်းသာ ရှိမယ်ဆိုရင် စည်းလုံးညီညွတ် အောင်ကြောင်းဖြာ ဆိုသလို မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုတာ မရှိပါဘူး။

လူတစ်ဦးချင်းရဲ့ အလုပ်ချိန်ဟာ အကန့်အသတ်ရှိတယ်။ ဒါပေမဲ့ စိတ်ရောကိုယ်ပါ ပြည်သူကို အလုပ်အကျွေးပြုရာမှာတော့ အကန့်အသတ်မဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ ကာဝန်ဟာ တောင်ကြီးတစ်လုံးထက် လေးသလို လုပ်ငန်းတွေက ကြမ်းတမ်းခက်ခဲပြီး ခရီးက ရှေ့ဆက် ရဦးမှာဖြစ်တယ်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ ကေန်မုချ ပြည်သူတွေနဲ့ ထာဝရ တစ်စိတ်တစ်ဝမ်းတည်း ရှိရမယ်။

အေးအတူ ပူအမျှ သွေးစည်းညီညွတ်ရမယ်၊ အရာရာကို ခွဲလုံ့လနဲ့ ကြိုးစားအားထုတ်ပြီး ပြည်သူနဲ့ သမိုင်းကို စံချိန်မီတဲ့ အဖြေတစ်ခု သက်သေပြုပေးရမှာ ဖြစ်ပါတယ်။

တရုတ်ပြည်ဟာ ကမ္ဘာကြီးကို နားလည်သဘောပေါက်ဖို့ လိုပါတယ်။ ကမ္ဘာကလည်း တရုတ်ပြည်ကို ပိုမိုနားလည်ဖို့ လိုအပ်ပါတယ်။ သတင်းမီဒီယာက မိတ်ဆွေများ ဒီကနေ့ကစပြီး တရုတ်ပြည်နဲ့ ကမ္ဘာ့နိုင်ငံအသီးသီးတို့အကြား အပြန်အလှန်နားလည်မှုများ တိုးပွားလာအောင် ကြိုးစားအားထုတ်ပြီး ကူညီပံ့ပိုးကြမယ်လို့ မျှော်လင့်ပါတယ်။

ဖော်ပြပါ မိန့်ခွန်းဟာ ရှီကျင့်ဖျင်ကို သမ္မတအဖြစ်ရွေးချယ်တဲ့နေ့က ပြောခဲ့တဲ့ မိန့်ခွန်းဖြစ်ပါတယ်။ အဲဒီမိန့်ခွန်းကို လေ့လာနိုင်ရန် ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။

○

(၃)

## တော်လှန်ရေးသမား ဒု-ဝန်ကြီးချုပ်ရဲ့သား

ကျွန်တော် လယ်သမား မိသားစုက မွေးဖွားလာတာ မဟုတ်ပေမယ့် လယ်ယာနဲ့ ပတ်သက်ပြီး ကောင်းစွာသိပါတယ်။ လယ်လုပ်တတ်ပါတယ်။ လယ်မှာလုပ်ရတာကိုလည်း ပျော်မိပါတယ်။ တကယ်တော့ ကျွန်တော် နိုင်ငံရေးသမား မိဘနှစ်ပါးက မွေးဖွားလာတဲ့ သူတစ်ယောက်ပါ။

ဥက္ကဋ္ဌကြီး မော်စီတုံးကို သိသူများဟာ ကျွန်တော့်အဖေကို ကောင်းစွာ သိကြမှာပါ။ တစ်နည်းဆိုရရင် နိုင်ငံရေးသမားများဆို ပိုပြီးတော့ သိကြမှာပါ။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်က ပြည်သူတွေကို သိပ်ချစ်ပါတယ်။ ပြည်သူတွေဟာ ဘယ်လိုအခက်အခဲတွေနဲ့ နေထိုင်စားသောက်ကြရတယ်ဆိုတာ ကျွန်တော် ကောင်းစွာသိပါတယ်။

ကောင်းစွာလည်း ကြုံခဲ့ရပါတယ်။ အဲဒါကြောင့် ပြည်သူလူထုနဲ့ ပတ်သက်ပြီး ပြောလေ့ရှိပါတယ်။

အဲဒါက…

**"အစိုးရ တာဝန်ရှိသူတွေရဲ့ စိတ်ထဲမှာ ပြည်သူတွေရဲ့ အရေးပါမှု ရှိနေခြင်းဟာ ပြည်သူတွေရဲ့ စိတ်ထဲမှာ အစိုးရတာဝန်ရှိသူတွေရဲ့ အရေးပါမှု ရှိနေခြင်းကို အဆုံးအဖြတ် ပေးလိမ့်မယ်"**

လို့ ပြောလေ့ရှိပါတယ်။ အခွင့်အခါကြုံကြိုက်တဲ့ အခါတိုင်းလည်း ထုတ်ဖော်ပြောကြားလေ့ ရှိပါတယ်။ အဲဒီလိုပြောတိုင်းလည်း ပြည်သူလူထုက ကျွန်တော့်စကားကို အားပေးကြတယ်။ လက်ခံကြပါတယ်။ ကျွန်တော်က စကားကို ခပ်ပေါ့ပေါ့ ပြောလေ့ မရှိသလို ပြောပြီးတဲ့ စကားကိုလည်း တည်အောင်လုပ်ဆောင်ပေးတတ်ပါတယ်။

ကျွန်တော့်ကို လူ့လောကထဲကို ရောက်အောင်ခေါ်လာတဲ့ အဖေနဲ့ အမေ ရှိပါတယ်။ သူတို့က ကွန်မြူနစ်တော်လှန်ရေး သမားဖြစ်ပြီး ဒုတိယဝန်ကြီးချုပ် တာဝန်ကို ထမ်းဆောင်ခဲ့တဲ့ အဖေ ရှီကျုံးရွှင် (Xizhong Xun)နဲ့အမေက ချီရှင်း(Qixin)တို့ ဖြစ်ပါတယ်။

အဲဒီလိုပါပဲ ၁၉၅၃ ခုနှစ် ဇွန်လ ၁၅ ရက် တနင်္လာနေ့မှ ဆန်ရှီ(ShanXi)ပြည်နယ် ဖူဖျင်းခရိုင်မှာ မွေးဖွားခဲ့ပါတယ်။ ဖခင်ရဲ့ပြောစကားအရ တိုင်းပြည်နဲ့လူမျိုးကို အကျိုးပြုရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ **ရှီကျင့်ဖျင်** လို့ အမည်ပေးခဲ့ပါတယ်။

ကျွန်တော့်အဖေဟာ ဗိုလ်ချုပ်တစ်ဦးအနေနဲ့ ဥက္ကဋ္ဌကြီး မော်စီတုံးတို့နဲ့အတူ နယ်ချဲ့ကို စွမ်းစွမ်းတမံ ဆင်နွှဲခဲ့ပါကယ်။ အဲဒီလိုပဲ ကျွန်တော့်အမေကလည်း ခေသူတစ်ယောက် မဟုတ်။ အဖေတို့နဲ့အတူ တော်လှန်ရေးထဲမှာ ပါဝင်ခဲ့သူတွေပါ။ တော်လှန်ရေးမိဘနှစ်ပါးက မွေးဖွားလာသူ တစ်ယောက်မို့ ကျေနပ်ခဲ့ရပါတယ်။ အရာရှိတစ်ဦး၏ သားတစ်ယောက်ဆိုတော့ ကောင်းမွန်စွာ နေထိုင်ရတယ်။ စားသောက်ရတယ်။ လူချစ်လူခင်တွေလည်း ပေါပါတယ်။

ဒါကမွေတာပဲလေ။ နိုင်ငံကြီးတစ်ခုရဲ့ ဒုတိယဝန်ကြီးချုပ်ရဲ့သား၊ တော်လှန်ရေးသမား ဗိုလ်ချုပ်ရဲ့သားဆိုတော့ စဉ်းစားသာ ကြည့်ကြပါတော့။ အားလုံးရဲ့ ဂရုစိုက်မှုကို ခံရတာပေါ့။ ငယ်ရွယ်သူတို့ ဘာသာဘာဝမှာ ပျော်ရွှင်စရာတွေချည်းပဲ။

တွေ့သမျှ အရာအားလုံးဟာ ကျွန်တော်ဆော့တဲ့ အရုပ်တွေလို့ပဲ ထင်နေပါတယ်။ အားလုံးကလည်း ကျွန်တော်ပြုသမျှ နနေကြပါတယ်။ ကျွန်တော်ဟာ သူတို့ရဲ့ အရှင်သခင်လို ဖြစ်နေပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ကြောင့် မဟုတ် အဖေ့ကြောင့်။ ကျွန်တော် တစ်ခုခု ဖြစ်သွားရင် သူတို့ အရေးယူခံရမှာ ကြောက်လို့ ဂရုစိုက်နေခြင်းသာ ဖြစ်ပါတယ်။

ကျွန်တော်က သူတို့ထင်တာနဲ့ တခြားစီပါပဲ။ ကလေးဆိုတော့ ဘာသောကမှမရှိ။ ဘာမှလဲ စိတ်ထဲမှာမရှိ။ ငယ်ရွယ်သူဆိုတော့ လွတ်လပ်မှုကို နှစ်သက်ပါတယ်။ အဲဒါကြောင့် လွတ်လွတ်လပ်လပ်ပဲ နေပါတယ်။

အဖေက ဟာဝန်နဲ့ဆိုတော့ ကျွန်တော်ကို ဂရုမစိုက်။ ချစ်ရမှန်းကို မေ့နေပါတယ်။ အမေကတော့ ကျွန်တော့်ကို မျက်စိအောက်က အပျောက်မခံ။ သူတို့အတွက် ကြီးမားတဲ့ ရတနာဖြစ်နေတယ်။

အဲဒီလိုနဲ့ ရက်ကို လ,စား၊ လ,ကို နှစ်စားလေတော့ ကျွန်တော် ကျောင်းတက်ရမယ့်အရွယ်ကို ရောက်ရှိလာပါတယ်။ ကျွန်တော် ကျောင်းတက်ရပါတယ်။ ကျောင်းမှာလည်း မျက်နှာပွင့်ပါတယ်။

ကျွန်တော် ကျောင်းတက်တော့လည်း အဖေက ကျောင်းကို ကောင်းကောင်းပို့နိုင်ခြင်း မရှိ။ အမေနဲ့သာ အတူသွားရတာ များပါတယ်။ အဖေ့အလုပ်တွေက အချိန်တိုင်း ရှုပ်နေပါတယ်။ တစ်ခါတစ်ရံ အဖေ ရှာပုံတော်ဖွင့်ရတော့မလို ဖြစ်နေပါတယ်။ ဒါက ငယ်ရွယ်တဲ့ ကလေးတစ်ယောက်အနေနဲ့ ခံစားရတဲ့ ခံစားချက်ကို ပြောခြင်းဖြစ်ပါတယ်။

၀

## (၄)

## သောကအပိုင်းအစများ

ကျွန်တော့်ရင်ထဲက ခံစားချက် ပြောင်းလဲသွားရပါတော့မယ်။ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ ကျေနပ်ခြင်း စတာတွေ ပျောက်ကွယ်ရမယ့်အချိန်နဲ့ ကြုံတွေ့ခဲ့ပါတယ်။ ကျွန်တော့်အနားမှာ ရှိနေသူတွေ မရှိတော့ဘူး။ ကျွန်တော်နဲ့ စကားရပ်လိုလူတွေ မရှိတော့ဘူး။

ကျွန်တော် အချိန်ကို နှမြောမိပါတယ်။ ပျော်ရွှင်တာတွေ၊ ကြည်နူးခဲ့တာတွေ အခုတော့ ဘယ်ကိုရောက်သွားပါလိမ့်။ အစက ကျွန်တော့်ကို ချော့မော့နေသူတွေ ဘယ်နေရာကိုရောက်ပြီး ပျောက်ကွယ်သွားကြပါလိမ့်။

တစ်ချိန်တုန်းက စည်စည်ကားကားနဲ့အိမ်ကြီး။ အခုတော့ ခြောက်သွေ့သွားပြီ။ ငှက်လေးတွေလည်း တေးမဆိုတော့ဘူး။

ခြေသံတွေလည်း မကြားရတော့ဘူး၊ ပျော်ရွှင်စရာ မိသားစုဘဝလေးက ပျော်စရာမကောင်းတဲ့ မိသားစုလေး ဖြစ်သွားခဲ့ပြီ။

သင်နေတဲ့ ပညာရေးကိုလည်း ဆက်ပြီးမသင်ချင်တော့ဘူး။ သင်ခွင့်ရလား မရလား ဆိုတာ ဆုံးဖြတ်ချက် မရသေးဘူး။ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် မဟုတ်တဲ့ ဘဝနဲ့ နေရပါတယ်။

ငယ်ရွယ်သူတစ်ယောက် ဆိုတော့ အဖေနဲ့ အမေတို့ရဲ့ ဆုံးဖြတ်ချက်ကိုသာ စောင့်မျှော်နေရပေမယ့် အခုတော့ ဘယ်လိုမှ မျှော်လင့်မထားတဲ့ အဖြစ်ဆိုးကြီးနဲ့ ကြုံတွေ့လာရပါတယ်။

အကြောင်းမှာ အဖေ့ရဲ့အမှားအယွင်းများ ကျူးလွန်ခဲ့မှုကြောင့် အရှက်တကွဲ အကျိုးနည်းခဲ့ရတယ်။ အဖေဟာ ယဉ်ကျေးမှုတော်လှန်ရေး ကာလမှာ အရေးယူခံရပြီး ပါတီတွင်းတိုက်ပွဲမှာလည်း အရေးနိမ့်သူ ဖြစ်ခဲ့ရတယ်။ ကျွန်တော်ဟာ အဲဒီအချိန်မှာ ခက်ခဲတဲ့ကာလများကို ဖြတ်သန်းရတော့တယ်။

အဆိုးဆုံးက အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရတယ်။ ငတ်မွတ်ခေါင်းပါးမှုကိုလည်း ကြုံခဲ့ရတယ်။ နေစရာအိမ် မရှိလို့ စားစရာရှိသလားဆိုတော့ ဘာစားစရာမှမရှိ၊ အိမ်ကလည်း မရှိတော့ လူ့လောကကြီးထဲမှာ နေရတာ ပျော်စရာ မကောင်းသလို ဖြစ်ခဲ့ရတယ်။

ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာဆိုတဲ့ အဖြစ်နဲ့ ကြုံခဲ့ရပြန်ပါတယ်။ ကျွန်တော့်ကို ဖမ်းဆီး ချုပ်နှောင်ကြပြန်ပါတယ်။ လူဆိုးတွေ၊ လူမိုက်တွေ၊ မကောင်းမှု ကျူးလွန်သူတွေဆိုရင် ဖမ်းဆီးပြီး ထောင်ထဲကို ပို့ကြတယ်လို့ ပြောသံကြားဖူးခဲ့ပေမယ့် ကျွန်တော် အဲဒီနေရာကို မရောက်ဖူးခဲ့ပါ။

အခုတော့ ကျွန်တော့်ကို ဖမ်းဆီးသွားကြတယ်။ ကျွန်တော်က လူဆိုးလည်းမဟုတ်။ လူမိုက်လည်း မဟုတ်။ မကောင်းတာ ဘာတစ်ခုမှ မကျူးလွန်ခဲ့ပေမယ့် ဖမ်းဆီးပြီး အချုပ်ခန်းထဲကို ပို့လိုက်ကြတယ်။ ကျွန်တော် ဘာများတတ်နိုင်ဦးမှာလဲ။

အခုတော့ ကျွန်တော် အချုပ်ခန်းထဲကို ရောက်နေပြီ။ ကြေကွဲဝမ်းနည်းဖို့ စိတ်ကူးတွေ ပျောက်ကွယ်နေတယ်။ ကိုယ့်ကိုယ်ကိုယ် အားအင်တွေ မွေးနေရပါတယ်။ စိတ်ဓာတ်တွေကိုလည်း ခိုင်ခိုင်ထားနေတယ်။ အပြစ်မရှိသူကို ကြာကြာဖမ်းဆီးထားမှာ မဟုတ်ဘူးဆိုတာလည်း သိနေပါတယ်။

အဲဒီတုန်းက ကျွန်တော့်အသက်က အလွန်ကို ငယ်ပါသေးတယ်။ အမှားအယွင်းလုပ်ခဲ့သူရဲ့ သားဆိုပြီး ဖမ်းဆီးချုပ်နှောင်ထားခြင်း ဖြစ်ပါတယ်။ ငယ်ရွယ်သူတစ်ယောက် အနေနဲ့ ဘာကြောင့် ဖမ်းတာလဲဆိုတာ သိချင်နေတယ်။

နောက်ပြီးတော့ မိဘများနဲ့ ခွဲနေရတာကိုလည်း ကြေကွဲနေပါတယ်။ ဘယ်တုန်းကမှ မခွဲဘူးတဲ့ မိဘများနဲ့ ခွဲရတာဟာ ကျွန်တော့်အတွက် သောကဖြစ်နေပါတယ်။ ရိုးရိုးသားသားကိစ္စနဲ့ ခွဲရတာဆို ဖြေသာနိုင်ပေမယ့် အပြစ်တွေနဲ့ ခွဲရတာ ဆိုတော့ ကျွန်တော် ဘယ်လောက်စိုးရိမ်ပြီး ခံစားရမလဲဆိုတာ ကျွန်တော်မှလွဲပြီး ဘယ်သူမှ သိကြမှာ မဟုတ်ပါဘူး။

အရွယ်ကလည်းငယ်၊ ပညာကလည်း မဆုံ၊ မိဘများနဲ့ ခွဲနေရတော့ ရင်ထဲက သောကတွေကို ဘယ်လိုဖြေသိမ့်ရမယ်ဆိုတာ မသိ။

လူတွေက ကျွန်တော့်ကို သနားဖို့ထက် အပြစ်တင်မယ့် သူတွေက ပိုပြီးများပါတယ်။ သူ့အဖေက အများအယွင်းတွေ လုပ်ခဲ့တာ။ ဒီလိုကောင်လားဆိုပြီး အပြစ်တင်သူတွေလည်း ရှိနေပါတယ်။

လူတွေက အဖေ့ကို ဘယ်လောက် အပြစ်ပြောပေမယ့် ကျွန်တော်ကတော့ အဖေ့ကို အပြစ်မတင်။ ဘာကြောင့်လဲဆိုတော့ တမင်ရည်ရွယ်ချက်နဲ့ အမှားကို ကျူးလွန်ခဲ့တာ မဟုတ်ဘူးဆိုတာကို ကျွန်တော် ယုံကြည်နေလို့ပါပဲ။

အဖေဟာ တရုတ်ပြည်လွတ်မြောက်ရေးအတွက် လက်နက်ကို ဆွဲကိုင်ပြီး နယ်ချဲ့တွေကို တော်လှန်ခဲ့တယ်။ တိုင်းပြည်ပြန်လည်ထူထောင်ရေးမှာလည်း ကိုယ်ကျိုးမဖက် လုပ်ဆောင်ပေးခဲ့ပါတယ်။ တရုတ်ပြည်သူတွေရဲ့ အသက်အိုးအိမ်တွေကို အသက်နဲ့ရင်းပြီး ကာကွယ်ပေးခဲ့ပါတယ်။

အဲဒါကြောင့် စစ်ဗိုလ်ချုပ် ရာထူးအပြင် နောက်ပိုင်းမှာ ဒုတိယဝန်ကြီးချုပ် ဖြစ်လာတယ်။ အဲဒီအဆင့်ကို ရောက်လာတာဟာ အဖေ ရိုးသားလို့ပေါ့။ အဖေက ကျွန်တော့်ကို ပြောလေ့ရှိတဲ့ စကားကို သတိရနေပါတယ်။

> **"ငါတို့ဟာ တိုင်းပြည်နဲ့ လူမျိုးအတွက်ဆိုရင် အသက်ပင်သေသေ လုပ်ဆောင်ချက်တွေက ပြည်သူတွေကို အကျိုးပြုဖို့အရေးကြီးပါတယ်။ ဘယ်လိုပင် ဖြစ်နေပါစေ ပြည်သူကို ကိုယ့်မိဘတွေလို သဘောထားရမယ်"**

လို့ အဖေက ပြောလေ့ရှိပါတယ်။

အခုဟာက ပြည်သူအတွက် မှားတာတွေ လုပ်ခဲ့တာ မဟုတ်ဘူးလို့ပဲ ကျွန်တော် ထင်မှတ်နေပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော် အဖေ့ကို အပြစ်မတင်ပါဘူး။ ဒါပေမဲ့ မိဘများနဲ့ ခွဲရတာကိုတော့ ကျွန်တော် ကြေကွဲနေရပါတယ်။

ဝ

# (၅)

# ကျေးရွာရဲ့ပါတီခေါင်းဆောင်

လူ့လောကဆိုတာ ကိုယ်ဖြစ်ချင်တာနဲ့ ဖြစ်နေတာက ကွာခြားလွန်းပါတယ်။ ကျွန်တော် အဖေအမေတို့နဲ့ ခွဲနေရလို့ ကြေကွဲနေရချိန်မှာ ထပ်မံပြီး ခွဲနေရပြန်ပါတယ်။ အဲဒီတုန်းက ကျွန်တော့်အသက်ဟာ ၁၆ နှစ်အရွယ်လောက် ဖြစ်ပါတယ်။ လူငယ်ပညာတတ်လေးလို့ ခေါ်ကြပါတယ်။

ကျွန်တော့်ကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်းရှီပြည်နယ်၊ ယန်ကျန်းခရိုင်၊ လျန်းကျားဟီ အမည်ရှိတဲ့ ရွာလေးတစ်ရွာကို လုပ်အားပေးအနေနဲ့ အပို့ခံရပါတယ်။ တကယ်တော့ ဒါဟာ အပြစ်ပေးတဲ့ သဘောပါပဲ။

အဲဒီဒေသဟာ **လိုဝက်စ်ကုန်းမြင့်**ရဲ့ အစိတ်အပိုင်း ဖြစ်တဲ့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ရန် အဖေနဲ့

ကွန်မြူနစ်တော်လှန်ရေးသမားများ တော်လှန်ရေး စတင်ခဲ့တဲ့ နေရာဒေသ ဖြစ်ပါတယ်။ လျန်းကျားဟီ ဆိုတဲ့ ရွာကလေးကို သွားရမယ်ဆိုတော့ ကြေကွဲမှုထက် ပို၍ကြေကွဲရပါတယ်။ ကျွန်တော်ဟာ မြို့ပေါ်မှာ နေထိုင်ကြီးပြင်းလာသူ တစ်ယောက်အနေနဲ့ ဒီလိုနေရာမျိုးကို သွားရောက်နေထိုင်ရမယ်ဆိုတာ ဘယ်လိုမှ မျှော်လင့်မထားခဲ့ပါဘူး။

လျန်းကျားဟီ ရွာကလေးဟာ ကျွန်တော် ထင်ထားတာထက် ပိုပြီးဆိုးနေပါတယ်။ ဒီရွာကလေးမှာ ဘယ်လိုပုံစံနဲ့ ကျွန်တော် နေရပါ့မလဲ။ ဒီရွာလေးမှာ နေထိုင်သူတွေကို ကူညီရန်အတွက် ရောက်လာတဲ့ ကျွန်တော့်အတွက် အခက်အခဲများစွာတွေနဲ့ ကျွန်တော် ကြုံတွေ့ရပါတယ်။ နေထိုင်ရတာ ခက်ခဲတယ်၊ ကြမ်းတမ်းတယ်။ ရွာသားတွေက ကျွန်တော့်ကို အထင်သေးတဲ့ အကြည့်တွေနဲ့ ကြည့်နေကြပါတယ်။ မြို့သားလေက ဟာသ လာလုပ်နေတယ်ပေါ့။ သူတို့ပြောတာ ကျွန်တော် လက်ခံပါတယ်။

တကယ်တော့ ကျွန်တော်ဟာ သူတို့လုပ်နေတဲ့ အလုပ်မျိုး တစ်ခါမှ မလုပ်ဖူးသလို တွေ့လည်း မတွေ့ဖူးပါ။ ကျွန်တော် စားခဲ့သမျှ အားလုံးဟာ အဆင်သင့် နေထိုင်စားသောက်ခဲ့တာပါ။ အခု လက်တွေ့ကြုံတွေ့လာတဲ့အခါ အထင်နဲ့အမြင် ကွာခြားနေတယ်။ နေထိုင်ရတာ၊ စားသောက်ရတာ၊ အိပ်စက်ရတာတွေဟာ ဘယ်လိုမှ အဆင်မပြေတဲ့ ဟာတွေပါ။

ဘဝရယ်… အဲဒီလောက်ပဲ ဆိုးနေသလားဟု တွေးပြီး သောကရောက်ခဲ့ရပါတယ်။

ဒီထက်ဆိုးတာတွေ ရှိပါသေးတယ်။ ဒေသကို မကျွမ်းကျင်တဲ့သူတစ်ယောက် ဖြစ်တော့ ပိုးကောင်မွှားကောင်များက ကိုက်ခဲလွန်းတဲ့အတွက် ကောင်းကောင်းမအိပ်နိုင်ဘဲ ဖြစ်နေရပါတယ်။

တစ်ခါတလေ အရမ်းကို အိပ်ချင်ပါတယ်။ အဲဒီအကောင်တွေ ကိုက်ခဲမှာကြောက်လို့ မအိပ်ဘဲ ထိုင်နေရတဲ့ ညပေါင်းများစွာ ရှိခဲ့ပါတယ်။ ဘယ်လိုပင် ခက်ခဲပေမယ့် အနေကြာလာတဲ့အခါ အဆင်ပြေလာတယ်။ ရွာသားတွေရဲ့ အလုပ်တွေကိုလည်း ကျွန်တော် ကောင်းကောင်းလုပ်နိုင်လာပါတယ်။

အထင်သေးတဲ့ ရွာသူရွာသားတွေကလည်း ချီးကျူးလာပါတယ်။ ဒါဟာ အမေ့ရဲ့ အမှာစကားကြောင့်လည်း ပါတယ်။ "ခက်ခဲမှုဆိုတာ ရှိတယ်။ အဲဒီ ခက်ခဲမှုကို ကောင်းကောင်းကျော်ဖြတ်နိုင်ရင် အောင်မြင်မှုက အဆင်သင့် ကြိုနေပါတယ်။ အဲဒါကြောင့် အခက်အခဲများကို ကောင်းကောင်းကျော်ဖြတ်ပြီး အောင်မြင်မှုများနဲ့ အမေ့ထံ ပြန်လာခဲ့ပါ သားရယ်"လို့ အမေက မှာလိုက်ပါတယ်။ အဲဒါကြောင့် ကျွန်တော် အကောင်းဆုံးကြိုးစားပါတယ်။ ရွာသူရွာသားတွေ ကျွန်တော့်ကို လေးစားလာကြပါတယ်။

ကျွန်တော်ဟာ အလုပ်ကြမ်းမှန်သမျှ အကုန်လုပ်ရပါတယ်။ နွားချေးများလည်း သယ်ရပါတယ်။ ကျောက်မီးသွေးတင် လက်တွန်းလှည်းကိုလည်း တွန်းရပါတယ်။ လယ်ယာများကိုလည်း စိုက်ပျိုးရပါတယ်။ တမံများကိုလည်း ဖောက်လုပ်ရပါတယ်။

ဆည်ကိုလည်း ဖို့ရပါတယ်။ ဒို့ထက်ရှင်းအောင် ပြောရရင် အလုပ်ကြမ်းပေါင်းစုံကိုလည်း လုပ်ရပါတယ်။

အစကတော့ ဒါတွေလုပ်ရတာဟာ ခက်ခဲတဲ့ ဘဝတစ်ခုကို ဖြတ်သန်းရသလို ခံစားရပါတယ်။ နောက်ပိုင်းကျတော့ အလွယ်လေးလို့ ထင်မှတ်နေမိပါတယ်။ ဒါဟာ ကြိုးစားတဲ့ ရလဒ်များ ဖြစ်ပါတယ်။

အဲဒီလိုပဲ ကျွန်တော့်ရဲ့ ကြိုးစာမှုကြောင့် ရွာသားများက ကျွန်တော့်ကို ချစ်စနိုးနဲ့ ခေါ်လာတဲ့ နာမည်တစ်ခုတောင် ထွက်ပေါ်လာပါသေးတယ်။

အဲဒါက တခြားမဟုတ်ပါဘူး။ ဂျုံစေ့များ အပြည့်ထည့်ထားတဲ့ ၁၀၀ ကီလိုဂရမ်နီးပါးလေးတဲ့ ရေပုံးနှစ်ပုံးကို တံပိုးနဲ့ ထမ်းပြီး တောင်တက်လမ်း လျှောက်ခဲ့တယ်။ အဲဒါကိုကြည့်ပြီး အံ့ဩစွာနဲ့ ကျွန်တော့်ကို **"လူသန်လေး"**လို့ ခေါ်ကြတယ်။ ဘယ်လိုပင်ခေါ်ပါစေ ကျွန်တော်ကတော့ လုပ်စရာရှိတာကို လုပ်ရမှာပဲ။

နောက်ပိုင်းမှာ ရွာသားများက ကျွန်တော့်ကို ယုံကြည်လာတယ်။ အားကိုးလာကြတယ်။ ကျွန်တော်က ခေတ်ပညာတတ်တစ်ယောက် ဖြစ်နေတော့ ရွာသားတွေ ဖြေရှင်းရခက်ခဲတာတွေကို ဖြေရှင်းပေးပါတယ်။

ကြာတော့ သူတို့က ကျွန်တော့်ကို အဆပေါင်းများစွာ ယုံကြည်လာတယ်။ ကျွန်တော်လည်း ပို့လို့သာ ရောက်လာရတာ ဘာရည်ရွယ်ချက်မှ မရှိခဲ့ပါဘူး။

နောက်ပိုင်းကျတော့ ရွာသူရွာသားတွေရဲ့ အခက်အခဲများကို သိလာပါတယ်။ ဖြေရှင်းချင်လာတယ်။ ကြမ်းတမ်းခက်ခဲတဲ့ သူတို့တွေရဲ့ဘဝကို ကူညီချင်လာတယ်။ အဲဒါနဲ့ ကျွန်တော်အစွမ်းကုန် ကူညီတယ်။

သူတို့အလုပ်တွေကို ကျွန်တော့်အလုပ်တွေလို သဘောထားပြီး လုပ်ဆောင်ပေးပါတယ်။ ယုံကြည်တာထက်ပိုပြီး ယုံကြည်လာကြတယ်။ အဲဒီလိုနဲ့ ရွာသားများက ကျွန်တော့်ကို ကျေးရွာပါတီခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ကြပါတယ်။

○

# ရှီကျင့်ဖျင်၏
# ငယ်စဉ်ဘဝ



ရှီကျင့်ဖျင် ငါးနှစ်သားအရွယ်က
ဖခင်၊ ညီဖြစ်သူတို့နှင့်အတူ ၁၉၅၈ခုနှစ်က
ရိုက်ကူးထားသောပုံ

ရှီကျင့်ဖျင်၏
ကျောင်းသားဘဝ



# ရှီကျင့်ဖျင်၏ ငယ်စဉ်ဘဝ







ရှီကျင့်ဖျင်၏
လူငယ်ဘဝ
မှတ်တမ်းဓာတ်ပုံ

# ရှီကျင့်ဖျင်၏ ငယ်စဉ်ဘဝ



ရှီကျင့်ဖျင်တို့ ဇနီးမောင်နှံ၏
ငယ်ဘဝ
မှတ်တမ်းဓာတ်ပုံ







ရှီကျင့်ဖျင်တို့ ဇနီးမောင်နှံ၏
ပြည်ပနိုင်ငံ
ခရီးစဉ်






ရှီကျင့်ဖျင်တို့ ဇနီးမောင်နှံနှ
ရုရှားသမ္မတ ပူတင်



ရှီကျင့်ဖျင်တို့ ဇနီးမောင်နှံနှင့်
အိန္ဒိယဝန်ကြီးချုပ် နာရန်ဒြာ မိုဒီ

# ရှီကျင့်ဖျင်နှင့် ကမ္ဘာ့ ခေါင်းဆောင်များ



ရှီကျင့်ဖျင်နှင့်
ဒေါ်အောင်ဆန်းစုကြည်



ရှီကျင့်ဖျင်နှင့်
အိုဘားမား



# ရှီကျင့်ဖျင်နှင့် ကမ္ဘာ့ ခေါင်းဆောင်များ



ရှီကျင့်ဖျင်၊
အိုဘားမားနှင့်
ဘန်ကီမွန်း



ရှီကျင့်ဖျင်နှင့်
အမေရိကန်သမ္မတဟောင်း
ဂျော့ဒဗလျူဘုရှ်

# ရှီကျင့်ဖျင်နှင့် ကမ္ဘာ့ ခေါင်းဆောင်များ



ရှီကျင့်ဖျင်နှင့်
လီယွန်




ရှီကျင့်ဖျင်နှင့်
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး

# ရှီကျင့်ဖျင်နှင့် ကမ္ဘာ့ခေါင်းဆောင်များ



ရှီကျင့်ဖျင်နှင့်
စင်္ကာပူဝန်ကြီးချုပ်
လီကွမ်ယု



ရှီကျင့်ဖျင်နှင့်
ဂျပန်ဥပဒေပြု
နာစူအိုယာမာဂူချီ

# ရှီကျင့်ဖျင်နှင့် ကမ္ဘာ့ ခေါင်းဆောင်များ



ရှီကျင့်ဖျင်နှင့်
အီရန်ခေါင်းဆောင်
အယာတိုလာအလီခါမေနီ



ရှီကျင့်ဖျင်နှင့်
ကနေဒီယန်ဝန်ကြီးချုပ်
ဂျပ်စတင်ထရူဒို

# ရှီကျင့်ဖျင်နှင့် ကမ္ဘာ့ ခေါင်းဆောင်များ



ရှီကျင့်ဖျင်၊ အိုဘားမားနှင့် ဂုဏ်ပြုတပ်ဖွဲ့




ရှီကျင့်ဖျင်နှင့် ကမ္ဘာ့ ခေါင်းဆောင်များ

# ရှီကျင့်ဖျင်နှင့် ကမ္ဘာ့ခေါင်းဆောင်များ



ရှီကျင့်ဖျင်၏ အမေရိကန်ခရီးစဉ်



ရှီကျင့်ဖျင်နှင့် ဂျက်ကီချန်း







## (၆)

## ကျွန်တော် လယ်သမား

အဲဒီတော့မှ အလုပ်တွေ ပိုပြီး လုပ်ဆောင်ရပါတယ်။ လျှန်းကျားဟီရွာ အပါအဝင် အခြားရွာတွေကိုပါ သွားရောက်ပြီး လုပ်အားပေးတာ ရှိလာပါတယ်။ ခက်ခဲမှုတွေ ကျန်ရစ်ခဲ့ပြီး အောင်မြင်မှုတွေ ရလာပါတယ်။ ပျော်ရွှင်မှုတွေ ရှိလာပါတယ်။

အဲဒီအတွက်ကြောင်လည်း ရွာတွေကို တိုးတက်အောင် ဘယ်လိုလုပ်ရင် ကောင်းမလဲ။ ရွာရဲ့လယ်ယာမြေတွေ အထွက်တိုးဖို့ ဘာတွေလုပ်ပေးရမလဲ။ စိုက်ပျိုးရေးအတွက် ရေအလွယ်တကူရအောင် ဘယ်လိုဖန်တီးရမလဲ။ စတာတွေကို ကျွန်တော် စဉ်းစားနေရပါတယ်။ ဒီဒေသ တိုးတက်ဖို့က အရေးကြီးနေပါတယ်။ အဲဒီအချိန်မှာ အရေးတကြီး လုပ်စရာက ပေါ်လာပါတော့တယ်။

လယ်ယာမြေတွေအတွက် စိုးရိမ်စရာ ဖြစ်လာပါတယ်။ အကြောင်းမှာ မြစ်ကမ်းပါးပြိုကျနေပါတယ်။ ဒါကို မပြုပြင်ရင် လယ်ယာမြေတွေ ပျက်စီးသွားနိုင်တယ်။

အဲဒီလိုပဲ မြစ်ကြီးလည်း ပျက်စီးသွားနိုင်တယ်။ အဲဒါကြောင့် မြစ်ကမ်းကို မြေထိန်းနံရံ တည်ဆောက်ဖို့ စိတ်ကူးရလာတယ်။

အဲဒီအတွက် လယ်သမားတွေကို စည်းရုံးရပါတယ်။ ဟောပြောရတယ်။ နားလည်အောင် ရှင်းပြရတယ်။ သူတို့က ကျွန်တော်ပြောတာကို လက်ခံလာကြတယ်။ ဒါဟာ အောင်မြင်မှုတစ်ခု ဖြစ်နေတယ်။

အဲဒီအတွက် ကျွန်တော်ဟာ လယ်သမားများကို ဦးဆောင်ပြီး လုပ်ကိုင်ခဲ့ပါတယ်။ ဆောင်းရာသီ ချမ်းအေးတဲ့ရာသီ ဖြစ်ပေမယ့် ကျွန်တော်ဟာ အဲဒီအေးချမ်းတဲ့ဒဏ်ကို အံ့တုပြီး မြေထိန်းနံရံကို ပြီးအောင်တည်လိုက်ပါတယ်။

လယ်သမားများအတွက် လယ်ယာသုံးပစ္စည်းကိရိယာများ ပြုလုပ်ရန် ရွာအတွင်းမှာရှိတဲ့ ပန်းပဲသမားများကို အသေးစား သမဝါယမအသင်း ထူထောင်ပေးခဲ့တယ်။

ကုန်းတွင်းပိတ် ရှန်းရှီပြည်နယ်မှာ ပထမဆုံး တည်ထောင်တဲ့ ချက်ပြုတ်ရာမှာ သုံးတဲ့ ဓာတ်ငွေ့များ စုဆောင်းနိုင်မယ့် မီးထိန်းဓာတ်ငွေ့ သိုလှောင်ကန်တစ်ခုကိုလည်း တည်ဆောက်ခဲ့ပါတယ်။

ကျွန်တော့်ရဲ့လုပ်ဆောင်ချက်တွေကို ရွာသူရွာသားများက နှစ်သက်လာတယ်။ ပျံ့လွင့်နေတဲ့ ကျွန်တော့်သတင်းတွေကလည်း ဟိုးလေးတကြော်ပါပဲ။ အဲဒီလိုဖြစ်တော့ ပိုပြီး လုပ်ပေးချင်လာတယ်။ ဘာတွေ လိုအပ်သေးလဲ၊ လိုအပ်ချက်တွေကို လေ့လာတယ်။ အားလုံးနဲ့လည်း ဆွေးနွေးကြတယ်။ ကျွန်တော်က ဒီရွာရဲ့ ခေါင်းဆောင်လေးလို သူတို့တွေက ယုံကြည်နေကြတယ်။

အဲဒီလိုပဲ တခြားခရိုင်က တာဝန်ရှိသူတွေ လာကြရင်လည်း ကျွန်တော့်ကိုပဲ သူတို့ရဲ့ခေါင်းဆောင်လို့ပြောပြီး ရှေ့တန်းတင်ခဲ့ကြတယ်။ ဒါဟာ ကျွန်တော့်ရဲ့ အောင်မြင်မှုပါပဲ။ ရပ်ရွာအကျိုးကို လုပ်ဆောင်ရတဲ့အတွက် ပျော်ရွှင်နေပါတယ်။

တစ်ခါတစ်ရံ မိဘတွေကို လွမ်းတဲ့အခါ အလုပ်တွေနဲ့သာ ဖြေသိမ့်လိုက်ရသလို ရွာရဲ့အသက်ကြီးသူတွေကို မိဘလို သဘောထားပြီး ဖြေသိမ့်လိုက်ပါတယ်။

○

## (၇)

## စံပြ ပညာတတ်လူငယ်ဆု

ရပ်ရွာအကျိုး၊ ဒေသအကျိုးကို စွမ်းစွမ်းတမံ လုပ်ဆောင်တဲ့အတွက် ထူးခြားတဲ့ရလဒ်တွေ ရလိုက်ပါတယ်။ ဘယ်လိုပင်ဖြစ်စေ ကြိုးစားမှုရဲ့ရလဒ်က ကောင်းတယ်ဆိုတာ ကျွန်တော်သိလိုက်ရပါတယ်။ ရပ်ရွာများရဲ့အကျိုးကို လုပ်ဆောင်နေတဲ့အတွက် **"စံပြပညာတတ်လူငယ်"**အဖြစ် ကျွန်တော့်ကို ရွေးချယ်လိုက်ကြတယ်။

အဲဒီအတွက် ကျွန်တော့်ကို စက်တပ်သုံးဘီးဆိုင်ကယ် တစ်စီး ဆုချခြင်းခံရဖူးပါတယ်။ အဲဒီအတွက် အလွန်ပင်ဝမ်းသာမိပါတယ်။ ကျွန်တော် ရွာစဉ်လှည့်ပြီး လူမှုရေးလုပ်နေတာ လမ်းလျှောက်ပြီး သွားနေရတယ်။ အဲဒီအတွက် ပင်ပန်းမှုတွေ သက်သာတယ်လို့ တွေးပြီး ကျေနပ်ပျော်ရွှင်မိပါတယ်။

တစ်နာရီလောက် သွားရတဲ့ခရီးဟာ ဆိုင်ကယ်ကြောင့် နာရီဝက်လောက်နဲ့ ရောက်သွားနိုင်တယ်။ အဖော်ပါ လမ်းကြုံ ခေါ်သွားလို့လည်း ရတယ်လို့ ကျွန်တော် တွေးပြီး ပျော်ရွှင်နေပါတယ်။

ပျော်ရွှင်ကျေနပ်မှုဟာ ကျွန်တော့်ရင်ထဲမှာ ကြာကြာမကိန်းအောင်းနိုင်ပဲ ဖြစ်သွားပါတယ်။ အကြောင်းက ဆုချလို့ရထားတဲ့ သုံးဘီးဆိုင်ကယ်ကို ချမ်းသာတဲ့သူက သူပိုင်ပစ္စည်းတွေနဲ့ လာရောက်လဲပါတယ်။

သူပေးမယ့်ပစ္စည်းက အကျိုးမရှိပေမယ့် အားလုံးအတွက် အကျိုးပြုနေတယ်။ အဲဒီအတွက် ကျွန်တော့်မှာ စဉ်းစားစရာ တစ်ခု ဖြစ်လာတယ်။ ဘာလုပ်ရရင် ကောင်းမလဲလို့ စဉ်းစားရပါတယ်။

ကျွန်တော် တစ်ယောက်အတွက် ဦးစားပေးမလား၊ အများအကျိုးကို ဦးစားပေးရမလား စဉ်းစားရပါတယ်။

ကျွန်တော်ပိုင်ဆိုင်တဲ့ သုံးဘီးဆိုင်ကယ်ကို "**လက်တွန်းလယ်ထွန်စက်တစ်လုံး၊ ဂျုံကြိတ်စက်တစ်လုံး၊ ဂျုံလှေ့စက်တစ်လုံး၊ ရေစုပ်စက်တစ်လုံး၊ စက်လေးလုံးနဲ့** အလဲအထပ် လုပ်လိုက်တယ်။ အဲဒီလို လုပ်ခြင်းဟာ တစ်ရွာလုံးအတွက် အကျိုးရှိစေပါတယ်။

ကျွန်တော်ဟာ အဲဒီစက်တွေကို ရွာသားများ အကျိုးရှိအောင်လို့ ဆောင်ရွက်ပေးခဲ့တယ်။ အဲဒီလိုလုပ်ပေးတဲ့အတွက် ရွာသားများဟာ ကျွန်တော့်ကို ကျေးဇူးတင်နေကြတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်လို့ ထင်မှတ်နေကြပါတယ်။

အနီးနားက ရွာတွေကလည်း ကျွန်တော် သူ့ဆီကို လာရောက်ဖို့ မျှော်လင့်နေကြတယ်။ တောင်းဆိုနေကြပါတယ်။ ကျွန်တော် ရောက်လာရင် သူတို့ရွာတွေလည်း အဲဒီလိုပဲ သူတို့ရွာတွေကို တိုးတက်အောင် လုပ်ဆောင်ပေးမယ်လို့ မျှော်လင့်နေကြပါတယ်။ ကျွန်တော်က ရွာအရှက် လိုအပ်တာတွေကို ကြိုးစားပြီး လုပ်ဆောင်ပေးပါတယ်။

အဲဒီလိုပါပဲ၊ ကျွန်တော့်မှာ နားရတဲ့အချိန်က အလွန်နည်းလှပါတယ်။ ကျွန်တော် အလုပ်တွေနားတဲ့အချိန်မှာ စာကိုဖတ်ပါတယ်။

စာနဲ့ ကျွန်တော်ဟာ ကင်းကွာတယ်ဆိုတာ မရှိပါ။ အချိန်ရတဲ့ အခါတိုင်း စာဖတ်လေ့ ရှိပါတယ်။ စာဟာ ကျွန်တော့်ကို များစွာ အထောက်အကူတွေ ပေးပါတယ်။ ကျွန်တော် လျှန်းကျားဟီရွာကို စာအုပ်ဗီရို သေတ္တာတစ်လုံးနဲ့အတူ ရောက်လာခဲ့တာပါ။

ရည်ရွယ်ချက်က စိတ်သောကရောက်ရင် စာဖတ်ပြီး ဖြေသိမ့်ရန် ရည်ရွယ်ချက်နဲ့ ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒါကြောင့်လည်း အလုပ်မှာ စိတ်တိုင်းမကျရင်လည်း စာဖတ်တယ်။ သိုးကျောင်းတဲ့ အချိန်မှာလည်း တောင်စောင်းမှာထိုင်ပြီး စာတွေဖတ်နေတယ်။

ဒါတင်ပဲလားဆိုတော့ ညမအိပ်ခင် ရေနံဆီမီးအိမ်နဲ့လည်း စာဖတ်နေတယ်။ အဲဒီစာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးတွေကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတွေ ကောင်းကောင်းမွန်မွန်

နေထိုင်ရေးတို့ကို ပြုလုပ်နိုင်တဲ့ နည်းလမ်းတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

အဲဒါကြောင့် ကျေးရွာက လူတွေကို စာဖတ်ဖို့ ကျွန်တော် အမြဲတိုက်တွန်းနေပါတယ်။ ကျွန်တော့်ရဲ့ စာအုပ်တွေကိုလည်း ပေးဖတ်ပါတယ်။ စာဖတ်တဲ့သူဟာ ဘယ်လိုပဲဖြစ်ဖြစ် သူများတွေနဲ့တော့ သာတာအမှန်ပါ။

အဲဒါကြောင့် ကျွန်တော်က စာတွေဖတ်ဖို့ကို တိုက်တွန်းနေတာပါ။ ရွာသားတွေက ကျွန်တော့်ကို ပို၍အထင်ကြီးနေကြပါတယ်။ ကျွန်တော်ဟာ သူတို့မလုပ်နိုင်တဲ့ အလုပ်တွေကို လုပ်နေတယ်လို့ ထင်နေကြတယ်။ ပြောလည်း ပြောပါတယ်။

အဲဒီတော့ ရွာခံတွေနဲ့ ကျွန်တော့်ရဲ့သံယောဇဉ်က ဘယ်လောက်ကြီးတယ် ဆိုတာ တွေးကြည့်ရင် မြင်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ရင်ထဲမှာ ကြီးမားတဲ့ ရည်မှန်းချက်တွေ ရှိပါတယ်။

အဲဒီအထဲက အဓိကရည်မှန်းချက်က တက္ကသိုလ်ဆက်တက်ခွင့် ရရေးပါပဲ။ ကျွန်တော် သူများတွေလိုပဲ ဘွဲ့တစ်ခုတော့ အနည်းဆုံး လိုချင်ပါတယ်။ ဒါမှ ငါလည်း ဘွဲ့ရပါတယ်လို့ ပြောလို့ရမှာပါ။

ကျွန်တော် မျှော်လင့်ထားပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် တက္ကသိုလ်တက်ခွင့် ရမှာဆိုတာပါပဲ။ တက္ကသိုလ်တက်ခွင့် ရတဲ့အခါ အခြားသူတွေနဲ့ တော်အောင်လို စာတွေကို လေ့ကျင့်နေတာပါ။

အဲဒါနဲ့ ပတ်သက်ပြီး ကျွန်တော် ဘယ်သူ့ကိုမှ ဖွင့်မပြော ပါဘူး။ ကိုယ့်ဘာသာ ကြိုးစားလုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။ ရွာသားတွေကတော့ ကျွန်တော်ဟာ သူတို့တွေနဲ့ ရာသက်ပန် နေသွားမယ်လို့ ထင်နေကြပါတယ်။

ကျွန်တော့်ရဲ့ ရည်မှန်းချက်တွေကိုသာ ထုတ်ဖော်ပြော လိုက်ရင် ဘယ်လိုများ နေမလဲလို့ တွေးပူနေမိပါတယ်။ အဲဒီ အချိန်မှာ ကျွန်တော်ဟာ ကွန်မြူနစ်ပါတီဝင်တစ်ဦး ဖြစ်နေပြီ။ ကျေးရွာရဲ့ ပါတီခေါင်းဆောင်တစ်ယောက် ဖြစ်နေ၍ ကျွန်တော် ဟာ ဒေသမှ ရွာအများစုရဲ့ အဓိကခေါင်းဆောင်တစ်ဦး ဖြစ်နေ ပါတော့တယ်။

○

## (၈)

## လယ်သမားဘဝမှ ဒေါက်တာဘွဲ့ရယူခြင်း

ကျွန်တော့်ရဲ့ ရည်မှန်းချက် အကောင်အထည်ပေါ်လာပါပြီ။ အလွန်ပင် ဝမ်းသာနေပါတယ်။ ဖြစ်ချင်တဲ့ ဆန္ဒများရဲ့ အဓိကဆန္ဒကို အကောင်အထည် ဖော်ရတော့မယ်။ ရွာသားတွေနဲ့ ခွဲရတော့ ကြေကွဲပါတယ်။

ကျွန်တော့်ကို တက္ကသိုလ်တက်ခွင့်ရကြောင်း အကြောင်းကြားစာ ရောက်လာပြီ။ တက္ကသိုလ်ကျောင်းသား ဖြစ်တော့မယ်။ အဲဒါမှ ကျွန်တော်လိုချင့်တဲ့ဘွဲ့ ရမှာ။

ကျွန်တော် ရှန်ရှီပြည်နယ်မှာ ခုနစ်နှစ်ကြာ နေထိုင်ခဲ့ပါတယ်။ အဲဒီအတွက် ရွာသားတွေနဲ့ ရင်းနှီးလာခဲ့ကြပါတယ်။ ကျွန်တော့်ကို ဆင်ဟွာတက္ကသိုလ်ဝင်ခွင့်ရကြောင်း အတည်ပြုထောက်ခံချက် ရရှိခဲ့ပါတယ်။

ကျွန်တော် မြို့ပြန်ရမယ်။ တက္ကသိုလ်တက်ရတော့မယ်ဆိုတဲ့အကြောင်း ရွာသားတွေကို ထုတ်ဖော်ပြောပြလိုက်ပါတယ်၊ ရွာသားများဟာ ကျွန်တော့်စကား ကြားရတော့ အလွန်ကိုကြေကွဲနေကြတယ်။ တမ်းတနေကြပါတယ်။

တကယ်တမ်း ခွဲရတော့မယ်ဆိုတော့ မပျော်မရွှင် ဖြစ်နေပါတယ်။

ကျွန်တော့် အပြန်လမ်းခရီးမှာ နှုတ်ဆက်ရန် ရွာသားများအားလုံးက တန်းစီပြီး စောင့်ဆိုင်းနေကြပါတယ်။

ကျွန်တော် ဒီရွာလေးကို လာတုန်းက ကြိုမဲ့သူမရှိ။ ခေါ်သူက ခပ်ရှားရှား။ ကြေကွဲမှုများနဲ့ နေခဲ့ရပါတယ်။ အဆင်မပြေမှု၊ အထင်သေးမှုတွေနဲ့သာ နေခဲ့ရပါတယ်။ လူကစ်ယောက်လောက်ကများ စကားလာပြောရင် ရင်ထဲမှာ ပေါ့ပါးလန်းဆန်းပြီး ပျော်ရွှင်ခဲ့ရပါတယ်။

ရွာကိုရောက်စက ကျွန်တော့်ဘဝနဲ့ ပြန်ရတဲ့ဘဝက အလွန်ပင် ကွာခြားသွားပါပြီ။ အခု ရွာသားတွေက ကျွန်တော့်ကို နှုတ်ဆက်ရန် စောင့်ဆိုင်းနေကြပါတယ်။

ကျွန်တော်ဟာ သူတို့အတွက် သူရဲကောင်းလို ဖြစ်နေပါတယ်။ အခု ကျွန်တော် မြို့ကိုပြန်ရတော့ ပျော်ရွှင်ပါတယ်။ ကျေနပ်ပါတယ်။ ဒါပေမဲ့ ရွာသားများက ကျွန်တော့်လို မပျော်ရွှင်၊ ဝမ်းနည်းနေကြတယ်။ ကြေကွဲနေကြတယ်။ ကျောင်းပြီးရင် ရွာကိုပြန်လာဖို့ မှာသူများလည်း ရှိပါတယ်။ ပြန်လာပါမယ်ဆိုတဲ့အကြောင်း ကောင်းစွာ ပြောခဲ့ပါတယ်။

ကျွန်တော် ပေးကျင်းမြို့တော်ပြန် ခရီးမှာ ကီလိုမီတာ ၃၀ ကျော်ဝေးတဲ့ ခရိုင်မြို့က လူငယ်လူရွယ် နှစ်ဆယ်ကျော်လောက် လမ်းလျှောက်ပြီး လိုက်လံပို့ဆောင် နှုတ်ဆက်ကြပါတယ်။

ရွာလေးကို လာတုန်းက ကျွန်တော် တစ်ယောက်တည်း ဒီလမ်းကို လျှောက်ခဲ့ရပါတယ်။ လူ့လောကကြီးဟာ ပြောင်းလဲမှု အလွန်မြန်ပါလားလို့ ကျွန်တော် တွေးနေမိပါတယ်။ ဘယ်လိုပင်ဖြစ်စေ ဒီရွာလေးကတော့ ကျွန်တော့်ရင်ထဲမှာ ရှိနေပါတယ်။

တစ်ချိန်ကျရင် ရွာရဲ့အကျိုးကို ပြန်လည်ဆောင်ရွက်ပေးရမယ်လို့ ရင်ထဲမှာ ရှိနေပါတယ်။ ဒီရွာလေးဟာ ကျွန်တော့်ရဲ့ အိမ်လို ဖြစ်နေတဲ့အတွက် ဘယ်သောအခါမှ မေ့ပျောက်လို့မရအောင် ဖြစ်ခဲ့ပါတယ်။

အဲဒီအတွက်ကြောင့် ကျွန်တော် ရွာမှထွက်ပြီး ပညာသင်နေချိန်မှာ ရွာကို လျှပ်စစ်မီးရအောင် ကူညီပေးခဲ့တယ်။ တံတားတစ်စင်း ဆောက်လုပ်ခြင်းနဲ့ မူလတန်းကျောင်း အသစ်မွမ်းမံခြင်းကိုလည်း ကျွန်တော် ကူညီပေးခဲ့တယ်။

ကျွန်တော့်ရဲ့ လုပ်ဆောင်ချက်တွေကို အဖေနဲ့ အမေက သဘောကျတယ်။ ကျွန်တော်ဟာ "လူတော်တစ်ယောက်၊ ပြည်သူတွေ အားကိုးရမယ့်သူ"လို့ အဖေက ပြောပါတယ်။

ဘယ်လိုပင်ဖြစ်ပါစေ ကျွန်တော် ဆင်ဟွာတက္ကသိုလ်မှာ ဓာတုအင်ဂျင်နီယာ (Chemical Engineering)အဓိက ဘာသာကို

တက်ရောက် ပညာသင်ကြားရပါတယ်။ ပညာရေးကို လောဘကြီးတဲ့ ကျွန်တော်က ဆက်လက်ပြီး ပညာသင်ကြားပါတယ်။ ဥပဒေဘာသာရပ်ဖြစ်ပြီး အဲဒီပညာနဲ့ပဲ ဒေါက်တာဘွဲ့(Ph.d)ကို ယူခဲ့ပါတယ်။

ဘွဲ့ရပြီးနောက် ပါတီအလုပ်တွေကို ဆက်လက်လုပ်ဆောင်ပါတယ်။ အထက်လူကြီးများက ကျွန်တော့်ကို ယုံကြည်သွားကြတယ်။ အဲဒီအတွက် ကျွန်တော် ဖူးကျိုးမြို့ ပါတီအကြီးအကဲ ဖြစ်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ ဘယ်လိုမှ မေ့မရခဲ့တဲ့ လျန်ကျားဟီရွာလေးကို သွားချင်နေပါတယ်။ ကျွန်တော် ရွာကို ပြန်ရောက်တော့ ရွာသားတွေက ဝမ်းသာလွန်းလို့ မျက်ရည်တောင် လည်ခဲ့ပါတယ်။

ကျွန်တော် ရွာခံလူများကို တစ်အိမ်တက်ဆင်း လိုက်လံနှုတ်ဆက်ပါတယ်။ ရွာရှိရပ်မိရပ်ဖများကို ငွေကြေးအနည်းငယ်စီပေးအပ်ခဲ့တယ်။

အလားတူ ကျောင်းနေကလေးငယ်များအတွက် လွယ်အိတ်များ ကျောင်းသုံးပစ္စည်းများနဲ့ နှီးစက်များကိုလည်း ပေးအပ်လှူဒါန်းခဲ့ပါတယ်။

ကျေးလက်ဒေသမှာ နေထိုင်သူတွေဟာ မြို့ကြီးများက လူငယ်တွေလိုပဲ တော်ကြပါတယ်။ ဒါပေမဲ့ ထောက်ပံ့မှုအားနည်းတဲ့အတွက်ကြောင့် မြို့ကြီးတွေနဲ့ ကင်းကွာနေကြရပါတယ်။ အဲဒါကြောင့် ကျွန်တော် အခုလို ထောက်ပံ့လှူဒါန်းရတာပါ။ ဖြစ်နိုင်ရင် ဒီထက်ပိုပြီး လှူဒါန်းချင်တဲ့စိတ် ကျွန်တော့်မှာ ရှိပါတယ်။

အဲဒီလိုပါပဲ ကျွန်တော် ဖူးကျန်းပြည်နယ် အကြီးတန်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဘဝတုန်းက ကျေးရွာတွေကို ကွင်းဆင်း လေ့လာခဲ့ပါတယ်။

အဲဒီမှာ လယ်သမားတစ်ဦး အပြင်းအထန် နေမကောင်း ဖြစ်နေတာ တွေ့ရတယ်။ လယ်သမားတွေရဲ့ဘဝကို ကျွန်တော် ကောင်းစွာ သိပါတယ်။

အဲဒီလယ်သမားကို ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးစောင့် ရှောက်မှု ရှိစေရန် ဖူကျန်ကိုခေါ်ပြီး ဆေးကုသပေးပါတယ်။ ကုန် ကျစရိတ်များကိုလည်း ကျွန်တော့်ကိုယ်ပိုင်ငွေနဲ့ စိုက်ထုတ်ပေးပါ တယ်။

ဘယ်လိုပင်ဖြစ်စေ ကျွန်တော်ဟာ ကျေးလက်ဒေသကို မြတ်နိုးတယ်။ အဲဒီမှာ နေထိုင်သူတွေကိုလည်း မြတ်နိုးတယ်။ သူတို့ကို ဘာလုပ်ပေးရမလဲ ဆိုတာကိုပဲ တွေးနေမိပါတယ်။

၁၉၈၀ ပြည့်နှစ်များက ကျွန်တော်နဲ့ ရွာလူများက စီးပွား ရေးလုပ်ရန် ကြိုးစားကြတယ်။ တချို့က ပြည်ပထွက်ပြီး ပညာ သွားရောက်သင်ယူကြရန် ရွေးချယ်ခဲ့ကြတယ်။

ကျွန်တော့်ကိုလည်း သူတို့လို ဖြစ်စေချင်ကြတယ်။ ဒါမှ မဟုတ် ပေကျင်းမြို့တော်မှာ သက်သက်သာသာ အလုပ်ကိုလုပ် ရန် အကြံပေးကြပါတယ်။ ကျွန်တော် သူ့ကိုပေးတဲ့အကြံ အား လုံးကို ငြင်းခဲ့ပါတယ်။ ကျွန်တော့်နိုင်ငံက ကျေးရွာလေးတွေ အတွက် အကျိုးရှိတာတွေ လုပ်ပေးရန် ဆန္ဒရှိနေတဲ့အတွက် ကြောင့် ဖြစ်ပါတယ်။

အဲဒီလို စွန့်လွှတ်လိုက်တဲ့အတွက် ကျွန်တော့်ပခုံးပေါ်ကို တာဝန်တစ်ခု ထပ်မံကျရောက်လာပါတယ်။ အကြောင်းမှာ နိုင်ငံ မြောက်ပိုင်း ဟီပေးပြည်နယ်မှ ဆင်းရဲလှတဲ့ ကျန်းတင်းစီရင်စု လေးရဲ့ ပါတီကော်မတီ လက်ထောက်အတွင်းရေးမှူးအဖြစ် သွား ရောက်လုပ်ကိုင်ရန် တာဝန်ပေးခြင်း ခံရပါတယ်။

ကျန်းတင်းစီရင်စုရဲ့ တစ်ဦးချင်း နှစ်စဉ်ဝင်ငွေဟာ ၁၉၈၁ ခုနှစ်က ယွမ် ၁၅၀ အောက်သာ ရှိခဲ့ပါတယ်။

ကျွန်တော်က လူငယ်လေး ဖြစ်တဲ့အတွက် ဒေသခံပြည်သူ များက မယုံသင်္ကာ ရှိနေကြပါတယ်။ ကျွန်တော်ဟာ ရုံးထဲမှာ အိပ်ကာ ရုံးဝင်းထဲက စားသောက်ဆိုင်မှာ ထမင်းစားပါတယ်။

သစ်ပင်အရိပ်မှာ သာမန်ထမင်းဟင်းကို စားသောက်ရင်း ဒေသခံအချို့နဲ့ စကားကောင်းနေတဲ့ ကျွန်တော့်ကို မြင်ရတဲ့ အတွက် အံ့ဩနေကြတယ်။

တကယ်တော့ ကျွန်တော်ဟာ လယ်သမားများ မည်သို့ မည်ပုံ နေထိုင်စားသောက်တယ်ဆိုတာ သိရှိရန် ကျေးရွာများကို စက်ဘီးတစ်စီးနဲ့ မကြာခဏ သွားတတ်ပါတယ်။

ကျွန်တော်က အဲဒီလို ပြုလုပ်တွေ့ဆုံတဲ့အတွက် ဒေသခံ လူထုက ကျွန်တော့်ကို ယုံကြည်လာခဲ့ကြတယ်။ ဒါဟာ ကျွန် တော့်ရဲ့အောင်မြင်မှုပဲ ဖြစ်ပါတယ်။

ဝ

(၉)

# ပြည်နယ်အတွင်းရေးမှူး

၁၉၈၈ ခုနှစ်မှာ နိုင်ငံအရှေ့တောင်ပိုင်း ဖူးကျန့်ပြည်နယ်၊ နင်းတိစီရင်စုနယ် ပါတီအတွင်းရေးမှူး ဖြစ်လာပါတယ်။ ကျန်းတင်းက သူတွေက ကျွန်တော့်ကို တခြားနေရာ မသွားစေချင်ကြပါ။ ကျွန်တော်ကလည်း မသွားချင်ပါ။ ဒါပေမဲ့ အထက်က ညွှန်ကြားလာတာကို ငြင်းပယ်လို့ မရ။

ဒီဒေသကို ငြင်းပယ်လိုက်ရင် နာမည်ပျက်စာရင်း ဝင်သွားမှာပါ။ ရာထူးပိုးပေးရဲ့သားနဲ့ ဆိုတာတွေက နောက်ဆက်တွဲပြဿနာတွေကြောင့် ကျွန်တော် ကျန်းတင်းပြည်သူတွေကို နှုတ်ဆက်ပြီး ခရီးဆက်ရပါတော့တယ်။

အားလုံးက စိတ်မကောင်းဖြစ်ပြီး ကျန်ရစ်ခဲ့ပါတော့တယ်။ ကျွန်တော်ကတော့ ခရီးဆက်နေရပါတော့တယ်။

ဘာလိုပဲဖြစ်ဖြစ် မဖွံ့ဖြိုး မတိုးတက်သေးတဲ့ ဒေသတွေကို အခုလို တာဝန်ထမ်းဆောင်ရတာ ပျော်ရွှင်လာပါတယ်။

ငယ်စဉ်က ကောင်းကောင်းပွန်မွန် နေခဲ့ရပေမယ့် ကံကြမ္မာအလှည့်အပြောင်းတွေကြောင့် အခုလိုဖြစ်တာကို ပျော်ရွှင်ကျေနပ်ပြီး ကျေးဇူးတင်ရတော့မှာ အမှန်ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အခု ကျွန်တော် နင်းတီစီရင်စုနယ်ရဲ့ ပါတီအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ရတော့မှာ ဖြစ်ပါတယ်။ တကယ်တော့ ဖူးကျန်းပြည်နယ်ဟာ တိုင်းပြည် တစ်ခုလုံးရှိ အဆင်းရဲဆုံး ပြည်နယ်များစွာ ပါဝင်နေပါတယ်။

ကျွန်တော်ဟာ ဆင်းရဲသားများနဲ့ အနေကြာလာတဲ့အတွက် ပြည်သူလူထုရဲ့ လိုအပ်ချက်များကို ကျွန်တော့်စိတ်နှလုံးမှာ ကိန်းအောင်းနေပါတယ်။

အောက်ခြေပါတီယူနစ်များထံကို သွားရောက်နေခြင်းဟာ ကျွန်တော့်ရဲ့ ပုံမှန်အလုပ်တစ်ခုလို ဖြစ်နေပါတယ်။ ဒီနယ် ဒီဒေသ ဒီစီရင်စုကို တာဝန်ယူထားသူ တစ်ယောက်အနေနဲ့ ဒေသအားလုံးကိုရောက်အောင် သွားရတယ်။

တချို့က လမ်းခရီးကြမ်း၍ ကျွန်တော့်ကို မသွားရန် တားမြစ်ပါတယ်။ ဒါကိုလက်မခံ သွားရမှာ ဖြစ်ပါတယ်။ ဒီအတွက် သွားပါတယ်။ သူတို့ပြောတာက ကျွန်တော့်အတွက် ခက်ခဲသလို အလွန်ပင် အန္တရာယ်ရှိတယ်လို့ ပြောဆိုနေကြတာပါ။

ကျွန်တော် ဒါကို လက်မခံ ရောက်အောင် သွားပါတယ်။ သူတို့ပြောတာ မှန်ပါတယ်။

တချို့လမ်းခရီးဟာ မတ်စောက်ကြမ်းတမ်းတဲ့ တောင်တက်ခရီးများကို ဖြတ်သန်းပြီး ရက်ပေါင်းများစွာ ခရီးဆက်ကာ စီရင်စုနယ်၏ အစွန်အဖျားအကျဆုံး နေရာများကို ရောက်အောင် သွားပါတယ်။

တောင်တက်ရတာ ပင်ပန်း၍ လမ်းခုလတ်မှာ ခေတ္တအနားယူကြရပါတယ်။ တစ်ခါတလေ အဝေးပြေးလမ်းမှသွားရင် ရောက်နိုင်တဲ့ ကျားတန်း အမည်ရှိ ရွာတစ်ရွာကိုရောက်ရန် ငါးနာရီနီးပါး ကြာအောင် လမ်းလျှောက်သွားရတာလည်း ရှိပါတယ်။

ကျွန်တော်တို့ ကျားတန်းရွာကို ရောက်တဲ့အခါ ရွာခံများက ဝမ်းပမ်းတသာ ဆီးကြိုနှုတ်ဆက်ကြပါတယ်။ ကျွန်တော်ဟာ သူတို့ရွာကို ပထမဆုံး လာဖူးတဲ့ ရာထူးအကြီးဆုံး တာဝန်ရှိသူလို့ ရွာသားများက ပြောဆိုကြပါတယ်။

ဒေသခံများက ရာထူးကြီး တာဝန်ရှိသူများကို အမြဲလိုစောင်မျှော်နေကြပါတယ်။ သူတို့ကြုံတွေ့နေရတဲ့ အခက်အခဲများကို ရာထူးရှိသူများက ဖြေရှင်းပေးနိုင်မယ်လို့ ထင်နေကြတယ်။

နင်းတီစီရင်စုနယ်မြေမှာ ထောင်ပေါင်းများစွာသော လယ်သမားများက ခနော်နီခနော်နဲ့ သက်ကယ်မိုးတဲများကို ပြင်ဆင်နေထိုင်ကြတယ်။ တချို့ လှေများပေါ်မှာ နေထိုင်ကြပါတယ်။

အဲဒီလူ အားလုံးအတွက် ကျွန်တော်က နေအိမ်များဆောက်လုပ်ပေးခြင်းတို့ကို ကူညီပေးခဲ့တယ်။ ရွာသားများက ကျွန်တော့်ကို ကျေးဇူးတင်ကြပါတယ်။

သူတို့ရဲ့ နေထိုင်မှု အခက်အခဲကို ကူညီပေးလို့ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော့်ရဲ့ကြိုးစားမှုအတွက် အောင်မြင်မှုသာ ဖြစ်ပါတယ်။

ဒီ့ထက်ဆိုးတာက ကျွန်တော့်ရဲ့ ကျော်ကြားမှုကို အခြား ရွာတွေက ကြားသိရလို့ ကျွန်တော်နဲ့ တွေ့ချင်တဲ့ဆန္ဒ များစွာ ရှိပါတယ်။

ကျွန်တော်ကတော့ အကောင်းဆုံးဖြစ်အောင် ကူညီပေး ခဲ့ပါတယ်။

အလားတူ ဖူကျန်းပြည်ရဲ့မြို့တော် ဖူးကျူမှာ ပါတီ အတွင်းရေးမှူးအဖြစ် တာဝန်ယူစဉ်က အသနားခံ တင်ပြသူများ ကို တာဝန်ရှိသူများက လူကိုယ်တိုင် တွေ့ဆုံတဲ့ စနစ်တစ်ခုကို မြို့ရဲ့စီရင်စုအတွင်း ကျင့်သုံးစေခဲ့ပါတယ်။

တစ်နေ့မှာ ကျွန်တော်နဲ့ အခြားဖူးကျူဒေသ အကြီးတန်း ပါတီတာဝန်ရှိသူများ နှစ်ရက်တာ ကာလအတွင်းမှာ အသနားခံ တင်ပြတဲ့ အင်အား ၇၀၀ ကျော်ကို တွေ့ဆုံကြပါတယ်။ သူတို့ တင်ပြလာတဲ့ အခက်အခဲပေါင်းစုံတို့ကို တစ်ထိုင်တည်း ဖြေရှင်း ပေးနိုင်တာကို ဖြေရှင်းပေးခဲ့တယ်။

တချို့ကိစ္စတွေကို အချိန်အကန့်အသတ်တစ်ခု ပေးခြင်း တို့ကို လုပ်ဆောင်ပေးခဲ့ပါတယ်။

ကျွန်တော် ဦးဆောင်ပြီး ဖြေရှင်းပေးတာကို အားလုံးက နှစ်သက်ကြပါတယ်၊ လက်ခံကြပါတယ်။ ကျွန်တော့်ရဲ့လုပ်ဆောင် ချက်များဟာ ကျွန်တော် တစ်ယောက်တည်းအတွက် မဟုတ်။

ပြည်သူများအတွက်သာ လုပ်ဆောင်နေခြင်းသာ ဖြစ်ပါတယ်။

ဒါဟာ ကျွန်တော့်ရဲ့ အဓိကရည်မှန်းချက်သာ ဖြစ်ပါတယ်။

○

## (၁၀)

## ခြစားမှုကို တိုက်ဖျက်ရေးသမား

ကျွန်တော်ဟာ တာဝန်ကျရာ ဒေသမှာ ပြည်သူတွေရဲ့ အကျိုးကိုသာ ဦးစားပေး လုပ်ဆောင်ပါတယ်။ တကယ်တော့ ကျွန်တော်တို့နိုင်ငံဟာ အခြားနိုင်ငံနဲ့ မတူပါဘူး။ ခေါင်းဆောင်လုပ်သူဟာ အမှားခံလို့ မရပါဘူး။

ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက် ကွန်မြူနစ်လိုပဲ ကျင့်သုံးတယ်။ ဒါကို ကျွန်တော် ကြိုက်တယ်။ အရာရှိလုပ်သူဟာ ကိုယ်ကျိုးအတွက် လုပ်ပိုင်ခွင့်မရှိ။ ပြည်သူအတွက်သာ လုပ်ဆောင်ရပါတယ်။

ကျွန်တော်ဟာ ဘာမဟုတ်တဲ့ ဘဝထဲက ကျေးလက်ဒေသမှာ နေထိုင်လာခဲ့သူပါ။ အဲဒါကြောင့် ကျေးလက်နေ ပြည်သူတွေဘက်က ရပ်တည်နေတာပါ။

ကျွန်တော် နိုင်ငံအရှေ့ပိုင်း ကျိုးကျန့်ပြည်နယ်မှာ တာဝန်ကျထမ်းကပေါ့။ အဲဒီပြည်နယ်ရဲ့ ကျန်းကောင်း အမည်ရှိတဲ့ ကျောက်မီးသွေးလုပ်ငန်း ရှိပါတယ်။

ကျွန်တော်ဟာ အဲဒီကျောက်မီးသွေးတွင်းကို သွားရောက်ခဲ့ပါတယ်။ မြေအောက်အနက် မီတာ ၁၀၀၀ ခန့်အထိဆင်းကာ ဆင်ခြေလျှောက်ဥမင်လမ်းအတိုင်း မီတာ ၁၅၀၀ ကျော် အကွာအဝေးကို လမ်းလျှောက်ခဲ့ပါတယ်။

အဲဒီမှာ မိုင်းတွင်းလုပ်သားများနဲ့ တွေ့ဆုံပါတယ်။ လုပ်ငန်းခွင် အခြေအနေများကို လေ့လာခြင်းကို လုပ်ဆောင်ပေးခဲ့ပါတယ်။

ကျွန်တော်က တွေ့ဆုံအားပေးစကား ပြောတော့ မိုင်းတွင်းလုပ်သားများက ကျွန်တော့်ကို လေးစားကြပါတယ်။ ကျွန်တော် အခုလိုလုပ်တာဟာ သူတို့တွေရဲ့ဘဝကို စာနာလို့ ပြုလုပ်ပေးတာပါ။

ကျွန်တော်ဟာ တိုးတက်လာတဲ့ ခေတ်ကာလမှာ တိုးတက်တဲ့ ပြုပြင်ပြောင်းလဲမှုကို အမြဲလို လုပ်ဆောင်တတ်ပါတယ်။ အဲဒီလို လုပ်ဆောင်တဲ့အခါ မီဒီယာကလည်း မပါမဖြစ် လိုအပ်ပါတယ်။

အဲဒီအတွက် ပြည်သူလူထုကို သတင်းမီဒီယာမှတစ်ဆင့် ဆက်သွယ်ခြင်းကိုလည်း ကျွန်တော်က အင်မတန် အလေးထားပါတယ်။

အဲဒါကြောင့် ကျီးကျန့်နေစဉ်သတင်းစာမှာ အများကြိုက် ပင်တိုင်ဆောင်းပါးရှင်အနေနဲ့ ဆောင်းပါးရေးသားပါတယ်။ ကလောင်အမည်ကို ကျီရှင်းလို့ သုံးထားပါတယ်။

ကျွန်တော်ရေးခဲ့တာ စုစုပေါင်း ဆောင်းပါ ၂၃၂ ပုဒ်ဖြစ်ပါတယ်။ ဆောင်းပါးများရဲ့ ရည်ရွယ်ချက်က သာမန်ပြည်သူများရဲ့ အကျိုးစီးပွားအတွက် နေ့စဉ်ရင်ဆိုင်ရတဲ့ အခက်အခဲများကို တင်ပြရေးသားခဲ့တာပါ။

ကျွန်တော့်ကို တကယ့်ပြဿနာကြီးများတွင် အရပ်သုံးစကားနဲ့ ဆွေးနွေးတင်ပြတတ်သူလို့ လူထုက ချီးကျူးစကားပြောဆိုကြတယ်။ အရေးအသားကိုလည်း အလွန်ပင် လူကြိုက်များပါတယ်။

ကျွန်တော့်စာတွေကိုဖတ်ပြီး သူတို့ အသိပညာများ ရလာတယ်ဆိုရင် ကျွန်တော် ကျေနပ်ပါတယ်။ ကျွန်တော်ရေးသားတဲ့စာကြောင့် သူတို့စိတ်တွေ ပြုပြင်တယ်ဆိုရင် ကျေနပ်ပါတယ်။

တကယ်တော့ ကျွန်တော်ဟာ ကြမ်းတမ်းတဲ့သူ တစ်ယောက် မဟုတ်၊ ပျော့ပျောင်းသူ တစ်ယောက်လို့ ပြည်သူတွေရဲ့ မှတ်ချက်ပေးခြင်းကို ခံရပါတယ်။

ဒါကို ကျွန်တော် လက်ခံပါတယ်။ အဲဒီအတွက် တာဝန်ရှိသူများ စည်းကမ်းလိုက်နာစေခြင်းနဲ့ ပြည်သူတို့ရဲ့ အကျိုးစီးပွားကို ဆန့်ကျင်တဲ့ လုပ်ဆောင်ချက်များ မဖြစ်အောင် တားဆီးရာမှာ အလွန်ကို တင်းမာပါတယ်။

အခုလို တင်းမာရတာ ကျွန်တော့်အတွက် မဟုတ်။ နိုင်ငံနဲ့လူမျိုးအတွက် လုပ်ရတာပါ။ တစ်နေ့ နင်းတိစီရင်စုမှာရှိတဲ့ တရားမဝင် ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုကို သွားရောက်စစ်ဆေးခဲ့ပါတယ်။

တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် ကျွန်တော် စိတ်ဆိုးဒေါသထွက်မိပါတယ်။

စိတ်ကို ထိန်းမရလို့ စားပွဲကို လက်သီးနဲ့ ထုမိပါတယ်။

**"အရာရှိ ၁၀၀ လောက်ကို စိတ်ခုအောင် လုပ်ကြမလား၊**

**ပြည်သူတစ်သန်းအပေါ်မှာ တာဝန်ပျက်ကွက်ကြမလား"**

လို့ ကျွန်တော် မေးလိုက်မိတယ်။ လူအများစုက ရာထူးရှိတဲ့ သူတွေကိုသာ လေးစားပြီး ကြောက်ရွံ့ကြတာပါ။ အာဏာမရှိတဲ့ ပြည်သူတွေအပေါ် လေးစားမှုမရှိသလို ကြောက်ရွံ့စိတ်လည်းမရှိ။

ပိုဆိုးတာက အပြစ်မရှိသူကို အပြစ်ပုံချတာ၊ ပြီး ရက်စက်ကြတာတွေပဲ။ ကျွန်တော်ကတော့ ဒါကို လက်မခံဘူး။ လူသားတွေကို လူသားတွေလိုပဲ သဘောထားဖို့တော့ လိုတယ်လို့ ထင်ပါတယ်။

အဲဒါကြောင့်လည်း ကျွန်တော် ခပ်ပြတ်ပြတ် ပြောဆိုတာပါ။ အဲဒီလိုလုပ်လို့ ကျွန်တော့်ကို မကြိုက်သူတွေ ရှိပါတယ်။ အဲဒီလူတွေက အစိုးရအရာရှိများ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျီးကျန်ပြည်နယ်မှ တာဝန်ရှိသူတော်တော်များများ နည်းမှန်လမ်းမှန် မဟုတ်တဲ့ ဆောင်ရွက်ချက်

များကို မြင်တွေ့လိုက်ရတဲ့အတွက် အဲဒီတာဝန်ရှိသူများကို အပြစ်ပေးခဲ့ရတယ်။

ကျွန်တော်က မဟုတ်တာ။ ကိုယ်ကျိုးကိစ္စတွေကို ဘယ်တော့မှမလုပ်။ လုပ်မှာလည်း မဟုတ်။ အဲဒီအတွက် တာဝန်ရှိသူတွေကို ပြည်သူဘက်က အမြဲရပ်တည်ပေးပါလို့ ကျွန်တော် အမြဲပြောပါတယ်။

**"ရှီဟာ စာနာထောက်ထားတတ်သူ လူတော်လူကောင်းတစ်ယောက်ပဲ"**

လို့ ပြည်သူအများက အဲဒီလို ပြောပါတယ်။ ကျွန်တော့်ကို အဲဒီလိုပြောတော့ အလွန်ပဲ ဝမ်းသာပါတယ်။ အမှန်တော့ ကျွန်တော်က ပြည်သူဘက်က အမြဲရပ်တည်ပေးနေချင်သူပါ။

ကျွန်တော့်မှာ နှစ်စဉ်လုပ်ရတဲ့ အလုပ်တစ်ခု ရှိပါတယ်။ တရုတ်နှစ်သစ်ကူးပွဲကို ရောက်တိုင်း ကျွန်တော့်ရဲ့ဆရာသမားများထံ နှုတ်ခွန်းဆက်သလွှာများကို ပေးပို့တတ်ပါတယ်။ ဒါဟာ ပေါ်လာပြူ လာလုပ်တာ မဟုတ်၊ ဆရာသမားများကို ရှိသေတဲ့ အနေနဲ့ ပြုလုပ်ခြင်း ဖြစ်ပါတယ်။

ကျွန်တော်ဟာ ကိုယ်လုပ်နိုင်တဲ့ အလုပ်တွေကို အများအတွက် လုပ်ပေးတတ်ပါတယ်။ ကျန်းကင်းပါတီကော်မတီပိုင် တစ်စီးတည်းကားကို စစ်ပြန်စစ်မှုထမ်းဟောင်းများ အသုံးပြုရန် ထားပေးခဲ့ပါတယ်။ အလားတူ စစ်မှုထမ်းဟောင်းများအတွက် ရည်ရွယ်ပြီး ဆေးခန်းနဲ့ ရိပ်သာတို့ကို ဆောက်လုပ်ပေးခဲ့ပါတယ်။

ဖူးကျူးမြို့တော်တွင် နေထိုင်တုန်းကလည်း ကျွန်တော်ဟာ ဆင်းရဲနွမ်းပါးတဲ့ မိသားစုများမှ ကလေးငယ်များကို ကျောင်းစရိတ်ကို စိုက်ထုတ်ကျခံပြီး ထောက်ပံ့ပေးခဲ့ပါတယ်။

ကျွန်တော်က အဲဒီလို ပြည်သူများရဲ့အကျိုးကို လုပ်ဆောင်တဲ့အတွက် ဝေဖန်ပြောဆိုတဲ့သူတွေ ရှိလာပါတယ်။ သူတို့က **"ပြည်သူ့အတွင်းရေးမှူး"** လို့ ကျွန်တော့်ကို ချစ်စနိုးနဲ့ ခေါ်ကြပါတယ်။

> **တာဝန်ရှိသူများဟာ ကိုယ့်မိဘကို ချစ်မြတ်နိုးသကဲ့သို့ ပြည်သူလူထုကို ချစ်မြတ်နိုးရမယ်။ ပြည်သူ့အကျိုးစီးပွားအတွက် လုပ်ဆောင်ကာ ကြီးပွားတိုးတက်ရာ တိုးတက်မှုဆီကို ဦးဆောင်သွားကြရမည်။**

လို့ ကျွန်တော်က ပြောဆိုလေ့ ရှိပါတယ်။ အဲဒီအတွက် ပြည်သူတွေက ကျွန်တော့်ကို လေးစားကြပါတယ်။ လူတစ်ယောက်ကို ဘယ်လိုအခြေအနေနဲ့ပဲတွေ့တွေ့ လေးစားရမယ်၊ ဒါမှ သူက ပြန်လေစားမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်ကို လေးစားတာ ဖြစ်မှာပါ။

၀

## (၁၁)

## ပြုပြင်ပြောင်းလဲရေးသမား

ကျွန်တော်ကို အထက်က တာဝန်တွေ ဆက်တိုက်ပေးနေ. တယ်။ သူတို့ တာဝန်ပေး စေလွှတ်တဲ့ ပြည်နယ်ဒေသများကို ငြင်းပယ်ခြင်းမရှိ၊ ကျေကျေနပ်နပ်ကို လက်ခံပါတယ်။ စေလွှတ်တဲ့ဒေသကိုလည်း သွားရောက်တာဝန်ထမ်းဆောင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ငယ်ရွယ်တဲ့အရွယ်မှာ ကျေးလက်ဒေသမှာ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ခဲ့တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ငယ်ရွယ်စဉ်ကသာ မြို့ပေါ်မှာ နေထိုင်မိခဲ့ရင် အဲဒီဒေသတွေကို ငြင်းချင် ငြင်းမိခဲ့မှာ အမှန်ဖြစ်ပါတယ်။

တက္ကသိုလ်ဘွဲ့ရပြီးနောက်ပိုင်း ကျွန်တော်ဟာ ပြည်နယ်စီရင်စုတွေမှာ တာဝန်ထမ်းဆောင်ပါတယ်။

အဲဒီလို တာဝန်ထမ်းဆောင်တဲ့အခါ ကျေးရွာဒေသက ပြည်သူတွေရဲ့အကျိုး ဦးစားပေး ဆောင်ရွက်တတ်ပါတယ်။ အလားတူ ကျွန်တော်ဟာ အနာဂတ်တိုင်းပြည်အတွက် ဘယ်လို ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ရင် ကောင်းမလဲဆိုတာ အမြဲတွေး တောနေတတ်ပါတယ်။

တကယ်တော့ ကျွန်တော်တို့ နိုင်ငံဟာ ကမ္ဘာ့အကြီးဆုံး နိုင်ငံ စာရင်းများထဲမှာ ပါဝင်တဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါ တယ်။

နိုင်ငံသူ နိုင်ငံသားများ စိတ်အေးချမ်းသာစွာ နေနိုင်ဖို့ အတွက်ကိုလည်း အမြဲကြိုးစားနေရပါတယ်။

ကျွန်တော်တို့နေထိုင်တဲ့ တရုတ်နိုင်ငံဟာ လူဦးရေထူထပ် တဲ့ နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်တဲ့အတွက် ဒီလူဦးရေတွေရဲ့ အနာဂတ် ကို ကြိုတင်ပြီး စီမံထားရပါတယ်။

အဲဒီအတွက် ကျွန်တော်ဟာ တရုတ်နိုင်ငံရဲ့ ခေါင်းဆောင် တစ်ယောက် ဖြစ်ချင်ပါတယ်။ အဖေ့လက်ထက်တုန်းက မပြီးခဲ့ တာတွေ၊ မအောင်မြင်ခဲ့တာတွေကို ကျွန်တော့်လက်ထက်မှာ ပြီး မြောက်အောင်မြင်စေရမယ်။

အဖေ့ရဲ့ ဒုတိယဝန်ကြီးချုပ်ဆိုတဲ့ ရာထူးကို ကျော်လွှား သွားစေရမယ်လို့ စိတ်ကူးထားပါတယ်။ ကျွန်တော် သမ္မတရာထူး ကို လက်ခံပြီးတဲ့ နောက်ပိုင်းမှာ **"ပြုပြင်ပြောင်းလဲရေးနဲ့ တိုင်း ပြည်ကို တံခါးဖွင့်ခြင်းတို့ကို ဆက်လက်အလေးထား လုပ်ဆောင် မည်"**လို့ ကျွန်တော် ကြေညာခဲ့ပါသေးတယ်။

ကျွန်တော့်ရဲ့ နိုင်ငံရေးတာဝန် ထမ်းဆောင်တဲ့ သက်တမ်းတစ်လျှောက် ဆုံးဖြတ်ချက်များ ခိုင်မာတာကို အားလုံးက ချီးကျူးကြပါတယ်။ ကျွန်တော်က ချီးကျူးခံချင်လို့ လုပ်ဆောင်နေတာ မဟုတ်။

ကိုယ်တွေ့ကြုံလို့ လုပ်ဆောင်တာ ဖြစ်သလို ကျွန်တော့်အဖေရဲ့ နိုင်ငံရေးလုပ်ဆောင်ချက်တွေ မှားတယ်ထင်နေကြတဲ့အတွက် အဖေ့ကိုယ်စား ချေပတာလည်း ဖြစ်ပါတယ်။

ဘယ်လိုပင်ဖြစ်ပါစေ တရုတ်နိုင်ငံမှာတော့ ပြည်သူရဲ့ လေစားခံတစ်ယောက် ဖြစ်ချင်တာတော့ အမှန်ပါ။

ကျွန်တော့်ရဲ့ဘဝခရီးက ရှည်လျားလွန်းလို့ လုပ်ဆောင်ချက်တွေ ကျန်ရစ်တာတွေလည်း ရှိပါတယ်။ မှတ်မိတာလေးကို တင်ပြချင်ပါသေးတယ်။

ဖူကျန်းပြည်နယ်ရဲ့ ဆိပ်ကမ်းမြို့ဖြစ်ပြီး တရုတ်နိုင်ငံရဲ့ အထူးဖွံ့ဖြိုးရေးဒေသများထဲမှ တစ်ခုဖြစ်လာတဲ့ ရှားမင်မြို့တွင် တာဝန်ယူနေရတဲ့ကာလ ဖြစ်ပါတယ်။

ရှားမင်မြို့ရဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (**၁၉၈၅–၂၀၀၀**)ကို ကျွန်တော်ကိုယ်တိုင် တာဝန်ယူပြီး မူကြမ်းရေးဆွဲခဲ့ပါတယ်။

မဟာဗျူဟာစီမံကိန်းကို ရှားမင်မြို့ရဲ့ မြို့ပြစီမံကိန်းနဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာတဲ့ အခြေခံအုတ်မြစ်ကို ချပေးနိုင်ခဲ့ပါတယ်။

ရှားမင် အထူးဖွံ့ဖြိုးရေးဒေသ အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သလို ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုအတွက်လည်း တာဝန်ယူ ဆောင်ရွက်ခဲ့ပါတယ်။

ရှားမင်မြို့ကို **"နိုင်ငံတော်စီမံကိန်းထဲမှာ အထူးပြုထည့်သွင်းရေးဆွဲရတဲ့မြို့"**အဖြစ် စာရင်းသွင်းခံရရန် ကျွန်တော်က တက်ကြွစွာ လုပ်ဆောင်ခဲ့တယ်။

ကျွန်တော်ဟာ အဲဒီမြို့မှ အခြားနေရာကို ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါတယ်။ နိုင်ငံတော်စီမံကိန်းထဲမှာ ရှားမင်မြို့ ပါလာခဲ့တယ်။ အဲဒီအတွက် အကျိုးဖြစ်ထွန်းစေပါတယ်။

ရှားမင်မြို့နဲ့ ဒေသခံတွေက "ရှီကို ကျေးဇူးတင်တယ်။ ရှီကြောင့် ငါတို့မြို့လေး တိုးတက်လာတယ်"လို့ ပြောဆိုနေကြပါတယ်။

အဲဒီအတွက် ကျွန်တော့်မှာ ပျော်ရွှင်ခဲ့ရပါတယ်။ ကိုယ့်ရဲ့လုပ်ဆောင်ချက်တွေ အောင်မြင်ရင် ဘယ်သူမဆို ပျော်ရွှင်မိမှာပါ။ အဲဒီအထဲမှာ ကျွန်တော်လည်း ပါဝင်ပါတယ်။

အစိုးရဝန်ထမ်းတွေထဲမှာ ကျွန်တော့်လောက် အပြောင်းအရွှေ့များတဲ့သူ မရှိနိုင်ဘူးလို့ ထင်ရပါတယ်။ ယနေ့အထိ တရုတ်နိုင်ငံ ပြည်နယ်ဒေသများကို မရောက်ဘူးသူများ ရှိနေကြပါတယ်။ ကျွန်တော်ကတော့ တရုတ်တစ်နိုင်ငံလုံး မရောက်ဖူးတဲ့နေရာ အလွန်ရှားပါတယ်။

ကျွန်တော် တာဝန်ကျတဲ့ မြို့တွေထဲကနေ နောက်တာဝန်ကျတဲ့ မြို့နယ်စီရင်စုလေး အကြောင်းကို တင်ပြချင်ပါတယ်။

အဲဒီပြည်နယ်က ဟီပေးပြည်နယ်၊ ကျန်းတင်းစီရင်စုနယ်လေး ဖြစ်ပါတယ်။

အဲဒီပြည်နယ်လေးဟာ သာယာလှပပြီး စိမ်းလန်းစိုပြည် လှပတယ်။ ဒေသခံတွေကလည်း ပြည်နယ်မှာ နေထိုင်ရတာကို ကျေနပ်လှပါတယ်။

သူတို့ကသာ ကျေနပ်ကြပေမယ့် ဖွံ့ဖြိုးတိုးတက်မှု သိပ်မရှိဘူးလို့ ကျွန်တော် ထင်နေမိပါတယ်။

ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးလိုက်ရင် ပြည်နယ်လည်း သာယာလှပမယ်၊ နိုင်ငံအတွက်လည်း ဝင်ငွေရမယ်လို့ ထင်မှတ်နေပါတယ်။

ကျွန်တော့်အတွက် အခွင့်အရေးတစ်ခု ရတယ်လို့ မှတ်ယူမိပါတယ်။ အဲဒါက တခြားမဟုတ်ပါဘူး၊ နာမည်ကျော်ဂန္ထဝင်ဝတ္ထုဖြစ်တဲ့ **"ခန်းဆောင်နီအိပ်မက်"**ကို ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးတဲ့ ရိုက်ကူးရေးအဖွဲ့က ဇာတ်လမ်းရိုက်ကူးရန်နေရာ ရှာဖွေနေတယ်လို့ ကြားရတယ်။

ကျွန်တော့်ကိုလည်း အဲဒီအကြောင်းနဲ့ ပတ်သက်လို့ ပြောသူများလည်း ရှိပါတယ်။

ကျွန်တော် ဝမ်းသာသွားတယ်။ စီးပွားရေး ဖြစ်နိုင်တဲ့ အလားအလာကို ကျွန်တော် မြင်လိုက်တယ်။ ကျန်းတင်းစီရင်စုနယ်မှာ **"ခန်းဆောင်နီအိပ်မက်ဝတ္ထုထဲက ယွန်းစံအိမ်ကြီး"**အတိုင်း လူနေခြံဝင်းကျယ်ကြီး တစ်ခုကို ဆောက်လုပ်ပေးရင် ကောင်းမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အဆိုပြုတင်ပြခဲ့တယ်။

ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးရာမှာ အသုံးပြုခဲ့တဲ့ အဆိုပါ ခြံကျယ်ကြီးကို နောင်အခါ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ရာနေရာတစ်ခု ဖြစ်လာမယ်လို့ ထင်မှတ်ခဲ့ပါတယ်။

ကျန်းတင်းစီရင်စုနယ်မှာ **"ခန်းဆောင်နီအိပ်မက်ဝတ္ထုထဲက ယွန်းစံအိမ်ကြီး"**အတိုင်း လူနေ ခြံဝင်းကျယ်ကြီး တစ်ခုကို ဆောက်လုပ်ရန် ကျွန်တော်က အဆိုပြု တင်ပြခဲ့ပါတယ်။

ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးရာမှာ အသုံးပြုခဲ့တဲ့ အဆိုပါ ခြံကျယ်ကြီးကို ယခုအခါ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ရာ နေရာတစ်ခု ဖြစ်လာခဲ့ပါတယ်။

**"ယွန်းစံအိမ်ကြီး"**ကို အပြီးသတ် တည်ဆောက်တဲ့နှစ်မှာ ကမ္ဘာလှည့်နဲ့ ပြည်တွင်းခရီးသွားများ လာရောက်ကြပါတယ်။ အဲဒီလာရောက်မှုအတွက် ယွမ်**"၁၀"**သန်းကျော် ရရှိခဲ့တဲ့အတွက် ကနဦးရင်းနှီးမြှုပ်နှံမှုထက် ဝင်ငွေ ကျော်လွန်ရရှိခဲ့ပါတယ်။

အဲဒီစံအိမ်ကြီးရှိရာ ခြံဝန်းကျယ်ကြီးထဲမှာ ရုပ်ရှင်ဇာတ်ကားနဲ့ ရုပ်သံဇာတ်လမ်းတွေ ၁၇၀ ကျော် ရိုက်ကူးခဲ့ပါတယ်။ နှစ်စဉ် ခရီးသွား ၁ ဒသမ ၃ သန်းအထိ လာရောက်လေ့လာခဲ့ကြတယ်။

အဲဒီလို လာရောက်ကြတဲ့အတွက် ကျွန်တော့်မှာ အဲရမ်းကို ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ရဲ့ လုပ်ဆောင်ချက် အောင်မြင်တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။

တရုတ်နိုင်ငံကို ရောက်လာတဲ့ နိုင်ငံခြားသားတွေဟာ ကျန်းတင်းစီရင်စုက "ယွန်းစံအိမ်ကြီး"ကိုသာ သွားရောက်လေ့

လာကြတယ်။ အဲဒီလိုဖြစ်တော့ ရွာသားများက ကျွန်တော့်ကို ကျေးဇူးတင်ကြတယ်။

စီးပွားရေးသမားများက ကျွန်တော့်ကို နိုင်ငံရေးမလုပ်ဘဲ စီးပွားရေးသမားလုပ်ရင် ကမ္ဘာကျော်မယ်လို့ ပြောကြပါတယ်။ စီးပွားရေး မလုပ်ချင်လို့ပေါ့။

ကျွန်တော့်သူငယ်ချင်းတွေ ပြည်ပမှာအဆင်ပြေပြီး ချမ်းသာကြွယ်ဝနေကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်လုပ်ရပ်အောင်မြင်တယ်ဆိုရင် ပျော်ရွှင်ပါတယ်။

ဘယ်လိုပင် ပျော်ရွှင်နေပါစေ ကျွန်တော်ကတော့ ထုံးစံအတိုင်း ပြည်နယ်တစ်ခုကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါတယ်။ အဲဒီလို ခဏ ခဏ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတာကို ဘဝင်မကျချင်ပါ။

ဘာကြောင့်လဲဆိုတော့ ပြည်နယ်စီရင်စုကို ရောက်စမှာ ပြည်သူတွေရဲ့ အထင်ကြီးလေးစားမှုရအောင်လည်း အစွမ်းကုန်ကြိုးစားရပါတယ်။

ယုံကြည်မှုရလာတဲ့အခါမှာ ပျော်ရွှင်ပါတယ်။ ပျော်ရွှင်မှုက သိပ်မကြာပါ။ ရွာကို ကျောခိုင်းပြီး အခြားစီရင်စုကို ပြောင်းရွှေ့ရပါတယ်။

ကျွန်တော့် ရင်ထဲမှာ ဝမ်းနည်းကြေကွဲရပါတယ်။ ဒေသခံတွေကလည်း ကြေကွဲပြီး ပြန်ခဲ့ရပါတယ်။

o

(၁၂)

## တိုးတက်ရေးသမား

ကျမျက်ရည် ဘယ်ညာသုတ်ခဲ့ရတာယ်လို့ ပြောရမှာ အလွန် ခက်ခဲလွန်းလှပါတယ်။ ကျွန်တော်တို့ ပြောင်းရတော့မယ်လို့ ပြော လိုက်တာနဲ့ လာရောက်နှုတ်ဆက်ကြတယ်။

အပြန်အလှန်ပြောနေတဲ့ စကားတွေက ရိုးသားတယ်ဆိုပေ မယ့် ကြေကွဲနေရတာတော့ အမှန်ပါ။ ဘယ်လိုပင်ဖြစ်ပါစေ ကျွန်တော် နောက်ပြည်နယ်ဒေသ တစ်ခုကို ထပ်မံပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါတော့မယ်။

အဲဒီမှာလည်း တိုးတက်အောင် လုပ်ဆောင်ပေးရဦးမှာပဲ လို့ ထင်နေမိပါတယ်။

ကျွန်တော့်ကို ဘာလို့ အဲဒီလိုပို့ပြီး တာဝန်ထမ်းဆောင် ခိုင်းရတာလဲလို့ တွေးနေမိပါတယ်။

ကျွန်တော်က တိုးတက်အောင် လုပ်ဆောင်ပေးချင်တဲ့ဆန္ဒ က အပြည့်ရှိနေပါတယ်။ အဲဒီအတွက် တာဝန်ကျရာများကို တစ်ခုမဟုတ် တစ်ခုတော့ လုပ်ဆောင်ပေးခဲ့ပါတယ်။

ကျွန်တော် ဖူးကျူးမြို့မှာ တာဝန်ကျစဉ်တုန်းက အလေး အနက် ဆင်ခြင်သုံးသပ်မှုများ ပြုလုပ်ပါတယ်။ တစ်ဖက်ကလည်း လုပ်ဖော်ကိုင်ဖက်များနဲ့ ဆွေးနွေးကြပါတယ်။ အဲဒီနောက် သုံးနှစ် တာ၊ ရှစ်ရှစ်တာ၊ နှစ်နှစ်ဆယ်ကြာ ဖူးကျူးမြို့တော် ဖွံ့ဖြိုးရေး မဟာဗျူဟာကို စီမံရေးဆွဲခဲ့ကြတယ်။

မဟာဗျူဟာ စီမံကိန်းပါ အဓိကရည်ရွယ်ချက်များ အား လုံးကို အချိန်မီ အကောင်အထည်ဖော် ပြီးစီးခဲ့ပြီ။ ကျွန်တော် တာဝန်ကျစဉ်က ဖူးကျူးမြို့ပေါ်ကို ခေါ်ဆောင်ခဲ့တဲ့သူများ တည် ထောင်ခဲ့တဲ့ စီးပွားရေးလုပ်ငန်းရှင် များစွာကို ယနေ့ခေတ်တွင် စက်မှုလုပ်ငန်းများကို ဦးဆောင်ဦးရွက်နေရာကို ရောက်ရှိလာ ကြခြင်း ဖြစ်တယ်။

ကျွန်တော်ဟာ ဖူးကျူးမြို့ရဲ့ ဖွံ့ဖြိုးရေးအတွက် အရေးပါ တဲ့နေရာမှ ပါဝင်ဆောင်ရွက်ပြီး ဦးဆောင်ဦးရွက်နေရာမှာ ရောက် ရှိလာခြင်း ဖြစ်ပါတယ်။

ဘယ်လိုပင် ဖြစ်ပါစေ ကျွန်တော်ဦးဆောင်လုပ်တဲ့ အလုပ် အောင်မြင်တဲ့အတွက် အလွန်ပင် ပျော်ရွှင်ရပါတယ်။ အားလုံး ကလည်း ကျွန်တော့်ကို လေးစားသမှု ပြုလာကြပါတယ်။

ကျွန်တော်လုပ်တာ မှန်သမျှ အောင်မြင်မှု ရရှိတယ်လို့ ထင်မှတ်နေကြပါတယ်။

ကျွန်တော့်ရဲ့သတင်းတွေက တစ်နိုင်ငံလုံးမှာ လွှမ်းမိုးသွားပါတယ်။ လွှမ်းမိုးမှုနဲ့အတူ နောက်ထပ်တစ်နေရာကို ပြောင်းရွှေ့နေရပါတော့တယ်။

အဲဒါကတော့ ဖူးကျန့်ပြည်နယ်ကို ပြောင်းရွှေ့ရတာပါ။

ကျွန်တော့်ကို ဖူးကျန့်ပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ်တာဝန်ပေးအပ်ခဲ့ပါတယ်။ အဲဒီမှာ လုပ်ဆောင်စရာများ ဖြစ်ပေါ်လာခဲ့ပြန်ပါတယ်။

ကျွန်တော့်ရဲ့လုပ်ဆောင်ချက်က တရုတ်နိုင်ငံရဲ့ ပထမဆုံးစားနပ်ရိက္ခာလေလွင့်ဆုံးရှုံးမှုမရှိစေရန် လှုပ်ရှားမှုကို ကျွန်တော်ကလုပ်ဆောင်ခဲ့တယ်။ စားနပ်ရိက္ခာ လုံခြုံရေးကို ရရှိစေခဲ့ပါတယ်။

အဲဒီလို လုပ်ဆောင်တဲ့အတွက် နိုင်ငံနဲ့ ပြည်သူတွေအတွက် များစွာအကျိုးရှိခဲ့ပါတယ်။ အလားတူ ပြည်သူလူထုကိုအကူအညီပေးနိုင်ရန်အတွက် အိုင်တီအခြေခံ အဆောက်အအုံအဆင့်မြှင့်တင်ခြင်းနဲ့ သတင်းနည်းပညာ မိတ်ဆက်ခြင်းတို့ကို ၁၉၉၉ ခုနှစ်မှာ ကျွန်တော် ဦးဆောင်ပြီး အဆိုပြု တင်ပြခဲ့ပါတယ်။ အထက်အရာရှိများက လက်ခံခဲ့ကြပါတယ်။ ဒါဟာလည်းအောင်မြင်မှုပါပဲ။

၂၀၁၀ ပြည့်နှစ် အရောက်မှာ ဖူးကျန့်ပြည်နယ်မှာရှိတဲ့ဆေးရုံများအားလုံးကို ကွန်ပျူတာကွန်ရက်များနဲ့ ချိတ်ဆက်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူတိုင်းမှာ ဒစ်ဂျစ်တယ်ဆေးကုသမှုမှတ်တမ်းများ ရရှိတဲ့ တရုတ်နိုင်ငံရဲ့ ပထမဆုံးပြည်နယ်တစ်ခု ဖြစ်လာခဲ့ပါတယ်။

ကျွန်တော်ဟာ အဲဒီကိစ္စမပြုလုပ်ခင် ရှေ့မှာလည်း ဖူးကျန့်ပြည်နယ်နဲ့ ပတ်သက်တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီအထဲက ဟစ်ခုမှာ ၂၀၀၂ ခုနှစ်တုန်းက တရုတ်နိုင်ငံရဲ့ ပထမဆုံး စုပေါင်းသစ်တောထွက်ပစ္စည်း ပိုင်ဆိုင်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကို ဖူးကျန့်ပြည်နယ်မှာ စတင်ခဲ့ပါတယ်။

အလားတူ ပြည်နယ်အုပ်ချုပ်ရေးမှူး တာဝန်ယူစဉ်ကာလမှာပင် ဖူးကျန့်ပြည်နယ်မှာ ဂေဟဗေဒညီမျှမှုနဲ့ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးတို့ကို နေရာတကျ ဖြစ်စေမယ့် အထူးမူဝါဒများ ကျင့်သုံးတဲ့ အစောဆုံးပြည်နယ်များထဲမှာ ပါဝင်လာခဲ့ပါတယ်။

အဲဒီလို မူဝါဒများ ချမှတ်ခြင်းကြောင့် ဖူးကျန့်ပြည်နယ်ဟာ လေထုနဲ့ ရေထု အရည်အသွေးအကောင်းဆုံးပြည်နယ် ဖြစ်လာခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ အကောင်းဆုံးဂေဟဗေဒနဲ့ သဘာဝပတ်ဝန်းကျင်ရှိတဲ့ ပြည်နယ်လည်း ဖြစ်လာခဲ့ပါတယ်။

အခုလို လုပ်ဆောင်ရတာဟာ ပြည်နယ် အတွက်တင်မဟုတ်၊ တစ်နိုင်ငံလုံးအတွက် ပါဝင်သလို တစ်ကမ္ဘာလုံးအတွက်ဆိုလည်း သတ်မှတ်လို့ ရပါတယ်။

ကမ္ဘာ့လူသားများ ဘေးရန်ကင်းကွာစွာနဲ့ နေထိုင်ရတယ်ဆိုရင် ကျွန်တော့်ရဲ့ ကြိုးစားရကျိုးက နပ်ပါတယ်။ တကယ်တော့ ကျွန်တော့်ဘဝ အစပိုင်းက ကောင်းပေမယ့် မကြာတဲ့ကာလမှာ သောကတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

ရွှေဘုံပေါ်မှာ စံနေသူက ရုတ်တရက် လမ်းဘေးကိုရောက်သွားတော့ ဘယ်လိုနေမလဲ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ ဘယ်လိုပင် ခက်ခဲပေမယ့် ကျွန်တော်ကတော့ အမြဲကြိုးစားနေမှာပါ။

အဲဒါ ဘာကြောင့်လဲ ဆိုတော့ ပြည်သူတွေ သောက အရောက်မခံချင်လို့၊ အေးချမ်းစွာ နေထိုင်တာ မြင်ချင်လို့ပါ။ ဒါဟာ ကျွန်တော့်ရင်ထဲက စေတနာ အမှန်တွေပါ။ ဒါတွေဟာ လွန်ခဲ့တဲ့ နှစ်များစွာက ရှန်းရှီပြည်နယ်၊ ယန်ကျန်းခရိုင်၊ လျန်းကျားဟီဆိုတဲ့ ရွာကလေးကပါ။

အဲဒီရွာကကလေးက ကျွန်တော့်ကို များစွာပြုပြင်ပေးခဲ့ပါတယ်။ အသိတရားစိတ်တွေ များစွာပေးခဲ့ပါတယ်။ လူတွေကို ကိုယ်ချင်းစာတဲ့စိတ်တွေ အပြည့်အဝ ရရှိခဲ့ပါတယ်။ အဲဒါကြောင့် အားလုံး စိတ်ချမ်းသာ တိုးတက်ပျော်ရွှင်နိုင်အောင် ကျွန်တော် အမြဲကြိုးစားပေးပါတယ်။

ကျွန်တော်က အဲဒီလို စိတ်ထားရှိလို့ အထက်က မကြာခဏ နေရာဒေသ ပြောင်းရွှေ့တာဝန်တွေ ပေးတာလားလို့ ထင်မိပါတယ်။ အဲဒီအတွက်ကြောင့်ပဲ ၂၀၀၂ ခုနှစ်မှာ ကျွန်တော်ဟာ ကျီးကျန်ပြည်နယ်ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါတယ်။

ကျီးကျန်ပြည်နယ်ဟာ တရုတ်နိုင်ငံရဲ့ စီးပွားရေးအရ အဖွံ့ဖြိုးဆုံး ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ကျီးကျန်းတွင် ကျွန်တော် တာဝန်ကျစဉ်က အခြေအနေမှန် ဖော်ထုတ်ရေးအတွက် ခရီးစဉ်များကို ပြည်နယ်အနှံ့ သွားလာခဲ့ပါတယ်။

အဲဒီခရီးစဉ်က ရရှိခဲ့တဲ့ ရလဒ်တွေကို အခြေခံပြီး ၂၀၀၃ ခုနှစ်တွင် **"အားသာချက်ရှိမျိုးကို အပြည့်အဝ အသုံးချရေးနှင့် ပင်မစီမံချက် ရှစ်ခုကို အကောင်အထည်ဖော်ရေး"** မဟာဗျူဟာကို ရေးဆွဲကာ လက်တွေ့အကောင်အထည် ဖော်ခဲ့ပါတယ်။

အဆိုပါ မဟာဗျူဟာစီမံကိန်းဟာ ကျိုးကျန့်ပြည်နယ်ရဲ့ အနာဂတ် ဖွံ့ဖြိုးရေးအတွက် ခိုင်မာတဲ့ အခြေခံအုတ်မြစ် ချမှတ်ပေးနိုင်ခဲ့ပါတယ်။

ကျွန်တော့်ရဲ့ ရည်ရွယ်ချက်က မဖွံ့ဖြိုးသေးတာကို ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးမယ်၊ ဖွံ့ဖြိုးပြီးတာတွေကို ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ထိန်းသိမ်းကာကွယ်ရေးတွေကိုသာ လုပ်ဆောင်ပေးရန် ဖြစ်ပါတယ်။

ပြည်နယ်မှာ စက်မှုလုပ်ငန်း ဖွဲ့စည်းပုံ ပြောင်းလဲရေး၊ ကျိုးကျန်ပြည်နယ်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုပုံစံ ကျယ်ပြန့်ပြီး ထိရောက်မှု မရှိခြင်းတို့ကို အသွင်ပြောင်းလဲခြင်း။ ကျိုးကျန့်ပြည်နယ်ကို ပြည်ပမှ ရှေ့ဆောင်ရှေ့ရွက် စီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံရေးကို အားပေးခြင်းကို ကျွန်တော်ကိုယ်တိုင် ဆောင်ရွက်ခဲ့ပါတယ်။

အလားတူ ကုန်ထုတ်လုပ်မှုနဲ့ ကူးသန်းရောင်းဝယ်မှုနှစ်ခုကို ညီတူညီမျှ အလေးသာလာစေမယ့်၊ အထူးသဖြင့် ကျိုးကျန့်ပြည်နယ်ရဲ့ အခြေအနေများနဲ့ ကိုက်ညီမယ့် ဖွံ့ဖြိုးရေးနည်းတစ်ခုကိုလည်း ကျွန်တော်က အဆိုပြုခဲ့ပါတယ်။

အလားတူ ပြည်တွင်းလုပ်ငန်းများကို ပြည်ပနိုင်ငံများကို သွားရောက်ချဲ့ထွင်ကြရန် ကြိုးပမ်းမှုများကိုလည်း ကျွန်တော် ကိုယ်တိုင် အားပေးကူညီပေးခဲ့တယ်။

သာမန်ပြည်သူများရဲ့ မြေစမ်းခရမ်းပျိုးလုပ်ငန်းများကို လည်း အားပေးကူညီပေးခဲ့တယ်။ ကျွန်တော်က အဲဒီလို ကူညီတဲ့ အခါ အားလုံးက ရဲရဲတင်းတင်း လုပ်လာကြတယ်။

သူတို့ရဲ့အသိစိတ်ထဲမှာ ရှိတာက သူတို့ရဲ့အနောက်မှာ ကျွန်တော် ရှိနေတယ်။ ကျွန်တော်က သူတို့ရဲ့အခက်အခဲတွေကို ကူညီဖြေရှင်းပေးခဲ့တယ်။ အဲဒီလို ပြောလာကြပါတယ်။

သူတို့ ပြောတာကို ကျွန်တော် မငြင်းပါဘူး လက်ခံပါ တယ်။

ကျွန်တော်က သူတို့တွေအတွက်ဆို အမြဲတမ်း အကောင်း ဆုံးတွေပဲ ဖြစ်ချင်နေတာ။ အကောင်းဆုံးတွေပဲ လုပ်ပေးချင်တာ။ အဲဒါကို သူတို့က ကောင်းကောင်းသိနေကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ကို ယုံကြည်နေတယ်။ အား ကိုးနေတယ်လို့ ကြားရတဲ့အတွက် လုပ်ပေးရကျိုး နပ်ပါတယ်။ တချို့က ရှီရဲ့ လုပ်ဆောင်ချက်တွေ အားလုံးက ငါတို့နိုင်ငံနဲ့ လူမျိုးတွေအတွက် အများကြီး အကျိုးရှိတယ်။ သူဟာ ငါတို့ရဲ့ ခေါင်းဆောင်ပဲ ပြောနေကြပါတယ်။

သူတို့က အဲဒီလိုပြောလာလေ ကျွန်တော်က အစွမ်းကုန် ကြိုးစားလေပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဆက် လက်ကြိုးစားနေဦးမှာပါ။

အဲဒီအတွက်ကြောင့် ကျွန်တော်ဟာ ကျိုးကျန်ပြည်ကို နမူနာယူပြီး ထွက်ပေါ်လာတဲ့ အချက်များကို ကျေးရွာကြီးကြပ်ကွပ်ကဲရေးကော်မတီများကို ကျေးရွာအုပ်ချုပ်ရေးအမြုတေဥပဒေရဲ့ ပြင်ဆင်ချက်ဥပဒေများထဲမှာ ထည့်သွင်းပြဋ္ဌာန်းပေးရန် ၂၀၁၀ ပြည့်နှစ် အရောက်မှာ တရုတ်နိုင်ငံရဲ့ အမြင့်ဆုံးဥပဒေပြုရေးအဖွဲ့အစည်းဖြစ်တဲ့ တရုတ်ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီက သတ်မှတ်ခဲ့ပါတယ်။

**"မိမိတို့ပြည်နယ်ရဲ့ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေရန် ကိုယ့်ကိုယ်ကိုယ် အားကိုးကြရမယ်"**လို့ ကျိုးကျန်ပြည်မှာ ပြည်သူများကို ကျွန်တော် ပန်ကြားခဲ့ပါတယ်။ ကျွန်တော့်စကားကို သူတို့ ကောင်းစွာ သဘောပေါက်ကြတယ်။

အလားတူ ကျိုးကျန့် ပြည်နယ်သားများဟာ စီးပွားရေးအမြင် ရှိသူများ ဖြစ်တယ်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရတာကို အလွန်ဂုဏ်ယူ ဝံ့ကြွားတတ်ကြတယ် ဆိုတာကို ကျွန်တော် ကောင်းကောင်းနားလည်ထားပါတယ်။

ဒါဟာ ဘာကြောင့်လဲဆိုတော့ ရေမြေသဘာဝနဲ့ လုပ်ရပ်တွေကြောင့်ပါ။ ပြည်နယ်မှာ စီးပွားရေးလုပ်ရင် ချမ်းသာသူတွေ ရှိတယ်။ သူတို့ကတစ်ဆင့် ကူးဆက်လာတဲ့ အသိတွေကြောင့် ဖြစ်ပါတယ်။

အလားတူ ကျိုးကျန့်ပြည်နယ်ဟာ သဘာဝသယံဇာတများ မထွက်ရှိသဖြင့် ဒေသခံများ အလုပ်ကို အရမ်းကြိုးစားကြရတယ်။

ကျိုင်းကျန့်ဒေသခံများဟာ ရှန်ဟိုင်းနဲ့ ကျန်းစုကဲ့သို့ ပြည်နယ်များမှာ အလုပ်အကိုင် အခွင့်အလမ်းများကို သွားရောက်ရှာဖွေကြရတယ်။

ဒေသက ပြည်သူတွေ အခြားမှာ သွားရောက် အလုပ်လုပ်နေရတာကို ကျွန်တော့်အနေနဲ့ အလွန်ကို စိတ်မကောင်း ဖြစ်မိပါတယ်။

အဲဒီအတွက် ဒေသပြည်သူတွေ တခြားဒေသကို မသွားစေဘဲ ကိုယ့်ဒေသမှာ လုပ်ကိုင်နိုင်ရန် ကျွန်တော် စိတ်ကူးရလာတယ်။ အဲဒါကို ဒေသခံတွေက လက်ခံလာကြတယ်။

ကျွန်တော် ခိုင်းတာ လမ်းပြတာကို သူတို့ လုပ်ဆောင်မယ်လို့ ထင်တာနဲ့ အဲဒီစိတ်ကူးကို အကောင်အထည် ဖော်လိုက်တာပါ။

ကျွန်တော့်ရဲ့ ခေါင်းဆောင်မှုအောက်မှာ လုပ်ဆောင်ခဲ့တဲ့ စီမံချက် များစွာဟာ ကျိုင်းကျန့်ပြည်နယ်တွင်သာမက နန်ဟိုင်း၊ ကျန်းစုနဲ့ ကျိုင်းကျန့်တို့ အဓိကပါဝင်တဲ့ ပင်မစီးပွားရေးဒေသများရှိတဲ့ ယန်စီမြစ်ဝကျွန်းပေါ်ဒေသ တစ်ခုလုံးရဲ့ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ အုံမခန်း မြင့်တင်ပေးနိုင်ခဲ့တယ်။

ကျိုင်းကျန့်ပြည်နယ်ဟာ ရှန်ဟိုင်းဒေသန္တရအုပ်ချုပ်ရေးနယ်ဟာ ကျွန်တော့်ကို ဗဟိုခေါင်းဆောင်မှုနေရာကို ရာထူးတိုးမခံရမီ ကျွန်တော် နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့တဲ့ ဒေသဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေးမြို့တော်ဖြစ်တဲ့ ရှန်ဟိုင်းမှာ တာဝန်ထမ်းဆောင်ချိန် သိပ်မကြာပါ။ ဒါပေမဲ့ ယန်စီမြစ်ဝကျွန်း

ပေါ်ဒေသအတွင်း ဦးဆောင်တဲ့နေရာ ရောက်နေတဲ့ ရှန်ဟိုင်းမြို့ကို မြင့်သည်ထက်မြင့်စေခြင်းတို့ကို ခြေရာလက်ရာ ချန်ရစ်ခဲ့ပါတယ်။

ရှန်ဟိုင်းမြို့ကြီးရဲ့ တရားဝင် သတ်မှတ်ထားတဲ့ မူလဆောင်ပုဒ်ဖြစ်တဲ့ **"အလုံးစုံပါဝင်မှုနဲ့ ခမ်းနားကြီးကျယ်မှုရှိတဲ့မြို့ကြီး"** ဖြစ်ပါတယ် ဆောင်ပုဒ်ရဲ့ အဓိပ္ပာယ်မှာ **"အသိဉာဏ်ပွင့်မှု၊ ဉာဏ်အမြော်အမြင်ရှိမှု၊ ပွင့်လင်းစိတ်ထားနဲ့ ဂုဏ်ကြီးမားတဲ့"**ဟူသော စာများ ထပ်မံထည့်သွင်းခဲ့တယ်။

စာသားများ ထပ်ထည့်ခြင်းဟာ ရှန်ဟိုင်းမြို့ကြီးရဲ့ အနှစ်သာရကို ဖမ်းဆုပ်စေလိုတဲ့ စေတနာကြောင့် ဖြစ်ပါတယ်။

မြို့ရဲ့ဆောင်ပုဒ်ကို အထက်ဖော်ပြပါ စာသားများ ထည့်သွင်းလိုက်ခြင်းဟာ ကျန်ကမ္ဘာ့နေရာများမှာ ရှန်ဟိုင်းမြို့ကို ပိုပြီး အမြင်တင့်တယ်သွားစေရန် အထောက်အပံ့ ဖြစ်ခဲ့တယ်လို့ရှန်ဟိုင်း မီဒီယာများက ဖော်ပြကြပါတယ်။

ဆောင်ပုဒ် အပြောင်းအလဲ ဖြစ်သွားတဲ့အတွက် အခြားဝေးလံတဲ့ ဒေသများမှ စိတ်ဝင်စားမှုများလည်း ရရှိစေခဲ့ပါတယ်။ ဘယ်သူတွေ ဘယ်လိုထင်မှတ်နေပေမယ့် ကျွန်တော်ကတော့ ကိုယ်တာဝန်ယူထားတဲ့ ပြည်နယ်ဒေသများ အားလုံး အများနဲ့မတူ တိုးတက်အောင် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒါမှ ကျွန်တော်ဟာ တော်တဲ့လူတစ်ယောက် ဖြစ်မယ်လို့ ယုံကြည်ထားပါတယ်။

၀

(၁၃)

## အောင်မြင်မှု နည်းပညာများ

ကျွန်တော် အစွမ်းကုန် ကြိုးစားလုပ်ဆောင်နေတာကို ဗဟိုအစိုးရက ကောင်းစွာ သိနေပါတယ်။ ကျွန်တော်ရဲ့လုပ်ဆောင်ချက်တွေကို ပြည်နယ်တိုင်းက လက်ခံတယ်၊ အားပေးတယ်။ အားကိုးတယ်၊ ထောက်ခံကြတယ်။

သူတို့မိသားစုများ၊ ပြည်နယ်များ တိုးတက်တာ ကျွန်တော်ရဲ့ လုပ်ဆောင်ချက်တွေကြောင့်လို့ မှတ်ချက်ပြု ပြောဆိုကြပါတယ်။ သူတို့က အဲဒီလိုပြောလေ ကျွန်တော်က မတူအောင် ကြိုးစားရလေ ဖြစ်နေတယ်။ နိုင်ငံနဲ့ လူသားတွေကို ချစ်တဲ့သူ တစ်ယောက် အနေနဲ့ပေါ့။

အထက်အရာရှိများနဲ့ ပါတီဗဟိုကော်မတီတွေက ကျွန်တော့်ကို အဆင့်မြင့်ရာထူးတိုးပေးရန် လျှို့ဝှက်တိုင်ပင် ဆွေးနွေး

နေကြတယ်။ အဲဒီမှာ ကျွန်တော့်ကို အဆိုပြုကြပါတယ်။ အဲဒီ သတင်းကို ကျွန်တော် ကြားနေရပါတယ်။

အဲဒီလိုနဲ့ ပါတီဗဟိုကော်မတီ ပုံ့ကိုင်ရှင် အသစ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း မခံရမီ ၁၅ ရက်အလို ပေကျင်းမြို့တော်မှာ ကျင်းပတဲ့ **"နုပျိုဆန်းသစ်မှုသို့ သွားရာလမ်း"** ပြပွဲ ကျင်းပကြပါတယ်။ အဲဒီပြပွဲကို ကျွန်တော် တက်ရောက်ရပါတယ်။ အဲဒီမှာ ကျွန်တော် စကားပြောခွင့် ရပါတယ်။

**"အနှစ်သာရကင်းမဲ့တဲ့ စကားတွေကြောင့် တိုင်းပြည်ကို ဘေးဖြစ်စေပြီး အလုပ်ကြိုးစားခြင်းကတော့ တိုင်းပြည်ကို ဝင့်ကြွားစေမှာပါ"**

လို့ မှတ်ချက်စကား ပြောကြားခဲ့ပါတယ်။

"အလုပ်ကြိုးစားမှု"ကို လက်တွေ့အကောင်အထည်ဖော်ရန် ပါတီရဲ့ ဆောင်ရွက်ချက်များ၊ ပါတီနဲ့ ပြည်သူ့ဆက်ဆံရေးတို့ကို တိုးတက် ကောင်းမွန်လာစေမယ့် "စည်းမျဉ်းရှစ်ခု"ကို ချမှတ်ခဲ့တဲ့ ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့ အစည်းအဝေးတစ်ခုကို ကျွန်တော်ကိုယ်တိုင် ကြီးမှူးကျင်းပခဲ့ပါတယ်။

**အဲဒီစည်းမျဉ်းရှစ်ခုမှာ ပြည်သူလူထုနဲ့ ပိုမိုထိတွေ့ခြင်း၊ ခြွေတာသင်းပင်း အနည်းငယ်ဖြင့်သာ ခရီးသွားခြင်း၊ ယာဉ်ကြောထိန်းချုပ်မှု အနည်းငယ်သာ အသုံးပြုခြင်း၊ တွေ့ဆုံပွဲများနဲ့ မိန့်ခွန်းများကို အချိန်တိုတိုဖြင့် ပြီးစေခြင်း၊ လက်တွေ့စရိတ် စတင်ချွေတာခြင်း"**

စသည်တို့ ပါဝင်ပါတယ်။

ချမှတ်လိုက်တဲ့ စည်းမျဉ်းသစ်ရှစ်ခုကို ပြည်တွင်းရော ပြည်ပကပါ အပြုသဘောဆောင်တဲ့ တုံ့ပြန်မှုများ ရရှိခဲ့ပါတယ်။ **"အလုပ်ကြိုးစားမှသာလျှင် ရှေ့တန်းရောက်မည်"**ဟု ကျွန်တော် ပြောကြားတဲ့ မိန့်ခွန်းကို နှစ်သက်ကြတယ်။

ဒါဟာ တမင်လုပ်ကြံပြီးပြောတာ တစ်ခုမှ မဟုတ်။ ကျွန်တော်ဟာ ပါတီဝင် မဖြစ်ခင်ကရော ဖြစ်မှပါ ကြိုးစားလိုက်ရတာ အခု ရာထူးကြီးကြီးမားမား ရောက်ရှိလာတဲ့အထိ ကြိုးစားနေရတုန်းပါပဲ။ ကျွန်တော် ဘယ်လောက် ကြိုးစားခဲ့တယ်၊ ကြိုးစားနေတယ်ဆိုတာ ပြည်သူအများအပြား အသိဖြစ်ပါတယ်။

အလုပ်ကြိုးစားမှသာလျှင် ရှေ့တန်းရောက်မည်။ ပြောရုံပြောခဲ့တာ မဟုတ်ဘူး။ အခြားအကြောင်းအရာတွေလည်း ပြောပါသေးတယ်။ အဲဒါကိုတော့ မှတ်မိအောင် တင်ပြချင်ပါတယ်။

ပြည်သူလူထုကို သက်ရောက်မှုအရှိဆုံး အရေးကိစ္စများ ကိုင်တွယ်ဖြေရှင်းရာမှာ ခိုင်မာတဲ့ ကြိုးပမ်းမှုများရှိကြဖို့ ကျွန်တော်က ပြောကြားခဲ့ပါတယ်။

အလုပ်ကြိုးစားမှု မပါပါက မည်မျှပင် ကောင်းမွန်တဲ့ အကွက်ချစီမံမှု ဖြစ်ပါစေ အသုံးဝင်မှာ မဟုတ်လို့ ကျွန်တော်က ယူဆမိပါတယ်။ အဲဒါကြောင့် ဒီစကားကို ပြောရတာပါ။

ကျွန်တော် ကျန်းတင်းစီရင်စုမှာ တာဝန်ကျစဉ်က "လူသားအရင်းအမြစ် ဖွံ့ဖြိုးအောင် လုပ်ခြင်းဟာ ဆင်းရဲမှုလျှော့ချရေးနဲ့ ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးမှုတို့အတွက် အဓိကကျတယ်လို့ ကျွန်တော် ပြောဆိုခဲ့တယ်။ စည်းရုံးခဲ့တယ်။

ဒါတင်ပဲလားဆိုတော့ ဒါတင်မကသေးပါဘူး။ ကျန်းတင်းစီရင်စုကို ပညာသည်များ ဖိတ်ခေါ်ခဲ့ပြီး တိုင်းပြည်တော်ဝန်များကို ကိုယ်ပိုင်စွမ်းရည် ပြည့်ဝတဲ့ ပုဂ္ဂိုလ်များကို စုဆောင်းတဲ့ ကြေညာများကို ကျွန်တော်ကိုယ်တိုင် ရေးသားပြီး ထုတ်ပြန်ခဲ့ပါတယ်။

ကျွန်တော် ဟီပေးပြည်နယ် အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ မြို့ဖြစ်တဲ့ ရှီကျားကျောင်းဆိုတဲ့ မြို့လေးတစ်မြို့ကို ရောက်ခဲ့ပါတယ်။ ဆောင်းရာသီဆိုတော့ တရုတ်နိုင်ငံဟာ အလွန်ကိုအေးချမ်းလွန်းလှပါတယ်။

တရုတ်နိုင်ငံရဲ့ ဆောင်းရာသီဟာ တခြားနိုင်ငံ ဆောင်းရာသီနဲ့ တူသလို ပို၍ချမ်းအေးတယ်လို့ ကျွန်တော် ထင်မိတယ်။ ဘယ်လိုပင် အေးချမ်းပေမယ့် ကျွန်တော် ရှီကျားကျောင်းမြို့လေးကို ရောက်လာရတဲ့ အကြောင်းက အလှကုန်ပစ္စည်း ကျွမ်းကျင်သူတစ်ဦးအား လာရောက်တွေ့ဆုံတာ ဖြစ်ပါတယ်။

အကြောင်းမှာ ကျန်းတင်းစီရင်စုမှာ လုပ်ငန်းလာရောက်လုပ်ကိုင်ဖို့ ဖိတ်ခေါ်ရန် ကျွန်တော်ကိုယ်တိုင် သွားရောက်ခဲ့ပါတယ်။ အလှကုန်ကျွမ်းကျင်သူရဲ့ နေရပ်လိပ်စာ အပြည့်အစုံ မပါလာတော့ ကျွန်တော်ဟာ တစ်အိမ်တက်ဆင်း အကူအညီ ရလိုရငြား လိုက်လံမေးပါတယ်။

ကျွန်တော် ပေးပေမယ့် ဘယ်လိုမှ မေးမရ။ မသိတာက များနေတယ်။ ပင်ပန်းလာတယ်။ နေကလည်း ဝင်တော့မယ်။ ဘယ်လိုမှ မေးမရတာနဲ့ ကျွန်တော်ဟာ အလှကုန်ကျွမ်းကျင်သူ

ရဲ့ နေအိမ်အနီး နာမည်ကို မရက်မကြောက် အော်ခေါ်နေပါတယ်။ နောက်ဆုံး အော်ခေါ်ရင်း ရှာဖွေတွေ့သွားပါတယ်။

ကျွန်တော် အရမ်းဝမ်းသာသွားပါတယ်။ ကျွန်တော် ရှာဖွေနေတဲ့သူကို နောက်ဆုံး တွေ့ခွင့်ရပါတယ်။ ကျွန်တော်နဲ့အလှကုန်ကျွမ်းကျင်သူတို့ အသေးစိတ် ဆွေးနွေးကြရာ သန်းခေါင်တိုင်အောင် စကားပြောခဲ့ကြတယ်။

အပြန်အလှန် ပြောဆိုပြီးတဲ့နောက် အလှကုန်သမားက ကျွန်တော့်ရဲ့ ကမ်းလှမ်းမှုကို လက်ခံလိုက်ပါတယ်။ အစတုန်းက သူက ကျွန်တော့်ရဲ့ကမ်းလှမ်းချက်ကို မယုံသလို ဖြစ်နေတယ်။ အဲဒါ အခက်ဆုံးပဲ။

လူတစ်ယောက်ဟာ မယုံဘူး၊ သံသယရှိနေတယ်ဆိုရင် အဲဒါတွေကို ယုံအောင်လုပ်ဖို့က ခိုင်လုံတဲ့ အထောက်အထားတွေ ပြနိုင်မှ ယုံမှာပါ။ ကျွန်တော် အဲဒီအလှကုန်သမားကို ယုံအောင် ပြောဆို၊ ခိုင်လုံတဲ့ အထောက်အထားတွေ ပြနိုင်မှ လက်ခံပါတယ်။

ကျွန်တော် အဲဒီလူကို စိတ်မဆိုးပါဘူး။ ကျွန်တော်က လုပ်ငန်းလာရောက် လုပ်ကိုင်ဖို့ ဖိတ်ခေါ်တာ၊ သူက ကုန်ကျစရိတ်များတယ်။ လုပ်ငန်းကို ရင်းနှီးဖို့ ဆုံးဖြတ်ပြီး လုပ်ကိုင်နေစဉ် အစိုးရ၊ ဒေသ၊ ပြည်နယ်တွေက ကန့်ကွက်လာရင် အဲဒီဆုံးရှုံးမှုတွေ ရှိတယ်။ အဲဒါကို ဘယ်လို ကာကွယ်ပေးမှာလဲပေါ့။

ကျွန်တော် သေချာဆွေးနွေးတယ်၊ သူ့ဘက်ကနေ အာမခံတယ်။ တားဆီးမှုကို မဖြစ်ပေါ်စေပါဘူး၊ အားလုံး အဆင်ပြေပါတယ်။ ကျွန်တော်က တောင်းဆိုတာတွေ လုပ်ပါတယ်။ အဲဒါက

အလုပ်သမားတွေကို တခြားက မခေါ်ဖို့၊ ဒေသခံတွေခေါ်ဖို့ အားလုံး သဘောတူပါတယ်”

တိုတိုပြောရရင် အလှကုန်သမားက လာရောက်ရင်းနှီး မြှုပ်နှံတယ်၊ သူစရောက်လာတဲ့ ပထမဆုံးနှစ်မှာပဲ ကျန်းတင်း စီရင်စုမှာ ဝင်ငွေ ယွမ်သုံးသိန်း ရရှိခဲ့ပါတယ်။ ဒါ ပထမဆုံးနှစ် ပဲ ရှိပါသေးတယ်။

နောက်နှစ်တွေမှာဆိုရင် ဒီထက်ပိုပြီး ဝင်ငွေရမယ်ဆိုတာ သိသာနေပါတယ်။ ဒေသခံတွေကလည်း ပျော်ရွှင်နေကြပါတယ်။ သူတို့အလုပ်တွေရလို့ သူတို့မိသားစု အဆင်ပြေကြပါတယ်။ သူတို့တွေ အဆင်ပြေတော့ ကျွန်တော့်ကို ကျေးဇူးတင်နေကြပါ တယ်။

ကျွန်တော်ကြောင့် အလုပ်ရတယ်၊ မိသားစုတွေ အဆင် ပြေကြတယ်၊ အဲဒီအတွက် ဝမ်းသာနေကြပါတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် သူတို့တွေ အဆင်ပြေနေရင် ကျွန်တော် အလွန်ပျော်ရွှင် နေပါတယ်။

ပင်ကိုအရည်အချင်း ရှိသူများကို စုဆောင်းပုံ စုဆောင်း နည်း နည်းလမ်း(၉)သွယ်ကို ဖော်ပြထားတဲ့ မှတ်တမ်းမှတ်ရာ တစ်ခုကို ထိုနှစ်ထဲမှာပင် ကျွန်တော်ကိုယ်တိုင် ထုတ်ပြန်ခဲ့တယ်။

ထိုထုတ်ပြန်ချက်ဟာ ထိုစဉ်က မကြုံစဖူးကိစ္စတစ်ခု ဖြစ် တဲ့အတွက် ဟီးပေးနေ့စဉ်သတင်းစာမှာ မျက်နှာဖုံးသတင်း ဖြစ် သွားခဲ့ပါတယ်။ ကျွမ်းကျင်သူများ ပညာရှင်များက ကောလိပ်

များနဲ့ သုတေသနအဖွဲ့အစည်းများထံကို ဆက်သွယ်ပေးစာပေါင်း ၁၀၀ ကျော် ရေးသားပေးပို့ခဲ့ပါတယ်။

အလားတူ ကျွမ်းကျင်သူ ပညာရှင်များစွာထံကို သွားရောက်တွေ့ဆုံခဲ့ပါတယ်။ နှစ်နှစ်တာကာလအတွင်း ကျန်းတင်းစီရင်စုကို ပညာသည် **ရေညီး** လာရောက်အောင် လုပ်ဆောင်နိုင်တာက ကျွန်တော့်ရဲ့ကြိုးစားမှု အောင်မြင်မှုတွေလို့ မှတ်ချက်စကား ပြောဆိုကြတယ်။

အဲဒီလို အပြောခံရတော့ ကျွန်တော့်ရင်ထဲမှာ ပျော်ရွှင်ကျေနပ်ရပါတယ်။ ကျွန်တော်ဟာ ပညာသည် ၆၈၃ ဦးထဲက စီးပွားရေး အတိုင်ပင်ခံအဖြစ် နာမည်ကျော် ကျွမ်းကျင်သူ ၅၃ ဦးကို ရွေးချယ်ပြီး ခန့်ထားခဲ့ပါတယ်။

သူတို့ဟာ ကျွန်တော် တာဝန်ယူထားတဲ့ ပြည်နယ်ကို အကျိုးပြုလိမ့်မယ်လို့ ယုံကြည်ထားတဲ့အတွက် ခန့်ထားလိုက်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရွေးချယ်မှု အောင်မြင်ပါတယ်။ တကယ်လည်း အကျိုးပြုပါတယ်။

ကျွန်တော့်ရဲ့လုပ်ဆောင်ချက် အစပိုင်းက လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ထိုစဉ်က ကျန်းတင်းပါတီ လက်ထောက်အတွင်းရေးမှူး လျူယုလန်တို့က ဆန့်ကျင်ကန့်ကွက်မှု ကြီးစွာနဲ့ ရင်ဆိုင်နေရပါတယ်။

တစ်ဖက်ကလည်း မဝယ်မနေရ သတ်မှတ်ထားတဲ့ မျိုးစေ့များ ဝယ်ယူနေရကြောင်း စီရင်စုက ရင်ဆိုင်ရတယ်။ အဲဒီလုပ်ရပ်များဟာ စီရင်စုမှာ နေထိုင်ကြသူများအတွက် ဝန်ထုပ်ဝန်ပိုး

ဖြစ်နေရကြောင်း အထက်က တာဝန်ရှိသူများသိအောင် ကျွန်တော် တင်ပြခဲ့ပါတယ်။

ကျွန်တော့်ရဲ့တင်ပြချက်များကို လက်ခံပြီး တာဝန်ယူဖြေရှင်းပေးကြတယ်။ အဲဒီလို လုပ်လိုက်တဲ့အတွက် ဒေသခံပြည်သူများ မျိုးစေ့များ မဝယ်မနေရဒုက္ခက ကင်းဝေးသွားပါတယ်။ အဲဒီလို လုပ်ပေးလိုက်တော့ ပျော်ရွှင်နေကြပါတယ်။

တကယ်တော့ တောင်သူလယ်သမား၊ ယာသမားတွေဟာ သူတို့မျိုးစေ့ကို သူတို့မှာ အလုံအလောက်ရှိပြီးသား။ ပိုးမွှားဖျက်ဆီးခံရမှ မျိုးစေ့မရတာပဲရှိတယ်၊ အဲဒါတောင် အကုန်လုံးမဟုတ်။

ဒါကို ကျွန်တော် ကောင်းကောင်းသိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဒုက္ခအခက်အခဲများနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာ အဲဒီတောင်သူများနဲ့ အတူတူ နေခဲ့ရတာပါ။ အဲဒါကို အမြတ်ကြီးစား စီးပွားရေးသမားတွေက မျိုးစေ့ကို မဖြစ်မနေဝယ်ရမယ်ဆိုတော့ အပိုငွေတွေ ကုန်နေတယ်။

ဘယ်သူမဆို ကိုယ်ပင်ပင်ပန်းပန်းနဲ့ ရှာတားတဲ့ ငွေကြေးကို တခြားသူကိုတော့ မလိုအပ်ဘဲ မပေးချင်တာ အသေအချာပါပဲ။ ကျွန်တော်က ပြည်သူ့ဘက်က ရပ်တည်နေချင်တဲ့လူဆိုတော့ ပြည်သူတွေ စိတ်သောက ဖြစ်နေရင် ကာကွယ်ပေးချင်ပါတယ်။

အဲဒီလိုပါပဲ ကျွန်တော် **နင်းတီမြို့** မှာ တာဝန်ကျစဉ်တုန်းက ဒေသခံများ ဘာတွေလိုအပ်လဲ။ သူတို့စီးပွားရေး ဘာလုပ်ကြလဲ၊ စီးပွားရေး အဆင်ပြေကြရဲ့လားလို့ အမြဲတွေးနေမိတယ်။

အလားတူ သူတို့ကို ဘယ်လိုအရာကို ကိုယ်စားပြုပြီး ဘယ်လိုစီးပွားရေးကို လုပ်ပေးရင် ကောင်းမလဲဆိုတာ လေ့လာခဲ့ပါတယ်။

အဲဒါနဲ့ ဒေသထွက် စားသောက်ဖွယ်ရာဖြစ်တဲ့ အဝါရောင်ငါးပုတ်သင်ကြီးများကို မွေးမြူခြင်းကို တိုက်တွန်းအားပေးခဲ့ပါတယ်။ အထောက်အပံ့များ ပေးခဲ့တယ်။ လိုအပ်တာတွေ စုဆောင်းပေးခဲ့တယ်။

ကျွန်တော့်ရဲ့ တိုက်တွန်းအားပေးမှုတွေကို ကောင်းစွာလက်ခံပါတယ်။ ဒေသခံတွေကလည်း ကျွန်တော့်ရဲ့ လုပ်ရပ်နဲ့သတင်းကို ကြိုတင်ကြားသိထားကြပါတယ်။

အဲဒီအတွက် ကျွန်တော် တိုက်တွန်းသလို အဝါရောင်ငါးပုတ်သင်ကြီးတွေ မွေးမြူကြပါတယ်။ အဲဒီလို မွေးမြူတဲ့အတွက် ဒေသခံတံငါသည်များ ဝင်ငွေကို သိသိသာသာ တိုးလာခဲ့ပါတယ်။

တကယ်တော့ ကျွန်တော်ဟာ လူလူချင်း ခွဲခြား ခွဲခြားလုပ်နေတာကို သိပ်မကြိုက်။ အားလုံး လူသားဂွေဆိုတော့ တန်းတူ ဆက်ဆံတာကိုပဲ လိုလားပါတယ်။ အဲဒါကြောင့် ပါတီနဲ့အစိုးရရုံးများ ပြည်သူများ အလွယ်တကူ ဝင်ထွက်သွားလာနိုင်စေရန် ကျွန်တော် အမိန့်ချမှတ်ခဲ့ပါတယ်။

ကျွန်တော်ဖူးကျူးမြို့မှာ တာဝန်ကျစဉ်က အထူးကိစ္စရပ်များအတွက် **အထူးလုပ်ထုံးလုပ်နည်းများ ကျင့်သုံးရေးနဲ့ ချက်ချင်းဆောင်ရွက်ပေးရေးမှု** ကို တိုက်တွန်းအားပေးခဲ့ပါတယ်။ အစိုးရ

ဌာနဆိုင်ရာများ ပိုပြီးထိရောက် မြန်ဆန်မှုရှိအောင် ကျွန်တော် ကိုယ်တိုင် ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီမှုကြောင့် ထိုင်ဝမ်ကျွန်းမှ ကုမ္ပဏီများစွာ လာရောက် အောင် ဆွဲဆောင်နိုင်ခဲ့တယ်။ ဒေသရဲ့စီးပွားရေး တိုးတက်အောင် လည်း အထောက်အကူ ပြုနိုင်ခဲ့ပါတယ်။

သူတို့တွေ စီးပွားတိုးတက်တယ်။ အလုပ်တွေရတယ်၊ ဝင် ငွေတွေရကြတယ် ကြားရတယ်။ ပြည်နယ်ကလည်း အခြားပြည် နယ်တွေလိုပဲ ပြိုင်တူတိုးတက်လာကြတယ်။ ကျွန်တော့်ရဲ့ရည် ရွယ်ချက် အဲဒါပါပဲ။

ပြည်နယ်ဒေသတွေ ဆင်းရဲချမ်းသာ ကွာဟမှု မရှိစေရေး က အဓိက ဖြစ်ပါတယ်။ ဒါမှ နေထိုင်သူတွေ ပျော်ရွှင်ကြသလို အုပ်ချုပ်သူတွေ စိတ်အေးရမှာ။ အဲဒါကြောင့် အားလုံးတန်းတူ တိုးတက်လာအောင် ကျွန်တော်တို့ ကြိုးစားရခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ တင်ပြစရာတစ်ခု ကျန်ပါသေးတယ်။ ၁၉၉၂ ခုနှစ်ကပေါ့။ ပြင်ပဘဏ္ဍာရေးအထောက်အပံ့ ရရှိတဲ့ စီးပွားရေး လုပ်ငန်းများရဲ့ စီမံခန့်ခွဲမှုပုံစံကို အကြီးစားနဲ့ အလတ်စား နိုင်ငံ ပိုင်စီးပွားရေးလုပ်ငန်းများတွင် ကျင့်သုံးရန် ရွေ့ ေ:စီမံချက်ကို တိုင်းပြည်တွင် ဦးဆောင်အကောင်အထည် ဖော်ခဲ့ပါတယ်။

အလားတူ အစိုးရ လုပ်ထုံးလုပ်နည်းများကို စုစည်းဖော်ပြ ထားတဲ့ လက်စွဲစာအုပ်နှစ်အုပ် ပြုစုရေးအတွက်လည်း ကျွန်တော် အဆိုပြု တင်ပြခဲ့ပါတယ်။ အဲဒါကို ပြုစုခွင့် ပြုပါတယ်။ ဒေသခံ

များနဲ့ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များကို နေ့စဉ်ဘဝနဲ့ လုပ်ငန်းခွင်တွင် အကူအညီ ရစေခဲ့ပါတယ်။

အလားတူ ၂၀၀၀ ပြည့်နှစ်က ဖူကျန်းပြည်နယ်တစ်ခွင်ရှိ အစိုးရဌာနဆိုင်ရာများကို ပိုမိုထိရောက် မြန်ဆန်စေရန် စီမံချက်တစ်ခုကို ကျွန်တော် ကိုယ်တိုင် စတင်ခဲ့ပါတယ်။

အစိုးရနဲ့ လုပ်ငန်းဆောင်ရွက်ချက်များနဲ့ လုပ်ထုံးလုပ်နည်းများကို အပြောင်းအလဲပြုလုပ်ကာ အစိုးရရဲ့ အတည်ပြုချက်လိုအပ်တဲ့ စာရွက်စာတမ်း အရေအတွက်ကို လျှော့ချပေးရန် အဆိုပြု တင်ပြခဲ့ပါတယ်။

ဆက်လက်ပြီး ၂၀၀၁ ခုနှစ်ကုန်မှာလည်း စာရွက်စာတမ်းလိုအပ်တဲ့ ကိစ္စရပ်တစ်ခုကို ပယ်ဖျက်နိုင်ခဲ့တယ်။ စုစုပေါင်းစာရွက်စာတမ်း လိုအပ်တဲ့ကိစ္စရပ်များရဲ့ ၄၀ ရာခိုင်နှုန်းကို ပယ်ဖျက်နိုင်ခဲ့ပါတယ်။

၂၀၀၁ ခုနှစ်တုန်းက ဖူကျန်းပြည်နယ်ဟာ အစိုးရလုပ်ငန်းဆောင်ရွက်ချက်များကို အများပြည်သူ သိရှိစေရန် ရည်ရွယ်လုပ်ဆောင်တဲ့မူဝါဒ စနစ်တကျ အကောင်အထည်ဖော်တဲ့ ပထမဆုံးပြည်နယ် ဖြစ်လာခဲ့တယ်။

ကျွန်တော်က အဲဒီလိုလုပ်ဆောင်လိုက်တဲ့အတွက် အားလုံးက အံ့သြကုန်ကြပါတယ်။ သူတို့တွေဟာ ကျွန်တော်လုပ်သလိုအစတည်းက လုပ်ဆောင်ခဲ့သင့်တာပေါ့လို့ ပြောသူတွေ အများအပြား ရှိလာပါတယ်။ ဘယ်လိုပဲရှိရှိ ကျွန်တော်ကတော့ ပြည်သူ

အကျိုးရှိမယ် ထင်တာတွေကိုတော့ ဦးစားပေး လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

အလားတူ ပြည်နယ်အတွင်းရှိ စီရင်စုများ၊ မြို့ကြီးများနဲ့ မြို့နယ်များအားလုံးဟာ အုပ်ချုပ်ရေးလုပ်ငန်းများကို ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ဆောင်ရန် စည်းမျဉ်းစည်းကမ်းများကို ကြီးကြပ်ကွပ်ကဲမှု တင်းကျပ်စွာ ပြုလုပ်တဲ့ သတိပေးစနစ်တစ်ခုကို ချမှတ်ခဲ့ပါတယ်။

အလားတူ ပြည်သူတို့ရဲ့ ဝေဖန်ထောက်ပြမှုများ အကြံပြုချက်များကို ထုတ်ဖော်ပြောဆိုနိုင်ရန် လုပ်ငန်းစွမ်းဆောင်ရည်ဆိုင်ရာများ တိုင်ကြားရေးဌာနများ ဖွင့်လှစ်ပေးခဲ့တယ်။

အဲဒီလို လုပ်လိုက်တော့ ဝန်ထမ်းတွေ လာဘ်စားမှုကင်းမဲ့သွားတယ်၊ လုပ်ရည်ကိုင်ရည်လည်း တက်လာတယ်။ ပြည်သူတွေအပေါ်လည်း လေးစားမှု ရှိလာတယ်။ ဘယ်အရာမဆို စွမ်းရည်ပြည့်နဲ့ လုပ်ဆောင်လာကြတယ်။

ကျွန်တော်ကလည်း အစတည်းက ပြောထားပါတယ်။ စွမ်းရည်ပြည့်တဲ့ ဝန်ထမ်းဖြစ်အောင် ကြိုးစားပါ၊ စွမ်းရည်ပြည့်တဲ့ ဝန်ထမ်းကိုပဲ နိုင်ငံတော်က လိုအပ်ပါတယ်လို့ ကျွန်တော် အမြဲပြောပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံဟာ လူဦးရေများပြားတယ်။ နိုင်ငံကလည်း ကျယ်ဝန်းတယ်။ အဲဒီလူအားလုံး အဆင်ပြေဖို့ဆိုတာ ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်လုပ်နေဖို့ လိုအပ်ပါတယ်။

အဲဒါကြောင့် ဝန်ထမ်းကို ပြည်သူက ထိန်းသလို ပြည်သူကို ဝန်ထမ်းက ထိန်းတဲ့စနစ်ကို ရေးဆွဲထားတာ ဖြစ်ပါတယ်။

၂၀၀၂ ခုနှစ် ဩဂုတ်လမှာ ကျွန်တော်ဟာ ဈေးကွက်ကို ဦးတည်တဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ခံအားပေးခြင်း၊ ဒေသရဲ့အာသာချက်များကို အလေးထားခြင်း၊ အစိုးရဝန်ဆောင်မှုများ ဘိုးတက်ကောင်းမွန်လာရန် မေတ္တာရပ်ခံခြင်း။ တိုင်းပြည်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပုဂ္ဂလိကစီးပွားရေးကဏ္ဍအရ အရေးပါမှုကို အလေးထားခြင်းတို့ကို ဖောင်းပေးကာ ရေးသားဖော်ပြထားပါတယ်။

အဲဒါနဲ့ ပတ်သက်ပြီး ကျွန်တော်ဟာ **"ကျင်းကျန်းအတွေ့အကြုံ"** အမည်ရှိ ဆောင်းပါးတစ်ပုဒ်ကို ရေးသားလိုက်တယ်။ အဲဒီ ဆောင်းပါးကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ထုတ်ဝေတဲ့ သတင်းစာတစ်စောင်မှ ဖော်ပြခဲ့တယ်။

အလားတူ ၂၀၀၂ ခုနှစ်မှာပဲ တာဝန်ရှိသူများနဲ့ နည်းပညာရှင်များကို ကျေးရွာများကို စေလွှတ်ခဲ့တယ်။ သွားရောက်လုပ်ကိုင်သူတွေရဲ့ နန်ဆင်းမြို့ရဲ့ အတွေ့အကြုံများကို အများသိအောင် ထုတ်ဖော်တဲ့ ဆောင်းပါးတစ်စောင်ကို ထပ်မံရေးသားခဲ့ပါတယ်။

လက်တွေ့ လုပ်ဆောင်မှုဟာ နောင်အခါ နန်ဆင်မြို့မှ အခြားပြည်နယ်အတွင်းနဲ့ အခြားမြို့များပါ ချဲ့ထွင်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အခုလို လုပ်ရတဲ့ ကျွန်တော့်ရဲ့ရည်ရွယ်ချက်က တာဝန်ရှိသူများနဲ့ ထောင်သူလယ်သမားများကြား ဆက်ဆံရေး

ပိုမိုအားကောင်းလာစေရန်နဲ့ အောက်ခြေအဆင့်တွင် ရလဒ်များ ထွက်ရေးကို တာဝန်ရှိသူများက ရှေးရှုရန် အထောက်အကူပြုခဲ့ပါတယ်။

ဒါဟာ ဝန်ထမ်းနဲ့ ပြည်သူတွေအတွက် ကျွန်တော့်ရဲ့လုပ်ဆောင်မှုတစ်ခု ဖြစ်ပါတယ်။ ဘယ်လိုပင်ဖြစ်ဖြစ် ကျွန်တော့်ရဲ့ လုပ်ဆောင်မှုတွေထဲက နောက်တစ်ခုကို တင်ပြချင်ပါတယ်။

O

## (၁၄)

## မီသိန်းဓာတ်ငွေ့စီမံကိန်းများ

တရုတ်နိုင်ငံဟာ ကျယ်ဝန်းသလို ပြည်နယ်များစွာ ရှိပါတယ်။ ကျွန်တော်ဟာ ပြည်နယ်အများစုမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်တော် တာဝန်ထမ်းဆောင်တဲ့ ပြည်နယ်များကို တိုးတက်ပြောင်းလဲအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ လုပ်ဆောင်မှုအားလုံး အောင်မြင်မှု ရရှိခဲ့ပါတယ်။

အလားတူ စည်းမျဉ်းစည်းကမ်း ဥပဒေများလည်း ထုတ်ပြန်ခဲ့ပါတယ်။ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တဲ့ ပြည်နယ်တွေထဲက ပြည်နယ်တစ်ခုဖြစ်တဲ့ ကျိုးကျန့်ပြည်နယ်မှာ တာဝန်ထမ်းဆောင်တာကို ပြောချင်ပါတယ်။

ကျိုးကျန့်ပြည်နယ်မှာ တာဝန်ကျစဉ်က အများပြည်သူလုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊ တရားဥပဒေ

စိုးမိုးမှု၊ အဏ္ဏဝါစီးပွားရေး စတဲ့ နယ်ပယ်များမှာ ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားစေခဲ့ပါတယ်။

အဲဒီရည်မှန်းချက်များ အောင်မြင်စေရန် ကျွန်တော်ဟာ သီးခြားဖြစ်ရပ်လေ့လာမှုများ ပြုလုပ်ခဲ့ပါတယ်။ အထွေထွေစီမံကိန်းရေးဆွဲရာမှာလည်း ဦးဆောင်ပြီး ပါဝင်ခဲ့ပါတယ်။ ပြည်နယ်ဆင့်မှာ ချမှတ်ထားတဲ့ မူဝါဒများကို ဒေသတစ်ခုစီကို ဘယ်လို အကျိုးသက်ရောက်မှု ရှိမလဲ သိရှိနားလည်နိုင်ရန် ကြိုးစားရပါတယ်။

အမှန်မှာ နိုင်ငံအနောက်တောင်ပိုင်း ကျီးကျန်းပြည်နယ် ကျန်အွန်စီရင်စုမှ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ ရားကျန်းတောင်ပေါ်ကျေးရွာလေးကို နှစ်နှစ်မပြည့်တဲ့ ကာလအတွင်း ငါးကြိမ်သွားရောက်လေ့လာခဲ့ပါတယ်။

တောင်တန်းများပေါ်မှာ ဝေးလံသီခေါင်တဲ့ နေရာတွင်ရှိတဲ့ အဆိုပါကျေးရွာလေးဟာ စီရင်စုအုပ်ချုပ်ရေးရုံးစိုက်ရာမြို့နဲ့ ကီလိုမီတာ ၆၀ နည်းပါး ဝေးပါတယ်။

ရွာကိုလာရောက်တဲ့ တစ်ခေါက်မှာ မီသိန်းဓာတ်ငွေ့ သိုလှောင်ကန် တည်ဆောက်နေမှုကို ကျွန်တော် ကြည့်ရှုစစ်ဆေးရင်း လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ရွာတစ်ရွာမှာ နေထိုင်စဉ်က **"မိမိသည် မီသိန်းဓာတ်ငွေ့ သိုလှောင်ကန်များ ကျွမ်းကျင်စွာ တည်ဆောက်တတ်တယ်"**လို့ ပြောပြခဲ့ပါတယ်။

မီသိန်းဓာတ်ငွေ့သိုလှောင်ကန်များကို သင့်တင့်လျောက်ပတ်စွာ ခွဲဝေသုံးစွဲကြရန်၊ မီသိန်းဓာတ်ငွေ့ အသုံးပြုရာမှာ စံပြ

ရှာ ဖြစ်လာအောင် လုပ်ဆောင်ကြရန် ရှာခံလူများကို ကျွန်တော်က အားပေးစကား ပြောကြားခဲ့ပါတယ်။

တကယ်တော့ ကျွန်တော်ဟာ အဏ္ဏဝါစီးပွားရေးလုပ်ငန်းကို အထူးပင် အလေးထားသူ ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတုန်းကလည်း ကျီးကျန်းပြည်နယ်ကို ခိုင်မာအားကောင်းတဲ့ အဏ္ဏဝါစီးပွားရေးရှိတဲ့ ပြည်နယ်တစ်ခုအဖြစ် တည်ဆောက်သွားရေး ဦးတည်ချက်ကို အဆိုပြု တင်ပြခဲ့ပါတယ်။

ကျွန်တော့်ရဲ့ အဆိုပြုတင်ပြချက်နဲ့အတူ နောက်ပိုင်းမှာ အဆိုပါဦးတည်ချက်ကို အကောင်အထည်ဖော်မယ့် သီးခြားစီမံကိန်းများ၊ အစီအမံများကို ဆက်လက်တင်ပြခဲ့တယ်။ အဲဒီအချိန်မှစပြီး ကျီးကျန်းပြည်နယ်ကို အဏ္ဏဝါစီးပွားရေးလုပ်ငန်းဟာ လျင်မြန်စွာ တိုးတက်လာခဲ့တယ်။

နှစ်စဉ်စီးပွားရေးတိုးတက်မှုနှုန်းဟာ ၁၉ ဒသမ ၃ ရာခိုင်နှုန်း ရှိလာခဲ့တယ်။ ၂၀၀၅ ခုနှစ် ရောက်ချိန်မှာ အဏ္ဏဝါစီးပွားရေးလုပ်ငန်းကို ကျီးကျန်းပြည်နယ် ဂျီဒီပီရဲ့ ၈ ရာခိုင်နှုန်းနည်းပါး ရှိခဲ့ပါတယ်။

ကျွန်တော်ဟာ အကောင်းဆုံးက အကောင်းဆုံးတွေကို လိုလားသူတစ်ယောက်ပါ။ အဲဒီအတွက် နိုင်ငံနဲ့လူမျိုး အကျိုးရှိတာ ဘာတွေကို လုပ်ပေးရမလဲ ဆိုတာပဲ စဉ်းစားနေတယ်။ တွေးတောနေတယ်။ ဝေဖန်ဆန်းစစ်နေတယ်။

အလုပ်တစ်ခုကို လုပ်တဲ့အခါ စိတ်ရှိတိုင်းလုပ်ရင် အမှားတွေ များတတ်ပါတယ်။

အလုပ်လုပ်တာ မှားတာကို လက်ခံလို့ရပေမယ့် အမှားကြီးကြီးမဖြစ်ဖို့က ပိုပြီးအရေးကြီးပါတယ်။ ကျွန်တော်ဟာ အလုပ်တစ်ခု သို့မဟုတ် စီမံကိန်းတစ်ခုကို လုပ်တော့မယ်ဆိုရင် သေသေချာချာ လေ့လာတယ်။ ပြီးမှ ဆုံးဖြတ်တယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ စာပေကရတဲ့ အတွေးအခေါ်ဒဿနတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ကိုယ်တိုင် ရေးဆွဲတဲ့ စီမံကိန်းများဟာ များသောအားဖြင့် အောင်မြင်မှုတွေ ရခဲ့ပါတယ်။ အဲဒီလို အောင်မြင်မှုတွေ ရရှိလာတဲ့အတွက် ဒေသခံပြည်သူအများက လေးစားလာကြတယ်။ အားကိုးလာကြတယ်။ ယုံကြည်လာကြတယ်။

အဲဒီအတွက် စီမံကိန်းကောင်းတွေ ရေးဆွဲပြီး ပြည်သူတွေအဆင်ပြေရန် နောက်ထပ်စီမံကိန်းများ ရေးဆွဲရန် ဖြစ်လာပါတယ်။

○

(၁၅)

## အောင်မြင်တဲ့ တည်ဆောက်ခြင်းများ

အဲဒီအတွက်ကြောင့် ကျွန်တော် နောက်ထပ်စီမံကိန်းအသစ် တစ်ခု ရေးဆွဲပါတယ်။ အဲဒီစီမံကိန်းက နင်ပိုနဲ့ ကျူးရှန်း ဆိပ်ကမ်းနှစ်ခု ပေါင်းစည်းရေးအတွက် အဆိုပြု တင်ပြခဲ့ပါတယ်။ ကျွန်တော့်ရဲ့အဆိုကို လက်ခံတဲ့အတွက် အဆိုအောင်မြင်ပါတယ်။

၂၀၀၆ ခုနှစ် ရောက်ချိန်မှာ နင်ပိုနဲ့ကျူးရှန်း ပေါင်းစပ်ဆိပ်ကမ်းနှစ်ခုမှာ ကုန်သေတ္တာပေါင်း သန်း ၄၂၀ စံချိန်တင် အဝင်အထွက် ရှိလာခဲ့ပါတယ်။ အဲဒီအတွက် တရုတ်နိုင်ငံရဲ့ ဒုတိယအကြီးဆုံး ကုန်သေတ္တာအရေအတွက်တင်ချတဲ့ ဆိပ်ကမ်း တစ်ခု ဖြစ်လာတယ်။

အလားတူ ကမ္ဘာ့တတိယအကြီးဆုံး ဆိပ်ကမ်းတစ်ခုလည်း ဖြစ်လာပါတယ်။

အဲဒီအတွက် ကျွန်တော့်မှာ ပျော်ရွှင်လွန်းလို့ ဘာပြောရမှန်းမသိအောင် ဖြစ်နေတယ်။ ဒေသခံတွေက ပြောတာကို ကြားရတော့ ပိုပြီးတော့တောင် ပျော်ရွှင်မိပါသေးတယ်။

"ငါတို့ပြည်နယ်ခေါင်းဆောင်ကြီး ရှိရဲ့ လုပ်ဆောင်ချက်က အံ့မခန်းပါပဲ"၊ "သူသာ ငါတို့ပြည်နယ်ကို စောစောရောက်လာရင် ကောင်းမှာ"တဲ့။ ဘယ်လောက် ဝမ်းသာဖို့ ကောင်းလိုက်သလဲ။ ကျွန်တော့်လောက် ဝမ်းသာသူ မရှိနိုင်ဘူးလို့ ထင်မိပါတယ်။

တကယ်တော့ ကျွန်တော်ကလည်း သူတို့ပြောသလို စောစောရောက်ချင်တာပေါ့။ ဒါပေမဲ့ ကိုယ်ရောက်ချင်သလို ရောက်လို့မရပါဘူး။ အထက်က တာဝန်ပေးမှ သွားရတာ။ တကယ်တော့ ကျွန်တော့်ဘဝဟာ အခြားသူတွေနဲ့ မတူတာတော့ အမှန်ပါပဲ။

ဒီအကြောင်းလေးကို ရှေ့ပိုင်းမှာ ဖော်ပြခဲ့သလို နောက်ပိုင်းမှာလည်း ဖော်ပြပေးပါဦးမယ်။ အခုက စီမံကိန်းကိစ္စတွေ ရှိနေသေးလို့ပါ။ နားလည်ပေးလို့ရမယ် ထင်ပါတယ်။

အထက်လူကြီးတွေက ကျွန်တော့်ကို တာဝန်ပေးလိုက်ပြီဆိုတာနဲ့ အဲဒီဒေသရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့က ကျွန်တော့်ရဲ့တာဝန်ပါ။ သူတို့ကလည်း ကျွန်တော် လုပ်နိုင်မယ်ထင်လို့ ပို့လိုက်တာပါ။ ကျွန်တော်ကလည်း ကျွန်တော်အုပ်ချုပ်ရတဲ့ ပြည်နယ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်နေပါတယ်။

ကျွန်တော့်လုပ်ဆောင်ချက်တွေထဲက နောက်ထပ်ကြီးမားတဲ့ တာဝန်ကြီး တစ်ခုကိုလည်း ထမ်းဆောင်နေပါတယ်။ အဲဒါက တရုတ်နိုင်ငံရဲ့ အထင်ကရတစ်ခုဖြစ်တဲ့ **ဟန်ကျူးပင်လယ်အော် ဖြတ်တံတားကြီး** တည်ဆောက်မှု ဖြစ်ပါတယ်။

အဲဒီတည်ဆောက်မှုကို ကျွန်တော် ကိုယ်တိုင် ဦးစီးပြီး တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါတယ်။ တံတားကြီးဟာ တစ်ချိန်က ကမ္ဘာ့အရှည်ဆုံးပင်လယ်ဖြတ်ကူးတံတားကြီးလည်း ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီတံတားကြီးကြောင့် အားလုံးသွားလာရေး အဆင်ပြေချောမွေ့မှုများ ဖြစ်ခဲ့ပါတယ်။ အကျိုးထူးများလည်း ရရှိပါတယ်။

ကျွန်တော်တို့ ကမ္ဘာလောကကြီးဟာ တောဒေသနဲ့ မြို့ဆိုတာ ရှိပါတယ်။ အဲဒီဒေသများကို အကြောင်းပြုပြီး လူနေထိုင်မှု၊ စားသောက်မှု၊ သွားလာမှု၊ ပညာရေကအစ ကွာခြားနေပါတယ်။

မြို့နေလူတန်းစား အစစအရာရာ တိုးတက်ပြောင်းလဲတာတွေနဲ့ အဆင့်အတန်းမြင့်မြင့် နေထိုင်ကြရပါတယ်။ တောနေဒေသ လူတန်းစားတွေက အဲဒီလိုမဟုတ်၊ အဆင့်မြင့်မြင့်လည်း မနေရ။ စာပေကိုလည်း ကောင်းကောင်းမသင်ရ။ လျှပ်စစ်မီးဆိုတာလည်း ပေ[illegible]နေသေးတယ်။ တောနဲ့မြို့ ကွာခြားမှုတွေဟာ အလွန်ကို များပြားနေပါတယ်။

အဲဒါတွေ တန်းတူဖြစ်အောင် ဘယ်လိုကြိုးစား လုပ်ကိုင်ရင် ကောင်းမလဲဆိုတဲ့ အဖြေကို ကျွန်တော် အမြဲလိုထုတ်နေပါတယ်။ နောက်ဆုံးတော့ ကျွန်တော်လိုချင်တဲ့ အဖြေတစ်ခု ထွက်လာပါတယ်။

အဲဒါက ၂၀၀၃ ခုနှစ်က ဖြစ်ပါတယ်။ အကြောင်းက ကျေးလက်နေ ရပ်ရွာအသိုင်းအဝိုင်းများကို မြို့ပြနေ ရပ်ရွာအသိုင်းအဝိုင်းများကို မြို့ပြရပ်ရွာ အသိုင်းအဝိုင်းများနည်းတူ စီမံခန့်ခွဲသင့်တယ်ဆိုတဲ့ အဆိုကို ကျွန်တော်က တင်ပြခဲ့ပါတယ်။

နေထိုင်မှု အဆင့်အတန်းအရ မြို့ပြ၊ ကျေးလက်ကွာဟမှု ကျဉ်းမြောင်းစေရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးသင့်ပါတယ်လို့လည်း တင်ပြခဲ့ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြချက်ဟာ အပြည့်အဝ အောင်မြင်ခဲ့တယ်။ ဒေသခံတွေကလည်း ချီးကျူးကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့ လုပ်ဆောင်ချက်တွေ အောင်မြင်တဲ့အတွက် ကျေနပ်ရပါတယ်။ ကျီးကျန်းပြည်နယ်ဟာ ကျွန်တော့်လက်ထက်မှာ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို တစ်ခုပြီးတစ်ခု အကောင်အထည် ဖော်နိုင်ခဲ့ပါတယ်။

အလားတူ ၂၀၀၅ ခုနှစ်အရောက်မှာ တစ်နိုင်ငံလုံးကို ပြည်နယ်အဆင့်ဒေသများအနက် ကျီးကျန်းဟာ ဂေဟဗေဒနဲ့ သဘာဝပတ်ဝန်းကျင် အဆင့်အတန်းအမြင့်ဆုံး ဒေသတစ်ခု ဖြစ်လာခဲ့တယ်။

၂၀၀၆ ခုနှစ်တွင် ကျီးကျန်းပြည်နယ်ရဲ့ အများပြည်သူ လုံခြုံရေးကို ပြည်သူ ၉၅ ရာခိုင်နှုန်းနီးပါးက ကျေနပ်လက်ခံကြတယ်။ အလားတူ တိုင်းပြည်အတွင်း ဘေးကင်းလုံခြုံမှုအရှိဆုံး ပြည်နယ်တစ်ခု ဖြစ်လာခဲ့တယ်။ အဲဒီအတွက် ပြည်နယ်မှာနေ

ထိုင်သူများ စိုးရိမ်ကြောင့်ကြစိတ် မရှိသလို လာရောက်လည်ပတ်တဲ့ နိုင်ငံခြားသားများ စိတ်အေးချမ်းသာစွာနဲ့ နေထိုင်နိုင်ကြပါတယ်။

အလားတူ ကျွန်တော် ကျီးကျန်းမှာ တာဝန်ထမ်းဆောင်စဉ်မှာ ပြည်နယ်တစ်ခုလုံးရဲ့ ဂျီဒီပီဟာ ၂၀၀၄ ခုနှစ်က ယွမ်ငွေ တစ်ထရီလီယံ ရှိလာပါတယ်။

နှစ်စဉ် တစ်ဦးချင်းဝင်ငွေဟာ ၂၀၀၅ ခုနှစ်က အမေရိကန်ဒေါ်လာ ၃၀၀၀။ ၂၀၀၆ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၄၀၀၀ ဖြစ်လာခဲ့တယ်။

ဒါတင်မကသေးပါ ကျွန်တော်ဟာ ရေရှည်အကျိုးဖြစ်ထွန်းမှုရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှု အပိုင်းမှာ ကျီးကျန်းပြည်နယ်ဟာ ရှန်ဟိုင်း၊ ပေကျင်းနဲ့ တီးယန်ကျင်းတို့ ပြီးရင် စတုတ္ထနေရာမှာ ရှိနေခဲ့တဲ့ ပြည်နယ်တစ်ခု ဖြစ်လာပါတယ်။

တစ်ချိန်တုန်းက ဆင်းရဲနွမ်းပါးတဲ့ ပြည်နယ်လို့ သတ်မှတ်ခံထားရတဲ့ ပြည်နယ်အတွင်းမှ စီရင်စုများနဲ့ မြို့နယ်များအားလုံးဟာ အထက်က ဖော်ပြခဲ့တဲ့ ကာလအတွင်း ဆင်းရဲတွင်းမှ ထွက်လာနိုင်ခဲ့ကြပါတယ်။

ကျွန်တော်ဟာ ပြည်နယ်ဒေသများက ပြည်သူတွေကို မိသားစုအရင်းလို သဘောထား လုပ်ဆောင်ပေးတဲ့အတွက် ပြည်သူများကလည်း ကျွန်တော့်ကို လေးစားလာတယ်။ အားကိုးလာတယ်။ ချစ်ခင်လာကြတယ်။

တစ်ဦးအပေါ်တစ်ဦး အပြန်အလှန် စေတနာထားလာတဲ့အတွက် ကျွန်တော့်ရဲ့အပေါ်မှာ တာဝန်တွေက တိုးတိုးလာခဲ့ပါတယ်။

ဘယ်လိုပင် တိုးလာပေမယ့် ကျွန်တော့် အတွက်တော့ သိပ်ပြီး ထူးထူးဆန်းဆန်း မရှိသလို ဖြစ်လာပါတော့တယ်။

○

## (၁၆)

## ရှီနဲ့ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး

အခုလည်း ကျွန်တော့်အပေါ် တာဝန်တစ်ခုကို အထက်က ထောက်ခံမှုနဲ့ ရောက်ရှိလာပြန်ပါပြီ။ ပြည်သူရဲ့ထောက်ခံမှု ပါတီအကြီးအကဲများရဲ့ ယုံကြည်မှုအတွက် ကျွန်တော့်ကို ၂၀၀၇ ခုနှစ် အောက်တိုဘာလမှာ တရုတ်ပြည် ကွန်မြူနစ်ပါတီဗဟို (CCP) အမြဲတမ်းကော်မတီဝင် ပေါ်လစ်ဗျူရိုဝင် ကိုးဦးအနက် တစ်ဦးအဖြစ် ရွေးချယ်ခြင်းကို ခံရပါတယ်။

အဲဒီလိုပါပဲ ၂၀၀၇ ခုနှစ်မှာ ကျွန်တော်ဟာ ပါတီရဲ့ ရှန်ဟိုင်းဒေသန္တရ အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူးအဖြစ် ခန့်အပ်ခြင်းကို ခံရပြန်တယ်။ ရာထူးခန့်အပ်ခံရပြီး ပထမဆုံးလမှာ ကျွန်တော်ဟာ နေထိုင်မှု အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်မှု။ ရှန်ဟိုင်းကုန်စည်ပြပွဲ။ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး စတဲ့

ကိစ္စရပ်များအတွက် သုတေသန စီမံချက်များ စတင်လုပ်ဆောင်ခဲ့ပါတယ်။

ပြည်နယ်တွေမှာ အကျင့်ပျက်ခြစားမှုတွေ ပေါများနေကြတယ်လို့ ပြောနေကြပေမယ့် ထိထိရောက်ရောက် ၇ိုင်တွယ်ဖြေရှင်းရ ခက်နေပါတယ်။

ပြည်သူတွေကလည်း အကျင့်ပျက်ခြစားမှုတွေကို ဖြေရှင်းပေးပါလို့ တောင်းဆိုနေတာ ကြာပါပြီ။ အဲဒီကိစ္စကို ဖြေရှင်းဖို့ဆိုတာ ပြည်နယ်အစိုးရမှာသာ တာဝန်ရှိတာ ကျွန်တော်က ဝင်ရောက်ဖြေရှင်းလို့ မရပါ။

ကျွန်တော်အုပ်ချုပ်တဲ့ ပြည်နယ်ကိုသာ ကျွန်တော်က ရှင်းပေးလို့ရတာ၊ ကျွန်တော်လည်း တာဝန်ကျတဲ့ ပြည်နယ်ဒေသမှာ အကျင့်ပျက်ခြစားမှုကို နှိမ်နင်းတိုက်ဖျက်လိုက်ပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း စုံစမ်းတယ်။ လာရောက်တိုင်ကြားရင်လည်း ပြတ်ပြတ်သားသား အရေးယူတယ်။ အားလုံးကိုလည်း မှာကြားထားတယ်။ အကျင့်ပျက် ခြစားမှုများကို အားလုံးဝိုင်းဝန်းတိုက်ဖျက်ကြဖို့ မှာကြားထားရဲ့သားနဲ့ ကျူးလွန်ရင်တော့ကျူးလွန်သူရဲ့ တာဝန်သာ ဖြစ်တယ်။ တကယ်တမ်းကျတော့ပြည်နယ်အသေးတွေနဲ့စာရင် ပြည်နယ်အကြီးတွေက အကျင့်ပျက်ခြစားမှု ပိုပြီးများလွန်းပါတယ်။

ရှန်ဟိုင်းလို ရောမမြို့ကြီးတွေမှာ အခက်အခဲများ အဝားအဆီးများ ကြုံရတဲ့အခါတိုင်း ကွန်မြူနစ်ပါတီရဲ့ နဝမအကြိမ်မြောက် ရှန်ဟိုင်းဒေသန္တရအုပ်ချုပ်ရေး ကွန်ဂရက်ကို ကျင်းပနိုင်

ခဲ့သဖြင့် ဒေသတွင်းရှိ တာဝန်ရှိသူများကို အလွန်အမင်း စိတ်အားထက်သန်စေခဲ့ပါတယ်။

ရှန်ဟိုင်းမြို့ကြီးရဲ့ပုံရိပ်ကို ပြန်လည်တည်ဆောက်နိုင်ခဲ့တယ်။ ရှန်ဟိုင်းရဲ့ နောင်လာမယ့် ငါးနှစ်တာအတွင်း အသေးစိတ်စီမံကိန်းကိုလည်း ပုံဖော်ရေးဆွဲပေးနိုင်ခဲ့တယ်။ အားလုံးကလည်း ဝမ်းသာကြတယ်။ ကျွန်တော်ကလည်း ကျေနပ်နေပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ရောက်နေရာဒေသပြည်နယ်အားလုံးကို တစ်ပြေးညီ တိုးတက်စေချင်တဲ့ အတွက်ကြောင့် ပြုလုပ်ရခြင်း ဖြစ်ပါတယ်။

ဘယ်သူတွေ ဘာပဲပြောပြော ကျွန်တော်ကတော့ နိုင်ငံတိုးတက်ဖို့ကိုသာ လုပ်ဆောင်ပါတယ်။ ကျွန်တော်တို့ တရုတ်နိုင်ငံဟာ အခြားနိုင်ငံတွေထက် အဆပေါင်းများစွာ ကျယ်ဝန်းပါတယ်။

အဲဒီလောက် ကျယ်ဝန်းတဲ့ နိုင်ငံကြီး တိုးတက်အောင်လုပ်ဖို့ဆိုတာ တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့မရ။ စုပေါင်းပြီးလုပ်မှ ရမယ်ဆိုတာကို ကျွန်တော် ကောင်းစွာ သိနေပါတယ်။ အဲဒါကြောင့် လူတော်လူကောင်းတွေ ပေါ်ထွက်လာဖို့ကို ကျွန်တော် မျှော်လင့်နေပါတယ်။

မျှော်လင့်သလို ထွက်ပေါ်လာပါတယ်။ ဒါဟာ နိုင်ငံနဲ့ပြည်သူတွေအတွက် အလွန်ကို ကောင်းပါတယ်။ အလားတူ အနာဂတ်နိုင်ငံအတွက်လည်း အားထားရတဲ့ ခေါင်းဆောင်ကောင်း

တွေ ဖြစ်လာမယ်လို့ မျှော်လင့်နေပါတယ်။ လူတစ်ယောက်ဟာ သူလုပ်နေတဲ့ အလုပ်ကို ကောင်းကောင်းသိထားဖို့ အလွန်ပင် လိုအပ်ပါတယ်။

အလားတူ စီရင်စုတစ်ခုရဲ့ ပါတီအကြီးအကဲများဟာ ကိုယ်တာဝန်ယူထားတဲ့ စီရင်စုအတွင်းရှိ ကျေးရွာများအားလုံး ကို ရောက်ဖူးရပါမယ်။ ကျွန်တော်ကတော့ ကျေးရွာများကို ရောက် ဖူးပါတယ်။ ကျေးရွာဒေသက ဒေသခံတွေနဲ့အတူ လယ်ယာများ လုပ်ကိုင်ဖူးပါတယ်။

သူတို့တိုက်တဲ့ရေကိုလည်း သောက်ဖူးပါတယ်။ သူတို့ ကျွေးတာကိုလည်း စားဖူးပါတယ်။ အဲဒီတော့ သူတို့ဘာတွေလို အပ်တယ်ဆိုတာ ကျွန်တော် သိမှာပါ။ အဲဒီလိုသိမှ တိုးတက် အောင် လုပ်ပေးနိုင်မှာ သေချာပါတယ်။

အလားတူ ပြည်နယ်မြို့တော်ရဲ့ ပါတီအကြီးအကဲဟာ သူ့လက်အောက်ခံ ခရိုင်မြို့များ၊ မြို့နယ်များအားလုံးကို ရောက် ဖူးရပါတယ်။ ကျွန်တော် အမှန်တကယ် ပြောတာပါ။ ကျေးရွာ များကို တာဝန်ယူရသူတွေထက် မြို့နယ်တွေကို တာဝန်ယူရသူ တွေက ပိုပြီးတာဝန်ကြီးတယ်။

ဘာကြောင့်လဲဆိုတော့ လူနေမှုစနစ်ကြောင့် ဖြစ်ပါတယ်။ အဲဒါကြောင့် သူတို့တွေဟာ မြို့နယ်များ အားလုံးကို ရောက်ဖူး ကြရပါမယ်။ အဲဒါမှ သူတို့တာဝန်ယူထားတဲ့ မြို့နယ်တွေက ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ပံ့ပိုးကူညီနိုင်မှာ ဖြစ်ပါတယ်။

ပြည်နယ်ရဲ့ ပါတီအကြီးအကဲက ပြည်နယ်အတွင်းမှာရှိတဲ့ စီရင်စုများအားလုံး မြို့များအားလုံးကို ရောက်ဖူးကြရမယ်လို့ ကျွန်တော်က ယူဆထားပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း သွားရောက်ပါတယ်။

ပြည်နယ်သူ ပြည်နယ်သားများကို တွေ့တယ်။ သူတို့ လိုအပ်တာတွေကို ကျွန်တော်ကိုယ်တိုင် စီစဉ်ပေးတယ်။ စီးပွား ရေးနဲ့ ပတ်သက်လို့ ရင်းနှီးမြှုပ်နှံမယ့်သူ မရှိရင် အဲဒီစီးပွားရေး လုပ်ငန်းရှင်အိမ်ကို ကိုယ်တိုင်သွားရောက်တယ်။ တွေ့ဆုံတယ်။ ဆွေးနွေးတယ်။ ဖိတ်ခေါ်တယ်။

ရောက်ရှိလာတဲ့ စီးပွားရေးသမားများကို နေရာပေးထယ်။ စီးပွားရေးလုပ်ခိုင်းတယ်။ အဲဒီလုပ်ငန်းရဲ့ ဝန်ထမ်းကို ဒေသခံ များကို ခန့်အပ်သွားရန် ဖြစ်တယ်။ ကျွန်တော်က ကိုယ်တိုင် လုပ်ကိုင်ပြီး သေချာလေ့လာတယ်။ အဲဒီလိုလုပ်ပြီးမှ တခြားသူ များကို တာဝန်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

○

# (၁၇)

# အပြောင်းအရွှေ့များနဲ့ဘဝ

ကျွန်တော် တာဝန်ယူစဉ်ကလည်း နားရတယ်ဆိုတာ မရှိသွားနေရတယ်။ ကျန်းတင်းစီရင်စု အတွင်းမှာရှိတဲ့ ကျေးရွာအားလုံးကို ကျွန်တော် ရောက်ခဲ့ပါတယ်။ အဲဒီကျေးရွာတွေကို ကျွန်တော် ရောက်သွားတော့ ဒေသခံတွေက ဝမ်းသာတယ်။ ကျေကျေနပ်နပ်နဲ့ ကြိုဆိုပါတယ်။

ဒေသကို ရာထူးကြီးကြီးတွေ လာရောက်တယ်ဆိုတာ အလွန်ကို ရှားပါတယ်။ ရာထူးရှိသူတွေ ကျေးရွာဒေသကို သွားရောက်ဖို့ဆိုတာ အလွန်ရှားပါတယ်တယ်။

အလားတူ ပြည်နယ် မြို့တော် နင်းတိမှာ တာဝန်ကျစဉ်က ၂ထမသုံးလအတွင်းမှာ စီရင်စုကိုးစုကို သွားရောက်ခဲ့ပါသေးတယ်။

နောက်ပိုင်းမှာ ကျန်ရှိနေတဲ့ မြို့နယ်အားလုံး နီးပါးကို သွားရောက်ခဲ့ပါတယ်။ ဒေသခံတွေက ကျွန်တော်သွားရာ ဒေသကို လိုက်လာကြတယ်။ သူတို့နေထိုင်တဲ့ ပြည်နယ်နဲ့ သူတို့ရဲ့ ဒေသ ကျေးရွာတွေကို ဘာတွေလုပ်ပြီး ဘယ်လိုကူပေးမယ် ဆိုတာကိုပဲ ကြားချင်နေကြတယ်။ ကျွန်တော်ကလည်း သူတို့ ကြားအောင် ပြောမလို့သွားနေရခြင်း ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ပြည်သူတွေအပေါ် ရိုးသားပါတယ်။ နိုင်ငံအပေါ် သစ္စာရှိပါတယ်။ အဲဒီအတွက် ကျွန်တော် ရောက်ရာအရပ်မှာ ပြည်သူတွေနဲ့ တွေ့ဆုံပါတယ်။

ပြည်သူများ ဘယ်လိုအခက်အခဲရှိတယ်။ ဘာတွေလိုအပ်တယ်။ ဘာလုပ်ပေးရမလဲဆိုတာကို သိချင်နေတဲ့အတွက် လုပ်ဆောင်ရခြင်း ဖြစ်ပါတယ်။ ကျွန်တော့်ကိုတွေ့တော့ သူတို့ ပျော်ရွှင်ကြပါတယ်၊

ကျွန်တော်က ကံကောင်းသလား၊ မကောင်းသလားတော့ မသိ၊ ပြည်နယ်တစ်ခုမှာ ကြာကြာနေထိုင်ရခြင်းမရှိ၊ မကြာခဏ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေရတယ်။ တချို့ပြည်နယ်ဆိုရင် သုံးလေးနှစ်ကြာရင် နောက်တစ်ခေါက် ပြန်ရောက်လာရပါတယ်၊

အလားတူ ကျွန်တော် ကျိုးကျန်းပြည်နယ်ကို ၂၀၀၂ ခုနှစ် ဒုတိယတစ်ခေါက် ပြန်လည်ပြီး တာဝန်ကျပါတယ်။ ကျွန်တော် အဲဒီလို ပြန်ရောက်တဲ့အခါ ကျွန်တော်လုပ်ချင်တဲ့ အလုပ်တွေ ကျန်ရှိနေပါတယ်။ အဲဒါတွေကို အကောင်အထည် မဖော်ရသေး

ရင် အကောင်အထည်ဖော်ဖို့ သွားရောက်လေ့လာရမှာ ဖြစ်တယ်။

အဲဒီအတွက် တစ်နှစ်ကျော် ကာလအတွင်းမှာ ကျွန်တော်ဟာ စီရင်စုအားလုံး သွားရောက်လေ့လာပြီးသား ဖြစ်နေပါတယ်။ လုပ်လက်စ စီမံကိန်းတွေ ရှိတယ်။ တချို့နေရာက စီမံကိန်းတွေ လုပ်လို့ရရဲ့သားနဲ့ ဘာစီမံကိန်းမှ မရှိတာတွေလည်း တွေ့ရပါတယ်။ ကျွန်တော်ဟာ ကျယ်ဝန်းလှတဲ့ တရုတ်နိုင်ငံကြီးကို နေရာအနှံ့ သွားရောက်လေ့လာပြီးသား ဖြစ်ပါတယ်။

အလားတူ ကျွန်တော် ရှန်ဟိုင်းတွင် တာဝန်ကျစဉ်က ပထမခုနှစ်လအတွင်း မြို့နယ်နဲ့ စီရင်စု ၁၉ ခုစလုံးကို သွားရောက်နိုင်ခဲ့တယ်။ ပါတီဗဟိုခေါင်းဆောင်မှု နေရာမှာ လုပ်ကိုင်ဆောင်ရွက်ရန် ရောက်ရှိလာတယ်။

အဲဒီအချိန်မှာ ကျွန်တော်ဟာ ပြည်မကြီးရဲ့ ဗဟိုအစိုးရလက်အောက်မှာ ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေ ၃၁ ခုစလုံးကို သွားရောက်ခဲ့ပါတယ်။ ရောက်ရှိနေတဲ့ နယ်မြေအားလုံးက ယခင်ကထက် ပိုမိုပြီး အားကိုးကြပါတယ်။ လေးစားကြပါတယ်။ ကျွန်တော်ကလည်း ရာထူးပိုကြီးနေသူတစ်ယောက် ဖြစ်တဲ့အတွက် ပိုပြီးတော့ လုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်။

ကျွန်တော်ရဲ့ စီမံကိန်း လုပ်ဆောင်ချက်များဟာ မပြီးပြတ်သေးပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ခဏ ခဏ ပြောတဲ့ စကားလိုပေါ့။ အမြဲတမ်း ပြောင်းရွှေ့နေရပါတယ်။

အခု ၂၀၀၈ ခုနှစ်မှာ ကျွန်တော့်ရဲ့ရာထူးက ပို၍ ကြီးပွား လေတော့တယ်။ ဒေသခံတွေထံရောက်အောင် အစွမ်းကုန် ကြိုးစား ပြီးသွားမှ ရောက်ရတော့မှာ ဖြစ်ပါတယ်။

○

# (၁၈)

## ရှိန့်သူ့အဖေ

မျှော်လင့်မထားတဲ့ သတင်းစကားကြောင့် အလွန်ကိုအံ့ဩမိပါတယ်။ ဒီသတင်းထွက်နေတာလည်း လနဲ့ချီရှိနေပါပြီ။ ဒါပေမဲ့ ကြိုပြောမရတဲ့ကိစ္စ ဖြစ်နေတဲ့အတွက် ခပ်အေးအေးသာ နေခဲ့ပါတယ်။ လက်ရှိ ကျွန်တော့်ရာထူးနဲ့ တာဝန်က တရုတ်ပြည်ကွန်မြူနစ်ပါတီဗဟို(CCP) အမြဲတမ်းကော်မတီဝင်၊ ပေါလစ်ဗျူရိုဝင် ကိုးဦးအနက် တစ်ဦးအဖြစ် ရွေးချယ်ခံထားရတယ်။

ယခု ၂၀၀၈ ခုနှစ်မှာ ပါတီဗဟိုအစည်းအဝေးနဲ့ ရာထူးခန့်အပ်ပွဲ အခမ်းအနားကို ကျင်းပပါတယ်။ တက်ရောက်လာတဲ့ ပါတီဗဟိုကော်မတီများ၊ ကော်မတီဝင်များ၊ ပါတီဝင်များ တက်ရောက်ကြပါတယ်။ အဲဒီမှာ ပါတီအစည်းအဝေးပွဲ ကျင်းပပြုလုပ်ပါတယ်။ အားလုံးက ကျွန်တော့်ကို မဲပေးရွေးချယ်ပါတယ်။

အဲဒါက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ။ (CCP) တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုအထွေထွေအတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်ရန် ရွေးချယ်ခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး ကျွန်တော်က ဒုတိယသမ္မတတာဝန်တွေကို ထမ်းဆောင်ရပါတော့မယ်။ ဒီနေရာမှာ ကျွန်တော့်ဘဝနဲ့ ပတ်သက်လို့ ပြောချင်ပါတယ်။

တစ်နည်းပြောရရင် ကျွန်တော့် မိသားစုအကြောင်း ဆိုရင် ပိုပြီးသဘောကျပါလိမ့်မယ်။

တကယ်တော့ ကျွန်တော်ဟာ အခုလို ဒုတိယသမ္မတဘဝကို မရောက်မီ အချိန်ကာလက အလွန်ကို ကြမ်းတမ်းလွန်းလှပါတယ်။

မိသားစုဘဝ ရောက်လာတော့လည်း ဒီလိုပါပဲ။ မိသားစုနဲ့အတူ အေးအေးဆေးဆေး နေချိန်မရခဲ့ပါ။ ဘဝက အလွန်ပင် ကြမ်းတမ်းလွန်းလှပါတယ်။

ကျွန်တော်ဟာ ဥပဒေဘာသာရပ်နဲ့ ဒေါက်တာဘွဲ့(P.hd) ရယူပြီးတဲ့နောက်မှာ တရုတ်အစိုးရ နိုင်ငံတော်ကာကွယ်ရေးဝန်ကြီး ဒုတိယဝန်ကြီးချုပ် ကင်မြောင်ရဲ့ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ရပါတယ်။

ထိပ်တန်းအရာရှိတစ်ဦးရဲ့ ကိုယ်ရေးအရာရှိ လုပ်တယ်ဆိုတာ လွယ်ပေမယ့် တကယ်တမ်းကျတော့ အလွန်ကို ခက်ခဲပါတယ်။ ဘယ်လိုအရာကိုမှ အမှားခံလို့မရ။ မှားသွားရင် အရာရှိအတွက် ပြဿနာကြီးထွားနိုင်ပါတယ်။

တစ်ချိန်တုန်းက ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ရှိကျုံးရွှင်းရဲ့သားက ယခုတော့ ဒုတိယဝန်ကြီးချုပ် ကင်မြောင်ရဲ အနီးကပ်ကိုယ်ရေးအရာရှိ တာဝန်ကို ထမ်းဆောင်နေရပါတယ်။

ဒီအကြောင်းတွေနဲ့ ပတ်သက်လို့ အမေ့ကို ပြန်မပြောရဲခဲ့ပါဘူး။ အမေဟာ လွတ်လပ်ရေးတိုက်ပွဲဝင် အမျိုးသမီးကြီးတစ်ဦး ဖြစ်ပါတယ်။ အမေဟာ နိုင်ငံနဲ့လူမျိုးကို သိပ်ချစ်ပါတယ်။ အဲဒီလိုပဲ အမေရဲ့စိတ်ဓာတ်တွေကလည်း မာကျောလှပါတယ်။

တစ်ခါတစ်ရံ အမေနဲ့ စကားပြောတဲ့အခါ တရုတ်နိုင်ငံကို ဖက်ဆစ်တွေ ဝင်သိမ်းတဲ့အကြောင်း၊ နယ်ချဲ့တွေ ဝင်သိမ်းပိုက်တဲ့အကြောင်း၊ ကျယ်ဝန်းလှတဲ့ တရုတ်နိုင်ငံကြီးဟာ အစိတ်စိတ် အမြွာမြွာ ကွဲနေတဲ့အကြောင်း၊ ကိုယ့်နိုင်ငံမှာ ကိုယ်နေရပေမယ့် တိုင်းတစ်ပါးသားကို ကြောက်နေရတဲ့ အကြောင်းတွေကို စိတ်အားထက်သန်စွာနဲ့ ပြောပြပါတယ်။

တရုတ်နိုင်ငံမှာ နေထိုင်သူများကလည်း ခေါင်းဆောင်ကိုသာ မျှော်လင့်နေကြတယ်။ ခေါင်းဆောင်ပေါ်လာရင် အနောက်ကနေ လိုက်ကြဖို့အဆင်သင့်တွေ ပြင်နေကြတယ်။ ဒါပေမဲ့ ပေါ်ပေါ်ထင်ထင် ခေါင်းဆောင် ထွက်မလာရဲ။ ထွက်လာခဲ့ရင်လည်း ဖက်ဆစ်က ဝင်တိုက်လိုက်။ ကိုလိုနီက ဝင်တိုက်လိုက်နဲ့ ကောင်းကောင်းနေရတယ်မရှိ။

ကြာလာတော့ တရုတ်မျိုးချစ်တွေက တော်လှန်ဖို့ကိုသာ ကြိုးစားနေကြတယ်။ အဲဒီလိုကြိုးစားတဲ့အခါ ဥက္ကဋ္ဌကြီး မော်စီတုံးတို့ အပါအဝင် ကျွန်တော့်အဖေနဲ့ အမေတို့လည်း ပါဝင်လာကြ

တယ်။ အဖေနဲ့ အမေဟာ တော်လှန်ရေးတိုက်ပွဲမှာတည်းက လက်ထပ်ပြီးသား ဖြစ်နေပါတယ်။

ကျွန်တော်ဟာ အမေ့လက်ကိုဆွဲပြီး လမ်းလျှောက်ထွက်ပါတယ်။ ဒါဟာ ကျန်းမာရေးကြောင့်ပါ။ အမေ အသက်ရှည်တာကို ကျွန်တော် မြင်ချင်ပါတယ်။ အမေ့နားမှာထိုင်ပြီး ရှေးဟောင်းနှောင်းဖြစ်အကြောင်းလေးတွေ ပြောရတာ ဗဟုသုတရှိသလို တရုတ်နိုင်ငံရဲ့ အနာဂတ်ကိုပါ ကြိုတင်ပြင်ဆင်ထားလို့ရပါတယ်။

ဘာတွေပြင်ဆင်ရမလဲ ဆိုတော့ ကျယ်ဝန်းလှတဲ့ တရုတ်နိုင်ငံကြီးမှာ နေထိုင်သူတွေဟာ နိုင်ငံရေးကို သိပ်ပြီး စိတ်မဝင်စား၊ ကိုယ့်မိသားစုတွေနဲ့သာ နေချင်ကြတယ်။ အဲဒါကြောင့် ဂျပန်နဲ့ အင်္ဂလိပ်တို့က သိမ်းပိုက်ထားကြတယ်။

သူတို့တွေဟာ တရုတ်နိုင်ငံကိုတော့ အလုံးစုံ မသိမ်းပိုက်နိုင်ကြပါ။ အချို့ပြည်နယ်များက နယ်ချဲ့လက်အောက် ကျရောက်ခြင်းမရှိ။ ကိုယ့်ပြည်နယ်ကို အုပ်ချုပ်နေရတယ်။ ဒါပေမဲ့ နယ်ချဲ့တို့ မလာနိုင်အောင် ကြိုတင်ကာကွယ် ပြင်ဆင်ထားရပါတယ်။ ရန်သူတွေဆိုတာ အချိန်တိုင်း ဝင်ရောက်လာနိုင်တယ် ဆိုတာကို သတိထားနေမိပါတယ်။

အဖေကတော့ တရုတ်မြေပေါ်က ဂျပန်နဲ့ အင်္ဂလိပ်တွေကို မောင်းထုတ်ရန် အမြဲတမ်း ပြင်ဆင်နေပါတယ်။ အင်္ဂလိပ်က ထိုင်ဝမ်ကျွန်းမှာ စခန်းချ တပ်ဆွဲထားတယ်။ ထိုင်ဝမ်ကျွန်းမှာ နေထိုင်သူများဟာ တရုတ်အစိုးရ အုပ်ချုပ်လို့မရ။ အင်္ဂလိပ်ရဲ့

အုပ်ချုပ်မှုအောက်မှာ နေထိုင်ကြရတယ်။ သူတို့အမိန့်ကို နားထောင်ကြရတယ်။

အဲဒီတုန်းက တရုတ်နိုင်ငံကြီးဟာ အဲဒီတုန်းတည်းကစပြီး အစိတ်စိတ်အမြွာမြွာ ဖြစ်နေပါတယ်။ ဒါကို မျိုးချစ်တပ်မတော်သားတွေက တိုက်ထုတ်ရန် ကြိုးစားလာကြပါတယ်။

အဲဒီအချိန်မှာ မျိုးချစ်တရုတ်နိုင်ငံသား အများအပြား ထွက်ပေါ်လာခဲ့တယ်။ အဲဒီအထဲမှာ ကျွန်တော်ရဲ့ အဖေလည်း ပါလာပါတယ်။ ကျွန်တော့်အဖေဟာ မျိုးချစ်တစ်ယောက် ဖြစ်သလို လူသားအားလုံးကိုလည်း ချစ်ပါတယ်။

နယ်ချဲ့တွေ လွှမ်းမိုးနေတဲ့ အချိန်က တရုတ်နိုင်ငံမှာ နေထိုင်ရတာကို အတော်ကို စိတ်ပျက်နေတယ်။ ကိုယ့်နိုင်ငံမှာ ကိုယ်နေရတာတောင် နယ်ချဲ့တွေကို ကြောက်နေရတယ်။ သူတို့တွေ ဘယ်နေ့ ဘယ်အချိန်မှာများ လာရောက်ပြီး ကျူးကျော်နေမလဲ ဆိုတာ တွေးပူနေရတယ်။

ကိုယ့်နိုင်ငံမှာ ကိုယ်နေရတာတောင် အေးချမ်းမှုမရှိတဲ့ အတွက် ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကို ချလိုက်ပါတယ်။ အဖေက ကျွန်တော့်ကို ပြောပါတယ်။ ထိတ်လန့်နေရတဲ့ဘဝမှာ သေမလား နေမလား စဉ်းစားပေါ့။

သူများနိုင်ငံမှာ သွားနေလို့ စိုးရိမ်ရတယ်ဆိုက ဘာအရေးလဲ။ ကိုယ်က သူများနေရာမှာ သွားနေမိတာကို အခု ကိုယ့်နိုင်ငံမှာနေပြီး စိုးရိမ်ရတာတော့ မဖြစ်သင့်ဘူး။ အဲဒီအတွက် နေမလား သေမလား ဆိုတဲ့ အတွေးများ ဝင်လာတယ်။

အဲဒီတော့ သူများသတ်ဖြတ်ခံမလား၊ တော်လှန်မလား ဆိုတာ ဖြစ်လာတာပေါ့။ အားလုံးက နိုင်ငံအတွက် တိုက်ပွဲဝင် ရင်း အသက်အသေခံမယ်လို့ ဆုံးဖြတ်ချက် ချကြတယ်။

အဖေဟာ အဲဒီဆုံးဖြတ်ချက်ကို ရင်မှာပိုက်ပြီး တိုက်ပွဲဝင် ကြပါတယ်။ အဖေနဲ့အတူ အမေလည်း ပါဝင်ပါတယ်။ အားလုံး ရဲ့ဆန္ဒက တစ်ပြိုင်တည်း ဖြစ်နေပါတယ်။ နယ်ချဲ့လက်အောက် က တရုတ်နိုင်ငံ လွတ်မြောက်ရေးက အဓိက ကျပါတယ်။

အဖေအပါအဝင် မျိုးချစ်က တရုတ်ခေါင်းဆောင်များက တိုက်ပွဲဝင်ကြပါတယ်။ အဖေဟာ အသက်ကို ပဓာနမထား တိုက်ပွဲဝင်ပြီး နိုင်ငံကို ပြန်လည်သိမ်းပိုက်ခဲ့ပါတယ်။

အဖေဟာ ရိုးရိုးတပ်သား ဘဝကနေပြီး တိုက်ပွဲဝင်လိုက် တာ ဗိုလ်ချုပ်ရာထူးအဆင့်ကို ရရှိခဲ့ပါတယ်။ တိုင်းပြည်အတွက် အသက်ပေး တိုက်ပွဲဝင်လာတဲ့အတွက် လွတ်လပ်ရေးကို ရရှိခဲ့ တယ်လို့ပဲ ပြောရမှာပါ။

ဘာကြောင့်လို့လဲဆိုတော့ တရုတ်နိုင်ငံကို ကျူးကျော်ဝင် ရောက်လာတဲ့ နယ်ချဲ့တွေဟာ ပြန်ဆုတ်ပြေးကုန်ကြတယ်။ အဖေ ဟာ တိုက်ပွဲဝင်လာတဲ့အတွက် အောင်ပွဲတွေလည်း ရလာပါတယ်။

အဖေ့ရဲ့ ကြိုးစားမှုကို ကျွန်တော် လေးစားပါတယ်။ အဖေ ဟာ တရုတ်နိုင်ငံအတွက် အသက်ပေးထားသူပါ။ တိုင်းတစ်ပါး သားတွေကို တွန်းလှန်တိုက်ပွဲဝင်သွားသူ တစ်ယောက်ပါ။ အဖေ့ စကားကို ကျွန်တော် သတိရပါတယ်။ "နိုင်ငံအတွက် အလုပ်လုပ် မယ်ဆိုရင် လူမျိုးအတွက်ပါ အလုပ်လုပ်ရမယ်။ နိုင်ငံချစ်ရုံနဲ့

မပြီးဘူး။ လူမျိုးကိုချစ်မှ ပြည့်စုံမယ်။ သူများလူမျိုးကို စော်ကားဖို့ မကြံစည်နဲ့။ ကိုယ့်လူမျိုးအတွက် ကာကွယ်ဖို့ပဲ ကြိုးစားပါ" လို့ အဖေက ပြောပါတယ်။

အဖေ့စကားတွေက အများကြီးရှိပါတယ်။ တခြားမှတ်သားစရာတွေလည်း ရှိနေပါတယ်။ အဖေ့အကြောင်း ပြောရရင် များလွန်းပါတယ်။ ထုထည်ကြီးမားတဲ့ စာအုပ်ကြီးတစ်အုပ်စာလောက် ထူသွားနိုင်ပါတယ်။

အဖေဟာ နိုင်ငံနဲ့ လူမျိုးအတွက် အမြဲတမ်း သစ္စာရှိသူတစ်ဦးပါ။ ကျွန်တော့်ကိုလည်း အမြဲပြောလေ့ရှိပါတယ်။ ကျွန်တော်ဟာ အဖေ့စကားကြောင့် နိုင်ငံနဲ့လူမျိုးကို ချစ်တတ်လာတယ်။ လူသားချင်း စာနာလာတယ်။ သူတို့ရဲ့အကျိုးကို ဘယ်လိုကောင်းစားအောင် လုပ်ပေးရမလဲဆိုတာကိုပဲ အမြဲတွေးနေပါတယ်။ သူတို့ဟာ ကျွန်တော့်မိသားစုတွေပါ။

ကျွန်တော့်အတွက် မမေ့နိုင်တဲ့ ပထမဆုံးနေ့က ယဉ်ကျေးမှုတော်လှန်ရေးတုန်းက အဖေ့ကို အရေးယူကြတယ်။ ပါတီတွင်းတိုက်ပွဲကလည်း အရေးနိမ့်သွားခဲ့တယ်။ အဖေဟာ ဒုတိယဝန်ကြီးချုပ်ရာထူးက လျှော့ကျသွားခဲ့တယ်။ အားလုံးလည်း အသိမ်းခံရတယ်။

အဖေဟာ နိုင်ငံအတွက်သာ လုပ်ကိုင်နေပေမယ့် အဖေ့မှာ မြေတစ်ကွက်တောင် မပိုင်ပါဘူး။ အဲဒီတော့ စဉ်းစားကြည့်ပေါ့။ အိုးမဲ့အိမ်မဲ့ ဘဝကို ရောက်ခဲ့တယ်။ ငယ်ရွယ်သူ တစ်ယောက်အနေနဲ့ ကြေကွဲသောကတွေက ကျွန်တော့်ကို နှိပ်စက်နေတယ်။

အဲဒီနေ့ကို ကျွန်တော် မေ့လို့မရပါဘူး။

အမေကတော့ ကျွန်တော့်ကို အားပေးစကား ပြောပါတယ်။ စိတ်ဓာတ်ကျတာ၊ အားငယ်တာတွေဟာ လောကကြီး အရှုံးပေးလိုက်တာနဲ့ အတူတူပဲလို့ ပြောပါတယ်။ အမေ့စကားကို ကျွန်တော် နားထောင်ပါတယ်။

ကျွန်တော်ဟာ လောကကြီးကို အရှုံးပေးတဲ့သူ မဖြစ်ချင်ပါဘူး။

လောကကြီးကိုလည်း နိုင်ရမယ်။

ကမ္ဘာကြီးကိုလည်း နိုင်ရမယ်။

အားလုံးကိုပါ နိုင်ရမယ်လို့ ဆုံးဖြတ်ထားပါတယ်။

စိတ်ဓာတ်ကျတာ ပျော့်ရှင်နေတာ ဘယ်လိုပဲဖြစ်ဖြစ် စာကို အမြဲ ဖတ်နေဖို့ပဲ ပြောပါတယ်။

အဲ့ဒီတွက် ကျွန်တော်ကလည်း စာကိုအမြဲဖတ်ပါတယ်။ အခြားလူတွေကိုလည်း စာဖတ်ဖို့ တိုက်တွန်းပါတယ်။ အဲဒါကြောင့် တက္ကသိုလ်၊ ကောလိပ်ကျောင်း နှစ်ပတ်လည် ကျောင်းဖွင့်ပွဲအတွေကို တက်ရောက်ပြီး ဟောပြောပါဘယ်။

ဟောပြောတဲ့ပွဲတိုင်းမှာ အနာဂတ်လူငယ်များ စာကြိုးစားဖို့၊ ဘွဲ့ရတွေဖြစ်အောင်လုပ်ဖို့ အနာဂတ်တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ သူတို့လက်ထဲမှာ ရှိပါတယ်။

**ရှိကျင့်ဖျင်း သမ္မတဖြစ်တုန်းက တက္ကသိုလ်မှာ ဟောပြောတဲ့ မိန့်ခွန်းနောက်ပိုင်းမှာ ဖော်ပြထားပါတယ်။**

ကျွန်တော် စာကိုအမြဲဖတ်နေလို့လည်း ဒေါက်တာဘွဲ့နဲ့ ဘွဲ့အပိုတစ်ခုကို ရရှိခဲ့တာပါ။ အဲဒီအတွက် ကျွန်တော့်ရဲ့လမ်းခရီးဟာ အဆင်ပြေချောမွေ့ခဲ့တာပါ။ အဲဒါကြောင့် ကျွန်တော်ဟာ အဖေနဲ့ အမေကို ကျေးဇူးတင်နေပါတယ်။

ဝ

## (၁၉)

## ရှီနဲ့ သူ့အမေ

ဒီနေရာမှာ အမေ့အကြောင်းကို အနည်းငယ် ပြောချင်ပါတယ်။ အမေဟာ ကျွန်တော့်ကို သိပ်ချစ်ပါတယ်။ လောကမှာ အမေ့ရဲ့အချစ်ကိုမီသူ မရှိဘူးလို့ ထင်မိခဲ့ပါတယ်။ ဒါဟာအမှန်ပါ။

ကျွန်တော် မှတ်မိတဲ့အရွယ်ကပေါ့။ အမေဟာ ကျွန်တော့်ကို ဂရုစိုက်ပါတယ်။ ကျွန်တော့်ကို တခြားသူတွေက အနိုင်ကျင့်ပြောဆိုတာကို အမေက မကြိုက်ပါ။

ကျွန်တော် စာမကြိုးစားရင်လည်း မကြိုက်ပါ။ ကျွန်တော့်ကို စာကြိုးစားဖို့ အမြဲပြောပါတယ်။ ကျွန်တော် ဆော့ကစားနေတာထက် စာကျက်နေတာကို ပိုပြီးမြင်ချင်ပါတယ်။ ဆော့ကစားနေမယ့်အစား စာကိုပိုပြီးကျက်ပါလို့ ပြောတတ်ပါတယ်။

အမေဟာ ကျွန်တော် ဆော့ကစားတဲ့အခါ အချိန်အကြာကြီး မကစားဖို့လည်း မှာလိုက်ပါတယ်။ အဲဒီလိုမှာတဲ့အခါ အမေ့ကို မေးဖူးပါတယ်။

"ကျွန်တော့်ကို ဘာလို့ အကြာကြီး မကစားခိုင်းတာလဲ"

လို့ပေါ့။ အဲဒီအချိန်မှာ အမေက ပြောပါတယ်။ "စာကျက်နေတာက ပိုပြီးတန်ဖိုးရှိတာပေါ့ သားရယ်"လို့ ပြောပါတယ်။ ကျွန်တော် စာကျက်နေတဲ့အခါ အမေက စားစရာတွေ ပို့ကျွေးတယ်။ စာကျက်ရတာ ပိုပြီးခာတယ်တဲ့။ အမေဟာ ကျွန်တော့်အတွက် စာအုပ်တွေ ကြိုတင်ပြီးတော့ ဝယ်ယူစုဆောင်းထားတယ်။

အဖေ့ကိုလည်း မှာတယ်။ ကျွန်တော့် ဖတ်စာအုပ်တွေ ဝယ်လာပါတဲ့။ ဘာလို့ ကြိုစုခိုင်းနေရတာလဲ။ ကျွန်တော်ကစာဖတ်မှာမို့လားဆိုပြီး အဖေက စောဒက တက်ခဲ့ပါတယ်။ အမေက ကျွန်တော့်အကြောင်း သိပါတယ်။ စာအုပ်သာ ဝယ်လာဖို့မှာပါတယ်။ အဖေလည်း မပြောသာတော့ ဝယ်လာခဲ့ပါတယ်။

အမေက အလွန်တော်တယ်၊ အနာဂတ်ကို ကြိုမြင်သူတစ်ယောက်ပါ။ အနာဂတ်လူတော်တစ်ယောက် ဖြစ်ဖို့ကို ငယ်ငယ်လေးတည်းက သင်ကြားပေးတယ်လို့ ထင်ပါတယ်။

အဖေဟာ အိမ်မှာ အမြဲမရှိပါဘူး။ မှတ်မိသလောက်ပြောရရင် အမြဲလိုအလုပ်ထဲမှာသာ အချိန်ကုန်နေပါတယ်။ ကျွန်တော်ဟာ အမေ့အနားမှာ အမြဲရှိနေပါတယ်။ ကျွန်တော့်ရဲ့ပညာရေး၊ ကျန်းမာရေးများကို အမေကသာ အနီးကပ် တာဝန်ယူနေတာပါ။

အမေဟာ ကျွန်တော် စာဖတ်ချင်လာအောင် အမြဲတမ်း ပြောပြပါတယ်။ စာတတ်များရဲ့အကြောင်း၊ စာတတ်ဟာ ဘယ်လောက်ကောင်းတယ်ဆိုတဲ့အကြောင်း။ စာတတ်ရင် အများနဲ့ သာတယ်ဆိုတဲ့အကြောင်း။ စာတတ်တဲ့သူဟာ ပြောဆိုနေထိုင်မှုက အစ အခြားလူတွေနဲ့ သာလွန်တယ်ဆိုတဲ့ အကြောင်းများကို ပြောပြပါတယ်။

အဲဒီလိုပဲ စာမတတ်တဲ့သူဟာ သူများ ဘာလုပ်လုပ် ခံရတယ်ဆိုတဲ့အကြောင်း။ လမ်းမှာ စာရေးထားရင်တောင် မဖတ်နိုင်လို့ သူများကို မေးရတယ်ဆိုတဲ့အကြောင်း ဥပမာတွေနဲ့ရှင်းပြပါတယ်။

အမေက အဲဒီလို ပြောလာတော့ ကျွန်တော် စာတတ်ချင်လာတယ်။ စာတတ်မှ ကျွန်တော့်ဘဝ ကောင်းစားမယ်လို့ ထင်လာတယ်။ အဲဒီလိုပဲ တခြားသူတွေကိုလည်း ကျွန်တော့်လို စာတတ်တဲ့သူတွေဖြစ်အောင် တိုက်တွန်းမယ်လို့ ဆုံးဖြတ်ပါတယ်။

အဲဒါနဲ့ ကျွန်တော်ဟာ ကျောင်းက ပြန်လာတာနဲ့ စာကို ရအောင်ကျက်တယ်။ အခြားစာတွေကိုပါ ကြိုကျက်ထားတယ်။ စာမတတ်သူတွေရဲ့ဘဝဟာ ဘယ်လောက်ဆိုးတယ်ဆိုတာ အမေပြောလို့ သိထားတယ်။ အဲဒီအတွက် ကျွန်တော် အရင်တုန်းကထက် ပိုကြိုးစားတယ်၊ အားလုံးထက် သာစေရမယ်လို့ ဆုံးဖြတ်ထားတယ်။

စာကြိုးစားတဲ့ ကျွန်တော့်ကိုတွေ့တော့ အမေ ပျော်ရွှင်ပါတယ်။ ကျေနပ်နေပါတယ်။ ကျွန်တော် အပြင်သွားတဲ့အခါ

စာအုပ်လေးတစ်အုပ် ယူသွားရင် အမေ့မျက်နှာက ပြုံးရွှင်နေပါတယ်။

ကျွန်တော် ဘွဲ့ရတော့ အမေ ပျော်ရွှင်နေပါတယ်။ ဒါပေမဲ့ အမေရဲ့ပျော်ရွှင်မှုမှာ တစ်ခုခု လိုအပ်နေတယ်လို့ အမေ ထင်နေပါတယ်။ "ငါ့သား ဘွဲ့လေးတစ်ခုတော့ ရပြီပေါ့"လို့ ပြောပါတယ်။ အမေ့စကားက ကျွန်တော့်ကို မပျော်ရွှင်ပေ။ ကျွန်တော့်စိတ်ထဲမှာ အမေပျော်ရွှင်လိမ့်မယ်လို့ ထင်ခဲ့တာ။

တကယ်တော့ ကျွန်တော်ဟာ သူများတွေနဲ့ မတူပါဘူး။ ဘွဲ့လိုချင်လို့သာ ကြိုးစားရတာ ခက်ခဲမှုများစွာ ရှိခဲ့ပါတယ်။ ကျွန်တော် အဲဒီအခက်အခဲကို ကျော်နိုင်ခဲ့ပေမယ့် အမေ မကျေနပ်တာကိုသိတဲ့အတွက် ကျောင်းဆက်တက်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

အဲဒီအတွက် ကျွန်တော် ကျောင်းဆက်တက်တော့ ဥပဒေဘာသာရပ်နဲ့ ဒေါက်တာဘွဲ့ ရလိုက်တယ်။ အဲဒီအခါကျမှ အမေ့ရဲ့အပျော်က ဘာနဲ့မှမတူ ထူးခြားနေပါတယ်။ တွေ့သူတွေကိုလည်း ကျေကျေနပ်နပ် ပြောနေပါတယ်။

"ငါ့သား ဘွဲ့ရပညာတတ်ကြီး တကယ်ဖြစ်သွားပြီ"တဲ့။ အမေက အဲဒီလို ပြောပါတယ်။ အမေပြောမှ ကျွန်တော် အံ့သြမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ရင်ထဲက ဆန္ဒနဲ့ အမေ့ဆန္ဒ မတူလို့ပါပဲ။

ဘယ်လိုပဲဖြစ်စေ ကျွန်တော် အမေ့ကို ကျေးဇူးတင်ပါတယ်။ အမေရဲ့ဆန္ဒကြောင့် ကျွန်တော် အားလုံးရဲ့အလယ်မှာ

ဒေါက်တာဘွဲ့ရတဲ့ ပညာတတ်ကြီးတစ်ယောက် ဖြစ်နေပါပြီ။ အဲဒီဘွဲ့ကြောင့်ပဲ ကျွန်တော် နေရာကောင်းတွေကို ပိုင်ဆိုင်နေရပါတယ်။

အဲဒါကြောင့် အမေ့ကို အရမ်းကျေးဇူးတင်ပါတယ်။ အမေ့ကို ကျေးဇူးဆပ်တဲ့ အနေနဲ့ အမေ့ကို ကိုယ်တိုင်ပြုစုပါတယ်။ အမေ့ရဲ့ကျန်းမာရေးကိုလည်း ဂရုစိုက်ပါတယ်။ မနက်စောစော အမေ လမ်းလျှောက်ရင် အမေနဲ့အတူ လမ်းလျှောက်ပါတယ်။

အဲဒီအတွက် ကျွန်တော့်ကို တားမြစ်မယ့်လူ မရှိ။ ကျွန်တော့်ရဲ့ဇနီးကလည်း ဘာမှမပြော၊ လိုအပ်တာတွေ အကုန်လုပ်ပေးပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် အခုလိုဖြစ်တာ အမေ့ရဲ့ပံ့ပိုးမှုတွေ များစွာရှိခဲ့ပါတယ်။

❐

# (၂၀)

## ဒုတိယမြို့တော်ဝန်ဘဝနဲ့ ရှိ

"သားဟာ အများနဲ့မတူတဲ့ လူပဲ။ အဲဒီအတွက် လောင်းရိပ်အောက်မှာ မနေနဲ့၊ နေပြီးရင်လည်း ထွက်လိုက်ပါ သားရယ်"

အမေ ပြောပါတယ်။ အမေ ဘာရည်ရွယ်ချက်တွေနဲ့ ပြောတယ်ဆိုတာ ကျွန်တော် အစက သဘောမပေါက်တာ အမှန်ပါ။ ကျွန်တော် တရုတ်ဗဟိုအစိုးရ နိုင်ငံတော်ကာကွယ်ရေးဝန်ကြီး။ ဒုတိယဝန်ကြီးချုပ် ကင်မြောင်းထံမှ ရာထူးကနေ နုတ်ထွက်လိုက်တယ်။ အကြောင်းမှာ ကျွန်တော် ဒုတိယဝန်ကြီးချုပ်အနားမှာ ကိုယ်ရေးအရာရှိအဖြစ် သုံးနှစ်ကြာ လုပ်ကိုင်ခဲ့ပါတယ်။

ကျွန်တော် ကိုယ်ရေးအရာရှိရာထူးကို စွန့်လွှတ်ပြီးနောက် ဝမ်းသာစရာ သတင်းက ရောက်ရှိလာပါတယ်။ ကျွန်တော့်ကို အထက်က ဟော်ပေပြည်နယ်၊ ပါတီကော်မတီဝင် ဒုတိယအတွင်း

ရေးမှူးတာဝန်ကို ထမ်းဆောင်စေခဲ့ပါတယ်။ ဒါဟာ အနာဂတ်အတွက် မျှော်လင့်ချက်တွေ ဖြစ်ပေါ်လာတာပါ။

အဲဒီအတွက် ပြည်နယ်က ဒေသခံတွေအတွက် အကျိုးပြုတာတွေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ အဖေနဲ့ အမေကလည်း ဒေသခံတွေရဲ့ အကျိုးကို လုပ်ဆောင်ဖို့ကို မှာပါတယ်။

အဖေနဲ့ အမေဆိုတော့ ကျွန်တော့်ကို မိန်းမ,မရှိဘူးလားလို့မေးကြမှာပါ။ အဲဒီအချိန်က ကျွန်တော့်မှာ မိန်းမအမှန်တကယ် မရှိပါဘူး။ အိမ်ထောင်မပြုရသေးဘူးပေါ့။ ကျွန်တော်ဟာ ကျောင်းမပြီးခင်ကရော ကျောင်းပြီးမှပါ အိမ်ထောင်ပြုဖို့ အချိန်မရခဲ့ပါဘူး။ ကျောင်းတက်တုန်းက ရည်းစားထားပြီး ယူလိုက်ပါလားလို့ ပြောသူများ ရှိပါတယ်။ သူတို့ပြောတာ လွယ်လိုက်တာလို့ စဉ်းစားမိသေးတယ်။

အဖေနဲ့အမေ အားငယ်နေချိန်မှာ ဒီလိုလုပ်တဲ့ သားသမီးကရှားပါလိမ့်မယ်။ မိဘတွေက သားသမီးအပေါ်မှာ အမြဲကောင်းနေတာ၊ သားသမီးတွေက ဒီလောက်တော့ ကောင်းရမှာပေါ့။ ဒါဟာ ကျွန်တော့်ရဲ့ အကျင့်ပါ။ အခြားလူတွေလည်း ကျွန်တော့်လို ရှိမယ်လို့ ထင်ပါတယ်။

ကျွန်တော်ဟာ ဟော်ပေပြည်နယ်ရဲ့ ပါတီကော်မတီဝင် ဒုတိယအတွင်းရေးမှူး ဖြစ်ပေမယ့် ပြည်နယ်သူ ပြည်နယ်သားများရဲ့ ကောင်းကျိုးကို လုပ်ဆောင်တဲ့အတွက် အားလုံးက ကျွန်တော့်ကို လေးစားလာကြတယ်။ ကျွန်တော်ကလည်း ကိုယ့်မိသားစုလို သဘောထားပြီး ဆောင်ရွက်ပေးပါတယ်။

အားလုံးအဆင်ပြေရင် ကျွန်တော် ကျေနပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ပေါက်ပြားကိုင်ပြီး လယ်သမားတွေနဲ့အတူ လယ်ထဲ ဆင်းလိုက်လို့ပါပဲ။

ကျွန်တော်ဟာ ဟော်ပေပြည်နယ်မှာ ၁၉၈၂ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီနောက် (Fujian) ဖူကျင့်ပြည်နယ်၊ (Amoy) ခေါ် (Xiamen)ရှမိန်းမြို့ရဲ့ ဒုတိယမြို့တော်ဝန်နဲ့ ပါတီကော်မတီတာဝန်ကိုပါ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါတယ်။

အမှန်တော့ ကျွန်တော်ဟာ တာဝန်တစ်ခုထဲကို ဦးတည်ပြီး ထမ်းဆောင်ချင်သူပါ။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ တာဝန်နှစ်ခု နှစ်ခု ပေးလေ့ရှိပါတယ်။ ပေးအပ်တဲ့ တာဝန် ဘယ်တာဝန်ကိုမဆို အစွမ်းကုန် လုပ်ဆောင်ဖို့ အဖေ မှာ ါတယ်။ အဲဒီအတွက် ကျွန်တော် တာဝန်ကျေအောင် လုပ်ဆောင်မှာပါ။

ရှမိန်မြို့တော်ရဲ့ ဒုတိယမြို့တော်ဝန် တာဝန်ထမ်းဆောင်နေချိန်မှာ မြို့တော် ရှမိန်ရဲ့ မြို့တော်တာဝန်တွေ ထမ်းဆောင်ရချိန်မှာ ပေးအပ်ထားတဲ့ တာဝန်ထက်ပိုပြီး လုပ်ဆောင်နေပါတယ်။ အဲဒီအတွက် ကျေးဇူးတင်မှုတွေက များလွန်းပါတယ်။

ဘာကြောင့် ကျွန်တော် အဲဒီလောက် လုပ်ကိုင်သလဲဆိုတော့ ကျွန်တော့်အသက်က ၃၀ ကျော်လောက်ပဲ ရှိပါသေးတယ်။ ငယ်သေးတာပေါ့။ အလုပ်လုပ်ရတဲ့ အရွယ်နဲ့ ပြည်နယ်တစ်ခုရဲ့ ဒုတိယမြို့တော်ဝန်တာဝန် ယူရတာ ကြီးလေးလွန်းလှပါတယ်။

ဒုတိယမြို့တော်ဝန်ရာထူး တိုးပေးလိုက်တော့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။

ဒါပေမဲ့ မပျော်ရွှင်သူက အမေပါ။ အသက်အရွယ်နဲ့ တာဝန်က မျှတရဲ့လား၊ ငယ်ရွယ်တဲ့ အရွယ်လေးနဲ့ ဒီတာဝန်ကို ပေးရလားပေါ့။ အမေ စိုးရိမ်ပြီး မပျော်မရွှင် ဖြစ်ရတာက ပထမဆုံး မဟုတ်။

နိုင်ငံတော်ကာကွယ်ရေးဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ် ကင်မြောင် (Geng Bizo)ရဲ့ ကိုယ်ရေးအရာရှိတာဝန်ယူတုန်း ပထမ။ ဟော်ပေပြည်နယ် ပါတီကော်မတီဝင် ဒုတိယအတွင်းရေးမှူး လုပ်တုန်းက ဒုတိယ။ စိုးရိမ်ခဲ့ပါတယ်။

မိဘတိုင်းဟာ ကိုယ့်ရဲ့သားသမီး ရာထူးကြီးကြီးရရင် ပျော်ရွှင်ကျေနပ်ကြတာ အမှန်ပါ။

အခု ကျွန်တော့်အမေမှာတော့ အဲဒီလိုမဟုတ် စိုးရိမ်နေပါတယ်။ ဒီရာထူးကို လက်မခံနဲ့လို့တော့ မတားမပါဘူး၊ သားအတွက် အတွေ့အကြုံရတာပေါ့၊ အစစအရာရာ သတိနဲ့လုပ်ကိုင်နေထိုင်ဖို့ပဲ ပြောပါတယ်။

အသက်ကလည်းငယ်၊ အိမ်ထောင်ကလည်း မရှိဆိုတော့ အနီးကပ်ပြီး ဘယ်သူတွေက ထိန်းချုပ်ပေးနိုင်မလဲဆိုတဲ့ အတွေးအမေ့ခေါင်းထဲမှာ ရှိနေပါတယ်။ ကျွန်တော်သာ တာဝန်ကို သေချာမထမ်းဆောင်နိုင်ရင် မိသားစုဘဝ ဘယ်လိုမှ အဖတ်ဆယ်မရသလို ကျွန်တော့်ရဲ့တက်လမ်းတွေလည်း ရပ်တန့်သွားမှာပဲလို့ထင်နေပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အမေဟာ လေးမှန်ဖူးတဲ့ စာသူငယ်လို ဖြစ်နေပါတယ်။ "နိုင်ငံရေးဆိုတာ ရိုးရှင်းသလိုနဲ့ အလွန်ရှုပ်ထွေးလွန်းပါတယ်။ တစ်ချက်မှားသွားရင် ဘာမှလုပ်လို့ မရအောင် ဖြစ်ခဲ့ရပါတယ်။

အမေ ကျွန်တော့်ကို အမိက မှာနေတာက ဘယ်အရာမဆို လွယ်လွယ်နဲ့ ဆုံးဖြတ်ချက် မချလိုက်ပါနဲ့လို့ပဲ မှာတယ်။ အဲဒီလိုပါပဲ ကိုယ့်အတွက်နဲ့ တခြားသူ ဒုက္ခရောက်တာ မဖြစ်ပါစေနဲ့လို့လည်း မှာသေးတယ်။ အမေမှာတာတွေက ကျွန်တော့်ကို စိုးရိမ်လို့ မှာတာပဲ ဖြစ်ပါတယ်။

အမေ့ရဲ့စိုးရိမ်မှုကို ကျွန်တော် သဘောပေါက်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော့် အဖေကြောင့်။ အဖေဟာ တိုက်ပွဲဝင်သူတစ်ယောက် ဖြစ်ပါတယ်။ လက်အောက်မှာလည်း ငယ်သားတွေ အများအပြားရှိပါတယ်။

နောက်ပြီးတော့ အဲဒါထက် ပိုများတဲ့ နိုင်ငံတော်ရဲ့တာဝန်ကို ထမ်းဆောင်ရတော့ ပိုပြီးတာဝန်ကြီးတာပေါ့။ ဒီနေရာမှာ ပြောစရာက စိတ်သဘောထားတွေ မတိုက်ဆိုင်တာပဲ။ အဖေကလည်း သူ့ရဲ့လုပ်ရပ်က မှန်တယ်။ တစ်ဖက်ကလည်း မှန်တယ်ပေါ့။ အဲဒီမှာပဲဗျာ သူက အနိုင်ရသွားတာပေါ့။

အဖေဟာ သူ့လုပ်ရပ်က မှန်တယ်လို့ပဲ ပြောနေတုန်းပါပဲ။ ဘယ်သူ မှန်တယ် မှားတယ်ဆို ကျွန်တော် အခုချိန်ထိ မစဉ်းစားသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ရင်ထဲမှာ ဒါ

လုပ်လိုက်ရင် ပြည်သူတွေ ဘယ်လောက် အကျိုးရှိလဲ တွေးပြီး လုပ်လိုက်ကြတာပေါ့။

ဆိုးတာက နောက်လိုက်တွေပဲ ဖြစ်ပါတယ်။ အခု မြို့တော်ဝန်ပေါက်စလေး ကျွန်တော်က တာဝန်ယူထားတဲ့ မြို့တော်ကို ဘယ်လိုသာယာလှပအောင် လုပ်ဆောင်ရမလဲဆိုတာ လေ့လာရပါတော့တယ်။

မြို့တော်ဝန်ဆိုတာ မြို့တော်ရဲ့ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းနိုင်ဖို့ပါပဲ။ ကျွန်တော်က ဒုတိယမြို့တော်ဝန် ဆိုတော့ မြို့တော်ဝန်လောက် တာဝန်မကြီးဘူးထင်ပေမယ့် မြို့တော်အတွက် နှစ်ယောက်လုံးမှာ တာဝန်ရှိပါတယ်။

ဒီနေရာမှာ သူ့တာဝန် ငါ့တာဝန် ဆိုပြီးတော့ ခွဲလို့မရပါဘူး။ အတူလုပ်ဆောင်ရမှာပါ။ ရှင်းရှင်းပြောရရင် မြို့တော်သာယာလှပဖို့အတွက် စိတ်တူ ကိုယ်တူ လုပ်ဆောင်ဖို့က အရေးကြီးနေပါတယ်။

ဒုတိယမြို့တော်ဝန်ဆိုတော့ လုပ်စရာ(အဓိက)က မြို့တော်သန့်ရှင်းသပ်ရပ်ပြီး သာယာလှပဖို့ပဲ ဖြစ်ပါတယ်။

မြို့တော်မှာ နေထိုင်သူများ အဆင့်မြင့်မြင့် နေနိုင်စားနိုင်ရေးလည်း ပါဝင်တယ်။ အသွားအလာ ခက်ခဲမှုမရှိအောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ အထက်က ဖော်ပြခဲ့တဲ့အတိုင်း လုပ်ဆောင်ပါတယ်။ အဲဒီအတွက် မြို့တော်သာယာလှပရေးအတွက် ပန်းပင်များ စနစ်တကျ စိုက်ပျိုးစေပါတယ်။

စိုက်ပျိုးတဲ့ ပန်းများဟာ မြင်ရသူတွေရဲ့ စိတ်တွေ လန်းဆန်းစေပါတယ်။

ပြည်သူများ သွားလာရေး အဆင်ပြေရန် အနှောင့်အယှက်များကို ဖယ်ထားတယ်။ ရန်ပြုစေတာတွေကိုလည်း ဖယ်ထားတယ်။ ရပ်ကွက်တိုင်း လမ်းတိုင်း သေသပ်ပြီး စိတ်ချမ်းသာအောင် ပြုလုပ်ပေးထားတယ်။

အမြင်မလှတဲ့ အိမ် တိုက်တွေကို အမြင်လှအောင် လုပ်ဆောင်ပေးထားတယ်။ ကျွန်တော်က အဲဒီလို လုပ်လိုက်တော့ ဖူကျင့်ပြည်နယ် (ခေါ်) ရှမိန်မြို့တော်က သာယာလှပလာတယ်။ မြို့တော်ကို လာရောက်သူတိုင်း စိတ်ချမ်းသာ ကျေနပ်နေကြပါတယ်။

ကျွန်တော်ဟာ မြို့တော်မှာရှိတဲ့ ဝန်ထမ်းတွေကိုလည်း ကြပ်မတ်ပြီး တာဝန်ပေးထားတယ်။ အဲဒီလိုပဲ ကျွန်တော်က မြို့တော်တွင် နေထိုင်သူများကိုလည်း တွေ့ဆုံတယ်၊ ဆွေးနွေးတယ်၊ အကြံများ ပေးသလိုနဲ့ အလုပ်တာဝန်တွေကို ပေးလိုက်ပါတယ်။

ကျွန်တော်ပေးလိုက်တဲ့ တာဝန်က တခြားမဟုတ်၊ မြို့တော်မှာ နေထိုင်သူများအနေနဲ့ မိမိတို့ရဲ့နေအိမ်ခြံဝင်းနဲ့ ပတ်ဝန်းကျင်များကိုသာ သန့်ရှင်းသာယာလှပအောင် လုပ်ဆောင်ခြင်းဖြစ်ပါတယ်။

အဲဒီလိုလုပ်ဆောင်ကြတော့ မြို့တော်သာယာလှပလာပါတယ်။

တရုတ်နိုင်ငံရဲ့ မြို့နယ်တွေထဲမှာ ထိုမြို့တော်ကလည်း လှပလာပါတယ်လို့ ချီးကျူးစကားများ ပြောကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အထက်ကပေးလာတဲ့ တာဝန်တွေကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါဦးမယ်။

○

# (၂၁)

# ရှီ အိမ်ထောင်ပြုပြီ

ကျွန်တော်ဟာ ရာထူးကြီးတွေကို ထမ်းဆောင်လာတဲ့ အချိန်မှာ အမေကလည်း အသက်ကြီးလာပြီ။ ကျွန်တော့်ကို သေချာဂရုမစိုက်နိုင်တော့ပေ။ ကျန်းမာရေးကိုသာ ဦးစားပေးနေ ရတယ်။ အဲဒီအချိန်မှာ အမေက ကျွန်တော့်ကို ပြောလာပါတယ်။ အဲဒါက တခြားမဟုတ်၊ အိမ်ထောင်ပြုဖို့ ဖြစ်ပါတယ်။

ကျွန်တော့်အသက်ကလည်း မငယ်တော့ဘူး၊ အိမ်ထောင် ပြုဖို့ အရွယ်တောင် လွန်နေပြီ။ အဲဒါကြောင့် အမေက ကျွန် တော့်ကို အိမ်ထောင်ပြုဖို့ တိုက်တွန်းနေပါတယ်။ ဒါမှ ကျွန်တော် ရဲ့နောင်ရေး အေးသလို ပြုစုမယ့်သူလည်း ရှိလာမှာ။

အမေက ကျွန်တော် ပြောင်းရွှေ့ရာကို သိပ်မလိုက်နိုင်ဘူး။ လိုက်ခဲ့ရင်လည်း သိပ်မလုပ်နိုင်တော့ဘူး။ ကျွန်တော်ကလည်း

အမေ့ကို သနားပါတယ်။ အလုပ်တွေ ရှုပ်နေတာနဲ့ ချစ်သူရှာဖို့ ခက်နေပါတယ်။ တကယ်တော့ အမေပြောတာ မှန်ပါတယ်။ ကျွန်တော်ဟာ အိမ်ထောင်ပြုသင့်နေပါပြီ။

အမေက စိတ်သွားရာ ကိုယ်မပါသလို အမေ့ရဲ့ပြုစုမှုကို ခံနေရဖို့လည်း ရေရှည်အဆင်မပြေတော့ဘူး။ ကျွန်တော် စားဖို့ သောက်ဖို့ ဝတ်ဖို့ကအစ ဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော် အိမ်ထောင်ပြုဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူက ကျွန်တော့်ဘဝရဲ့ အသင့်တော်ဆုံးနဲ့ ကျွန်တော် အချစ်ဆုံးပါ။ သူဟာ ကျွန်တော့်ဘဝအတွက် အရေးပါသူ တစ်ယောက် ဖြစ်ပါတယ်။ သူ့ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူက တခြားလူ မဟုတ်၊ ကျွန်တော့်အကြိုက် တေးသံရှင်တစ်ယောက် ဖြစ်ပါတယ်။ သူ့သီချင်းကို ကျွန်တော် အရမ်းကြိုက်နှစ်သက်ပါတယ်။ ကျွန်တော်ကြိုက်တဲ့ အသံပိုင်ရှင်ကို ကျွန်တော် အပိုင်ရတော့မှာ ဖြစ်ပါတယ်။ သူက ကျေးလက်တေးဂီတအဆိုတော်။ နိုင်ငံကျော် အနုပညာရှင် (Peng Liyuan) ဖုလီယွမ် ဖြစ်ပါတယ်။

အလွန်ချောမောလှပသူ တစ်ယောက်ပါ။ အမေ့ကို သူနဲ့ လက်ထပ်မယ်ပြောတော့ အမေက အပြည့်အဝ ထောက်ခံတယ်။ အနုပညာဆိုတော့ စိတ်ဓာတ်ကပါ နူးညံ့လိမ့်မယ်လို့ အမေက သတ်မှတ်ထားပါတယ်။ အဲဒီအတွက် ကျွန်တော့်ကို အမြန်ဆုံး အိမ်ထောင်ပြုဖို့ တိုက်တွန်းလာပါတယ်။

ကျွန်တော်ဟာ လက်ထပ်ခွင့်တောင်းပါတယ်။ ကျွန်တော့်ရဲ့ တောင်းဆိုမှုတွေကို လက်ခံပါတယ်။ အခြားဆွေးနွေးတာတွေကိုတော့ ကျွန်တော် ဆက်မပြောတော့ပါဘူး။ အဲဒီလိုနဲ့ ၁၉၈၇ ခုနှစ်မှာ ကျွန်တော်နဲ့ ပုန်လီယွမ်တို့ လက်ထပ်ခဲ့ကြပါတယ်။

ပျော်ရွှင်စရာအိမ်ထောင်ရေး ဖြစ်မယ်လို့ အမေက ပြောပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ငယ်ငယ်ရွယ်ရွယ်မှ မဟုတ်ကြတော့တာ ကောင်းကောင်းစဉ်းစားတတ်ကြပါတယ်။ တစ်ယောက်အပေါ်တစ်ယောက်က နားလည်နိုင်မယ်လို့ ထင်နေကြပါတယ်။ တကယ်လည်း ကျွန်တော့်အပေါ်မှာ နားလည်ပါတယ်။

လက်ထပ်ကြတုန်းက ကျွန်တော်က ဒုတိယမြို့တော်ဝန် ဖြစ်နေပြီလေ။ မြို့တော်ဝန်ရဲ့ မင်္ဂလာပွဲဆိုတော့ သိတဲ့အတိုင်းပဲလေ။

ဖိတ်ကြားထားသူအားလုံး တက်ရောက်ကြတယ်။ စည်စည်ကားကား ကျင်းပနိုင်ခဲ့ပါတယ်။

ညှော်ခံပွဲက စည်ကားပေမယ့် ပွဲပြီးတဲ့အခါ အလုပ်တာဝန်က ရှိနေပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် အိမ်ထောင်ပြုတာက သောက သိပ်မရှိပါဘူး။ အားလုံး အဆင်ပြေပါတယ်။

အမေကလည်း သူ့ကို ချစ်ပါတယ်။ သူကလည်း အမေ့ကို ချစ်ပါတယ်။ သူတို့တွေ အဆင်ပြေရင် ကျွန်တော် အလုပ်လုပ်ရတာ စိတ်အေးရတာပေါ့။ အမေ့အတွက်လည်း အဖော်ရတယ်။ ကျွန်တော့်အတွက်လည်း အဆင်ပြေပါတယ်။

အဲဒီနေ့ကစပြီး အမေဟာ ကျွန်တော့်ကို မိန်းမယူပါဆိုတဲ့ အကြောင်း မပြောတော့ဘူး။ ကျွန်တော်ကလည်း စိတ်အေးချမ်းသာစွာနဲ့ အလုပ်တွေကို လုပ်နိုင်ပါတယ်။ အလုပ်ကလွဲရင် ဘာမှ စိုးရိမ်စရာ မရှိအောင် အေးချမ်းနေပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ အိမ်ထောင်ရေးကတော့ သာယာလှပပါတယ်။ အလားတူ ပေးအပ်တဲ့ တာဝန်တွေကလည်း များလွန်းပါတယ်။ ကျွန်တော်ဟာ မိသားစုနဲ့အတူ ပြည်နယ်တွေကို အမြဲတမ်း ပြောင်းရွှေ့နေရပါတယ်။ သူလည်း မညည်းမညူ လိုက်ပါနေပါတော့တယ်။

ကျွန်တော်ကလည်း ဇနီးကို သွားလေရာ ခေါ်သွားရတာကို ဘဝင်မကျပါဘူး။ သူတို့ကို အားနာပါတယ်။ ဇနီးမောင်နှံဖြစ်ပြီဆိုတော့ သူတို့ကလည်း လိုက်ချင်မှာပါ။ အကြောင်းက ကျွန်တော့် စိုးရိမ်နေပါတယ်။ အဲဒါဟာ အပြန်အလှန် မေတ္တာပဲလို့ ကျွန်တော် ထင်နေပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အလုပ်ပြီးရင် နေအိမ်ကို ပြန်ကြပါတယ်။ အစကတော့ အမေ့အိမ်ပေါ့။ နောက်တော့ ဇနီးရှိရာအိမ်ကိုပေါ့။

အဲဒီလို ပြန်တဲ့အခါ တာဝန်ကျရာနေရာနဲ့ အခြားနေရာမှာ ဇနီးနဲ့ သားသမီးတွေကိုထားရင် အားလုံးအတွက် အခက်အခဲများစွာ ရှိပါတယ်။ အဲဒါကြောင့် လိုက်ကြရခြင်း ဖြစ်ပါတယ်။ ကျွန်တော် ပုန်လီယွမ်ကို လက်ထပ်ယူတော့ အားလုံးက အံ့ဩကြတယ်။ ချီးကျူးကြတယ်။

ပုန်လိယွမ်တို့ပြည်နယ်က ကျွန်တော့်ကို ပိုပြီးသိသွားတယ်။ သူတို့ဒေသက နာမည်ကျော် တေးသံရှင်ကို ကျွန်တော်က လက်ထပ်ယူတယ်ဆိုတဲ့ အတွက်ကြောင့်ပါ။ အဲဒီဒေသကလည်း ကျွန်တော့်ကို ပိုပြီးအားပေးထောက်ခံကြတယ်လို့ ထင်မိပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အိမ်ထောင်သည်ဖြစ်ပေမယ့် အထက်ကပေးအပ်တဲ့ တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ပါတယ်။

ကိုယ်တာဝန်ယူရတဲ့ဒေသ ပြည်နယ်များကိုလည်း ကိုယ့်မိသားစုလို သဘောထားပြီး ကြိုးစားနေပါတယ်။ ထောက်ပံ့ပါတယ်။ ကူညီတယ်။ အခက်အခဲတစ်ခု ရှိလာတာက လူမျိုးနဲ့ အိမ်ထောင်သည်ဘဝပဲ။ အဲဒီတစ်ခုက ချုပ်ထိန်းထားသလိုပဲ။ တစ်ခါတစ်ရံ မိသားစုကို ဦးစားပေးလိုက်လို့ ပြည်သူအတွက် လစ်ဟင်းသွားသလိုပဲ ခံစားရတယ်။

တစ်ခါတစ်ရံ ပြည်သူအတွက် ဦးစားပေးလို့ မိသားစုအရေး လစ်ဟင်းသွားတာ ရှိပါတယ်။ ဒါကို ကျွန်တော် မသိလိုက်ပါဘူး၊ ဇနီးကလည်း မပြောပါဘူး။ အမေက ပြောတာပါ။ တစ်ခါတစ်ရံ အောက်လက်ငယ်သားတွေက သတိပေးပါတယ်။ အဲဒီထဲမှာ အမေပြောတာက စိတ်သောကရောက်စရာ ပိုပြီးများပါတယ်။

"ငါတို့ မင်းအဖေတို့လည်း တိုက်ပွဲဝင်ခဲ့ကြတာပဲ။ အဲဒီလောက် မဆိုးဘူး။ မင်းက ပိုဆိုးနေတယ်။ အလုပ်ရှုပ်လို့သွားတာကို လက်ခံပါတယ်။ ကျန်နေခဲ့တာက တစ်ယောက်တည်း။

ဘယ်လောက် အားငယ်နေမလဲ။ သူ့ဒေသဆိုရင်လည်း တော်သေးတယ်။ ပြီးတော့ မင်းလိုပဲ နိုင်ငံကျော်အဆိုတော် တစ်ယောက်ပဲ။ အဲဒါကိုတော့ မင်းသိထားဖို့ လိုတယ်။

အမေက ဒေါသနဲ့ မပြောပေမယ့် ဒေါသထွက်တာထက် ပိုဆိုးပါတယ်။ တကယ်တော့ အမေဟာ လီယွမ်ကို သိပ်ချစ်ပါတယ်။ သမီးအရင်းတစ်ယောက်လိုပါပဲ။ လီယွမ်ကလည်း အမေအရင်းလို ချစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ လုပ်စရာရှိတာကို ဆက်လုပ်ရမှာပဲ။

တကယ်ဆိုရင် ကျွန်တော် အိမ်ထောင်ပြုတာကို ရှေ့ပိုင်းမှာတင်ပြဖို့ စိတ်ကူးခဲ့ပေမယ့် အလုပ်ကိစ္စတွေကြောင့် နောက်ပိုင်းမှာ ရေးရတာပါ။ ဒါတောင် ဒုတိယသမ္မတရာထူးရမှ ကြားဖြတ်တင်ပြရတာပါ။

တရုတ်နိုင်ငံတော်သမ္မတက ဟူကျင်တောင် ဖြစ်ပါတယ်။ သမ္မတ ဟူကျင်တောင်ကလည်း ကျွန်တော့်ရဲ့လုပ်ဆောင်ချက်တွေကို သဘောကျပါတယ်။ ကျွန်တော့်ကို လုပ်ပိုင်ခွင့်တွေ ပေးထားပါတယ်။

ပြည်နယ်တွေကတော့ ကျွန်တော် ဒုတိယသမ္မတ ဖြစ်လာတော့ ယခင်အတူတွဲပြီး အလုပ်လုပ်ခဲ့တဲ့သူတွေက ကြိုဆိုကြတယ်။ ချီးကျူးကြတယ်။ ပြည်နယ်က သူတွေက ထောက်ခံကြတယ်။

ပြည်နယ် အကြီးအကဲတုန်းကတောင် တိုးတက်အောင် လုပ်ဆောင်နိုင်သေးတာ သမ္မတဖြစ်ရင် ပိုပြီးတော့ လုပ်ဆောင်ပေးနိုင်မယ်လို့ သတ်မှတ်ကြပါတယ်။

တကယ်တော့ ကျွန်တော်ဟာ ဒုတိယသမ္မတရာထူး အပါ အဝင် ကွန်မြူနစ်ပါတီ ဗဟိုအထွေထွေအတွင်းရေးမှူး တာဝန် ကိုပါ ထမ်းဆောင်နေရပါတယ်။ အဲဒီတာဝန်များကို ၂၀၀၈ ခုနှစ် က စတင်တာဝန်ယူခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒါ မကသေး။ ၂၀၁၀ အရောက်မှာ နောက်ထပ်တာဝန်တစ်ခု တိုးလာပါတယ်။

❐

## (၂၂)

## သမ္မတ ရှီ

နိုင်ငံရေးခရီးဟာ ကျွန်တော့်အတွက် အလွန်ကို ရှည်ပါတယ်။ အဲဒါ ကျွန်တော် ထပ်ရှင်းပြစရာ လိုမယ်မထင်ဘူးလို့ ထင်ပါတယ်။ တကယ်တော့ ကျွန်တော်တို့နိုင်ငံရဲ့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ အဲဒီပေါ်လစီတွေက ခိုင်ခိုင်မာမာ ရှိထားပြီးသားတွေ ဖြစ်ပါတယ်။

ရှေ့က တာဝန်ရှိသူတွေရဲ့ ရေးဆွဲချက်တွေကို နောက်လူတွေက ပို၍ကောင်းအောင်သာ ပြုပြင်ကြတယ်။ အဲဒါကြောင့် တရုတ်နိုင်ငံဟာ အခြားအင်အားကြီး နိုင်ငံတွေလို ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်နေတာလို့ ထင်နေမိပါတယ်။

ကျွန်တော် ဒုတိယသမ္မတ၊ (CCP) တရုတ်ပြည်ကွန်မြူနစ်ပါတီဗဟို အထွေထွေအတွင်းရေးမှူးတာဝန်ကို ၂၀၀၈ ခုနှစ်က

စတင်ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလမှ (CCP)ဗဟိုစစ်ကော်မရှင်ရဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပါတယ်။ ဥက္ကဋ္ဌကတော့ သမ္မတဟူကျင်တောင် ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရတဲ့အတွက် နောက်ထပ်ကြီးလေးတဲ့ တာဝန်တွေကို ထမ်းဆောင်ရတော့မယ်ဟု ထင်မှတ်နေပါတယ်။ တာဝန်တွေ ဘယ်လောက်ကြီးကြီး ကျွန်တော့်အတွက်တော့ ပိုပြီးမထူးဆန်းတော့ပေ။

ကျွန်တော်ဟာ ငယ်ရွယ်တဲ့ အချိန်ကစပြီး တာဝန်တွေကို ထမ်းဆောင်လာခဲ့တာ အခု ကျွန်တော့်အသက်ကလည်း ငါးဆယ်ကျော်လာပြီ၊ ခြောက်ဆယ်ဝန်းကျင်ကို ရောက်လာပြီ။ အတွေ့အကြုံကလည်း များနေပြီ။

ပြည်နယ်အားလုံးမှာလည်း တာဝန်ထမ်းဆောင်ဖူးပါတယ်။ အဲဒီပြည်နယ်က မြို့များနဲ့ ကျေးရွာအားလုံးကိုပါ ရောက်ဖူးပါတယ်။ ဘယ်ဒေသက ဘယ်လိုဆိုတာ သိနေတဲ့အတွက် လုပ်ဆောင်ပေးရမယ့် အလုပ်တွေကိုလည်း သိနေပါတယ်။

တရုတ်ပြည် ဆက်လက်ဖွံ့ဖြိုးဖို့တာဝန် ကျွန်တော့်ခေါင်းပေါ် ရောက်လာပါတယ်။ ကျွန်တော်ကလည်း ပေးအပ်တဲ့တာဝန်တွေကို ကျေအောင်ထမ်းဆောင်ဖို့ ဆုံးဖြတ်ထားတယ်။

တရုတ်ပြည်အတွက် ကျွန်တော့်နာမည်ဟာ မွှေးနေစေရမှာပါ။ မွှေးအောင်လည်း လုပ်နေပါတယ်။ ပြည်သူကြား၊ နိုင်ငံရေးကြားမှာ ကျွန်တော်ဟာ ဘယ်တော့မှ နာမည်ဆိုးမကျန်ရစ်ရအောင် ကြိုးစားသွားမှာပါ။

အဲဒါ… ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကော်မရှင်က ရာထူးအဆင့်ဆင့်ကို ပေးလာခဲ့တာပါ။

တရုတ်ခေါင်းဆောင်တွေက သမ္မတအသစ် ရွေးချယ်တင်မြှောက်တော့မယ်လို့ ကြေညာပါတယ်။ သမ္မတ ဟူကျင်တောင်ကလည်း သူ အနားယူတော့မယ်လို့ ကြေညာလိုက်ပါတယ်။ သမ္မတက ၂၀၁၃ ခုနှစ်မှာ သမ္မတရာထူးကို စွန့်လွှတ်တော့မယ်လို့ ကြေညာလိုက်ပါတယ်။

ဟူကျင်တောင် နေရာကို အမွေဆက်ခံမယ့် သမ္မတလောင်းကို နိုင်ငံတော် ကော်မရှင်အဖွဲ့က ရွေးချယ်နေပါတယ်။ စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။ သမ္မတက ရွေးချယ်ရာမှာ အလွန်ခက်ခဲပါတယ်။ အခုမှ ဝင်လာတဲ့ ပါတီဝင်ကိုလည်း သမ္မတရာထူး ပေးလို့မရ။

သမ္မတ ရွေးချယ်ရာမှာ ပါတီဗဟို(CCP) အမြဲတမ်းကော်မတီဝင် ဖြစ်လို့လည်း မရသေးဘူး။ အဲဒီအထဲမှာ ပေါ်လစ်ဗျူရိုဝင် ကိုးဦးအဖြစ် ရွေးချယ်ခံထားရသူဖြစ်မှ ရွေးချယ်ရပါတယ်။ အဲဒီကိုးဦးကို ရွေးချယ်ရာမှာ ပါတီရော၊ နိုင်ငံတော်ပါ ပါဝင်ရွေးချယ်ရပါတယ်။

အဲဒီအတွက် ဘယ်သူဟာ သမ္မတ ဖြစ်မယ်ဆိုတာ ခန့်မှန်းရခက်လှပါတယ်။ လက်ရှိသမ္မတက ကြေညာလိုက်ပြီးနောက် ပါတီကော်မရှင်က ပါတီညီလာခံ ခေါ်ယူကြတယ်။ ပါတီထိပ်ပိုင်းခေါင်းဆောင်တွေလည်း တက်ရောက်ကြတယ်။

အဲဒီညီလာခံမှာ ပါတီကော်မရှင်အဖွဲ့က ကိုးဦးထဲမှ နှစ်ယောက်ကို ရွေးချယ်ကြတယ်။ တစ်ယောက်က ဒုတိယသမ္မတဖြစ်ပါတယ်။

အဲဒီလိုပါပဲ။ နောက်ထပ် ပေါ်လစ်ဗျူရိုအဖွဲ့ဝင် နှစ်ဦးကိုလည်း ရွေးချယ်တင်မြှောက်ကြပါတယ်။ အဲဒီညီလာခံကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်မှာ (CCP) (၁၈)ကြိမ်မြောက်ပါတီညီလာခံကို ကျင်းပခဲ့ပါတယ်။

အဲဒီကော်မရှင်က ကျွန်တော့်ကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်ပေမယ့် သမ္မတ မဖြစ်သေး။ ကော်မရှင်က ကျွန်တော့်ကို သမ္မတအဖြစ် ရွေးချယ်ကြောင်း နိုင်ငံတော်ကော်မရှင်ကို တစ်ဆင့် တင်ပြရပါတယ်။ အဲဒီကော်မရှင်က လက်ခံကြေညာမှ သမ္မတအဖြစ် တင်မြှောက်ရတာ ဖြစ်ပါတယ်။

(၁၈)ကြိမ်မြောက် ပါတီညီလာခံ ပါတီကော်မရှင်က ကျွန်တော့်ကို သမ္မတအဖြစ် ရွေးချယ်လိုက်တော့ ပျော်ရွှင်လိုက်တာအရမ်းပါပဲ။ ကျွန်တော့်ကို နှုတ်ဆက်ပြီး ချီးကျူးသူတွေလည်း များလှန်းပါတယ်။

ကျွန်တော်ဟာ သမ္မတ ဆိုတဲ့အတွက် ပြင်ဆင်စရာတွေကို ကြိုတင်ပြင်ဆင်နေပါတယ်။ တရုတ်နိုင်ငံကို ဘယ်လိုတိုးတက်ကောင်းမွန်အောင် လုပ်ရမလဲ။ အခြားနိုင်ငံတွေကို ဘယ်လိုပုံစံနဲ့ ဆက်ဆံရမလဲ။ ရှေ့က အုပ်ချုပ်သွားသူတွေထက် ပိုပြီးတိုးတက်ပြောင်းလဲအောင် ဘယ်လိုလုပ်ရမလဲဆိုတာ ပြင်ဆင်နေရပါတယ်။

နိဝင်ဘာလမှာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်တဲ့အတွက် ၂၀၁၃ ခုနှစ် မတ်လမှာ သမ္မတ အဖြစ် တာဝန်ယူရမှာဆိုတော့ ကြားငါးလ အချိန်ပဲရှိတယ်။ ငါးလဆိုတာ တကယ်တော့ သိပ်မကြာခဏလေးလို့ပဲ ထင်ရပါတယ်။

ကျွန်တော်ဟာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ပြီးတဲ့နောက် ဒုတိယသမ္မတအဖြစ် လုပ်လက်စအလုပ်များကို ပြီးပြတ်နိုင်သလောက် ဖြတ်နေရပါတယ်။

တစ်ခါတစ်ရံ သမ္မတအလုပ်ကိုလည်း ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ သမ္မတကလည်း နောက်သမ္မတကို တာဝန်လွှဲဖို့ ကြိုတင်ပြင်ဆင်ရသလို ပြီးပြတ်နိုင်တာတွေကိုလည်း ပြီးပြတ်အောင် လုပ်ဆောင်နေရပါတယ်။

ဒီလိုနဲ့ အချိန်တွေက ကုန်လွယ်လွန်းလှပါတယ်။ တစ်နေ့နဲ့တစ်နေ့ သိပ်ကြာကြာ မနေရဘူးလို့ ထင်နေမိပါတယ်။ လုပ်လက်စအလုပ်များကို လုပ်ဆောင်နေရင်းက ၂၀၁၃ ခုနှစ် မတ်လကို ရောက်ခဲ့လာပါတယ်။

အားလုံးကလည်း နိုင်ငံတော်ကော်မရှင်ရဲ့ ကြေညာချက်တွေကို စောင့်ဆိုင်းနေပါတယ်။ မတ်လ ၁၄ ရက်နေ့။ အဲဒီနေ့မှာပဲ နိုင်ငံတော်ကော်မရှင်က ကျွန်တော့်ကို နိုင်ငံတော်သမ္မတအဖြစ် ခန့်အပ်ကြောင်း ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။ နိုင်ငံပိုင်ရုပ်သံက ကြေညာတဲ့အတွက် ကမ္ဘာကိုပါ သိသွားစေပါတယ်။

ကျွန်တော့်ထံ ဝမ်းမြောက်ကြောင်း သတင်းလွှာများ ပေးပို့ကြပါတယ်။ ချီးကျူးကြပါတယ်။ ဂုဏ်ပြုကြပါတယ်။ ဖိတ်ခေါ်ကြပါတယ်။ ဘယ်လိုတွေ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် လုပ်ဆောင်ဖို့ တာဝန်တွေ ကျွန်တော့်ရဲ့ခေါင်းပေါ်ကို ရောက်လာပါတော့တယ်။

○

# (၂၃)

## ရှီကျင့်ဖျင်ရဲ့ စီးပွားရေးဗျူဟာ

ဖော်ပြခဲ့တဲ့ အကြောင်းအရာတွေဟာ တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ ဘဝမှတ်တမ်း အစိတ်အပိုင်းတွေပါ။ သူဟာ သမ္မတရာထူးကို အသက်(၆၀)ပြည့်ရန် သုံးလအလိုမှာ လက်ခံခဲ့ပါတယ်။ ကျန်တဲ့အချိန်မှာ သူက ဘာလုပ်နေသလဲဆိုတာ အကျယ်ချဲ့ဖော်ပြစရာ လိုမယ်မထင်တာတော့ အမှန်ပါ။

သမ္မတရာထူး မရမီအချိန်မှာ ဖြတ်သန်းရတဲ့ ဘဝတွေက ကြမ်းတမ်းလွန်းလှပါတယ်။

အဲဒါကြောင့် ကျွန်တော်က သမ္မတရှီကျင့်ဖျင်ကို ဂုဏ်ပြုတဲ့အနေနဲ့ **"ခရောင်းလမ်းက လာတဲ့သူ"**လို့။ ဟုတ်ပါတယ်။ သူဟာ သမ္မတရာထူးကို အလွယ်တကူ ရယူရတာ မဟုတ်ပါ။ ခက်ခဲကြမ်းတမ်းတဲ့ ခရီးလမ်းကို လျှောက်ခဲ့ရတာပါ။

"တစ်ခါတစ်ရံ လူ့လောကကြီးကို စိတ်ကုန်မိတယ်"လို့ ပြောခဲ့ဖူးပါတယ်။ ဒါပေမဲ့ ရှိကျင့်ဖျင်ဟာ အဲဒီလို အချိန်မျိုးမှာ အုတ်ခဲလောက်ထူတဲ့ စာအုပ်ကြီးတွေကို စိတ်ဝင်စားစွာ ဖတ်နေတတ်ပါတယ်"လို့ ပြောကြပါတယ်။

ဘယ်လိုပင်ဖြစ်ပေမယ့် ရှိကျင့်ဖျင်ရဲ့ လုပ်ရပ်က ချီးကျူးစရာ အလွန်ကို ကောင်းပါတယ်။ တချို့ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အဲဒီလိုဒုက္ခမျိုးတွေ ကြုံတွေ့ရင် ဘဝကို အရှုံးပေးလိုက်လို့ ပျက်စီးတာတွေ၊ သေကုန်တာတွေ ရှိပါတယ်။

ဘယ်လိုအခက်အခဲတွေ ရှိပါစေ ရှိကျင့်ဖျင်ကတော့ စိတ်ဓာတ်ခိုင်ခိုင်နဲ့ ကြိုးစားပါတယ်။ သူတို့ ခေတ်လူငယ်တွေ အားကျအတုယူတတ်ဖို့ လိုမယ်ထင်ပါတယ်။

နောက်အချက်တစ်ခု ရှိပါတယ်။ ဒါဟာ ကျွန်တော်တစ်ယောက်တည်းရဲ့ အမြင်ပါ။ နောင် တရုတ်နိုင်ငံရဲ့ သမ္မတအဖြစ် ရည်ရွယ်ပြီး ငယ်ငယ်လေးတည်းက နားလည်အောင် လေ့ကျင့်ပေးနေတာလားလို့ ထင်မိပါတယ်။

ကျွန်တော့်အတွေးဟာ မမှားလောက်ပါဘူး။ ရှိကျင့်ဖျင်ဟာ ငယ်ရွယ်တဲ့ အရွယ်တည်းက ကျေးလက်ဒေသမှာ တောင်ယာအလုပ်တွေကို ပင်ပန်းစွာ လုပ်ကိုင်ရပါတယ်။ ကျေးလက်နေပြည်သူတွေရဲ့ ဘဝနေထိုင်မှုနဲ့ တစ်သားတည်း ကျစေပါတယ်။

အဲဒါတလည်း ခြောက်နှစ်လောက် နေရပါတယ်။ အဲဒီခြောက်နှစ်ကျော် ခုနစ်နှစ်အတွင်းမှာ ဒေသခံတွေက ယုံကြည်လာဘယ်၊ အားကိုးလာတယ်။

ရှိကျုင့်ဖျင်ကလည်း ယုံကြည် အားကိုးလောက်အောင်ကို ကြိုးစားပါတယ်။ အသက်ငယ်ငယ်နဲ့ ကျေးရွာခေါင်းဆောင် ဖြစ်လာတယ်။ သူဟာ ဘယ်လောက် အောက်သက်ကျေတဲ့သူလဲ။ အဲဒီလိုလုပ်တော့ သူ့နိုင်ငံက လူတွေက သူ့ကိုလေးစားလာတယ်၊ တန်ဖိုးထားလာတယ်၊ ပြည်သူတွေအတွက်ဆိုရင် အမြဲတမ်း ခေါင်းထဲမှာ ရှိလာပါတယ်။

အဲဒါကြောင့် သူ့ကို နိုင်ငံအကြီးအကဲတွေကရော ပြည်သူတွေကပါ ယုံကြည်လာတယ်။ အားပေးလာတယ်။ ထောက်ခံလာတယ်။ ဒီလိုနဲ့ သမ္မတဖြစ်လာတယ်။

ရှိကျုင့်ဖျင် သမ္မတဖြစ်လာတာ ဆန်းတာမှ မဟုတ်တာ။ တရုတ်နိုင်ငံရဲ့ ပြည်နယ်အားလုံးနီးပါးမှာ တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ နောက်ဆုံး ဒုတိယသမ္မတတာဝန် ထမ်းဆောင်ရင်း နိုင်ငံများကိုပါ ခရီးဆန့်ခဲ့ပါတယ်။

သူများနိုင်ငံကို သွားသလို သူ့နိုင်ငံကိုလည်း **ဖိတ်ခေါ်ပါ**တယ်။ ကမ္ဘာ့ခေါင်းဆောင်များနဲ့လည်း တွေ့ဆုံပါတယ်။ မြန်မာနိုင်ငံက သမ္မတဟောင်း ဦးသိန်းစိန်၊ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံဆွေးနွေးပါသေးတယ်။

ရှိကျုင့်ဖျင်ဟာ သူ့လက်ထက်မှာ နိုင်ငံရေး စီးပွားရေး ဗျူဟာကို ပြောင်းလဲလာတယ်။ ခြစားမှုကိုလည်း ပြတ်ပြတ်သားသား အရေးယူတယ်။ ပြည်သူတွေ စီးပွားရေးတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်တယ်။ အဲဒီအတွက် ရှိကျုင့်ဖျင်ရဲ့ စီးပွားရေး

ဗျူဟာနဲ့ ပတ်သက်ပြီး ပြောတဲ့မိန့်ခွန်းကောက်နှုတ်ချက်အနေနဲ့ တင်ပြလိုက်ရပါတယ်။

## စစ်မှန်တဲ့ စီးပွားရေးတိုးတက်မှုမှာ ဖောင်းပွတာ မရှိဘူး[၁]
## ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်

ဒီနှစ်တွေမှာ ရှုပ်ထွေးတဲ့ နိုင်ငံတကာ စီးပွားရေး အခြေအနေတွေနဲ့ ရင်ဆိုင်နေရသလို ပြည်တွင်းက ပြုပြင်ပြောင်းလဲရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ ကြီးလေးတဲ့ တာဝန်ကိုလည်း မျက်နှာမူ ရှေးရှုနေရပါတယ်။ ကျွန်တော်တို့ သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက အကြောင်းအရာထား ဆုပ်ကိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနည်းနာကို အရှိန်မြှင့် လှည့်ပြောင်းနေတာဟာ ပင်မလမ်းကြောင်း ဖြစ်ပါတယ်။ တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်မှုအတွင်း ရရှိလာတဲ့ လုပ်ငန်းဆောင်တာများရဲ့ အခြေခံအနှစ်သာရ ပေါင်းရုံးချက်နဲ့အညီ မဟာထိန်းချုပ်မှု (Marcro Control)ကို အားဖြည့်ခြင်းနဲ့ တိုးတက်ကောင်းမွန်အောင် အချိန်မီလုပ်ဆောင်ရမှာဖြစ်ပြီး တည်ငြိမ်မှု တိုးမြှင့်ရေးကို ပိုပြီးအရေးကြီးတဲ့ နေရာမှာထားရှိခြင်းကြောင့် တည်ငြိမ်မှု အားကောင်းရေး၊ စီးပွားရေးတည်ဆောက်ပုံ ထိန်းညှိရေး၊ ပြုပြင်ပြောင်းလဲမှု တွန်းတင်ရေး၊ ပြည်သူ

---

၁။ တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ခေါ်ယူကျင်းပသော ပါတီပပုဂ္ဂိုလ်များ ဆွေးနွေးပွဲတွင် သမ္မတ ရှီကျင့်ဖျင် ပြောကြားသော မိန့်ခွန်းကောက်နုတ်ချက်။

လူထု စားဝတ်နေရေးကို ကောင်းမှုပြုရေး စတဲ့ဘက်တွေမှာ အပြု သဘောဆောင်တဲ့ ဖြစ်ထွန်းမှုတွေ ရရှိခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေး လူမှုအဖွဲ့အစည်း ဖွံ့ဖြိုး တိုးတက်မှု အခြေခံမျက်နှာပြင်ဟာ ကျန်းမာသန်စွမ်းတဲ့ နိဒါန်း ရဲ့အောက်မှာ တည်ရှိနေတယ်ဆိုတာ အပြည့်အဝ လက်ခံအတည် ပြုပါတယ်။ ကျွန်တော်တို့ အချိန်ကာလတစ်ခုမှာ တွေ့ကြုံရင် ဆိုင်ရတဲ့ စွန့်စားမှုနဲ့ စိန်ခေါ်မှုတွေကို မျက်မှောက်မှာရော၊ နောက် နောင်မှာပါ လုံးဝလျှော့တွက်လို့ မရပါဘူး။ အဓိက ဖြစ်နေတာ က ကမ္ဘာ့စီးပွားရေး တိုးတက်မှုအရှိန် နှေးကွေးနေတယ်။ ဒီအနေ အထားဟာ ဆက်လက်ရှည်ကြာနေဦးမှာဖြစ်ပြီး တစ်ခုလုံး ဝယ်လို အား တောင်းဆိုမှုအပေါ် လောက်ငအောင် မဖြည့်ဆည်းပေးနိုင် ခြင်းနဲ့ နှိုင်းယှဉ်ချက်အရ ထုတ်လုပ်နိုင်မှုက ပိုလျှံနေတဲ့ ပဋိပက္ခ တွေဟာ မြင့်တက်လာနေတယ်။ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ လည် ပတ်မှု ကုန်ကျစရိတ် မြင့်မားလာခြင်းနဲ့ အသစ်တီထွင်နိုင်မှုစွမ်း အား မပြည့်ဝတဲ့ ပြဿနာဟာ အတူယှဉ်တွဲ တည်ရှိနေပြီး စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝသယံဇာတ ပတ်ဝန်းကျင်ရဲ့ပဋိ ပက္ခဟာလည်း ပိုပြီး ပြင်းထန်လာပါတယ်။

ကျွန်တော်တို့ စွဲမြဲဆုပ်ကိုင်ရမှာက "နှစ်ဖက်မြင်သဘော တရား"ဖြစ်တယ်။ ပြဿနာတစ်ခုကို နှစ်ဖက်ခွဲကြည့်တာ၊ ပြည် တွင်းပြည်ပ အခြေအနေတွေထဲက အကျိုးရှိမယ့် မျက်နှာစာကို ကြည့်မြင်သလို အကျိုးမဲ့တဲ့ ဘက်ကိုလည်း ကြည့်မြင်တတ်ရမယ်။

အဆိုးဆုံးကိုစဉ်းစားပြီး အကောင်းဆုံးအတွက် အပြည့်အဝ ပြင်ဆင်၊ ပိုကောင်းတဲ့ရလဒ်ကို ကြိုးပမ်းဆွတ်ခူးရမှာ ဖြစ်ပါတယ်။

လာမယ့်နှစ်ဟာ (၁၈)ကြိမ်မြောက် ပါတီညီလာခံ စိတ်ဓာတ်ကို ဘက်စုံကနေ အကောင်အထည်ဖော် ကျင့်သုံးဆောင်ရွက်မယ့်နှစ် ဖြစ်ပါတယ်။ ရှေ့နှစ် စီးပွားရေး၊ လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ကောင်းမွန်အောင် လုပ်ဆောင်ရေးဟာ အလွန်တရာ ကြီးလေးတဲ့ကိစ္စ ဖြစ်ပါတယ်။ စီးပွားရေး အရည်အသွေး တိုးပွားမှုနဲ့ အကျိုးအမြတ်ကို အဓိကထား မြှင့်တင်ရမယ်။ တည်ငြိမ်တဲ့ တိုးတက်မှုရအောင် ဆောင်ရွက်ပြီး အသစ်တီထွင်မှုကို ချဲ့ထွင်ရမယ်။ အခြေခံအုတ်မြစ်ကို အနာဂတ်အတွက် ခိုင်မာအောင်နဲ့ ပြုပြင်ပြောင်းလဲရေး တံခါးဖွင့်ဝါဒကို တစ်ဆင့်တိုး နက်ရှိုင်းအောင် လုပ်ရမှာ ဖြစ်ပါတယ်။ အသစ်တီထွင်မှု မောင်းနှင်အားကိုလည်း ထပ်ဆင့်တိုး အားသစ်လောင်းရမယ်။ ကျန်းမာသန်စွမ်းတဲ့ စီးပွားရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူမှုအဖွဲ့အစည်း သဟဇာတဖြစ်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ပထမအချက်က… စီးပွားရေးတိုးပွားလာမှုကို ထိန်းသိမ်းရမယ်။ နိုးကြားတက်ကြွတဲ့ ဘဏ္ဍာရေးပေါ်လစီနဲ့ တည်ငြိမ်သန်စွမ်းတဲ့ ငွေကြေးပေါ်လစီကို ဆက်လက် အကောင်အထည်ဖော်ဆောင်ပြီး စီးပွားရေးတိုးပွားမှုရဲ့ အတွင်းပိုင်း သက်ဝင်အားနဲ့ တွန်းဆော်အားကို အားသစ်သွန်းလောင်းပေးရမယ်။ တိုးပွားမှုဟာ မှချပဲ ဟုတ်တိပတ်တိ ခြေခြေမြစ်မြစ်နဲ့ ရေမရောတဲ့ တိုးပွားမှု

ဖြစ်ရမယ်။ အကျိုးအမြတ် ရှိရမယ်။ အရည်အသွေး ရှိရမယ်။ ရေရှည်တိုးပွားမှု ဖြစ်ရပါမယ်။

ဒုတိယအချက်က... လယ်ယာလုပ်ငန်းရဲ့ အခြေခံအုတ်မြစ် အဆင့်အတန်းကို အင်အားဖြည့်ပြီး ခိုင်မာအောင် တည်ဆောက်ရမယ်။ လယ်ယာလုပ်ငန်းအပေါ် ထောက်ခံအားပေးမှု အရှိန်အဟုန်ကို မြှင့်တင်ပြီး လယ်ယာအကျိုးကျေးဇူး၊ လယ်ယာချမ်းသာကြွယ်ဝမှု၊ လယ်ယာပေါ်လစီ စတာတွေကို အားဖြည့်ပြီး ကောင်းမွန်ပြည့်စုံအောင် လုပ်ဆောင်ရမှာ ဖြစ်တယ်။ ခေတ်မီလယ်ယာစနစ် ဖြစ်ထွန်းတိုးတက်ရေးကို အရှိန်မြှင့် လုပ်ဆောင်နိုင်ပြီး နိုင်ငံရိက္ခာနဲ့ အရေးကြီး လယ်ယာထွက်ပစ္စည်း ထိရောက်စွာ ထောက်ပံ့ပေးနိုင်မှုကို ခိုင်ခိုင်မာမာ အာမခံရမှာ ဖြစ်ပါတယ်။

တတိယအချက်က... ဖွံ့စည်းပုံ ပြန်လည်ထိန်းညှိရေးကို သိသာထင်ရှားတဲ့ အကျိုးဖြစ်ထွန်းမှု ရရှိအောင် တွန်းဆောင်ရမယ်။ ပြင်ပလိုအပ်ချက် တည်ငြိမ်တဲ့ တစ်ချိန်တည်းမှာ အတွင်းပိုင်း လိုအပ်ချက်ကိုလည်း ကြိုးစားတိုးချဲ့ရမှာ ဖြစ်တယ်။ လယ်ယာလုပ်ငန်း ဖွံ့စည်းပုံ ထိန်းညှိမှု အဆင့်အတန်း၊ မြင့်တက်လာတဲ့ စွမ်းအားကို ပိုမိုကြီးထွားစေပြီး မြို့ပြဆန်တဲ့ ကျန်းမာသန်စွမ်းသော ဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်ကာ ခိုင်မြဲတဲ့ ခြေလှမ်းနဲ့ တွန်းတင်ရမှာ ဖြစ်ပါတယ်။

စတုတ္ထအချက်က... ဆိုရှယ်လစ်ဈေးကွက်စီးပွားရေး ပြုပြင်ပြောင်းလဲမှု ဦးတည်ရာလမ်းကြောင်းကို စွဲမြဲစွာ ဆုပ်ကိုင်ပြီး ပုံစံရေးထုတ်မှု ထိပ်တန်းကျတဲ့ (Design)ကို ကောင်းအောင်လုပ်

ရမယ်။ ရည်မှန်းချက်သဘောဆောင်တဲ့ ပြုပြင်ပြောင်းလဲရေးနည်းလမ်းအချို့ကို အချိန်မီတွန်းတင်ပြီး တစ်ခုလုံး တဖြည်းဖြည်းချင်းနင်းဝင်ရောက်မှုနဲ့ တစ်စိတ်တစ်ပိုင်း ထိုးဖောက်မှု ပေါင်းစပ်ရမယ်။ ရဲရဲတင်းတင်း စူးစမ်းရှာဖွေ၊ အကျိုးသက်ရောက်မှုကောင်းတဲ့ ကိစ္စကို ဆောင်ရွက်ရမှာ ဖြစ်တယ်။

ပဋ္ဌမအချက်က… ပြည်သူလူထုရဲ့ နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းနဲ့ အာမခံချက်ရှိရေးကို အားသွန်ခွန်စိုက် လုပ်ဆောင်ရမယ်။ အဓိက အလေးပေးဆောင်ရွက်ရမှာက ပြည်သူလူထုရဲ့ အခြေခံနေထိုင်စားသောက်ရေး အနိမ့်ဆုံးဝင်ငွေကို အာမခံချက်ပေးရမှာ ဖြစ်တယ်။ တန်းမြင့်ကျောင်းက တက္ကသိုလ်ကျောင်းသားများရဲ့ နေထိုင်စားသောက်ရေး အခက်အခဲအတွက် ထောက်ပံ့ကြေးပေးတာတွေကို ကောင်းအောင်လုပ်ရမယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေ ချဲ့ထွင်မှုနဲ့ တည်တည်ငြိမ်ငြိမ်ရှိအောင် အလေးအနက် ဂရုပြုရမယ်။ မြို့ပြလူမှုအဖွဲ့အစည်း အာမခံစနစ် တည်ဆောက်ရေးကို အားဖြည့်ပေးရမယ်။ ကြိုးပမ်းရုန်းကန်မှုက ချမ်းသာကြွယ်ဝပြီး နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်စေတဲ့ ယုံကြည်ချက်ကို ပြည်သူလူထုအတွင်းမှာ စိုက်ထူနိုင်အောင် ရှေ့ဆောင်လမ်းပြ ပြုရမယ်။ ဒီနေရာမှာ ပြည်သူ့ဘဝကို ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်လိုရင်းဟာ ပါတီနဲ့ အစိုးရလုပ်ငန်းရဲ့ ဦးတည်ရှေးရှုရာဖြစ်သလို ကျယ်ပြောတဲ့ ပြည်သူလူထုကြီး ကိုယ်တိုင်ရဲ့ ရည်မှန်းချက်ပန်းတိုင်လည်း ဖြစ်ပါတယ်။

ဒါဟာ သမ္မတရှိကျင့်ဖျင်ရဲ့ စီးပွားရေးနဲ့ ပတ်သက်တဲ့ မိန့်ခွန်းပါ။ သူ့မိန့်ခွန်းက ရှည်နေ၍ ဖြတ်တောက်ပြီး လိုအပ်တာလေးပဲ ရွေးချယ်ဖော်ပြလိုက်ရပါတယ်။

O

(၂၄)

## မော်စီတုံး နလုံးသား

သမ္မတရှီကျင့်ဖျင်ဟာ စီးပွားရေးနဲ့ ဘွဲ့ရသူတစ်ယောက် မဟုတ်ပေမယ့် စီးပွားရေးကိုလည်း ကျွမ်းကျင်ပါတယ်။ ဒါဟာ ချီးကျူးစရာ ကောင်းပါတယ်။ ဒါဟာ လူမျိုး ၂သို့မဟုတ် ပြည်သူ တွေရဲ့ ကောင်းစားရေးပါ။

ဒါတင် မကသေးပါဘူး။ သမ္မတ ရှီကျင့်ဖျင်နဲ့ ပြည်သူ တွေက သူတို့ရဲ့ရင်ထဲမှာ ယနေ့ထိ ရှိနေသေးတာက ဥက္ကဋ္ဌကြီး မော်လို့ လူသိများတဲ့ မော်စီတုန်းပါပဲ။ သူတို့ဟာ မော်စီတုံးကို အလွန်လေးစားတယ်။

မော်စီတုံးဟာ တရုတ်နိုင်ငံရဲ့ တော်လှန်ရေးခေါင်းဆောင် တရုတ်လူမျိုးတို့အတွက် အသည်းကျော်ကြီးတစ်ယောက် ဖြစ်ပါ တယ်။

တရုတ်နိုင်ငံကို ရှေးနှစ်ပေါင်းများစွာကတည်းက အုပ်ချုပ်ခဲ့ကြတဲ့ ခေါင်းဆောင်များစွာ ရှိပါတယ်။ ဒါပေမဲ့ မော်စီတုံး လောက် မထင်မရှား၊ မကျော်ကြား။ တရုတ်နိုင်ငံအတွက် အသက် မပေးရဲကြ။

မော်စီတုံးကတော့ အသက်ပေးရဲတယ်၊ တိုက်ရဲတယ်။ ပြည်သူ့အကျိုးကိုပြုတယ်။ အဲဒီအတွက် ပြည်သူတွေက မော်စီတုံးကို လေးစားကြတယ်။ မော်စီတုံး လူ့လောကမှာ မရှိတော့တာ ကြာပေမယ့် သူ့နိုင်ငံနဲ့ လူမျိုးကတော့ မေ့လို့မရသေးပါဘူး။

အဲဒီအတွက် မော်စီတုံးကို မွေးနေ့ကျင်းပပေးကြတယ်။ အခု မော်စီတုံးရဲ့အသက် (၁၂၀)မြောက်မွေးနေ့ အထိမ်းအမှတ် အခမ်းအနားမှာပြောတဲ့ သမ္မတရှီကျင့်ဖျင် ပြောတဲ့ မိန့်ခွန်းကို ကောက်နုတ်တင်ပြလိုက်ပါတယ်။

**ရှင်သန်နေတဲ့ မော်စီတုံး အတွေးအခေါ် ဝိညာဉ်ကို ဆက်လက်ကိုင်စွဲကြရမယ် ¹**

**၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်**

ရှင်သန်နေတဲ့ မော်စီတုံး အတွေးအခေါ် ဝိညာဉ်ဆိုတာ ရပ်တည်ချက်၊ ခံယူမှုအပြင်၊ သဘောထားနည်းနာများ၊ အစမှ

---

၁။ ရဲဘော်မော်စီတုံး နှစ် ၁၂၀ မြောက် မွေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် သမ္မတရှီကျင့်ဖျင် ပြောကြားသော မိန့်ခွန်း ကောက်နုတ်ချက်။

အဆုံး တစ်ခွင်တစ်ပြင်လုံး ဖောက်ထွင်းဆက်သွယ်ထားတဲ့ အတွေး အခေါ်ဖြစ်ပြီး သူ့မှာ အခြေခံမှု သုံးရပ်ရှိတယ်။ ဒါတွေက ဖြစ် ရပ်က အမှန်ရှာ၊ လူထုလမ်းစဉ် ကျင့်သုံး၊ အမှီခိုကင်းစွာ ဆုံး ဖြတ် ဆိုတာပဲ ဖြစ်တယ်။ အခြေအနေ၊ အသွင်အပြင်သစ်အောက် မှာ မော်စီတုံးအတွေးအခေါ်ရဲ့ ရှင်သန်နေတဲ့ ဝိညာဉ်ကို ကျွန် တော်တို့ ဆက်လက်ကိုင်စွဲပြီး ပါတီကို ကောင်းအောင်တည် ဆောက်ကြရမယ်။ တရုတ်ဝိသေသ ဆိုရှယ်လစ်ဝါဒ ကြီးမြတ်တဲ့ အရေးတော်ပုံကို ရှေ့သို့ ဆက်လက်တွန်းတင်သွားကြရမှာ ဖြစ်ပါ တယ်။

ဖြစ်ရပ်က အမှန်ရှာ ဆိုတာ မာ့က်(စ်)ဝါဒရဲ့ အရင်းခံ ရှုမြင်သုံးသပ်ချက်ဖြစ်ပြီး တရုတ်ကွန်မြူနစ်ပါတီဝင်တွေ ကမ္ဘာ ကို နားလည်သဘောပေါက်ဖို့ ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲတဲ့ အရင်းခံတောင်းဆိုချက်။ ကျွန်တော်တို့ပါတီရဲ့ အခြေခံတွေးခေါ်ပုံ တွေးခေါ်နည်း၊ အလုပ်နည်းနာ၊ ခေါင်းဆောင်မှုနည်းနာများပဲ ဖြစ်ပါတယ်။ အရင်တုန်းကဖြစ်စေ၊ မျက်မှောက်ကာလနဲ့ အနာ ဂတ်မှာပဲဖြစ်စေ၊ ကျွန်တော်တို့အားလုံး တစ်လျှောက်လုံး ထိန်း သိမ်းရမှာက အရာကိစ္စမှန်သမျှ လက်တွေ့ကအစချီ၊ သဘော တရားက လက်တွေ့နဲ့ ဆက်သွယ်နေရမယ်။ လက်တွေ့ဖြတ် သန်းမှု ဖြစ်စဉ်ထဲမှာ အမှန်တရားကို စစ်ဆေးစမ်းသပ်ပြီး ဖွံ့ဖြိုး တိုးတက်စေရမှာ ဖြစ်ပါတယ်။

ရဲဘော်မော်စီတုံး ပြောတာက "ဖြစ်ရပ်မှန်"ဆိုတာ ဓမ္မ ဓိဋ္ဌာန်ကျကျ တည်ရှိနေတဲ့ အရာကိစ္စ အားလုံးပဲ ဖြစ်တယ်။

"ဖြစ်"ဆိုတာ ပကတိတည်ရှိနေတဲ့ အရာကိစ္စများရဲ့ အတွင်းပိုင်းဆက်နွယ်မှုဥပဒေသ သဘောလက္ခဏာ၊ "ရာ"ရဲ့အဓိပ္ပာယ်က ကျွန်တော်တို့ သုတေသနပြုရမယ့်ကိစ္စ၊ ရဲဘော်မော်စီတုံးက "ဖြစ်ရပ်က အမှန်ရှာ"ကို ပုံပေါ်အောင် "ပစ်မှတ်ရှိရာ မြားပစ်"လို့ တင်စားပြောခဲ့ပါတယ်။

ကျွန်တော်တို့ ကိုင်စွဲထားတဲ့ မာ့က်(စ်)ဝါဒ "မြား"နဲ့ တရုတ်ပြည်တော်လှန်ရေး၊ တည်ဆောက်ရေး၊ ပြုပြင်ပြောင်းလဲရေး "ပစ်မှတ်"တွေကို သွားပစ်ရမှာ ဖြစ်တယ်။ "ဖြစ်ရပ်က အမှန်ရှာ"ကို စွဲစွဲမြဲမြဲ ထိန်းသိမ်းခြင်းဟာ အရာကိစ္စတွေရဲ့ မူလရုပ်သဏ္ဌာန်ကို လက်တွေ့လေးနက်စွာ သဘောပေါက် နားလည်ခြင်း ဖြစ်ပါတယ်။

အပေါ်ယံအခြင်းအရာကို ထိုးဖောက်ပြီး အနှစ်သာရကို ကြည့်ရမယ်။ ရှုပ်ထွေးတဲ့ အပေါ်ယံ အခြင်းအရာထဲက အရာကိစ္စများရဲ့ အတွင်းပိုင်းတည်ရှိတဲ့ မလွဲမသွေ ဆက်နွယ်မှုကို တွေ့ရှိပြီး ပကတိ တည်ရှိနေတဲ့ အရာကိစ္စများနှင့်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ထုံးလုပ်နည်းများက စတင်လုပ်ဆောင်ရမယ်။ လက်တွေ့လုပ်ကိုင်မှုအတွင်း ဓမ္မဓိဋ္ဌာန်ကျကျ၊ နိယာမတရားအတိုင်း ဆောင်ရွက်တာဟာ ဖြစ်ရပ်က အမှန်ရှာတာပဲ ဖြစ်တယ်။

ဖြစ်ရပ်က အမှန်ရှာဆိုတာ တစ်ခါလုပ်တာနဲ့ တစ်သက်စာ ပြီးတာမျိုး မဟုတ်ဘူး။ အချိန်တစ်ချိန်၊ နေရာတစ်နေရာမှာ ဖြစ်ရပ်က အမှန်ရှာတာ လုပ်နိုင်ခဲ့ပေမယ့်လည်း ဒီအတိုင်း အခြား

ချိန်တစ်ချိန်၊ အခြားနေရာတစ်ခုမှာ ဖြစ်ရပ်က အမှန်ရှာနိုင်လိမ့်မယ်လို့ တွက်လို့မရဘူး။

အချိန်တစ်ချိန်၊ နေရာတစ်ခုမှာ ဆုပ်ကိုင်ခဲ့တဲ့ ဖြစ်ရပ်က အမှန်ရှာဆိုတာ ပေါ်ထွက်လာတဲ့ ကောက်ချက်၊ ရရှိတဲ့အတွေ့အကြုံသာဖြစ်ပြီး ပြောင်းလဲမှုရှိတဲ့ အခြားအချိန်၊ အခြားနေရာမှာ ဒီအတိုင်း ထပ်တူသွား အသုံးပြုလို့ မရပါဘူး။ ကျွန်တော်တို့ကိုယ်ပိုင် အသိစိတ်ဓာတ်နဲ့ ဖြစ်ရပ်က အမှန်ရှာတဲ့ ယုံကြည်မှုကို ခိုင်မာအောင် လုပ်ရမှာပါ။

ဖြစ်ရပ်က အမှန်ရှာတဲ့ စွမ်းရည်သတ္တိကို အားဖြည့်ပေးရမယ်။ နေရာတိုင်း၊ နေရာတိုင်းမှာ ဖြစ်ရပ်က အမှန်ရှာဖို့ စိတ်ထဲမှာ စွဲမြဲနေပြီး ကျွန်တော်တို့ရဲ့ လုပ်ငန်းတွေထဲမှာ အထမြောက်အောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဖြစ်ရပ်က အမှန်ရှာတရားကို စွဲကိုင်ရခြင်း အကြောင်းကတော့ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိရပ်တည်နေတဲ့ နေရာနဲ့ နှောင်အချိန် အတော်ကြာကြာအထိ တည်ရှိနေမယ့် နေရာဟာ ဆိုရှယ်လစ်ဝါဒ ပဏာမအဆင့်သာဖြစ်ပြီး ဒီအခြေခံကျတဲ့ နိုင်ငံရဲ့ ပကတိအခြေအနေကို ရှင်းစွာသဘောပေါက်နားလည်ပြီး မှန်ကန်စွာ ဆုပ်ကိုင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးတဲ့ လမ်းညွှန်ပေါ်လစီများကို ချမှတ်ခဲ့တယ်။

အားလုံးပဲ ခိုင်ခိုင်မြဲမြဲ ရပ်ရမှာ ဆိုရှယ်လစ်ဝါဒ ပဏာမအဆင့်ဆိုတဲ့ အကြီးမားဆုံး လက်တွေ့ပေါ်မှာဖြစ်ပြီး အားလုံးပဲ

အပြည့်အဝ ထင်ဟပ်ကြည့်ရမှာက အခြေခံကျတဲ့ တိုင်းပြည်ရဲ့ ပကတိအခြေအနေနဲ့ မရှောင်လွှဲနိုင်တဲ့ တောင်းဆိုမှုတွေပဲ ဖြစ်တယ်။ အရာရာကို တောင့်ခံပြီး ဘာမဆို အခြေခံအကျဆုံး တိုင်းပြည်ရဲ့ ပကတိအခြေအနေက အစပြု စဉ်းစားလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ဘယ်လိုသာလွန်တဲ့ အဖြစ်သနစ်နဲ့ ကျော်လွန်တဲ့အဖြစ်မျိုး ဖြစ်ပါစေ၊ အောင်မြင်ချင်စိတ်ဇောနဲ့ တောင်းဆိုနေတဲ့ တိမ်းစောင်းမှုအားလုံးကို ကြိုးစားဖယ်ရှားရမယ်။ ဘယ်လိုခေတ်နောက်ကျတဲ့ လက်တွေ့နဲ့ နက်ရှိုင်းသော ပြောင်းလဲမှုကို ဂရုမပြုတာဖြစ်စေ၊ ဓမ္မဓိဋ္ဌာန်ကျတယ်လို့ ခံစားပြီး အကျင့်ဟောင်းအတိုင်း လျစ်လျူရှုကာ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီထင်တဲ့ အယူအဆနဲ့ လုပ်ဟန်အားလုံးကို ပြက်ပြက်ထင်ထင် ပြုပြင်သွားရမှာ ဖြစ်တယ်။ အောင်မြင်ချင်စိတ်ဇောနဲ့ တောင်းဆိုနေတဲ့ တိမ်းစောင်းမှုကို ကြိုးစားဖယ်ရှားရမယ်။

ဖြစ်ရပ်က အမှန်ရှာ ဆိုတာကို ဆုပ်ကိုင်တာဟာ ပြည်သူ့အကျိုးစီးပွားနဲ့ အမှန်တရားအတွက် အမှားကိုပြုပြင်တာဖြစ်တယ်။ ပွင့်လင်းရိုးသားမှု ရှိရမယ်။ ကိုယ်ကျိုးမဖက် ဘာမထိစိတ်ဓာတ်နဲ့ အဖြစ်မှန် အထောက်ထားများကို အခြေခံပြီး ရဲရဲတင်းတင်း ပြောရဲရမယ်။ ဒါမှ ပြုပြင်ရမယ့် အတွေးအခေါ် တိမ်းစောင်းမှုများကို တွေ့ရှိမှာဖြစ်ပြီး ပေါ်လစီဆုံးဖြတ်ချက်ရဲ့ လွဲမှားမှု၊ လုပ်ငန်းခွင်အတွင်း ချို့ယွင်းချက်များကို အချိန်မီ တွေ့ရှိပြီး တည်ရှိနေတဲ့ ဝိရောဓိများနဲ့ ပြဿနာအမျိုးမျိုးကို ဖြေရှင်းပေးနိုင်မှာဖြစ်တယ်။ ကျွန်တော်တို့ရဲ့ အတွေးအခေါ်နဲ့ လှုပ်ရှားမှုဟာ ဓမ္မဓိဋ္ဌာန်

ဥပဒေသနဲ့ ပိုပြီးကိုက်ညီလာမှာ ဖြစ်သလို ခေတ်ရဲ့တောင်းဆိုမှု၊ လူထုရဲ့မျှော်မှန်းချက်များနဲ့လည်း သဟဇာတ ဖြစ်လာပါလိမ့်မယ်။

ဖြစ်ရပ်က အမှန်ရှာကို ဆုပ်ကိုင်ရတာက လက်တွေ့ဖြတ်သန်းမှု အုတ်မြစ်ပေါ်က သဘောတရားအသစ် တီထွင်ဖန်တီးမှုကို အဆက်မပြတ် ရှေ့ကိုတွန်းတင်ဖို့ပဲ ဖြစ်တယ်။ မာ့က်(စ)ဝါဒ မူရင်းသဘောတရားက ယေဘုယျ အမှန်တရားဖြစ်ပြီး အတွေးအခေါ်တန်ဖိုး ထာဝရ ရှိနေတယ်။ ဒါပေမဲ့ မာ့က်(စ်)ဝါဒ စံတင့်ကျမ်းကိုရေးတဲ့ စာရေးဆရာကလည်း အမှန်တရားကို ဆုံးခန်းတိုင်အောင် ရေးခဲ့တာ မဟုတ်ပါဘူး။ အမှန်တရားကို အဆက်မပြတ် လိုက်လံရှာဖွေပြီး ဖွံ့ဖြိုးတိုးတက်အောင် လမ်းခင်းပေးရုံသာ ဖြစ်တယ်။

ဒီနေ့ တရုတ်ဝိသေသ ဆိုရှယ်လစ်ဝါဒကို စွဲမြဲစွာ ဆုပ်ကိုင်ပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်၊ ပြုပြင်ပြောင်းလဲရေးကို ဘက်စုံနက်ရှိုင်းအောင် လုပ်၊ အကျိုးဖြစ်ထွန်းအောင် ရှေ့ကိုတွန်းတင်တဲ့ လမ်းကြောင်းပေါ်မှာ မျှော်လင့်မထားတဲ့ အခက်အခဲမျိုးနဲ့ အန္တရာယ်ကို တွေ့ကြုံရတဲ့အခါ အားလုံးကတော့ ပုစ္ဆာအသစ်ကို တင်ပြလာမှာပဲ။

ဒီအချိန်မှာ ကျွန်တော်တို့အတွက် အရေးတကြီး လိုအပ်ချက်က သဘောတရားပေါ်က သစ်လွင်တဲ့ သိပ္ပံနည်းကျအဖြေကို ပေးရမှာ ဖြစ်ပါတယ်။ ပါတီခေါင်းဆောင်မှုနဲ့ ပြည်သူတွေ တီထွင်ကြံဆောင်ခဲ့တဲ့ လတ်ဆတ်သော အတွေ့အကြုံကို ကျွန်တော်တို့ အချိန်မီ ပေါင်းချုပ်သုံးသပ်ရမှာဖြစ်ပြီး တရုတ်လက္ခဏာဆောင်တဲ့ နယ်မြေအသစ်မှာ အဆက်မပြတ် မာ့က်(စ်)ဝါဒကို

လမ်းသစ်ခင်းရမှာ ဖြစ်ပါတယ်။ မျက်မှောက် တရုတ်ပြည်ပေါ်က မာ့က်(စ်)ဝါဒရဲ့ ဖြာထွက်လာတဲ့ အလင်းဟာ ပိုပြီး ပြိုးပြက်လာတဲ့ အမှန်တရား လင်းရောင်ခြည် ဖြစ်ပါတယ်။

လူထုလမ်းစဉ်ဟာ ကျွန်တော်တို့ပါတီရဲ့ အသက်သွေးကြောနဲ့ အရင်းခံလုပ်ငန်းစဉ်ဖြစ်ပြီး ကျွန်တော်တို့ပါတီက ထာဝစဉ်ထိန်းသိမ်းခဲ့တဲ့ ပျိုမျစ်သန်စွမ်းမှုနဲ့ တိုက်ပွဲဝင်စွမ်းအားရဲ့ အရေးကြီးတဲ့ အဖိုးတန်အမွေခံပစ္စည်း ဖြစ်တယ်။ အရင်ကပဲဖြစ်ဖြစ်၊ မျက်မှောက်နဲ့ အနာဂတ်အတွက်ပဲဖြစ်ဖြစ် ကျွန်တော်တို့ တောင့်ခံထားရမှာက အရာအားလုံးဟာ လူထုအကျိုးအတွက် ဖြစ်ရမယ်။

အစစအရာရာ လူထုကိုသာ အားထားပါ။ လူထုထဲကလာပြီး လူထုထဲကို သွားရမယ်။ ပါတီရဲ့ မှန်ကန်တဲ့ ခံယူချက်ကို လူထုရဲ့ ကိုယ်ပိုင်အသိနဲ့ လှုပ်ရှားမှုအသွင် ပြောင်းလဲပေးရမှာ ဖြစ်တယ်။ လူထုလမ်းစဉ်ကို နိုင်ငံအုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲမှု အားလုံးရဲ့ လှုပ်ရှားမှုထဲအထိ ရောက်ရှိကျင့်သုံးရမှာ ဖြစ်တယ်။

လူထုလမ်းစဉ်ရဲ့ အနှစ်သာရ အပေါ်မှာ ထင်ဟပ်တဲ့ မာ့က်(စ်)ဝါဒဟာ ပြည်သူလူထုက သမိုင်းကို ဖန်တီးသူ ဖြစ်တယ်ဆိုတဲ့ အခြေခံမူရင်းသဘောနဲ့ ပတ်သက်နေပါတယ်။ ဒီအခြေခံမူရင်း သဘောတရားကိုသာ ဆုပ်ကိုင်ထားရင် ကျွန်တော်တို့ သမိုင်းရဲ့ ရေးရှုချီတက်မှု အခြေခံဥပဒေကို ပိုင်နိုင်စွာ သိလာမှာ ဖြစ်တယ်။

သမိုင်းဥပဒေသ အတိုင်းသာ လိုက်နာဆောင်ရွက်ရင် ကျွန်တော်တို့ ရောက်တဲ့နေရာတိုင်းမှာ အောင်ပွဲရမှာ ဖြစ်တယ်။ သမိုင်းက အကြိမ်ကြိမ် သက်သေပြခဲ့တာကတော့ ပြည်သူလူထု

ဟာ သမိုင်းဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုအဖွဲ့အစည်း တိုးတက်ရေး ရဲ့ အဓိကမောင်းနှင်အား ဖြစ်တယ်။

ရဲဘော်မော်စီတုံး ပြောခဲ့သလို တရုတ်ပြည်ရဲ့ ကံကြမ္မာကို ပြည်သူတွေကိုယ်တိုင် လက်ထဲမှ ဆုပ်ကိုင်ထားပြီးဖြစ်လို့ တရုတ်ပြည်ရဲ့အနာဂတ်ဟာ အရှေ့က နေဝန်းထွက်သည့်ပမာ ထိန်ထိန်ညီးတဲ့ရောင်လျှံလို ဝသုန်မြေကို အလင်းရောင် ဖြာစေမှာ ဖြစ်ပါတယ်။

လူထုလမ်းစဉ်ကို ခိုင်ခိုင်မြဲမြဲ ဖွဲကိုင်ခြင်းဟာ ကျွန်တော်တို့ရဲ့ အနာဂတ် ကံကြမ္မာအရင်းခံ အင်အားကို လူထုကသာ အဆုံးအဖြတ်ပေးတာ ဖြစ်လို့ပါ။ လူထုရဲ့ အချက်အချာ နေရာကို ဆုပ်ကိုင်တာဟာ လူထုရဲ့နိုးကြားမှုကို အပြည့်အဝ ဖော်ထုတ်ပြီး ကျွန်တော်တို့ပါတီက အစမှအဆုံး အင်အားကြီးမားတဲ့ ဒီအခြေခံအုတ်မြစ် အောင်မြေပေါ်မှာပဲ ရပ်တည်ခဲ့တာ ဖြစ်တယ်။

လူထုရဲ့ ရှေ့မှောက်မှာ ကျွန်တော်တို့ဟာ ထာဝရမှူလတန်းကျောင်းသားပါပဲ။ ဧကန်မလွဲ ကိုယ်ပိုင်အသိတရားနဲ့ လူထုကို ဆရာတင်ရမယ်။ တတ်ကျွမ်းသူဆီက သင်ယူရမယ်။ ပညာရှိသူဆီမှာ အသိဉာဏ်ကို မေးရမယ်။ လူထုထံက ဖော်ပြတဲ့ဆန္ဒ၊ ဖန်တီးတဲ့ အတွေ့အကြုံ၊ ပိုင်ဆိုင်တဲ့ အာဏာ၊ အရေးပါအရာရောက်မှုများကို မုချလှိုက်လှဲစွာ ရိုသေလေးစားရမယ်။

ပြည်သူလူထုကပေးတဲ့ အခွင့်အာဏာကို ကျွန်တော်တို့ အမြတ်တနိုး တန်ဖိုးထားရမယ်။ လူထုကပေးတဲ့ အခွင့်အာဏာကို ကောင်းမွန်စွာ အသုံးပြုပြီး ကိုယ်ပိုင်အသိစိတ်နဲ့ လူထုကို အာဏာကြီးကြပ်သူတွေ ဖြစ်စေရမယ်။ လူထုကို နီးနီးကပ်ကပ်

မှီခိုအားထားပြီး သမိုင်းဝင် မဟာစီမံကိန်းကြီးကို ဖန်တီးကြရမယ်။ ကျွန်တော်တို့ပါတီရဲ့ အခြေခံအုတ်မြစ်ဟာ ကျောက်ဆောင်ပမာ ထာဝရခိုင်မြဲနေမှာ ဖြစ်တယ်။

လူထုလမ်းစဉ်ကို ဆုပ်ကိုင်တာဟာ စိတ်ရောကိုယ်ပါ လူထုကို အလုပ်အကျွေးပြုတဲ့ အခြေခံရည်မှန်းချက်ကို ဆုပ်ကိုင်တာ ဖြစ်ပါတယ်။ "လူထုဆန္ဒ ဘဝင်ကျ၊ နိုင်ငံရေးက ရှင်ပျတိုးတက်၊ လူထုလိုအင် ဆန့်ကျင်လျှင် နိုင်ငံရေးတွင် ကောင်းကျိုးမဖက်"ဆိုတဲ့ စာသားလိုပဲ စိတ်ပါလက်ပါ ပြည်သူကို အလုပ်အကျွေးပြုတာဟာ ကျွန်တော်တို့ပါတီရဲ့ လှုပ်ရှားမှုမှန်သမျှကို အစပြုတဲ့ အမှတ်အသား၊ ခြေချရာနေရာ ဖြစ်သလို ကျွန်တော်တို့ပါတီနဲ့ အခြားနိုင်ငံရေးပါတီများကြားက ကွဲပြားခြားနားတဲ့ အခြေခံအမှတ်လက္ခဏာလည်း ဖြစ်တယ်။

ပါတီဝင်အားလုံးဟာ မလွဲမသွေ အကျယ်ပြန့်ဆုံးသော ပြည်သူလူထုရဲ့ အရင်းခံအကျိုးစီးပွားကို အမြင့်ဆုံး စံထားပြီး လုပ်ဆောင်ရမယ်။ ကျွန်တော်တို့လုပ်ငန်းမှန်သမျှရဲ့ **အကျိုး**သက်ရောက်မှုကို စစ်ဆေးကြည့်ရှုရမယ်။ နောက်ဆုံးမှာတော့ ပြည်သူလူထု အမှန်တကယ် အကျိုးအမြတ် ခံစားခွင့်ရရဲ့လားဆိုတာ ကြည့်ရမှာ ဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ နေထိုင် စားသောက်မှုဘဝ တကယ်ပဲ ချောင်လည်ကောင်းမွန်မှု ရှိရဲ့လား၊ ပြည်သူတွေရဲ့ ရပိုင်ခွင့်တွေ အမှန်တကယ်ရဖို့ အာမခံချက် ရှိရဲ့လား။ ပိုကောင်းတဲ့ နေထိုင်မှုဘဝအတွက် မျှော်လင့်ချက်အသစ်ကို လူထုက မျက်နှာချင်းဆိုင်ထားပြီ။

ကျွန်တော်တို့ နည်းနည်းမှ ကိုယ့်ဘာသာ ရောင့်ရဲပြီး လျော့တိလျော့ရဲ လုပ်လို့မရဘူး။ မုချပဲ ဆတက်ထမ်းပိုး ကြိုးပမ်း အားထုတ်ရမှာ ဖြစ်တယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ အသီးအပွင့်တွေ ပိုများလေ ပိုပြီးတရားမျှတတဲ့ လူမှုအဖွဲ့အစည်းဖြစ်ဖို့ လိုလေပါပဲ။ အတူတကွ ချမ်းသာကြွယ်ဝတဲ့ လမ်းကြောင်းကို မျက်နှာမူပြီး တည်ငြိမ်တဲ့ ခြေလှမ်းများနဲ့ ရှေ့ကိုချီတက်သွားရမှာ ဖြစ်ပါတယ်။

လူထုလမ်းစဉ်ကို စွဲမြဲယုံကြည်တာဟာ ပါတီနဲ့ ပြည်သူလူထုရဲ့ သွေးသားဆက်နွှယ်မှုကို ထိန်းသိမ်းတာပဲ ဖြစ်တယ်။ ကျွန်တော်တို့ပါတီရဲ့ အကြီးမားဆုံးသော နိုင်ငံရေးအားသာချက်ကတော့ လူထုနဲ့ နီးနီးကပ်ကပ် ဆက်သွယ်နေတာပဲ ဖြစ်တယ်။

ပါတီက အုပ်ချုပ်ရေးအာဏာ ကိုင်စွဲပြီး နောက်ပိုင်းမှာ အကြီးမားဆုံးအန္တရာယ်က လူထုနဲ့ ကင်းကွာခြင်းပါပဲ။ ရဲဘော်မော်စီတုံး ပြောတာက...

"ကျွန်တော်တို့ ကွန်မြူနစ်ပါတီဝင်တွေကို မျိုးစေ့နဲ့ ဥပမာပေးရင် လူထုက မြေကြီးဥပမာ ဖြစ်တယ်။ ကျွန်တော်တို့ ရောက်တဲ့နေရာမှာ လူထုနဲ့ တစ်သားတည်းပေါင်းစည်း၊ လူထုကြားမှာ အမြစ်တွယ်ပြီး ပန်းပွင့်ရမယ်"

လူထုရဲ့သဘောထားအမြင်၊ လူထုလမ်းစဉ်ကို ပါတီဝင်ရဲဘော်အားလုံးရဲ့ အတွေးအခေါ်ထဲမှာ နက်နက်ရှိုင်းရှိုင်း စိုက်ပျိုးထားရမယ်။ ပါတီဝင်တိုင်းရဲ့ လှုပ်ရှားမှုတွေထဲမှာ အစစ်အမှန်သက်ဝင်ဆောင်ရွက်နေရမှာဖြစ်ပြီး ပါတီ ...ွင်းမှာ တည်ရှိနေတဲ့ ပြဿနာတွေ၊ အထူးသဖြင့် ပြည်သူလူထုက မကျေနပ်တဲ့ ပြဿနာတွေကိုလည်း အားစိုက်ဖြေရှင်းရမှာ ဖြစ်တယ်။

ဒါမှသာ ကျွန်တော်တို့ပါတီ ထာဝစဉ် အောင်မြင်မှုတွေ ရပြီး ပြည်သူလူထုရဲ့ ယုံကြည်မှုနဲ့ ဝန်းရံမှုကို ရရှိမှာဖြစ်ပါတယ်။ လူထုလမ်းစဉ်ကို စွဲမြဲစွာ ကိုင်စွဲတာဟာ ကျွန်တော်တို့ရဲ့အလုပ်တွေကို လူထုက အမှန်တကယ်လာပြီး ဝေဖန်သုံးသပ်ပေးဖို့ပဲ ဖြစ်တယ်။ "အကျိုး အကြောင်း၊ အဆိုး အကောင်း သိသူ" ဘယ်လိုနိုင်ငံရေးပါတီမဆို သူ့ရဲ့အနာဂတ်နဲ့ ကံကြမ္မာဟာ နောက်ဆုံးတော့ ပြည်သူ့ရဲ့နှလုံးသားက အဆုံးအဖြတ် ပေးတာချည်းပဲ။

"လူ့နှလုံးသားဆိုတာ စွမ်းအားဖြစ်တယ်" ကျွန်တော်တို့ ပါတီဝင်အရေအတွက်ဟာ လူထုကြားထဲ ရောက်သွားရင် အလွန်တရားနည်းပါးတဲ့ အရေအတွက်ပါ။ ကျွန်တော်တို့ပါတီရဲ့ ခမ်းနားကြီးကျယ်တဲ့ လုံးပန်းတိုက်ခိုက်မှုနဲ့ ချီတက်တဲ့ပန်းတိုင်ဟာ လူထုရဲ့ထောက်ခံအားပေးမှု ကင်းကွာတာနဲ့ လုံးဝအကောင်အထည်ဖော်နိုင်မှာ မဟုတ်ဘူး။

ကျွန်တော်တို့ပါတီရဲ့ အုပ်ချုပ်ရေးအာဏာကျင့်သုံးမှု ရေချိန်နဲ့ အုပ်ချုပ်ရေးအာဏာကျင့်သုံးမှုရဲ့ အကျိုးအာနိသင် စတဲ့ အရာအားလုံးဟာ ကိုယ့်ဘာသာကိုယ် ပြောလို့ရတာမျိုးမဟုတ်ဘူး။ ဇကန်မုချ ပြည်သူကသာ လာပြီး ဝေဖန်သုံးသပ် အဆုံးအဖြတ်ပေးရမှာ ဖြစ်တယ်။ ပြည်သူလူထုဟာ ကျွန်တော်တို့ပါတီရဲ့ လုပ်ငန်းတွေကို အဆုံးအဖြတ်ပေးနိုင်တဲ့ အမြင့်ဆုံး ဆုံးဖြတ်ချက်ချသူနဲ့ နောက်ဆုံး ဝေဖန်အကဲဖြတ်သူ ဖြစ်တယ်။

လွတ်လပ်အမှီခိုကင်းတဲ့ ကိုယ်ပိုင် ဆုံးဖြတ်ချက်ဆိုတာ ကျွန်တော်တို့ပါတီ တရုတ်ပြည် လက်တွေ့ထဲက အစပြုလာတာ ဖြစ်တယ်။ ပါတီနဲ့ ပြည်သူရဲ့ အင်အားကို မှီခိုအားထားပြီး

တော်လှန်ရေး၊ တည်ဆောက်ရေး၊ ပြုပြင်ပြောင်းလဲရေး၊ သဘောတရားကောက်ချက်၊ ပေါင်းရုံးသုံးသပ်ချက်များကို အစဉ်တစိုက်ဆောင်ရွက်ခဲ့တာ ဖြစ်တယ်။ အရင်တုန်းက ဖြစ်စေ၊ မျက်မှောက်နဲ့ အနာဂတ်မှာပဲ ဖြစ်စေ၊ ကျွန်တော်တို့ဟာ နိုင်ငံနဲ့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ့်အင်အားရဲ့ အခြေခံပေါ်မှာ ထားရမယ်။ အမျိုးသားဂုဏ်မာနနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်အပြည့်အဝထားပြီး မိမိတို့ရဲ့လမ်းကို မမှိတ်မသုန် ဦးတည်လျှောက်သွားရမှာ ဖြစ်ပါတယ်။

အမှီခိုကင်းစွာ မိမိဘာသာ ဆုံးဖြတ်ခြင်းဆိုတာ တရုတ်ပြည်သူများရဲ့ ကောင်းမြတ်တဲ့ ရိုးရာအစဉ်အလာ ဖြစ်သလို တရုတ်ပြည် ကွန်မြူနစ်ပါတီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပါတီနဲ့နိုင်ငံကို ထူထောင်တဲ့ အရေးကြီးမူဝါဒလည်း ဖြစ်ပါတယ်။ တရုတ်ပြည်လို လူဦးရေထူထပ်များပြားပြီး စီးပွားရေး၊ ယဉ်ကျေးမှု၊ ခေတ်နောက်ကျတဲ့ အရှေ့တိုင်းနိုင်ငံကြီး ဆင်နွှဲနေဆဲ တော်လှန်ရေး၊ တည်ဆောက်ရေး၊ သမိုင်းပေးတာဝန်များဟာ တိုင်းပြည်ပကတိအခြေအနေနဲ့ ကိုက်ညီတဲ့ ဆုံးဖြတ်ချက်ကိုသာချပြီး ကိုယ့်လမ်းကို ကိုယ်ရွေးချယ် လျှောက်လှမ်းခဲ့ရတာပဲ ဖြစ်တယ်။

၉.၆ သန်း စတုရန်းကီလိုမီတာ ကျယ်ပြောတဲ့ ပထဝီမြေပေါ်မှာ ရပ်တည်ပြီး တရုတ်ပြည်သူတွေရဲ့ ရှည်လျားတဲ့ဖြတ်သန်းမှု၊ ကြီးပမ်းအားထုတ်မှုနဲ့ မကုန်ခန်းနိုင်သော ယဉ်ကျေးမှုအာဟာရဓာတ်များကို သောက်စို့နေတဲ့ သန်းပေါင်း ၁၃၀၀ ရှိ တရုတ်ပြည်သူများ စုပေါင်းနေထိုင်မှုဟာ အရှိန်အဟုန်ပြင်းတဲ့ အင်အားဖြစ်လို့ ကျွန်တော်တို့ ကိုယ့်လမ်းကိုယ် လျှောက်ရပါမယ်။

နိုင်းယှဉ်ရခက်ပြီး အလွန်တရာ ကျယ်ပြောလှတဲ့ ဇာတ်ခုံကြီးနဲ့ သိပ်သည်းနက်ရှိုင်းတဲ့ သမိုင်းအခြေခံ၊ ကြီးမားတဲ့ ဆုံးဖြတ်ချက်နဲ့ ရှေ့ချီတက်မှုစွမ်းအား ဒါတွေကို အခိုင်အမာ ပိုင်ဆိုင်ထားပါတယ်။ တရုတ်ပြည်သူတွေအနေနဲ့ ဒီလိုယုံကြည်မှုမျိုး ရှိသင့်ပြီး တရုတ်နိုင်ငံသားတိုင်း ဒီလိုယုံကြည်မှုမျိုး ရှိသင့်ပါတယ်။

အမိုခိုကင်းစွာ ဆုံးဖြတ်ခြင်းဆိုတာ တရုတ်နိုင်ငံရဲ့ကိစ္စကို မုချပဲ တရုတ်ပြည်သူတွေ ကိုယ်တိုင်က ဆုံးဖြတ်၊ ကိုယ်တိုင်ဖြေရှင်းတာ ဖြစ်တယ်။ အမှန်တကယ် ပြောရရင် ကမ္ဘာအရပ်ရပ်မှာ အားလုံးစံပြုထိုက်တဲ့ ဖွံ့ဖြိုးတိုးတက်ရေး ပုံသဏ္ဍာန်ဆိုတာ မရှိသလို ဘာမှမပြောင်းလဲတဲ့ ဖွံ့ဖြိုးတိုးတက်ရေး ဆိုတာလည်း မရှိပါဘူး။ မတူကွဲပြား သမိုင်းအချက်အလက်များပေါ်မှာ မူတည်ပြီး နိုင်ငံအသီးသီးက ဆုံးဖြတ်ရွေးချယ်တဲ့ ဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်တယ်ဆိုတာ မရှိခဲ့ပါဘူး။ အဲဒီလို လုပ်လို့ရတဲ့ အဖြေက မုချအရှုံးနဲ့ ရင်ဆိုင်ရမှာဖြစ်ပြီး မလွဲမသွေ သူတစ်ပါးသြဇာခံ ရပ်သေးရပ်တစ်ရပ် ဖြစ်သွားမယ်။

ကျွန်တော်တို့ ပါတီက ခေါင်းဆောင်ပြီး တော်လှန်ရေး၊ တည်ဆောက်ရေး၊ ပြုပြင်ပြောင်းလဲရေး ရေရှည်ဖြတ်သန်းမှုအတွင်း အမိုခိုကင်းစွာ ကိုယ်တိုင်ဆုံးဖြတ်၊ လမ်းသစ်ချဲ့ပြီး ရှေ့ကိုချီတဲ့ လမ်းကြောင်းမှာ ဒီလိုအမိုခိုကင်းစွာ ဆုံးဖြတ်နိုင်တဲ့ ရှာဖွေမှုနဲ့ လက်တွေ့ဖြတ်သန်း၊ စိတ်ဓာတ်ကို အရင်းခံထားပြီး ကိုယ့်လမ်းကို ကိုယ်လျှောက်တဲ့ ယုံကြည်ဆုံးဖြတ်ချက်မျိုးဟာ ကျွန်တော်တို့ပါတီတစ်ခုလုံးရဲ့ သဘောတရားနဲ့ လက်တွေ့ဖြတ်သန်းမှု ဖြစ်

တယ်။ ပါတီနဲ့ ပြည်သူရဲ့ လုပ်ငန်းစဉ်များကို အဆက်မပြတ် အောင်ပွဲခံပြီး အောင်ပွဲအသစ်ဆီ ရှေးရှုတဲ့ အရင်းခံအာမခံချက် လည်း ဖြစ်ပါတယ်။

အမှီခိုကင်း၊ ကိုယ်ပိုင်ဆုံးဖြတ်ခြင်းကို ထိန်းသိမ်းတာဟာ တရုတ်ဝိသေသ ဆိုရှယ်လစ်ဝါဒ လမ်းကြောင်းကို စိုက်လိုက်မတ် တတ် လျှောက်လှမ်းတာ ဖြစ်ပါတယ်။ ပိတ်ဆို့ပြီး ကြမ်းတမ်း တဲ့ လမ်းဟောင်းကို မလျှောက်သလို အလံပြောင်းပြီး ဆူလွယ် နပ်လွယ် မကောင်းဆိုးဝါး လမ်းကြောင်းကိုလည်း မလျှောက်ခဲ့ ဘူး။ ကျွန်တော်တို့ နိုင်ငံရေးဆုံးဖြတ်ချက် တောင့်တင်းခိုင်မာ ရမယ်။ လမ်းကြောင်း၊ သဘောတရားစနစ်များအပေါ် ယုံကြည်မှု အားဖြည့်မြှင့်တင်ရမယ်။ ကျွန်တော်တို့ရဲ့ ပကတိအသွင်အပြင် အနေအထားအရ လုပ်ငန်းတာဝန် ဖွံ့ဖြိုးတိုးတက်မှု ပြောင်းလဲ ခြင်းသဘောနဲ့ ဘက်စုံလေးနက်တဲ့ ပြုပြင်ပြောင်းလဲရေးကို လုပ် ရမယ်။

တရုတ်ဝိသေသ ဆိုရှယ်လစ်ဝါဒ လမ်းကြောင်းကို အဆက် မပြတ် ချဲ့ထွင်ရမယ်။ တရုတ်ဝိသေသ ဆိုရှယ်လစ်ဝါဒ သဘော တရား တစ်စုံလုံးကို အဆက်မပြတ်ကြွယ်ဝစေပြီး တရုတ်ဝိသေသ ဆိုရှယ်လစ်ဝါဒစနစ်ကို အဆက်မပြတ် ပြည့်စုံကောင်းမွန်စေရ မယ်။

လူသားမျိုးနွယ်ရဲ့ လူမှုအဖွဲ့အစည်းက တီထွင်ဖန်တီးပေး ခဲ့တဲ့ ယဉ်ကျေးမှု အသီးအပွင့်အားလုံးကို ကျွန်တော်တို့ နှိမ့်နှိမ့် ချချနဲ့ လေ့လာဆည်းပူးရမယ်။ ဒါပေမဲ့ ကိုယ့်သမိုင်း ကိုယ်မသိ ဘဲ ဘိုးဘေးတွေကို မေ့လို့မဖြစ်ဘူး။ တိုင်းတစ်ပါးရဲ့ ဖွံ့ဖြိုးတိုး

တက်မှုပုံစံကို ယုံတူကူးယူလို့လည်း မရသလို ဘယ်လိုပြည်ပ နိုင်ငံမျိုးကဖြစ်ပါစေ ဆရာလုပ်၊ နှုတ်တိုက်ချတာမျိုးကို လုံးဝ လက်မခံဘူး။

အမှိုနိုကင်းကင်း ဆုံးဖြတ်ခြင်းကို ဆုပ်ကိုင်တာဟာ ငြိမ်း ချမ်းရေးနဲ့ နိုင်ငံခြားရေးရာ ပေါ်လစီကို ဆုပ်ကိုင်တာဖြစ်ပြီး ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းအပေါ်မှာ တစ်သမတ် တည်း လျှောက်လှမ်းတာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ငြိမ်းချမ်းရေးကို မြင့်မားအောင် မြှင့်တင်၊ ဖွံ့ဖြိုးတိုးတက်အောင် လုပ်၊ ပူးပေါင်းဆောင်ရွက်ပြီး အတူတကွ အနိုင်ရ၊ ငြိမ်းချမ်းစွာ တူယှဉ်တွဲ နေထိုင်ရေးမူ(၅)ချက် အခြေခံပေါ်မှာ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြပြီး တန်းတူ အပြန်အလှန် အကျိုး ရှိတဲ့ မူပေါ်မှာ တစ်နိုင်ငံလုံး အပြန်အလှန် ပူးပေါင်းဖလှယ်ရေး ကို တက်တက်ကြွကြွ ဆင့်နွဲကြရမှာ ဖြစ်တယ်။

ကမ္ဘာ့ငြိမ်းချမ်းရေးကို ခိုင်မြဲစွာ ထိန်းသိမ်းစောင့်ရှောက် ရမယ်။ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းတင်ရမယ်။ ကျွန်တော်တို့ အရာကိစ္စများရဲ့ အရင်းခံ အမှားအမှန်ကို စုံစမ်း စစ်ဆေး၊ အထောက်အထားကို ကြည့်ပြီးမှသာ မိမိရဲ့ရပ်တည် ချက်နဲ့ ပေါ်လစီကို ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

သမာသမတ်ကျမှုကို ကိုင်စွဲ၊ တရားမျှတမှုကို တိုးပွားစေ ရမယ်။ တိုင်းရင်းသား လူမျိုးအသီးသီးက ကိုယ်ပိုင်ရွေးချယ် လိုက်တဲ့ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းရဲ့ အခွင့်အရေးကို လေး စားလိုက်နာရမယ်။ သူတစ်ပါးကို မိမိရဲ့ဆန္ဒတွေနဲ့ ဖြည့်စွက် ဖိအားပေးတာမျိုး လုံးဝမလုပ်ရပါဘူး။ ထို့အတူပဲ ဘယ်လိုလူမျိုး

ဖြစ်စေ သူတို့ရဲ့ဆန္ဒတွေနဲ့ တရုတ်ပြည်သူတွေဆီလာပြီး ဖိအား ပေးတာမျိုး လုံးဝခွင့်မပြုဘူး။

ကျွန်တော်တို့ တင်ပြတောင်းဆိုချင်တာကတော့ အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုတွေကို ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းဖို့ပဲ ဖြစ်ပါတယ်။ ဗိုလ်ကျလွှမ်းမိုးရေးဝါဒနဲ့ အနိုင်ကျင့် စိုးမိုးတဲ့ နိုင်ငံရေးပုံသဏ္ဍာန်အမျိုးမျိုးကို ဆန့်ကျင်ရမယ်။ ဗိုလ်ကျတာ၊ နယ်ချဲ့တာတွေ ထာဝရ မလုပ်ဘူး။

ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ခိုင်မာစွာ ကာကွယ်စောင့်ရှောက်ရမယ်။ တိုင်းပြည်လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အကျိုးအမြတ် စတဲ့ ကျွန်တော်တို့ရဲ့ အမြဲတေ အကျိုးအမြတ်တွေနဲ့ အရောင်းအဝယ် လုပ်မယ်လို့ ဘယ်ပြည်ပနိုင်ငံက မှ မျှော်လင့်စောင့်စားမနေပါနဲ့။ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာ အာဏာ၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့ အကျိုးအမြတ်များကို ထိခိုက်နစ်နာအောင် ကျွန်တော်တို့ မျိုချလိမ့်မယ် မယ်လို့လည်း မမျှော်လင့်ကြပါနဲ့လို့ ပြောချင်တယ်။

○

## (၂၅)

## အခြေခံဥပဒေကို လေးစားခြင်း

တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ ပတ်သက်ရင် တင်ပြစရာ များစွာ ရှိပါတယ်။ သူ့ရဲ့ဖြတ်သန်းမှုဘဝခရီးကိုက စိတ်ဝင်စားစရာ ကောင်းလွန်းပါတယ်။ သမ္မတရှီကျင့်ဖျင်နဲ့ပတ်သက်လို့ ရေးသားခဲ့တာကို လေ့လာပြီးပြီ ထင်ပါတယ်။ အဲဒီအတွက် အကျယ်ချဲ့ပြီး မရေးလိုတော့ပါ။ တကယ်တော့ ရှီကျင့်ဖျင်ဟာ လူသားထဲက လူသားတစ်ယောက် ဆိုပေမယ့် တရုတ်နိုင်ငံနဲ့ သူလူမျိုးတွေအတွက်တော့ တကယ့်ခေါင်းဆောင်ကောင်း တစ်ယောက်အဖြစ် သတ်မှတ်လို့ ရပါတယ်။

အဲဒီလိုပါပဲ၊ ပြည်သူတွေကလည်း ရှီကျင့်ဖျင်ကို လေးစားအားကိုးကြပါတယ်။ "ရှီ ဦးဆောင်ရင် ငါတို့ပြည်နယ် ပြီးပြည့်စုံတယ်"လို့ ပြည်သူတွေ ဒေသခံတွေက ပြောဆိုမှတ်ချက်ပေးကြ

ပါတယ်။ ရှီကျင့်ဖျင်ကလည်း အားလုံးကို လေးစားပါတယ်။ ဘယ်လောက် အသေးအဖွဲ့ ဖြစ်ပါစေ တန်ဖိုးထားတတ်ပါတယ်။

အဲဒီအတွက်ကြောင့် လေးစားကြတယ်။ ပြည်နယ်ဒေသ ဖွံ့ဖြိုးရေးအဖွဲ့တွေကို ဖိတ်ကြားတယ်။ ရှီကျင့်ဖျင် ကိုယ်တိုင် လာစေချင်တယ်။ မလာနိုင်တဲ့အခါ သဝဏ်လွှာရေးပို့ပါတယ်။

ရှီကျင့်ဖျင်ဟာ အမြဲလို ပြည်သူ့အကျိုးကို လုပ်ဆောင် ပေးပါတယ်။ မှတ်မှတ်ရရ သမ္မတ ရှီကျင့်ဖျင် တက်ရောက်ဟော ပြောတဲ့ မိန့်ခွန်းတစ်ခုကို တင်ပြချင်ပါတယ်။ အဲဒီပွဲဟာ ကြီး ကျယ်ခမ်းနားလွန်းပါတယ်။ တရုတ်ပြည်သူ အများအပြား တက် ရောက်တဲ့ပွဲ ဖြစ်ပါတယ်။

အဲဒီပွဲကို ရှီကျင့်ဖျင် အပါအဝင် တရုတ်ထိပ်တန်းခေါင်း ဆောင်အားလုံး မဖြစ်မနေ တက်ရောက်ကြပါတယ်။ အဲဒီပွဲမှာ ပြောတဲ့ ရှီကျင့်ဖျင်ရဲ့ မိန့်ခွန်းအပြည့်အစုံကို တင်ပြချင်ပါတယ်။

**တည်ဆဲ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ**
**အတည်ပြုပြဋ္ဌာန်းသည့် အနှစ်(၃၀)မြောက် အထိမ်းအမှတ်**
**ပြောကြားချက်**
**၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်**

ရဲဘော်တို့… မိတ်ဆွေတို့ခင်ဗျား…

၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ဟာ ငါးကြိမ်မြောက် ပြည်သူ့ကွန်ဂရက် ပဉ္စမအကြိမ် မျက်နှာစုံညီအစည်းအဝေးက ဆုံးဖြတ်အတည်ပြုခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖွဲ့စည်းအုပ်

ချုပ်ပုံ အခြေခံဥပဒေနေ့ ဖြစ်ပါတယ်။ မျက်မှောက်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ထုတ်ပြန်ကြေညာပြီး ကျင့်သုံးဆောင်ရွက်ခဲ့တာဟာ အနှစ် ၃၀ ပြည့်ခဲ့ပါပြီ။ ဒီကနေ့ ကျွန်တော်တို့ ဒီနေရာမှာ ခမ်းနားသိုက်မြိုက်စွာ စုစည်းကြတာဟာ လေးနက်တဲ့ သမိုင်းအဓိပ္ပာယ်နဲ့ လက်တွေ့အဓိပ္ပာယ်ဆောင်တဲ့ အခိုင်အမာကိစ္စရပ်ပေါ်မှာ အထိမ်းအမှတ် ပြုလုပ်ကြတာ ဖြစ်ပါတယ်။

ဒါဟာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဘက်စုံထောင့်စုံ ထိရောက်တဲ့ လက်တွေ့ကျင့်သုံး ဆောင်ရွက်မှုအပေါ် အာမခံတာ ဖြစ်သလို (၁၈)ကြိမ်မြောက် ပါတီညီလာခံရဲ့စိတ်ဓာတ်ကို ထောင့်စေ့အောင် ကျင့်သုံးနိုင်ဖို့ တွန်းဆော်တာလည်း ဖြစ်ပါတယ်။

သမိုင်းဟာ လူသားတွေကို နက်နဲတဲ့ အသိဉာဏ်လမ်းစ ဖွင့်ပေးမြဲ ဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ တစ်သားတည်း ရှိနေသလို ပါတီနဲ့ ပြည်သူ အတူဖွင့်လှစ်ထားတဲ့ ရှေ့ချီတက်ရာ လမ်းကြောင်းနဲ့ မြောက်မြားလှတဲ့ အဖိုးတန်အတွေ့အကြုံများဟာလည်း နီးနီးကပ်ကပ် ဆက်စပ်နေပါတယ်။

ကျွန်တော်တို့နိုင်ငံ လက်ရှိကျင့်သုံးနေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ ရေသောက်မြစ်ဟာ ၁၉၄၉ ခုနှစ် ယာယီဖွဲ့စည်းပုံ အခြေခံဥပဒေ အကျိုးသက်ရောက်မှုဖြစ်တဲ့ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ အစည်းအဝေး သဘောတူလမ်းညွှန် အခြေခံမှုနဲ့ ၁၉၅၄ ခုနှစ်၊ (၁)ကိမ်မြောက် ပြည်သူ့ကွန်ဂရက် ပထမ

အကြိမ် မျက်နှာစုံညီ အစည်းအဝေးက ဆုံးဖြတ်အတည်ပြုတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်ပါတယ်။

ဒီမော်ကွန်းဝင် စာတမ်းများဟာ နိုင်ငံအခြေခံဥပဒေရဲ့ ပုံသဏ္ဍာန်တွေ ဖြစ်ပါတယ်။ အနီးတော် နှစ် ၁၀၀ ကျော်အတွင်းမှာ တရုတ်ပြည်သူများအား အတွင်းရန်၊ အပြင်ရန်များကို ဆန့်ကျင်ပြီး အမျိုးသားလွတ်မြောက်ရေး၊ တိုင်းသူပြည်သား လွတ်လပ်မှုနဲ့ ချမ်းသာသုခ ရရှိရေးအတွက် ရဲရင့်စွာ တိုက်ခိုက်ပြီး အရယူခဲ့ခြင်းကို အတည်ပြုလိုက်တာ ဖြစ်သလို တရုတ်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုနဲ့ တရုတ်ပြည်သူများဟာ ဒီမိုကရေစီသစ်ဝါဒ တော်လှန်ရေးအောင်ပွဲကို ဆွတ်ခူးပြီး ပြည်သူတွေလက်ထဲမှာ တိုင်းပြည်ရဲ့နိုင်ငံရေးအာဏာ သမိုင်းကြောင်း ပြောင်းလဲမှုကို ဆုပ်ကိုင်ထားနိုင်ပြီဆိုတာ သက်သေပြလိုက်တာလည်း ဖြစ်ပါတယ်။

၁၉၇၈ ခုနှစ်မှာ ကြီးမားတဲ့ သမိုင်းအဓိပ္ပာယ်နဲ့ (၁၁) ကြိမ်မြောက် ပါတီညီလာခံ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးကို ခေါ်ယူကျင်းပခဲ့ပြီး ပြုပြင်ပြောင်းလဲရေး တံခါးဖွင့်ဝါဒ သမိုင်းကာလ အသစ်ကို စတင်ဖွင့်လှစ်ပေးခဲ့ပါတယ်။

ဆိုရှယ်လစ်ဝါဒဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အင်္ဂါပြည့်စုံတဲ့ ဆိုရှယ်လစ်ဝါဒ တရားဥပဒေဆိုင်ရာစနစ်ဟာ ပါတီနဲ့ နိုင်ငံတော်အတွက် မမိုတ်မသုန် ဆုပ်ကိုင်ရမယ့် အခြေခံလမ်းညွှန်မှုများ ဖြစ်လာပါတယ်။

ဒီအစည်းအဝေးကြီးမှာ ရဲဘော်တိန့်ရှောက်ဖျင် လေးနက်စွာ ထောက်ပြခဲ့တာက…

"ပြည်သူ့ဒီမိုကရေစီ အာမခံချက်ရှိဖို့ မုချပဲ ဥပဒေကို တောင့်တင်းအောင် အားဖြည့်ရမယ်။ မုချဒီမိုကရေစီစနစ်ဆန်ရမယ်။ တရားဥပဒေ ကျင့်သုံးရမယ်။ ဒီလို စနစ်မျိုးနဲ့ တရားဥပဒေက ခေါင်းဆောင်ပုဂ္ဂိုလ်ရဲ့ ပြောင်းချင်တိုင်း ပြောင်းတာမျိုးကို ခွင့်မပြုဘူး။ ခေါင်းဆောင်ရဲ့ အမြင်နဲ့ အာရုံစူးစိုက်မှုကြောင့် ပြောင်းလဲပြီး ထပ်ပြောင်းတာမျိုးကို သဘောမတူဘူး"

"ပါတီရဲ့(၁၁)ကြိမ်မြောက် တတိယအကြိမ် မျက်နှာစုံညီ အစည်းအဝေးက ချမှတ်တဲ့ လမ်းစဉ်ဆိုင်ရာ မူဝါဒလမ်းညွှန်ချက်နဲ့အညီ ကျွန်တော်တို့နိုင်ငံ ဆိုရှယ်လစ်ဝါဒ တည်ဆောက်ရေးရဲ့ အမှန်ဘက်နဲ့ အမှားဘက် အတွေ့အကြုံများကို နိဂုံးချုပ်သုံးသပ်ပြီး "ယဉ်ကျေးမှုတော်လှန်ရေး"(၁၉၆၆–၁၉၇၆)ရဲ့ (၁၀)နှစ်တာ မှာကြည်းစရာ သင်ခန်းစာကို နက်နက်ရှိုင်းရှိုင်း မှတ်ယူရမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ဆိုရှယ်လစ်ဝါဒ အောင်မြင်ခြင်းနဲ့ အရေးနိမ့်ခြင်း အကျိုးအမြတ်နဲ့ ဆုံးရှုံးမှု၊ ဒါတွေကို နှိုင်းယှဉ်ကြည့်ပြီး ကျွန်တော်တို့နိုင်ငံ ပြုပြင်ပြောင်းလဲရေး တံခါးဖွင့်ဝါဒနဲ့ ခေတ်မီဆိုရှယ်လစ်ဝါဒ တည်ဆောက်ရေးဟာလည်း အခြေအနေနဲ့ သဟဇာတရှိရမှာ ဖြစ်ပါတယ်။

ဆိုရှယ်လစ်ဒီမိုကရေစီ ဥပဒေဆိုင်ရာစနစ် တည်ဆောက်ရေးရဲ့ တောင်းဆိုချက် အသစ်တွေကို အားသစ်လောင်းပေးရ

မယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံကို အခြေခံဥပဒေကို ကျွန်တော်တို့ပဲ ရေးဆွဲချမှတ်ခဲ့တာ ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ ဖြစ်ပေါ်လာတဲ့ အခြေအနေ အသစ်များနဲ့ အဆက်မပြတ် လိုက်လျောညီထွေ ရှိနေရမယ်။ အတွေ့အကြုံသစ်များကို သိမ်းသွင်းလက်ခံပြီး အကျိုးအမြတ် ရလဒ်အသစ်တွေကို အသိအမှတ်ပြုရမယ်။ ဒါမှသာ သက်ဝင်စွမ်းအားဟာ ရေရှည် ခံနိုင်ရည်ရှိမှာဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်၊ ၁၉၉၃ ခုနှစ်၊ ၁၉၉၉ ခုနှစ်၊ ၂၀၀၄ ခုနှစ်များမှာ နိုင်ငံလုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မတချို့နဲ့ မလွဲမသွေ ပြင်ဆင်ရန် လိုအပ်တဲ့အရေးကြီးအကြောင်းအရာ တစ်စိတ်တစ်ပိုင်းတို့ကို အသီးသီးပြင်ဆင်ဖြည့်စွက်ခဲ့ကြပါတယ်။

ဒါဟာ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ငြိမ်ရေးကို ထိန်းသိမ်းဖို့နဲ့ ဩဇာအရှိန်အဝါရှိရေးရဲ့ အခြေခံပေါ်မှာ ရှေ့ချီနေတဲ့ ခေတ်ခြေလှမ်းများကို အမီလိုက် ချီတက်ရတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ နိုင်ငံအခြေခံဥပဒေပုံသဏ္ဍာန်ဖြစ်ပြီး သူက တရုတ်ဝိသေသဆိုရှယ်လစ်ဝါဒ လမ်းကြောင်းနဲ့ သဘောတရားစနစ်ကို ထူထောင်ပေးခဲ့ပါတယ်။ တရုတ်ဝိသေသ ဆိုရှယ်လစ်ဝါဒစနစ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များဟာ တိုင်းရင်းသား ပြည်သူလူထု အသီးသီးရဲ့

တူညီတဲ့ဆန္ဒနဲ့ အခြေခံစီးပွားကို ရောင်ပြန်ဟပ်ပြတာပဲ ဖြစ်ပါတယ်။

ဒါဟာ သမိုင်းကာလ အသစ်မှာ ပါတီနဲ့ နိုင်ငံတော်ရဲ့ အချက်အချာလုပ်ငန်းလည်း ဖြစ်လာပါတယ်။ အခြေခံမူဝါဒ၊ အရေးကြီးလမ်းညွှန်ချက်နဲ့ အဓိကပေါ်လစီများဟာ နိုင်ငံတရားဥပဒေဆိုင်ရာ စနစ်ပေါ်မှာ အမြင့်ဆုံး ထင်ဟပ်ပြရမှာ ဖြစ်ပါတယ်။

နှစ်ပေါင်း ၃၀ အတွင်းမှာ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ အမြင့်မားဆုံး တရားဥပဒေဆိုင်ရာ အဆင့်နေရာနဲ့ အင်အားတောင့်တင်းတဲ့ ဥပဒေစနစ်ကို ရရှိလာပြီး လူထုကို တိုင်းပြည်ပြုပြင်ပြောင်းလဲရေးနဲ့ ဆိုရှယ်လစ်စနစ်ခေတ်မီတည်ဆောက်ရေးကို အားကြိုးမာန်တက် တွန်းတင်နိုင်ခဲ့သလို ဆိုရှယ်လစ်ဝါဒ တရားဥပဒေစိုးမိုးရေး နိုင်ငံခရီးစဉ်ကိုလည်း အားအင်အပြည့်နဲ့ တွန်းတင်ခဲ့ပါတယ်။

လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တစည်းတလုံးတည်းသော နိုင်ငံကို အစွမ်းကုန် ကာကွယ်တွန်းတင်ခဲ့ပါတယ်။ အမျိုးသားညီညွတ်ရေး၊ လူမှုအဖွဲ့အစည်းတည်ငြိမ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းရဲ့ နေထိုင်စားသောက်မှုဘဝ၊ ဒါတွေအားလုံးထဲမှာ နက်ရှိုင်းတဲ့ ဂယက်ရိုက်ခတ်မှုဟာ အထွတ်အထိပ်ကို ရောက်ခဲ့ပါတယ်။

အနှစ် ၃၀ ရဲ့ ဖွံ့ဖြိုးတိုးတက်မှု ခရီးစဉ်မှာ အပြည့်အဝ သက်သေပြတာကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ

အခြေခံဥပဒေဟာ တိုင်းပြည်အခြေအနေနဲ့ ကိုက်ညီပြီး ပကတိဖြစ်ရပ်နဲ့ ညီညွတ်တယ်။ ခေတ်ကာလ ဖွံ့ဖြိုးတိုးတက်ရေးတောင်းဆိုမှုနဲ့လည်း ဆီလျော်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ တူညီတဲ့ဆန္ဒကို အပြည့်အဝ ထင်ဟပ်ပြနိုင်သလို ပြည်သူ့ဒီမိုကရေစီ အခွင့်အရေးကိုလည်း အပြည့်အဝအာမခံပေးခဲ့ပါတယ်။ ခြုံပြီး ပြောရရင်တော့ ပြည်သူလူထုရဲ့အခြေခံအကျိုးစီးပွားကို တင်းပြည့် ကျပ်ပြည့် ကာကွယ်စောင့်ရှောက်ပေးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကောင်း ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူ အတူတကွ ခံစားတွေ့ကြုံခဲ့ရတဲ့ ဒုက္ခအန္တရာယ်မျိုးစုံရဲ့ သံခဲတင်ခြင်းဖြစ်ပြီး တရုတ်ဝိသေသ ဆိုရှယ်လစ်ဝါဒ လမ်းကြောင်းအတိုင်း အစမှ အဆုံးတိုင် ရှေ့ချီတက်တဲ့ အခြေခံတရားဥပဒေဆိုင်ရာစနစ် အာမခံချက်လည်း ဖြစ်ပါတယ်။

ရှေ့တစ်ဆင့်တိုးပြီး နောက်ကြောင်းကို ပြန်ကြည့်မယ်ဆိုရင် တရုတ်ပြည်သစ် ထူထောင်ခဲ့တဲ့ နှစ်ပေါင်း ၆၀ ကျော်အတွင်း ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် ဖွံ့ဖြိုးတိုးတက်တဲ့ ဖြစ်စဉ်ကို ကျွန်တော်တို့ ရှင်းလင်းစွာ မြင်ခဲ့ရတာကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ နိုင်ငံရဲ့အနာဂတ်၊ ပြည်သူရဲ့ ကံကြမ္မာများဟာ ခွဲမရအောင် ဆက်စပ်နေပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အရှိန်အဝါကို ကာကွယ်စောင့်ရှောက်တာဟာ ပါတီနဲ့ ပြည်သူရဲ့ တူညီတဲ့ဆန္ဒ အရှိန်

အဝါကို ကာကွယ်စောင့်ရှောက်တာပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ ဂုဏ်သိက္ခာကို ကာကွယ်ခုခံတာဟာ ပါတီနဲ့ ပြည်သူရဲ့ တူညီတဲ့ဆန္ဒ ဂုဏ်သိက္ခာကို ကာကွယ်ခုခံတာ ဖြစ်တယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ လက်တွေ့အကောင်အထည်ဖော်မှုကို အာမခံတာဟာ လူထုရဲ့ အခြေခံအကျိုးစီးပွား အကောင်အထည်ရှိမှုကို အာမခံတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တိကျ သေချာတဲ့ ရိုသေလေးစားမှုနဲ့ ထိရောက်စွာ အကောင်အထည် ဖော်နိုင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသာရှိရင် ပြည်သူလူထုက အရှင်သခင်အဖြစ် ဦးစီးဦးကိုင် လုပ်နိုင်ရေးကို အာမခံမှာဖြစ်ပြီး ပါတီနဲ့ နိုင်ငံရဲ့လုပ်ငန်းကိစ္စရပ်များဟာလည်း ချောမွေ့စွာ ဖွံ့ဖြိုးတိုးတက်နိုင်မှာ ဖြစ်ပါတယ်။

ဆန့်ကျင်ဘက်အားဖြင့် အကယ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ လစ်လျူရှုခြင်းနဲ့ အင်အားချည့်နဲ့ပြီး ဖျက်ဆီးခြင်းတောင် ခံရမယ်ဆိုရင် လူထုရဲ့ ရပိုင်ခွင့်နဲ့ လွတ်လပ်မှုတွေဟာ ဘာအာမခံချက်မှ ရနိုင်မှာ မဟုတ်ပါဘူး။ ပါတီနဲ့ နိုင်ငံတော်ရဲ့ လုပ်ငန်းဆောင်တာများဟာလည်း အရေးနိမ့်ပါးမှုနဲ့ ကြုံတွေ့ခံစားရမှာ ဖြစ်ပါတယ်။ ဒါတွေက ရေရှည်လက်တွေ့ ဖြတ်သန်းမှုထဲမှာ ရရှိလာတဲ့ အဖိုးတန် အသိဉာဏ် ပွင့်လန်းမှုများဖြစ်လို့ မုချပဲ ဆတက်ထမ်းပိုးတိုးပြီး တန်ဖိုးထားရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကိုယ်ပိုင် အသိစိတ်ဓာတ်နဲ့ ပိုပြီး တစ်သဝေ မတိမ်း လိုက်နာရမှာက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူဝါဒ များဖြစ်တယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ စိတ်ဓာတ်ကို ပြန့်ပွားအောင်လုပ်ပြီး ပေးအပ်လာတဲ့ တာဝန်ကို လိုက်နာဆောင် ရွက်ရပါမယ်။

သေချာတဲ့ အောင်မြင်မှုတွေ ရရှိနေတဲ့ တစ်ချိန်တည်းမှာ မပြည့်စုံသေးတဲ့ အရာတွေ တည်ရှိနေတာကို ကျွန်တော်တို့ မြင် တတ်ရမှာဖြစ်တယ်။ အဲဒီက ဖော်ပြတာက ဖွဲ့စည်းပုံအခြေခံ ဥပဒေကို လက်တွေ့ကျင့်သုံးဆောင်ရွက်တဲ့အပေါ် ကြီးကြပ်တဲ့ ယန္တရားအာမခံမှုနဲ့ အသေးစိတ်စနစ်၊ ကျစ်လျစ်ခိုင်မာမှု မရှိသေး ဘူး။

ဥပဒေကို မလိုက်နာဘူး။ ဥပဒေသတ်မှတ်ချက် မတင်း ကျပ်ဘူး။ ဥပဒေချိုးဖောက်သူကို အရေးမယူဘူး။ ဒီလိုအခြင်း အရာတွေဟာ တချို့နေရာတွေနဲ့ ဌာနဆိုင်ရာတွေမှာ ရှိနေဆဲပဲ ဖြစ်တယ်။

ပြည်သူလူထုရဲ့ အကျိုးစီးပွားနဲ့ တိုက်ရိုက်ဆက်နွယ်နေတဲ့ ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်ရေး၊ တရားစီရင်ရေး စတဲ့ ပြဿနာတွေဟာ နှိုင်းယှဉ်ချက်အရ ပေါ်လွင်တာတွေ ဖြစ်တယ်။

တချို့အစိုးရဝန်ထမ်းတွေက လုပ်ပိုင်ခွင့်အာဏာကို အလွဲ သုံးစားလုပ်တယ်။ လုပ်ငန်းတာဝန် မကျေပွန်တာ၊ ဥပဒေချိုး ဖောက်တာ၊ အဂတိလိုက်စားတာ၊ ဥပဒေကို လက်တစ်လုံးခြား လှည့်ဖြားတာတွေဟာ နိုင်ငံရဲ့တရားဥပဒေဆိုင်ရာစနစ်နဲ့ ဩဇာ

အရှိန်အဝါကို ဆိုးဆိုးဝါးဝါး ထိခိုက်စေပါတယ်။ နိုင်ငံသား အပါအဝင် ခေါင်းဆောင်ကေဒါတချို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအပေါ် နားလည်ရိပ်စားမှုဟာ တစ်ဆင့် မြင့်တက်လာဖို့ စောင့်ဆိုင်းနေရဆဲ ဖြစ်ပါတယ်။

ဒီပြဿနာတွေကို ကျွန်တော်တို့ လေးလေးနက်နက်ဂရုပြုပြီး တိရောက်တိကျတဲ့ လုပ်ဆောင်မှုတွေနဲ့ မလွဲကေန်အမှန်ပဲ ဖြေရှင်းရမှာ ဖြစ်ပါတယ်။

ရဲဘော်တို့… မိတ်ဆွေတို့ခင်ဗျား…

(၁၈)ကြိမ်မြောက် ပါတီညီလာခံ အလေးတင်း ညွှန်ပြခဲ့တာက ဥပဒေနဲ့အညီ တိုင်းပြည်အုပ်ချုပ်ခြင်းဟာ ပါတီက လူထုကို ခေါင်းဆောင်ပြီး တိုင်းပြည်ကို စီမံခန့်ခွဲအုပ်ချုပ်တဲ့ အခြေခံနည်းဗျူဟာနဲ့ အထွေထွေစီမံကိန်းများ ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးဟာလည်း နိုင်ငံအုပ်ချုပ်ရေးကို စီမံခန့်ခွဲတဲ့ အခြေခံနည်းနာ ဖြစ်ပါတယ်။ နိုင်ငံအုပ်ချုပ်ရေးနဲ့ လူမှုအဖွဲ့အစည်းအတွင်း စီမံခန့်ခွဲမှုမှာ တရားဥပဒေစိုးမိုးရေးဟာ အရေးကြီးတဲ့ အကျိုးသက်ရောက်မှု ဖြစ်တာကြောင့် တရားဥပဒေစိုးမိုးရေးကို ပိုပြီးအလေးဂရုပြု ထုတ်ဖော်ရမှာ ဖြစ်ပါတယ်။

ဥပဒေနဲ့အညီ တိုင်းပြည်အုပ်ချုပ်ခြင်းကို ဘက်စုံကတွန်းတင်ပြီး တရားဥပဒေစိုးမိုးတဲ့ ဆိုရှယ်လစ်ဝါဒ နိုင်ငံတည်ဆောက်ရေးကို အရှိန်မြှင့် ဆောင်ရွက်ရမှာ ဖြစ်တယ်။ ဒီရည်မှန်းချက်ပန်းတိုင်ရဲ့ တောင်းဆိုချက်ကို အကောင်အထည်ဖော်ဆောင်ဖို့

ဖွဲ့စည်းအခြေခံဥဒေကို မလွဲမသွေ ဘက်စုံကနေ လက်တွေ့ကျင့်သုံး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘက်စုံကနေ လက်တွေ့ကျင့်သုံးဆောင်ရွက်တာဟာ တရားဥပဒေစိုးမိုးတဲ့ ဆိုရှယ်လစ်ဝါဒနိုင်ငံတည်ဆောက်ရေးရဲ့ အဓိကတာဝန်နဲ့ အခြေခံအုတ်မြစ်သဘောဆောင်တဲ့ လုပ်ငန်းလည်း ဖြစ်ပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ နိုင်ငံရဲ့အရင်းခံဥပဒေဖြစ်ပြီး တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံအုပ်ချုပ်ရေးရဲ့ အထွေထွေစည်းမျဉ်းဥပဒေလည်း ဖြစ်တယ်။ တရားဥပဒေရဲ့ ဩဇာတိက္ကမနဲ့ အစွမ်းသတ္တိများဟာ တရားဥပဒေနယ်ပယ်ရဲ့ အမြင့်ဆုံးနေရာမှာ တည်ရှိပြီး သူ့ရဲ့အရင်းခံသဘောဆောင်မှုနဲ့ တစ်ခုလုံးသယ်ဆောင်မှု၊ တည်ငြိမ်တဲ့ သဘောဆောင်မှု၊ ရေရှည်သဘောဆောင်မှုစတဲ့ ဂုဏ်သတ္တိများဟာလည်း အခိုင်အမာ တည်ရှိနေပါတယ်။

တစ်နိုင်ငံလုံးရှိ တိုင်းရင်းသား ပြည်သူအပေါင်း၊ အစိုးရရုံးဌာနအားလုံးနဲ့ လက်နက်ကိုင်အင်အားစုအပေါင်း၊ နိုင်ငံရေးပါတီ အသီးသီးနဲ့ လူမှုအသင်းအဖွဲ့များ၊ ကုန်ထုတ်လုပ်ငန်းနဲ့ အရောင်းအဝယ်လုပ်ငန်း ဌာနများအားလုံးဟာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အရင်းခံထားပြီး လှုပ်ရှားကဲ့ စံပြုအခြေခံမှု ဖြစ်ရပါမယ်။

ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဂုဏ်သိက္ခာကို ကာကွယ် စောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ လက်တွေ့ကျင့်သုံးဆောင်ရွက်တဲ့ တာ-န်ဝတ္တရားကို အာမ

ခံရပါမယ်။ ဘယ်လိုအဖွဲ့အစည်း၊ ဒါမှမဟုတ် ဘယ်လိုလူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ဖြစ်ပါစေ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ တရားဥပဒေရဲ့ အခွင့်အာဏာကို ကျော်လွန်လို့ မရပါဘူး။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ တရားဥပဒေရဲ့ ပြုမူဆောင်ရွက်ချက်များကို ဆန့်ကျင်တဲ့အရာ မှန်သမျှ မလွဲမသွေ အရေးယူရမယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အသက်ရှင်သန်မှုက လက်တွေ့ကျင့်သုံးဆောင်ရွက်မှု ဖြစ်တယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ ဩဇာအရှိန်အဝါ ဆိုတာဟာလည်း လက်တွေ့ကျင့်သုံးဆောင်ရွက်မှုထဲမှာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒွဲနပဲကြိုးစွာနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ လက်တွေ့ကျင့်သုံး ဆောင်ရွက်မှုလုပ်ငန်းကို ကောင်းကောင်း ဆုပ်ကိုင်ထားရပါမယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဘက်စုံကနေ လက်တွေ့ကျင့်သုံးပြီး အဆင့်သစ် ရေချိန်တစ်ရပ်ထိ မြင့်တက်လာအောင် ဆောင်ရွက်ရမှာ ဖြစ်တယ်။

ပထမအချက်က မှန်ကန်တဲ့ နိုင်ငံရေးဦးတည်ချက်ကို မမှိတ်မသုန် ဆုပ်ကိုင်ထားရမယ်။ တရုတ်ဝိသေသ ဆိုရှယ်လစ်ဝါဒ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းအတိုင်း မယိမ်းမယိုင် ခိုင်မြဲစွာ လျှောက်လှမ်းရမယ်။ ပြုပြင်ပြောင်းလဲရေးနဲ့ တံခါးဖွင့်ဝါဒ စတင်ကတည်းက ကျွန်တော်တို့ပါတီဟာ စည်းလုံးညီညွတ်စွာနဲ့ လူထုကိုဦးဆောင်ပြီး ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိခဲ့ပါတယ်။

တရုတ်ဝိသေသ ဆိုရှယ်လစ်ဝါဒ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို နိုင်မာစွာ ဆုပ်ကိုင်ပြီး အောင်မြင်စွာ ဖွင့်လှစ်နိုင်တာဟာ အလွန်တရာ ကျယ်ပြန့်တဲ့ ပြည်သူ့ဒီမိုကရေစီက ချမှတ်သော မှန်ကန်တဲ့ ရွေးရှုချက်ကို အကောင်အထည်ဖော်တာဖြစ်ပြီး ဒီနိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းရဲ့ အမြုတေအတွေးအခေါ်၊ ကျောရိုးမဏ္ဍိုင်၊ အနှစ်သာရ၊ အခြေခံတောင်းဆိုမှု၊ ဒါတွေအားလုံးဟာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထဲမှာ သရုပ်သကန်ပေါ်ပြီး အတည်ပြုမှုကိုလည်း ရရှိပြီး ဖြစ်တယ်။

ဒါဟာ အပြန်အလှန် နားလည်သဘောပေါက်မှု၊ အပြန်အလှန် တွန်းတင်မှုဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ အနှစ်သာရနဲ့လည်း နီးကပ်စွာ ဆက်သွယ်မှု ရှိပါတယ်။ နိုင်ငံတော်ရဲ့ အခြေခံစနစ်နဲ့ အခြေခံတာဝန်၊ ခေါင်းဆောင်မှု၊ အမြုတေနဲ့ လမ်းညွှန်အတွေးအခေါ်ဟာ အလုပ်သမား လူတန်းစားက ခေါင်းဆောင်ပြီး အလုပ်သမား၊ လယ်သမား၊ မဟာမိတ်ပြုထားတဲ့ အခြေခံအုတ်မြစ်ပေါ်က ပြည်သူ့ဒီမိုကရေစီအာဏာရှင်စနစ်နဲ့ နိုင်ငံတည်ဆောက်ပုံဖြစ်ပါတယ်။

ပြည်သူ့ကိုယ်စားလှယ်ညီလာခံစနစ်နဲ့ အစိုးရဖွဲ့စည်းပုံဖြစ်တယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဲ့ ပါတီစုံပူးပေါင်းဆောင်ရွက်ရေးနဲ့ နိုင်ငံရေးအတိုင်ပင်ခံစနစ်၊ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသခံစနစ် ကျင့်သုံးခြင်းနဲ့ အောက်ခြေအဆင့် လူထုကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်၊ ပြည်ချစ်ဝါဒညီညွတ်ရေးတပ်ပေါင်းစု၊ ဆိုရှယ်လစ်ဝါဒ၊ တရားဥပဒေစနစ် အခြေခံမှု၊

ဒီမိုကရေစီဗဟိုဦးစီးစနစ် အခြေခံမှု၊ လူ့အခွင့်ရေးကို လေးစားလိုက်နာတဲ့ အာမခံစနစ် စတဲ့ စတဲ့ အခြင်းအရာတွေဟာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက အတည်ပြုထားတဲ့စနစ်နဲ့ အခြေခံမှုများပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒါကို ဦးလည်မသုန် ရေရှည် ဇွဲနပဲနဲ့ ဆုပ်ကိုင်သွားရမယ်။ ဘက်စုံ လက်တွေ့ ကျင့်သုံးဆောင်ရွက်ပြီး အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သွားရမှာ ဖြစ်ပါတယ်။

တရုတ်ဝိသေသ ဆိုရှယ်လစ်ဝါဒ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းကို စွဲမြဲစွာ ဆုပ်ကိုင်ထားရမယ်။ သော့ချက်ကတော့ ပါတီရဲ့ခေါင်းဆောင်မှု မြဲမြဲဖို့ပဲ ဖြစ်ပါတယ်။ လူထုက အရှင်သခင်လုပ်ပြီး တရားဥပဒေနဲ့အညီ တိုင်းပြည်ကို တပေါင်းတစည်းတည်း စီမံအုပ်ချုပ်မှုနဲ့ ဒီစနစ်ကို အာမခံတဲ့ အခြေခံမှုအရ ပါတီနဲ့ နိုင်ငံတော်ရဲ့ ရှင်သန်မှုစွမ်းအားကို အားသစ်လောင်းပေးရမယ်။

လူထုရဲ့ နိုးကြားတက်ကြွမှုကို ရည်မှန်းချက်ထားပြီး ဖော်ထုတ်ရမယ်။ ဆိုရှယ်လစ်ဝါဒ ဒီမိုကရေစီကို တိုးချဲ့ပြီး ဆိုရှယ်လစ်ဝါဒ နိုင်ငံရေးယဉ်ကျေးမှုကို ဖွံ့ဖြိုးတိုးတက်စေရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ အာဏာမှန်သမျှဟာ လူထုရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အပုဒ်ဝါဒက ပိုင်ဆိုင်တယ် ဆိုတာကို ကျွန်တော်တို့ မြဲမြဲဆုပ်ကိုင်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ

နဲ့ တရားဥပဒေ သတ်မှတ်ချက်များအတိုင်း ပြည်သူလူထုကို အလွန်ကျယ်ပြန့်တဲ့ လှုံ့ဆော်စည်းရုံးမှုများ ပြုလုပ်ခဲ့ပါတယ်။

ပြည်သူ့ကိုယ်စားလှယ်များ ညီလာခံအဆင့် အသီးသီးကို ဖြတ်သန်းပြီးမှ နိုင်ငံတော်အာဏာကို ကျင့်သုံးတာ၊ နည်းလမ်းအသွယ်သွယ်နဲ့ အုပ်ချုပ်မှုပုံသဏ္ဍာန် အမျိုးမျိုးကို ဖြတ်သန်းပြီးမှ နိုင်ငံတော်နဲ့ လူမှုအဖွဲ့အစည်းရဲ့ လုပ်ငန်းဆောင်တာတွေကို စီမံအုပ်ချုပ်တာ၊ စီးပွားရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကို စီမံအုပ်ချုပ်တာ ဖြစ်ပါတယ်။

အတူတကွ တည်ဆောက်၊ အတူတကွ မျှဝေခံစား၊ အတူတကွ ဖွံ့ဖြိုးတိုးတက်၊ ဒီနည်းနဲ့ နိုင်ငံတော်၊ လူမှုအဖွဲ့အစည်းနဲ့ မိမိတစ်ဦးချင်း ကံကြမ္မာရဲ့ အရှင်သခင် ဖြစ်လာပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက အတည်ပြုတဲ့ ဒီမိုကရေစီ ဗဟိုဦးစီးစနစ် အခြေခံမှုအရ ကျွန်တော်တို့ တိုင်းပြည်ရဲ့ နိုင်ငံရေးအာဏာ အဆောက်အအုံနဲ့ လှုပ်ရှားမှု စံပြုထားတဲ့ အခြေခံမှုဟာ ပြည်သူ့ကိုယ်စားလှယ်များ ညီလာခံ (ပြည်သူ့ကွန်ဂရက်)ကို တညီတညွတ်တည်း ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်ပြီး ဒါဟာ တိုင်းပြည်ရဲ့အာဏာ ဖြစ်ပါတယ်။

ဆုံးဖြတ်ချက်အာဏာ ကျင့်သုံးတာ၊ လုပ်ငန်းအာဏာကျင့်သုံးတာ၊ ကြီးကြပ်တဲ့အာဏာနဲ့ တရားမျှတတဲ့ လုပ်ငန်းတာဝန်ကို ခွဲဝေပြီး အပြန်အလှန် ညီညွတ်ပြေပြစ်မှုရှိတာ နိုင်ငံတော်ရုံးဌာနများဟာ တရားဝင်သတ်မှတ်တဲ့ စီရင်ပိုင်ခွင့် အာဏာနဲ့အညီ လုပ်ငန်းအစီအစဉ်များအတိုင်း လုပ်ပိုင်ခွင့်အာဏာကို ကိုင်တွယ်

ကျင့်သုံးတဲ့ အာမခံချက်နဲ့ တာဝန်ဝတ္တရားကို ဆောင်ရွက်ရမှာ ဖြစ်တယ်။

နိုင်ငံတော်ရုံးဌာနများက တစ်ပေါင်း တစ်စည်းတည်း အကျိုးသက်ရောက်မှုရှိတဲ့ လုပ်ငန်းရပ် အသီးသီးကို စည်းရုံး အာမခံရမယ်။ ကျွန်တော်တို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ချမှတ်တဲ့ စနစ်နဲ့ မူဝါဒကို အခြေအမြစ် ပြုရမယ်။ ဗဟိုနဲ့ ဒေသအကြားက ဆက်ဆံရေးပြဿနာ၊ လူမျိုးစုအမျိုးသားပြဿနာ တွေကို မှန်ကန်စွာ ဖြေရှင်းရမယ်။

မျက်နှာစာအသီးသီးက အကျိုးစီးပွား ဆက်နွယ်မှုတွေကို မှန်ကန်စွာ ဖြေရှင်းပြီး နိုးကြားတက်ကြွတဲ့ အစိတ်အပိုင်းအားလုံး နဲ့ ဒီမိုကရေစီ သွေးစည်းညီညွတ်မှု ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ခိုင်မာ ရေး၊ သက်ဝင်လှုပ်ရှားရေး၊ တည်ငြိမ်အေးချမ်းမှုနဲ့ ညီညွတ်အဆင် ပြေတဲ့ နိုင်ငံရေးအခြေအနေ တစ်ရပ်ကို ဖော်ထုတ်ရမှာ ဖြစ်ပါ တယ်။

ပြည်သူ့ဒီမိုကရေစီတိုးချဲ့မှုနဲ့ ကျွန်တော်တို့ လိုက်လျော ညီထွေ ရှိနေရမယ်။ စီးပွားရေး၊ လူမှုအသိုက်အမြုံရဲ့ တောင်းဆို မှုအသစ်တွေကို တွန်းတင်ပေးရမယ်။ နိုင်ငံရေးအဆောက်အအုံ ပြုပြင်ပြောင်းလဲရေးကို ထက်သန်တဲ့ ယုံကြည်စိတ်ကျမှုနဲ့ အဆင့် သစ်မြှင့်တင်ပေးရမယ်။ ဒီဖွံ့ဖြိုးတိုးတက်မှုက ပိုပြီးကျယ်ပြန့်၊ ပိုပြီးပြည့်စုံ၊ အင်္ဂါရပ်စုံလင်တဲ့ ပြည်သူ့ဒီမိုကရေစီ ဖြစ်ရမယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဆိုရှယ်လစ်ဝါဒ နိုင်ငံရေးစနစ် သာလွန် ကောင်းမွန်ချက်ကို အပြည့်အဝ ဖော်ထုတ်၊ အဆက်မပြတ်တွန်း

တင်ပြီး ဆိုရှယ်လစ်ဝါဒ နိုင်ငံရေးစနစ်ကို မိမိတို့တိုင်းပြည် ပြည့်စုံကောင်းမွန်အောင်နဲ့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြရမှာ ဖြစ်ပါတယ်။

ဒုတိယအချက်က... ဥပဒေနဲ့အညီ တိုင်းပြည်စီမံအုပ်ချုပ်တဲ့ အခြေခံမဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ပြီး တရားဥပဒေစိုးမိုးတဲ့ ဆိုရှယ်လစ်နိုင်ငံကို အရှိန်မြှင့်တည်ဆောက်ရမှာ ဖြစ်တယ်။

ဖွံ့စည်းပုံအခြေခံဥပဒေက ချမှတ်တဲ့ ဆိုရှစ်လစ်တရားဥပဒေဆိုင်ရာစနစ်ရဲ့ အခြေခံမူဝါဒကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဥပဒေနဲ့အညီ လက်တွေ့ကျင့်သုံးဆောင်ရွက်တဲ့ နိုင်ငံအုပ်ချုပ်ရေးအဖြစ် ရှင်းလင်းပြတ်သားစွာ သတ်မှတ်ပြီး တရားဥပဒေဆိုင်ရာစနစ်ရဲ့ ညီညွတ်မှုနဲ့ ဂုဏ်သိက္ခာကို နိုင်ငံတော်က ထိန်းသိမ်းကာကွယ်ရမယ်။

. ဥပဒေနဲ့အညီ နိုင်ငံအုပ်ချုပ်တဲ့ အခြေခံမဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ပြီး တရားဥပဒေစိုးမိုးတဲ့ ဆိုရှယ်လစ်နိုင်ငံကို အရှိန်မြှင့် တည်ဆောက်ရမှာ ဖြစ်တဲ့အတွက် သိပ္ပံနည်းကျ ဥပဒေပြုရေး၊ ဥပဒေသတ်မှတ်ချက်အတိုင်း တစ်သဝေမတိမ်းလိုက်နာရေး၊ သမာသမတ်ကျတဲ့ တရားစီရင်ရေး၊ ပြည်သူတစ်ရပ်လုံး တရားဥပဒေကို စောင့်လိုက်နာတဲ့ဖြစ်စဉ် ဘက်စုံက မလွဲမသွေ တွန်းတင်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို တရားဥပဒေရဲ့ အမြင့်ဆုံးစံအဖြစ်ထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဦးစီး

ကွပ်တဲတဲ့ တရုတ်ဝိသေသ ဆိုရှယ်လစ်ဝါဒ တရားဥပဒေစနစ် ကို အဆက်မပြတ် ပြည့်စုံကောင်းမွန်အောင် လုပ်ရမယ်။

နိုင်ငံရဲ့လုပ်ငန်းရပ် အသွယ်သွယ်နဲ့ အလုပ်အမျိုးမျိုးကို တရားဥပဒေဆိုင်ရာ စနစ်လမ်းကြောင်းပေါ် သိမ်းသွင်းယူရမှာ ဖြစ်တယ်။ ဥပဒေကိုအားကိုး၊ ဥပဒေအတိုင်းလိုက်နာ၊ ဥပဒေ သတ်မှတ်ချက် တင်းတင်းကျပ်ကျပ်နဲ့ ဥပဒေဆန့်ကျင်သူကို မုချ အရေးယူတာတွေ ဆောင်ရွက်ရမယ်။

လူမှုအဖွဲ့အစည်း၊ တရားမျှတမှု၊ နိုင်ငံနဲ့ လူ့အဖွဲ့အစည်း၊ နေထိုင်မှုဘဝစနစ်၊ တရားဥပဒေဆိုင်ရာ စနစ်တွေကို အကောင် အထည်ဖော်ရမယ်။ ပြည်လုံးကျွတ် ပြည်သူ့ကွန်ဂရက်နဲ့ အမြဲ တမ်းကော်မတီ အစည်းအဝေးက အရေးကြီးတဲ့ နယ်ပယ်ဒေသ တွေမှာ ဥပဒေပြုမှုကို အားဖြည့်ရမယ်။

ပြည်သူလူထု အစီအစဉ်တကျ ပါဝင်လာတဲ့ ဥပဒေပြု လမ်းကြောင်းကို ချဲ့ထွင်ပေးရမယ်။ ပြည့်စုံတဲ့ တရားဥပဒေက တစ်ဆင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ လက်တွေ့ကျင့်သုံး ဆောင်ရွက်မှုကို တွန်းတင်ရမယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေက ချမှတ်တဲ့ စနစ်နဲ့ မူဝါဒကို အကောင်အထည်ဖော်ဆောင် ရရှိအောင် အာမခံရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကောင်စီနဲ့ ဥပဒေပြုအာဏာရှိတဲ့ ဒေသဆိုင်ရာ ပြည်သူ့ ကွန်ဂရက် အမြဲတမ်းကော်မတီက အချိန်မီ မိမိရရ ရေးဆွဲသတ် မှတ်၊ ပြင်ဆင်မွမ်းမံမှုနဲ့ တရားဥပဒေရဲ့ တွဲဖက်ဖြစ်တဲ့ အုပ်ချုပ် ရေးဥပဒေစည်းမျဉ်း၊ ဒေသ သဘောဆောင်တဲ့ ဥပဒေစည်းမျဉ်း

ကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ တရားဥပဒေက အကျိုးသက်ရောက်တဲ့ လက်တွေ့ကျင်သုံး ဆောင်ရွက်မှုရှိအောင် အာမခံရမှာဖြစ်တယ်။

အဆင့်အသီးသီးရှိ နိုင်ငံတော်အုပ်ချုပ်ရေးဌာနများ၊ အမှုစစ်ဆေးစီရင်တဲ့ ရုံးဌာနများ၊ ဥပဒေရုံးဌာနများဟာ ဥပဒေနဲ့အညီ အုပ်ချုပ်ရေးကို ခိုင်မြဲအောင် ဆုပ်ကိုင်ရမယ်။ ဖြောင့်မတ်မှန်ကန်တဲ့ တရားစီရင်ရေး၊ ဥပဒေစိုးမိုးတဲ့ အစိုးရ တည်ဆောက်ရေးကို အရှိန်မြှင့်ပြီး တွန်းတင်ကြရမယ်။ တရားစီရင်ရေးအပေါ် လူထုရဲ့ ယုံကြည်မှုအားကို အဆက်မပြတ် မြှင့်တင်ရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ကောင်စီနဲ့ ဒေသအဆင့်အသီးသီးက ပြည်သူ့အစိုးရဟာ နိုင်ငံတော်အာဏာပိုင်ရုံးဌာနရဲ့ တာဝန်ကို ထမ်းဆောင်တဲ့ ရုံးဌာနဖြစ်သလို နိုင်ငံတော်အုပ်ချုပ်ရေးရုံးဌာနလည်း ဖြစ်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ တရားဥပဒေရဲ့ အရေးကြီး တာဝန်ဝတ္တရားများကို တိတိကျကျ လက်တွေ့ကျင့်သုံးဆောင်ရွက်ရမှာ ဖြစ်တယ်။

အစိုးရရဲ့ ပြုမူဆောင်ရွက်ချက် စံချိန်စံညွှန်းဟာ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ပြီး မှန်ကန်ဖြောင့်မတ်တဲ့ ယဉ်ကျေးမှုစံချိန်ကို မိမိရရ လုပ်ဆောင်နိုင်ဖို့ ဖြစ်တယ်။ ကျွန်တော်တို့ တရားစီရင်ရေးစနစ် ပြုပြင်ပြောင်းလဲရေးကို နက်ရှိုင်းစွာ ပြုလုပ်ရမယ်။ ဥပဒေနဲ့အညီ လွတ်လပ်ပြီး တရားမျှတတဲ့ စီရင်ဆုံးဖြတ်

ပိုင်ခွင့်အာဏာနဲ့ တရားစွဲ ရုံးတင် စစ်ဆေးခြင်း အာဏာကျင့်သုံးမှုကို အာမခံရမှာ ဖြစ်တယ်။

ပြည်လုံးကျွတ်ဆိုင်ရာ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီနဲ့ နိုင်ငံတော်အဆင့် သက်ဆိုင်ရာ ကြီးကြပ်ရုံးဌာနက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ တရားဥပဒေကြီးကြပ်တဲ့ တာဝန်ဝတ္တရားကို တာဝန်ယူ ထမ်းဆောင်ရမှာ ဖြစ်တယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ တရားဥပဒေ လက်တွေ့ကျင့်သုံးမှု အခြေအနေရဲ့ ကြီးကြပ်စစ်ဆေးမှုကို အားဖြည့်ပေးရမယ်။ ကြီးကြပ်မှုယန္တရားနဲ့ အစီအစဉ် ကျစ်လျစ်ခိုင်မာမှုရှိရမယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ တရားဥပဒေကို ဆန့်ကျင်တဲ့ အပြုအမူကို ပြတ်ပြတ်သားသား ပြုပြင်ရမှာဖြစ်ပါတယ်။

ဒေသဆိုင်ရာ အဆင့်အသီးသီး အပြုအမူကို ပြတ်ပြတ်သားသား ပြုပြင်ရမှာ ဖြစ်ပါတယ်။ ဒေသဆိုင်ရာ အဆင့်အသီးသီး ပြည်သူ့ကိုယ်စားလှယ်နဲ့ အမြဲတမ်းကော်မတီက လုပ်ပိုင်ခွင့်အာဏာကို ဥပဒေနဲ့အညီ ကျင့်သုံးဆောင်ရွက်ရမယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ တရားဥပဒေဟာ သူ့ရဲ့အုပ်ချုပ်ရေးဒေသဆိုင်ရာ အပိုင်းအခြားအတွင်းမှာ လေးစားလိုက်နာမှုနဲ့ ကျင့်သုံးဆောင်ရွက်မှုကို အာမခံရမှာ ဖြစ်ပါတယ်။

တတိယအချက်ကတော့… ပြည်သူရဲ့ကျောရိုးမဏ္ဍိုင်နေရာကို ခိုင်မြဲစွာ ဆုပ်ကိုင်ရမယ်။ အများပြည်သူ ခံစားပိုင်ခွင့်ရရှိခြင်းနဲ့ ဝတ္တရားအရ လိုက်နာဆောင်ရွက်မှုကို ထိရောက်စွာ

အာမခံရမယ်။ နိုင်ငံသားရဲ့ အခြေခံအခွင့်အရေးနဲ့ ဝတ္တရားက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အမြဲတေအနှစ်သာရဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံသားတိုင်းရဲ့ ခံစားပိုင်ခွင့် ဖြစ်သလို ဝတ္တရားအရ လိုက်နာဆောင်ရွက်မှုရဲ့ အခြေခံအာမခံချက်လည်း ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အရင်းအမြစ်ဟာ ပြည်သူလူထုရဲ့နှလုံးသားအတွင်းက ပေါက်ဖွားလာတဲ့ ထောက်ခံမှုဖြစ်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ ဧရာမအင်အားဟာ ပြည်သူလူထုရဲ့ ရိုးသားဖြူစင်တဲ့ သက်ဝင်ယုံကြည်မှုက ပေါ်ထွက်လာတာ ဖြစ်ပါတယ်။

တရားဥပဒေရဲ့ ရှေ့မှောက်မှာ နိုင်ငံသားတိုင်းဟာ တန်းတူရည်တူရှိရေး၊ လူ့အခွင့်အရေး လေးစားလိုက်နာမှုနဲ့ ပြည်သူလူထုရဲ့ ကျယ်ပြန့်တဲ့ အခွင့်အရေး လွတ်လပ်မှုကို တရားဥပဒေနဲ့အညီ ခံစားပိုင်ခွင့် ရရှိရေးကို အာမခံရမယ်။ ဒါမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေက လူတွေရဲ့နှလုံးသားထဲ နက်ရှိုင်းစွာ စီးဝင်သွားမှာဖြစ်ပြီး ဧရာမလူထုထဲကို ဝင်ရောက်သွားပါလိမ့်မယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လက်တွေ့ကျင့်သုံးဆောင်ရွက်မှုကသာ ပြည်သူလူထု တစ်ရပ်လုံးရဲ့ စစ်မှန်တဲ့ ကိုယ်ပိုင်အသိနဲ့ လှုပ်ရှားမှု ဖြစ်လာမှာ ဖြစ်ပါတယ်။

နိုင်ငံသားထု တစ်ရပ်လုံးရဲ့ ကျယ်ပြန့်တဲ့ အခွင့်အရေး ခံစားပိုင်ခွင့် ရရှိရေးကို ကျွန်တော်တို့ တရားဥပဒေနဲ့အညီ အာမခံချက် ရှိစေရမယ်။ နိုင်ငံသားတိုင်းရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ အာမခံချက်၊

ဥစ္စာခနပိုင်ဆိုင်မှု အာမခံချက်၊ အခြေခံနိုင်ငံရေးအခွင့်အရေးစတဲ့ ခံစားခွင့် အရပ်ရပ် ထိပါးစော်ကားမှု မခံရဘဲ နိုင်ငံသားရဲ့စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေးစတဲ့ အဘက်ဘက် အခွင့်အရေးများ အကောင်အထည်ဖော်ရရှိမှုကို အာမခံရမယ်။

အလွန်တရာ ကြီးမား ကျယ်ပြန့်တဲ့ ပြည်သူလူထုရဲ့ အခြေခံအကျိုးစီးပွားကို ကြိုးစားပြီး ထိန်းသိမ်းကာကွယ်ရမယ်။ ပြည်သူလူထုရဲ့ လုပတဲ့ဘဝအပေါ် မျှော်မှန်းတမ်းတမှုနဲ့ ရှာဖွေမှုကို အာမခံချက် ပေးရမှာ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ဖွင့်အန်တောင်းဆိုမှုကို ကျွန်တော်တို့ ဥပဒေနဲ့အညီ တရားမျှတစွာ ဖြေရှင်းပေးရမယ်။

ပြည်သူလူထုအနေနဲ့ တရားစီရင်မှုတိုင်းကို သမာသမတ်ကျပြီး တရားမျှတမှုရှိတယ်လို့ ခံစားရအောင် ကြိုးပမ်းပေးရမှာ ဖြစ်တယ်။ ပြည်သူလူထုရဲ့ သံယောဇဉ်ကို ထိခိုက်နစ်နာအောင် မျှတမှု မရှိတဲ့ တရားစီရင်မှုနဲ့ ပြည်သူလူထုရဲ့ အခွင့်အရေး အကျိုးအမြတ်ကို ထိခိုက်နစ်နာစေတာမျိုး လုံးဝခွင့်မပြုနိုင်ဘူး။

ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ပတ်သက်တဲ့ ဝါဒဖြန့်ပညာပေးလုပ်ငန်းကို အားဖြည့်လုပ်ကိုင်ရပါမယ်။ ပြည်သူတစ်ရပ်လုံး ၊အထူးသဖြင့် အဆင့်အသီးသီးမှာ ရှိနေကြတဲ့ ခေါင်းဆောင်ကေဒါတွေနဲ့ နိုင်ငံတော်ရုံးဌာနကြီးတွေက ဝန်ထမ်းတွေရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအပေါ် နားလည်သဘောပေါက်မှုနဲ့ တရားဥပဒေဆိုင်ရာ အသိတရား မြင့်မားတိုးတက်အောင် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ဆိုရှယ်လစ်ဝါဒ တရားဥပဒေစိုးမိုးရေး စိတ်ဓာတ်ကို ကြီးမားကျယ်ပြန့်အောင် လှုံ့ဆော်ရမယ်။ ဆိုရှယ်လစ်ဝါဒ တရားဥပဒေစိုးမိုးတဲ့ ယဉ်ကျေးမှုကို ပြုစုပျိုးထောင်ရမယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လူညီနေလေ့အောင်း မြင်းဓောင်းမကျန် လူမှုအဖွဲ့အစည်း တစ်ရပ်လုံး ဥပဒေကို လေ့လာသင်ကြား၊ ဥပဒေကို ရှိသေလေးစား၊ ဥပဒေကို လိုက်နာကျင့်သုံး၊ ဥပဒေကို အသုံးပြုပြီး အလွန်ကောင်းမွန်တဲ့ ဝန်းကျင်တစ်ရပ်အသွင် ဖြစ်တည်စေရမှာဖြစ်တယ်။

ကျွန်တော်တို့ မလျှော့သော ဇွဲလုံ့လနဲ့ ကြိုးပမ်းမှုကို ဖြတ်သန်းပြီး လူမှုအဖွဲ့အစည်း တစ်ရပ်လုံးမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ တရားဥပဒေရဲ့ ဩဇာအရှိန်အဝါကို ခိုင်မြဲတည်တံ့အောင် စိုက်ထူရမှာ ဖြစ်တယ်။

ကျယ်ပြန့်တဲ့ ပြည်သူတစ်ရပ်လုံး တရားဥပဒေကို အပြည့်အဝ ယုံကြည်မှုရှိပါစေ။ ကိုယ်ပိုင်အသိစိတ်ဓာတ်နဲ့ တရားဥပဒေကို အသုံးပြုပါစေ။ ကျယ်ပြန့်တဲ့ ပြည်သူလူထုက ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ နိုင်ငံသားတိုင်း မလွဲမသွေ လိုက်နာပြုမူဆောင်ရွက်ရမယ့် စံချိန်စံညွှန်းလို့ နားလည်သဘောပေါက်ရုံသာမက တစ်ချိန်တည်းမှာ နိုင်ငံသားတိုင်းရဲ့ ရပိုင်ခွင့်ကို အာမခံတဲ့ ဥပဒေလက်နက် ဖြစ်တယ်လို့လည်း သိထားရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ သင်ကြားပို့ချရေးဟာ ကျွန်တော်တို့ ပါတီဝင်ကေဒါထုကို အဓိကထား သင်ကြားပို့ချတဲ့ အရေးကြီးအကြောင်းအရာ ဖြစ်လာပြီး အဆင့်အသီးသီးက

ခေါင်းဆောင်ကေဒါတွေနဲ့ နိုင်ငံရုံးဌာနကြီးများက ဝန်ထမ်းများ ဟာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အခြေခံအသိအမြင်ကို ဆုပ်ကိုင်မိရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ပေါ် သစ္စာရှိမှု စိုက်ထူ ရမယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လိုက်နာစောင့်ထိန်း ရမယ်။ ကိုယ်ပိုင်အသိစိတ်နဲ့ နားလည်သဘောပေါက်ပြီး ထိန်း သိမ်းကာကွယ်ရမှာ ဖြစ်ပါတယ်။ တရားဥပဒေဆိုတာ အက္ခရာ တင်ထားတဲ့ လောကပါလတရားဖြစ်ပြီး ကျင့်ဝတ်သိက္ခာဆိုတာ နှလုံးသားထဲက ဥပဒေဖြစ်ပါတယ်။

တရားဥပဒေနဲ့အညီ တိုင်းပြည်ကို အုပ်ချုပ်ခြင်းနဲ့ ကျင့် ဝတ်သိက္ခာရှိရှိ တိုင်းပြည်အုပ်ချုပ်ခြင်း၊ ဒီနှစ်ရပ်ပေါင်းစပ်မှုကို ကျွန်ုပ်တို့ ခိုင်မြဲစွာ ဆုပ်ကိုင်ရမယ်။ မြင့်မြင့်မားမား အလေး ဂရုပြုရတဲ့ ကျင့်ဝတ်သိက္ခာဟာ နိုင်ငံသားများ ပြုမူဆောင်ရွက် ချက်ရဲ့ စံထားတဲ့ သက်ရောက်မှုဖြစ်ပြီး နိုင်ငံသားများရဲ့ တရား ဝင် အခွင့်အရေးနဲ့ အကျိုးအမြတ် ခံစားခွင့်ကို ဥပဒေနဲ့အညီ ထိန်းသိမ်းကာကွယ်တတ်အောင် ရှေ့ဆောင်လမ်းပြတာလည်း ဖြစ် တယ်။

တရားဝင် သတ်မှတ်ထားတဲ့ နိုင်ငံဝတ္တရားများကို ကိုယ် ပိုင်အသိစိတ်ဓာတ်နဲ့ ထမ်းဆောင်တာ၊ ရပိုင်ခွင့် ခံစားမှုနဲ့ ဝတ္တရား ဆောင်ရွက်မှု တညီတညွတ်တည်းဖြစ်အောင် လုပ်ဆောင်နိုင်ရမှာ ဖြစ်ပါတယ်။

စတုတ္ထအချက်ကတော့ ပါတီဦးဆောင်မှုကို စွဲမြဲစွာဆုပ်ကိုင်ပြီး ပါတီရဲ့ခေါင်းဆောင်မှု နည်းနာနဲ့ အုပ်ချုပ်ရေးအာဏာကျင့်သုံးတဲ့ နည်းစနစ်တွေကို ပိုပြီးအလေးဂရုဏာ ပြုပြင်ပြောင်းလဲရမယ်။ တရားဥပဒေနဲ့အညီ တိုင်းပြည်ကို စီမံအုပ်ချုပ်တာဟာ ဦးစွာအားဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့အညီ နိုင်ငံကို စီမံအုပ်ချုပ်တာပဲ ဖြစ်တယ်။

ဥပဒေနဲ့အညီ အုပ်ချုပ်ရေးအာဏာကို ကိုင်ဆောင်တဲ့ သော့ချက်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့အညီ အုပ်ချုပ်ရေးအာဏာကို ကိုင်ဆောင်တာ ဖြစ်တယ်။ အခြေအနေသစ်အောက်မှာ ကျွန်တော်တို့ပါတီဟာ အုပ်ချုပ်ရေးအာဏာ ကိုင်တွယ်ကျင့်သုံးပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးရဲ့ ကြီးလေးတဲ့ တာဝန်ဝတ္တရားများကို ကောင်းအောင် ကျင့်သုံးဆောင်ရွက်ရမှာဖြစ်ပြီး ပါတီစည်းမျဉ်းဥပဒေအရ မုချပဲ ပါတီကို တင်းတင်းကျပ်ကျပ် အုပ်ချုပ်ရမယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ တရားဥပဒေစိုးမိုးတဲ့ နိုင်ငံအုပ်ချုပ်ရေး ဖြစ်ပါတယ်။ ပါတီက လူထုကို ခေါင်းဆောင်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ တရားဥပဒေကို ရေးဆွဲချမှတ်ခဲ့တယ်။ တစ်ခါ ပါတီက လူထုကို ခေါင်းဆောင်ကာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ တရားဥပဒေတာဝန်ကို ထမ်းဆောင်ခဲ့တယ်။

ပါတီကိုယ်တိုင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ တရားဥပဒေ အဝန်းအဝိုင်းအတွင်းမှာ မုချလှုပ်ရှားပြီး ပါတီခေါင်းဆောင်

က ဥပဒေပြုမှုကို အစစ်အမှန် လုပ်ဆောင်နိုင်ခဲ့တယ်။ ဥပဒေ သတ်မှတ်ချက်အတိုင်း လိုက်နာမှုကို အာမခံတယ်။ သူကိုယ်တိုင် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး တရားဥပဒေကို စောင့်စည်းလိုက်နာခဲ့ ပါတယ်။

တစ်ခုလုံး အခြေအနေအပေါ် ပါတီက ချုပ်ကိုင်ထားခြင်း ကို ကျွန်တော်တို့ ခိုင်မြဲစွာ ကိုင်စွဲရမယ်။ အဘက်ဘက်ရဲ့ခေါင်း ဆောင်မှု အမြဲတေ စွမ်းဆောင်မှုကို ပြေပြစ်ညီညွတ်အောင် ထိန်း ညှိပေးပြီး တရားဥပဒေနဲ့အညီ နိုင်ငံအုပ်ချုပ်ရေး အခြေခံနည်း ဗျူဟာများနဲ့ အုပ်ချုပ်ရေးအာဏာ ကိုင်ဆောင်ခြင်း အခြေခံနည်း နာများကို စွဲမြဲစွာ ဆုပ်ကိုင်ထားရပါမယ်။

ပါတီရဲ့ကောင်းမွန်တဲ့ အဆိုပြုတင်ပြချက်များဟာ တရား ဝင် သတ်မှတ်ထားတဲ့ လုပ်ငန်းအစီအစဉ်များကို ဖြတ်သန်းပြီး နိုင်ငံရဲ့ဆန္ဒ ဖြစ်လာပါတယ်။ ကောင်းမွန်တဲ့ ပါတီစည်းရုံးရေးက ထောက်ခံတင်သွင်းလာတဲ့ ကိုယ်စားလှယ်ဟာ နိုင်ငံအာဏာပိုင် ရုံးအဖွဲ့အစည်းရဲ့ ခေါင်းဆောင်အဖွဲ့ဝင် ဖြစ်လာပါတယ်။

ပါတီက နိုင်ငံနဲ့ လူမှုအဖွဲ့အစည်းရဲ့ ခေါင်းဆောင်မှုကို နိုင်ငံအာဏာပိုင် ရုံးအဖွဲ့အစည်းနဲ့ စနစ်တကျ ကောင်းမွန်စွာ ဖြတ်သန်းပြီးမှ လက်တွေ့အကောင်အထည် ဖော်ခဲ့တာ ဖြစ်ပါ တယ်

နိုင်ငံအာဏာပိုင် ရုံးအဖွဲ့အစည်းများကို ထောက်ခံရမယ်။ အုပ်ချုပ်ရေးရုံး၊ တရားစီရင်ရေးရုံး၊ ဥပဒေရုံးများဟာ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ တရားဥပဒေအရ လွတ်လပ်စွာ တာဝန်

ထမ်းဆောင်ကြပြီး ညီညာဖြဖြနဲ့ လုပ်ငန်းကို ဆင်နွှဲကြရမှာဖြစ်ပါတယ်။ ပါတီစည်းရုံးရေး အဆင့်ဆင့်နဲ့ ပါတီဝင်ကောင်းဆောင်ကေဒါများက ဦးဆောင်ဦးရွက်ပြုပြီး တရားဥပဒေစိုးမိုးရေးကို အစွမ်းကုန် ဆောင်ရွက်ရမှာ ဖြစ်တယ် တရားဥပဒေနဲ့အညီ အုပ်ချုပ်ရေးအာဏာ ကျင့်သုံးတဲ့စွမ်းရည်နဲ့ ရေချိန်ကို အဆက်မပြတ်မြှင့်တင်နေရမယ်။

နိုင်ငံအုပ်ချုပ်ရေး စီမံခန့်ခွဲလုပ်ရှားတဲ့စနစ် သဘောနဲ့ဥပဒေသဘော အရပ်ရပ်ကို အဆက်မပြတ် တွန်းတင်နေရမှာဖြစ်ပါတယ်။

အဆင့်ဆင့် ခေါင်းဆောင်ကေဒါတွေဟာ တရားဥပဒေစိုးမိုးတဲ့ အတွေးလမ်းကြောင်းနဲ့ ဥပဒေစိုးမိုးတဲ့ နည်းနာကို နက်ရှိုင်းစွာ ပြုပြင်ပြောင်းလဲပြီး အသုံးပြုမှုကို မြှင့်တင်ရမယ်။ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းဆော်ရမယ်။ ပဋိပက္ခတွေကို ကျေအေးရမယ်။ တည်ငြိမ်မှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ စွမ်းရည်ရှိရမယ်။

လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများ ဥပဒေနဲ့အညီ ဖြစ်တည်လာရေးကို ကြိုးစားတွန်းတင်ရမယ်။ ပြဿနာကြုံလာရင် ဥပဒေကိုရှာပါ။ ပြဿနာဖြေရှင်းတဲ့အခါ ဥပဒေကို အသုံးပြုပါ။ ပဋိပက္ခကျေအေးပြေလည်တာဟာ ဥပဒေကို အားကိုးတဲ့ အလွန်တရာကောင်းမွန်သော ဥပဒေစိုးမိုးရေး ဝန်းကျင်တစ်ရပ်ဖြစ်ပြီး ဥပဒေစိုးမိုးတဲ့ လမ်းကြောင်းပေါ်မှာ လုပ်ငန်းရပ်အသီးသီးကို တွန်းတင်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ကျစ်လျစ်ခိုင်မာတဲ့ အာဏာလည်ပတ်မှုဟာ ကန့်သတ်ချုပ်ချယ်မှုနဲ့ ကြီးကြပ်တဲ့စနစ် ဖြစ်တယ်။ အာဏာရှိရင် မုချတာဝန်ရှိတယ်။ အာဏာသုံးရင် ကြီးကြပ်ခံရမယ်။ တာဝန်ပျက်ကွက်ရင် စစ်ဆေးမေးမြန်းရမယ်။ ဥပဒေချိုးဖောက်ရင် အရေးယူရမယ်။

ပြည်သူလူထုက အပ်နှင်းပေးတဲ့ အာဏာကို အစမှ အဆုံးတိုင် ပြည်သူလူထု အကျိုးအတွက် အသုံးပြုတာဖြစ်ဖို့ အာမခံရမှာ ဖြစ်ပါတယ်။

ရဲဘော်တို့… မိတ်ဆွေတို့…

ပါတီ၊ နိုင်ငံတော်နဲ့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ပါတီဗဟိုရဲ့ ပတ်လည်မှာ သွေးစည်းညီညွတ်ကြပြီး တရုတ်ဝိသေသ ဆိုရှယ်လစ်ဝါဒ ကြီးမြတ်တဲ့ အလံတော်ကို မြင့်မြင့်မားမား လွှင့်ထူထားရမယ်။ ရဲဘော်တိန့်ရှောင်ဖျင်ရဲ့ "သုံးခုကိုယ်စားလှယ်" အရေးကြီး အတွေးအခေါ် သဘောတရားကို မိမိရရ ဆုပ်ကိုင်ထားရမယ်။

သိပ္ပံပညာဖွံ့ဖြိုးတိုးတက်ရေးအမြင်ကို လမ်းညွှန်ထားပြီး ဥပဒေနဲ့အညီ တိုင်းပြည်အုပ်ချုပ်ရေးကို ခိုင်မြဲစွာ ဆုပ်ကိုင်ရမယ်။ အုပ်ချုပ်မှုအာဏာကို ဥပဒေနဲ့အညီ ကျင့်သုံးရမယ်။ ဥပဒေအတိုင်း စီမံအုပ်ချုပ်ပြီး အတူတကွ ရှေ့ကို တွန်းတင်ကြရမယ်။ တရားဥပဒေ စိုးမိုးတဲ့နိုင်ငံ၊ တရားဥပဒေစိုးမိုးတဲ့ အစိုးရ၊ တရားဥပဒေစိုးမိုးတဲ့ လူ့အဖွဲ့အစည်း တပေါင်းတစည်းတည်း တည်ဆောက်ကြရမယ်။

(၁၈)ကြိမ်မြောက် ပါတီညီလာခံ စိတ်ဓာတ်ကို ကြံ့ကြံ့ခိုင်ခိုင်နဲ့ လုပ်ငန်းနယ်ပယ် အရပ်ရပ်မှာ အကောင်အထည်ဖော်ဆောင်ပြီး အတန်အသင့် ချမ်းသာကြွယ်ဝတဲ့ လူမှုအဖွဲ့အစည်းကို ဘက်စုံက တည်ဆောက်ရမယ်။ တရုတ်ဝိသေသ ဆိုရှယ်လစ်ဝါဒ အစပျိုးတည်ထောင်တဲ့ လုပ်ငန်းအခြေအနေသစ်မှာ ကြိုးစားတိုက်ပွဲဝင်ကြပါစို့။

လို့ သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့ပါတယ်။ ရှီကျင့်ဖျင်ရဲ့မိန့်ခွန်းကို တက်ရောက်လာသူအားလုံး လက်ခံကြပါတယ်။ တရုတ်နိုင်ငံကို ကွန်မြူနစ်ဝါဒလို့ လူသိများပေမယ့် ဆိုရှယ်လစ်ကိုလည်း လက်ခံတယ်။ ဒီမိုကရေစီလည်း ကျင့်သုံးတယ်။ နိုင်ငံရဲ့အဓိကရည်ရွယ်ချက်က တစ်ခုတည်းပါ။ အဲဒါက တရုတ်နိုင်ငံရဲ့ အဓိက ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။

ဘယ်လိုပင် ဖြစ်ပေမယ့် ရှီကျင့်ဖျင်ကတော့ တရုတ်နိုင်ငံအတွက် ဆက်လက်ချီတက်ပြီး ပြည်သူ့အကျိုးကို ဆက်လက်လုပ်ဆောင်မယ်လို့ ထင်နေမိပါတယ်။

○

## (၂၅)

## ဆင်းရဲမှုကို အမြစ်ကနုတ်

အထက်မှာ ကျွန်တော်ပြောခဲ့တဲ့အတိုင်း ရှီကျင့်ဖျင်ဟာ သူ တာဝန်ကျခဲ့ဖူးတဲ့ ပြည်နယ်များကို သမ္မတဖြစ်တဲ့အခါ တစ်ခေါက်ပြန်ပြီး ကြည့်ပြန်တယ်။ သူ ပြည်နယ်အုပ်ချုပ်ရေးမှူး တာဝန်တုန်းက လုပ်ဆောင်ချက်တွေဟာ တိုးတက်သလား၊ ဆုတ်ယုတ်သလား ဆိုတာ ဖြစ်ပါတယ်။

သူဟာ ပြည်သူတွေ ဆင်းရဲတာကို မလိုလားပေ။ သူငယ်ရွယ်စဉ်တုန်းက ဆင်းရဲသား လယ်သမားဘဝနဲ့ နေထိုင်ခဲ့ဖူးပါတယ်။ အဲဒီအတွက်ကြောင့် ချမ်းသာတာ သို့မဟုတ် အဆင်ပြေတာတွေ ဖြစ်ပါတယ်။ ရှီကျင့်ဖျင် ဆန္ဒအတိုင်း ချမ်းသာသူတွေ ရှိသလို၊ အဆင်ပြေသူတွေလည်း ရှိပါတယ်။ ဒါပေမဲ့ အဆင်မပြေသူတွေလည်း ရှိပါတယ်။

အဲဒီလို အဆင်မပြေရင်တော့ စိတ်မကောင်းဖြစ်ပြီး ကူညီမှုတွေ ပေးပါတယ်။ တခြားသူတွေကိုလည်း တိုက်တွန်းခဲ့ပါတယ်။

ဆွေမတော် မျိုးမစပ်ကြပေမယ့် လူမျိုးတူ ဖြစ်နေတဲ့အတွက် အားလုံး ဆွေမျိုးအရင်းတွေလို သဘောထားဖို့ မှာကြားခဲ့ပါတယ်။ အဲဒီလိုနဲ့ ရှီကျင့်ဖျင် သမ္မတဖြစ်လာတော့ ပြည်နယ်အုပ်ချုပ်ရေးမှူးဘဝက တာဝန်ယူခဲ့တဲ့ ပြည်နယ်တွေထဲက ဟော်ပေပြည်နယ်ကို တစ်ခေါက် ရောက်ပြန်တယ်။

အဲဒီပြည်နယ်ကို သွားရခြင်းက ဆင်းရဲမှုကို ကူညီရန်သွားရောက်ခဲ့တဲ့ ပြည်နယ် ဖြစ်ပါတယ်။ ဖူဖျင်ခရိုင်မှာရှိတဲ့ ဒေသခံတွေကို တွေ့ဆုံတယ်။ အဲဒီတွေ့ဆုံပွဲမှာ ရှီကျင့်ဖျင်က မိန့်ခွန်းပြောပါတယ်။ အဲဒီမိန့်ခွန်းရဲ့ ကောက်နုတ်ချက်တွေကို ဖော်ပြလိုက်ရပါတယ်။

## ဆင်းရဲတဲ့ဒေသကို အမြန်ဆုံး ဖွံ့ဖြိုးအောင်လုပ် မွဲတေမှုကို အမြစ်နုတ်[၁]
## ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉–၃၀ ရက်

ဆင်းရဲမွဲတေမှုကို ဖယ်ရှားပြီး လူထုရဲ့ နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်အောင် လုပ်ရမယ်။ ဒါဟာ ဆိုရှယ်လစ်ဝါဒအနှစ်သာရရဲ့ တောင်းဆိုမှု ဖြစ်ပါတယ်။ ခက်ခဲကျပ်တည်းနေတဲ့

---

၁။ ဟော်ပေပြည်နယ်၊ ဖူဖျင်ခရိုင် ဆင်းရဲမှု ကူညီထောက်ပံ့ရေးလုပ်ငန်း စစ်ဆေးကြည့်ရှုစဉ် သမ္မတ ရှီကျင့်ဖျင် ပြောကြားသော မိန့်ခွန်းကောက်နုတ်ချက်။

လူထုကို ကျွန်တော်တို့ အထူးဂရုစိုက်ရမယ်။ ပိုပြီးမေတ္တာထားရမယ်။ ပိုပြီးစေတနာ သဒ္ဓါတရား ရှိရမယ်။ သူတို့ရဲ့ ပူပန်သောကနဲ့ အခက်အခဲတွေကို ဖယ်ရှားပစ်နိုင်ဖို့အတွက် နည်းမျိုးစုံနဲ့ကူညီရမယ်။ ဒီလိုအချိန်အခါမျိုးမှာ လူထုရဲ့အသက်ဘေးအန္တရာယ်နဲ့ စားဝတ်နေရေး ပြဿနာကို ကျွန်တော်တို့ နှလုံးသားပေါ်မှာ တင်ထားရမယ်။ ပါတီနဲ့ အစိုးရရဲ့ နွေးထွေးမှုကို မိသားစုတိုင်း ဆီရောက်အောင် ပို့ပေးရမှာ ဖြစ်ပါတယ်။

တော်လှန်ရေးဒေသဟောင်းနဲ့ အဲဒီကလူထုကြီးဟာ တရုတ်ပြည်တော်လှန်ရေး အောင်ပွဲခံနိုင်ဖို့အတွက် သက်စွန့်ကြိုးပမ်းနဲ့ အရေးကြီးတဲ့ အကျိုးပြုမှုတွေ လုပ်ခဲ့တယ်။ ဒါကို ပါတီနဲ့ပြည်သူက ထာဝစဉ် သတိရနေမှာ ဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေး တံခါးဖွင့်ဝါဒ အနှစ် ၃၀ ကာလမှာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်သူလူထု နေထိုင်မှုဘဝ အဆင့်အတန်းဟာ တစ်ပြည်လုံး အခြေအနေအရ သိသိသာသာကြီး ပြောင်းလဲခဲ့ပါပြီ။

သို့ပေမဲ့လည်း ကျွန်တော်တို့နိုင်ငံဟာ ဆိုရှယ်လစ်ဝါဒ ပဏာမအဆင့်မှာပဲ ရှိနေဆဲပါ။ မနည်းလှတဲ့ လူထုရဲ့ ခက်ခဲမှုတွေကို ကူညီဖြေရှင်းရဦးမှာ ဖြစ်ပါတယ်။ အသင့်အတင့် ချမ်းသာကြွယ်ဝတဲ့ လူမှုအဖွဲ့အစည်း ဘက်စုံတည်ဆောက်ရေးမှာ အခက်ခဲဆုံးနဲ့ အကြီးလေးဆုံး တာဝန်က ကျေးလက်မှာ ဖြစ်ပါတယ်။ အတိအကျ ပြောရရင် ဆင်းရဲမွဲတေပြီး ခေတ်နောက်ကျတဲ့ ဒေသတွေ ဖြစ်ပါတယ်။

အသင့်အတင့် ချမ်းသာကြွယ်ဝတဲ့ ကျေးလက်မရှိဘူး။ အထူးသဖြင့် ဆင်းရဲမွဲတေတဲ့ ဒေသမှာ အသင့်အတင့် ချမ်းသာ

ကြွယ်ဝအောင် မလုပ်နိုင်ဘူးဆိုရင် အသင့်အတင့် ချမ်းသာကြွယ်ဝတဲ့ လူမှုအဖွဲ့အစည်း ဘက်စုံတည်ဆောက်ရေးဆိုတာလည်း မရှိဘူးဆိုတဲ့ အဓိပ္ပာယ်ပဲ ဖြစ်တယ်။

ဆင်းရဲမှု ကူညီထောက်ပံ့ရေးလုပ်ငန်းအပေါ် ပါတီဗဟိုက အလေးအနက် ဂရုပြုနေပါတယ်။ အဆင့်အသီးသီးက ပါတီကော်မတီများနဲ့ အစိုးရဟာ ဆင်းရဲမှု ကူညီထောက်ပံ့ရေးလုပ်ငန်းအပေါ် တာဝန်ယူစိတ်၊ ကျေပွန်အောင် ထမ်းဆောင်တဲ့စိတ်နဲ့ အားဖြည့်ပြီး ကောင်းအောင်လုပ်ရမယ်။ စီမံကိန်းရှိရမယ်။ ရင်းနှီးမတည်ငွေ ရှိရမယ်။ ဦးတည်ချက် ပန်းတိုင်ရှိရမယ်။ စီမံခန့်ခွဲနည်းနာ ရှိရမယ်။ လုပ်ငန်းစစ်ဆေးသုံးသပ်ချက်တွေရှိပြီး အားလုံး အတူတကွ ကြိုးစားကြရမယ်။ ရပ်သူရွာသား ဆွေမျိုးဉာတိအားလုံး အမြန်ဆုံး ဆင်းရဲတွင်းက လွတ်ကင်းပြီး အတန်အသင့် ချမ်းသာကြွယ်ဝတဲ့ ဘဝကို ရရှိစေမှာ ဖြစ်တယ်။

ယုံကြည်ချက်သာ ရှိမယ်ဆိုရင် မြေကြီးက ရွှေသီးလာမှာပဲ။ ပါတီကော်မတီအသီးသီးနဲ့ အစိုးရက ခက်ခဲနေတဲ့ လူထုနဲ့ အထူးသဖြင့် တော်လှန်ရေးဒေသဟောင်းကို ကူညီရမယ်။ ဆင်းရဲမွဲတေတဲ့ ဒေသကလူထုရဲ့ အခက်အခဲကို ရုန်းထွက်နိုင်အောင် လုပ်ပြီး အတန်အသင့် ချမ်းသာကြွယ်ဝမှုကို ပိုပြီးထင်ရှားပေါ်လွင်တဲ့နေရာရောက်အောင် လုပ်ရမယ်။

ဒေသအလိုက် သင့်တော်တဲ့ နည်းလမ်းကို ရွေးချယ်ဆောင်ရွက်၊ သိပ္ပံနည်းကျ စီမံကိန်းချမှတ်၊ လုပ်ငန်းအမျိုးအစားအလိုက် တိကျတဲ့ လမ်းညွှန်မှု ရှိရမယ်။ အခြေအနေအရ လိုက်လျောညီထွေဖြစ်အောင် ဆွဲဆောင်လမ်းပြရမယ်။

ထောက်ပံ့ကူညီတဲ့ လုပ်ငန်းရပ်အသီးသီးရဲ့ မူဝါဒဟာ တော်လှန်ရေးဒေသဟောင်းများဆီ ဦးတည်တက်လှမ်းသွားရမယ်။ ဆင်းရဲခေါင်းပါးတဲ့ ဒေသတွေကို အဓိကတိမ်းညွှတ်မှုထားပြီး ခိုင်မာတဲ့ ယုံကြည်ချက်နဲ့ တစ်ဆင့်တိုးပြီး မှန်ကန်တဲ့လမ်းကို ရှာရမယ်။ အဆင်းရဲ အပင်ပန်းခံ၊ ကြိုးကြိုးကုတ်ကုတ်၊ စွဲစွဲမြဲမြဲ အားထုတ်၊ ဆင်းရဲတဲ့ဒေသကို အမြန်ဆုံးချမ်းသာအောင်လုပ်၊ မွဲတေမှုကို အမြစ်နုတ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်ရမယ်။ အဆင့်အသီးသီးက ခေါင်းဆောင်ကေဒါ အားလုံးရဲ့ လူထုရဲ့ ခက်ခဲမှုကို နှလုံးသားထဲမှာ ထည့်ထားရမယ်။ လဲနေသူကို ထူပေးတဲ့ အလုပ်မျိုးကို များများလုပ်ရမယ်။ နှင်းတောထဲက လူကို မီးပျိုးပေးရမယ့်။ စိတ်အား ထက်တက်သန်သန်နဲ့ ပြည်သူများရဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးရမှာ ဖြစ်ပါတယ်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရမယ်။ လယ်သမားတွေ ချမ်းသာရမယ်။ အဓိက အားထားရမှာက ပါတီကလာပ်စည်းတွေ ဖြစ်တယ်။ ကျေးလက်ဒေသ အခြေခံအကျဆုံးအဆင့်က ရဲဘော်များဟာ ရှေ့ဆုံးတန်းက အလုပ်လုပ်နေရပေမယ့် အခြေအနေ၊ အကြောင်းအချက်က မကောင်းဘူး။ တစ်နှစ်ပတ်လုံး ဆင်းရဲမော ပန်းမှုက ဝန်ပိလွန်းတယ်။

အလွန်ကြမ်းတမ်းခက်ခဲပြီး မလွယ်ကူတဲ့ဘဝကို ဖြတ်သန်းနေကြရတယ်။ ကျွန်တော် ခင်ဗျားတို့ကို စိတ်သဘောထား ရိုးသားစွာနဲ့ နှစ်သိမ့်အားပေး ဂုဏ်ပြုလိုက်ပါတယ်။ ပါတီရဲ့မူဝါဒတွေ မကွယ်မထောက် အရင်းအတိုင်း စေ့ငုသေချာအောင် အကောင်အထည် ဖော်ဆောင်ကြရမယ်။

ကျွန်တော်တို့ အားလုံးဟာ ယှက်စပ်နေတဲ့ ကြိုးတစ်ချောင်းလို ခိုင်မာကျစ်လျစ်နေရမယ်။ တစ်စိတ် တစ်ဝမ်းနဲ့ အင်အားစုစည်းမှု တစ်ခုတည်း ဖြစ်ရမယ်။ ချွေးစက်စီးကြောင်း တစ်ပေါင်းတည်းကျပါစေ။

မုချပဲ နည်းလမ်းမျိုးစုံ ရှာကြံပြီး ရှာသူရှာသား ဆွေမျိုးဉာတိ အားလုံး အမြန်ဆုံး ကောင်းမွန်တဲ့နေ့ရက်တွေ ပျော်ရွှင်စွာဖြတ်သန်းနိုင်အောင် အကောင်အထည် ဖော်ဆောင်ရမှာ ဖြစ်ပါတယ်။ သမ္မတရှီကျင့်ဖျင်ဟာ အခြေခံကျကျ လေ့လာပြီးပြောတယ်ဆိုတာ ဒီမိန့်ခွန်းက သက်သေပြနေပါတယ်။ သူဟာ ပြည်သူတွေအပေါ် ဘယ်လောက်စေတနာထားတယ်ဆိုတာ သူ့ရဲ့ရေးသားချက်မှာ အကြိမ်ကြိမ် အထပ်ထပ် ပါနေပါတယ်။ ဒါကို စာရှုသူများ အသိပါ။

တကယ်တော့ သူလိုစိတ်သဘောထားမျိုး ခေါင်းဆောင်တိုင်းမှာ ရှိနေဖို့ လိုပါတယ်။

အလ်ားတူ တကယ်လည်း လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။ ရှီကျင့်ဖျင်ကို သူ့လူမျိုးတွေက ဘာကြောင့် ချစ်ခင်လေးစား ရတာလဲဆိုတော့ သူဟာ တကယ်ကို ပြောတဲ့အတိုင်း လုပ်ဆောင်ပေးပါတယ်။

သမ္မတရှီကျင့်ဖျင်ရဲ့ ပြောကြားချက်တွေကို ဆက်လက်ဖော်ပြလိုက်ရပါတယ်။

၀

# (၂၇)

## ဝါဒများကို ဖြတ်သန်းခြင်း

အခု ကျွန်တော်ရှာဖွေ စုဆောင်းမိတဲ့ အချက်ကတော့ ရှီကျင့်ဖျင်နဲ့ တရုတ်နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ နေရာမှာ ပါဝင်နေတဲ့ နေရာတစ်ခုကို အခြေပြု တင်ပြချင်ပါတယ်။ တရုတ်နိုင်ငံဟာ ပြည်နယ်တွေ များစွာရှိပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများစွာလည်း ရှိပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်တဲ့အတွက် ပြည်နယ်အုပ်ချုပ်ရေးမှူးတွေကလည်း ကိုယ်တာဝန်ယူထားတဲ့ ပြည်နယ်ကို တိုးတက်အောင် အုပ်ချုပ်ရေးမှူးက တာဝန်ယူ လုပ်ဆောင်ရပါတယ်။

အဲဒီလို လုပ်ဆောင်တဲ့အခါ တစ်ခုတည်းကို လုပ်ဆောင်လို့မရ ဘက်စုံမှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရတာ အုပ်ချုပ်ရေးမှူးရဲ့တာဝန် ဖြစ်ပါတယ်။ ပေးထားတဲ့ တာဝန်တွေကို

ကျေပွန်အောင် လုပ်ဆောင်ရပါတယ်။ အပြိုင်အဆိုင်တွေ ကြိုးစားရပါတယ်။ ကြိုးစားမှုမရှိတဲ့သူဆိုရင် အထိနာပါတော့တယ်။

အဲဒါကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေကို အဓိကထားပြီး လုပ်ဆောင်ပါတယ်။ သူ့ထက်ငါ သာအောင် ကြိုးစားကြပါတယ်။ အဲဒီအထဲမှာ ပညာရေးက မဖြစ်မနေ ဦးစားပေး လုပ်ဆောင်ရတဲ့ အဓိကအချက်ပါ။ ပြည်နယ်သေးရင် ကောလိပ်ကျောင်းကို ဖွင့်ပေးတယ်။ ပြည်နယ်ကြီးရင် တက္ကသိုလ်ဖွင့်ပေးထားတယ်။ တက္ကသိုလ်၊ ကောလိပ် ဖွင့်တဲ့အခါ သူ့ထက်ငါ အကောင်းဆုံး အတော်ဆုံးတွေဖြစ်အောင် လုပ်ဆောင်ကြတယ်။

## ဆိုရှယ်လစ်ဝါဒရဲ့ အမြုတေ တန်ဖိုးအမြင်ကို လူငယ်တွေ ကိုယ်ပိုင်အသိနဲ့ လက်တွေ့ဖြတ်သန်းကြည့်ရမယ် [၁]

### ၂၀၁၄ ခုနှစ်၊ မေလ ၄ ရက်

ကျောင်းသားများ၊ ဆရာသမားများနဲ့ ရဲဘော်အပေါင်းတို့ ခင်ဗျား…

ဒီကနေ့ဟာ မေလ ၄ ရက် လူငယ်များနေ့ ဖြစ်ပါတယ်။ ပေကျင်းတက္ကသိုလ်ကို အခုလို လာရောက်ပြီး အားလုံးနဲ့အတူ တွေ့ဆုံရတာ အလွန်ပဲ ဝမ်းသာစရာ ကောင်းလှပါတယ်။ မေလ ၄ ရက်၊ အရေးတော်ပုံကြီးရဲ့ ၉၅ နှစ်မြောက် အထိမ်းအမှတ်

---

၁။ ပီကင်းတက္ကသိုလ် ဆရာ၊ ကျောင်းသားများနှင့်အတူ နှီးနှောဖလှယ်ပွဲ၀တွင် သမ္မတရှီကျင့်ဖျင် ပြောကြားသော မိန့်ခွန်း

အခမ်းအနားကို အတူတကွ ဂုဏ်ပြုကြတာဖြစ်ပြီး ရှေးဦးစွာ ပါတီဗဟိုကော်မတီရဲ့ကိုယ်စား ကျွန်တော်က ပေကျင်းတက္ကသိုလ်က ဆရာ၊ ဆရာမများ၊ ကျောင်းသားများနဲ့ ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ တစ်နိုင်ငံလုံးမှာ ရှိနေကြတဲ့ တိုင်းရင်းသားလူငယ်အပေါင်းကို လည်းကောင်း၊ လူငယ်များနေ့ အခါသမယမှာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

နိုင်ငံတစ်ဝန်းက ကျယ်ပြန့်တဲ့ သင်ကြားပို့ချရေးတာဝန်ထမ်းဆောင်သူတွေနဲ့ လူငယ်ရေးရာလုပ်ငန်း တာဝန်ထမ်းဆောင်သူ အားလုံးသို့လည်း မြင့်မြတ်တဲ့ ဂါရဝတရားနဲ့ အလေးမွန်ပြုလိုက်ပါတယ်။

ခုနကပဲ ရဲဘော်ကျူဆန်လုကျောင်းရဲ့ လုပ်ငန်းအခြေအနေအသေးစိတ်ကို အစီရင်ခံပြီး ကျောင်းသားနဲ့ လူငယ်ကျောင်းဆရာတချို့ ဆွေးနွေးပြောကြားခဲ့ကြတာတွေ အားလုံးဟာ အလွန်ကောင်းပါတယ်။ နားထောင်ပြီးတဲ့နောက်မှာ ဉာဏ်ပွင့်လာအောင် အစဖော်ပေးသလို ခံစားရပါတယ်။

ကျွန်တော် ပါတီဗဟိုမှာ တာဝန်ထမ်းဆောင်တဲ့ အချိန်ကစပြီး ပေကျင်းတက္ကသိုလ်ကို ရောက်တာ ဒီတစ်ခေါက်ဆို ငါးကြိမ်မြောက် ဖြစ်ပါတယ်။ ရောက်တဲ့အခေါက်တိုင်းမှာ ခံစားမှုအသစ်တွေကို ထိတွေ့ခံစားရပြီး ပျိုမြစ်နုနယ် ရှင်သန်မှု စွမ်းအားတွေ ယှက်သမ်းနေတဲ့ ကျောင်းဝင်းထဲ လျှောက်လှမ်းလာရင်း ကျွန်တော့်စိတ်ထဲမှာ တလှိုက်တလှဲနဲ့စိတ်ဝင်တစား ဖြစ်မိပါတယ်။ ခုခေတ် တက္ကသိုလ်ကျောင်းသားများဟာ အလွန်ပဲ

ချစ်စရာ ကောင်းပြီး ယုံကြည်စိတ်ချရတယ်၊ အဖိုးတန်တယ်၊ ထွန်းပြောင်တဲ့ အနာဂတ် ရှိတယ်လို့ ကျွန်တော် ခံစားမိပါတယ်။

မေလ ၄ ရက် အရေးတော်ပုံ လှုပ်ရှားမှုကြီးဟာ ပြည်ချစ်ဝါဒ တိုးတက်မှုနဲ့ ဒီမိုကရေစီကို ဖြစ်တည်စေခဲ့ပါတယ်။ သိပ္ပံနည်းကျတဲ့ မေလ(၄)ရက် စိတ်ဓာတ်ဟာ တရုတ်ပြည် ဒီမိုကရေစီသစ်ဝါဒ တော်လှန်ရေးနဲ့ နိဒါန်းကို ဖွင့်လှစ်ပေးလိုက်တာပဲ ဖြစ်တယ်။

မာ့က်(စ်)ဝါဒကို တရုတ်မြေပေါ်မှာ ပျံ့နှံ့အောင် ပျိုးကြဲဖို့ တွန်းတင်လိုက်တာ ဖြစ်သလို တရုတ်ပြည်ကွန်မြူနစ်ပါတီ ထူထောင်မှုအတွက် တွန်းအားပေးလိုက်တာလည်း ဖြစ်ပါတယ်။ မေလ ၄ ရက် အရေးတော်ပုံက စတင်ပြီး တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုအောက်မှာ မြင့်မြတ်တဲ့ ရည်မှန်းချက်တွေနဲ့ လူငယ်တွေဟာ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက်...

"ငယ်ရွယ်တဲ့ ငါ
ပျိုမျစ်တဲ့ မိသားစု
အစပြု ထူထောင်
ပျိုလွင်တဲ့ နိုင်ငံ
ပျိုလွင်တဲ့ အမျိုးသား
ပျိုလွင်တဲ့ လူ့အနွယ်
နုပျိုတဲ့ကမ္ဘာ

နုပျိုတဲ့ စကြဝဠာ" ကျွန်နိုင်ငံမဖြစ်အောင် ခုခံကာကွယ်၊ အမိမြေ အခွန့်ရှည်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတယ်။ တရုတ်

နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေတဲ့ သမိုင်းရေစီးကြောင်းကြီးထဲမှာ သားကောင်း၊ သမီးကောင်းတွေက ကာရန်သင့် တေးသီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ရေးသားခဲ့ကြတာဟာ မိုးမြေတသိမ့်သိမ့် ခံစားရတဲ့ နုပျိုသော တီးလုံးတွေပဲ ဖြစ်ပါတယ်။

ပေကျင်းတက္ကသိုလ်ဟာ စာပေယဉ်ကျေးမှုသစ် လှုပ်ရှားမှု ဗဟိုအချက်အချာနဲ့ မေလ ၄ ရက် အရေးတော်ပုံရဲ့ ဘူမိနက်သန် မြစ်ဖျားခံရာ ဖြစ်သလို ဂုဏ်ရောင်ပြောင်တဲ့ သမိုင်းရဲ့မျက်မြင် သက်သေလည်း ဖြစ်ပါတယ်။

ရှည်ကြာတဲ့ နှစ်ကာလအတွင်း ပေကျင်းတက္ကသိုလ်က များပြားလှတဲ့ ဆရာနဲ့ ကျောင်းသူ၊ ကျောင်းသားအပေါင်းဟာ တစ်လျောက်လုံး အမိမြေက ပြည်သူများရဲ့ ကံကြမ္မာနဲ့ ထပ်တူ ထပ်မျှ ရှိခဲ့ကြတယ်။ ခေတ်နဲ့လူမှုအဖွဲ့အစည်း တူညီစွာ ရှေ့ကို ချီတက်ပြီး စစ်မျက်နှာ အသီးသီးကနေ ကျွန်တော်တို့ နိုင်ငံတော်လှန်ရေးနဲ့ တည်ဆောက်ရေးကို အကျိုးပြုခဲ့ကြတယ်။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွင်းမှာ ကြီးမားတဲ့ **စွမ်းဆောင်မှု**တွေနဲ့ ပေးဆပ်ခဲ့ကြတယ်။

(၁၈)ကြိမ်မြောက် ပါတီညီလာခံ တင်ပြခဲ့တာက လုံးပန်းတိုက်ခိုက်ရမယ့် ပန်းတိုင်ဟာ "နှစ်တစ်ရာ နှစ်စု" ဖြစ်တယ်။ တရုတ်အမျိုးသားများရဲ့ ကြီးမြတ်တဲ့ ပြန်လည်ဆန်းသစ်ရေး ရည်မှန်းချက် အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်ဟာ မျက်မှောက်ခေတ်မှာတော့ သမိုင်းကာလရဲ့ ဘယ်အချိန်ထက်မဆို ပိုပြီးနီးကပ်နေပြီ၊ ပိုပြီး ယုံကြည်မှုတွေ ရှိလာပြီ။ ဒီရည်မှန်းချက်

ပန်းတိုင်ကို အကောင်အထည် ဖော်ဆောင်ဖို့ စွမ်းရည်တွေပိုပြီး ရှိလာနေပြီလို့ ကျွန်တော် ပြောခဲ့ပါတယ်။

"မိုင်တစ်ရာ ခရီးသည် ကိုးဆယ်ရောက်လည်း မပြီး၊ ခရီးတစ်ဝက်သာ ရှိမယ်"ဆိုတဲ့ ရှေးအဆိုအမိန့်လိုပဲ၊ တရုတ်အမျိုးသားများရဲ့ ကြီးမြတ်တဲ့ ပြန်လည်ဆန်းသစ်ရေး ရည်မှန်းချက်ပန်းတိုင့် အကွာအဝေးဟာ ပိုပြီး နီးကပ်လေလေ၊ ကျွန်တော်တို့ ပိုပြီး ဖွဲ့လျှော့လို့ မဖြစ်လေပါပဲ။ နှစ်ဆတိုး ကြိုးစားအားထုတ်ရမယ်။ ကျယ်ပြောတဲ့ လူငယ်ထုကို လုံးပန်းတိုက်ခိုက်ဖို့ ပိုပြီးစည်းရုံး လှုံ့ဆော်ပေးရမှာ ဖြစ်ပါတယ်။

"အလင်းရောင်ရိပ်၊ တိတ်ဆိတ်လျှော့ပါး၊ ကြယ်များရွေ့စောင်း၊ အချိန်ပြောင်းပြီ"ဆိုတဲ့ ရှေးကဗျာလိုပဲ အချိန်ကာလဟာ မြစ်တစ်စင်းလို အမြဲမပြတ် စီးဆင်းနေတယ်။ ခေတ်အဆက်ဆက် လူငယ်တိုင်းမှာ ကိုယ့်ရဲ့ဘဝရင်ဆိုင်မှုနဲ့ အခွင့်အခါကောင်းတွေ ရှိတယ်။

အားလုံးဟာ ကိုယ်ရောက်ရှိနေတဲ့ နေရာနဲ့ ခေတ်ကာလ အကြောင်းအချက်တွေအောက်မှာ ဘဝအတွက် ကြံစည်တွေးတောပြီး သမိုင်းကို ဖန်တီးကြရတာ ဖြစ်ပါတယ်။ လူငယ်ဆိုတာ အာရုံခံစနစ် ထက်မြက်တဲ့ Barometer ပြဒါးတိုင်လိုပဲ ခေတ်ရဲ့ သင်္ကေတအမှတ်လက္ခဏာ ဖြစ်တယ်။

ခေတ်ကာလရဲ့ တာဝန်ဝတ္တရားများကို လူငယ်တွေထံ အပ်နှင်းလိုက်ပြီး ခေတ်ရဲ့ဂုဏ်ရောင်ထွန်းပြောင်မှုဟာ လူငယ်တွေက ပိုင်ဆိုင်တာ ဖြစ်ပါတယ်။

ကျယ်ပြောတဲ့ လူငယ်ထုအနေနဲ့ မေလ ၄ ရက် အရေးတော်ပုံကို အကောင်းဆုံး အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုတာကတော့ ပါတီရဲ့ခေါင်းဆောင်မှုအောက်မှာ ခေတ်ကာလ ရှေ့ဆုံးတန်းကနေ ရဲရင့်စွာ ရှေ့ချီတက်သူ၊ လမ်းသစ်တီထွင်သူ၊ စွန့်လွှတ်ပေးဆပ်သူ၊ ခိုင်မြဲတဲ့ ယုံကြည်ချက်၊ ကောင်းမွန်တဲ့အကျင့်စာရိတ္တ၊ ကြွယ်ဝတဲ့ အသိပညာ၊ အစမ်းသပ်ခံတဲ့ ပင်ကိုစွမ်းရည်များရှိပြီး တိုင်းရင်းသား ပြည်သူများနဲ့ အတူတကွ ကြီးလေးတဲ့သမိုင်းပေးတာဝန်ကို သယ်ပိုးထမ်းရွက်ကြပါ။ မေလ ၄ ရက်ရဲ့စိတ်ဓာတ်ရောင်ခြည်ကို ပိုပြီးထွန်းလင်းတောက်ပတဲ့ ခေတ်ရဲ့အလျှံဝင်းဝင်း လင်းရောင်ခြည် ဖြစ်စေရမှာ ဖြစ်ပါတယ်။

ကျောင်းသားများ… ဆရာများ ခင်ဗျား…

တက္ကသိုလ်ဆိုတာ ပညာဗဟုသုတ သုတေသနပြုရာနဲ့ အမှန်တရားကို ရှာဖွေရာ နေရာတစ်ခု ဖြစ်တာကြောင့် ဒီအခွင့်ကောင်းကိုယူပြီး ကျွန်တော် စဉ်းစားတာကတော့ ဆိုရှယ်လစ်ဝါဒအမြုတေတန်ဖိုး၊ အမြင်ပြဿနာကို ကျောင်းသား၊ ဆရာအားလုံးနဲ့အတူ အပြန်အလှန် ဆွေးနွေးဖလှယ်ဖို့ပဲ ဖြစ်ပါတယ်။

ကျွန်တော် ပြောချင်တဲ့ ပြဿနာက မေလ ၄ ရက်စိတ်ဓာတ်အရှိန်အဟုန်နဲ့ ဆက်နွယ်စဉ်းစားမိတဲ့ကိစ္စ ဖြစ်ပါတယ်။ မေလ ၄ ရက် စိတ်ဓာတ်ဟာ အနီးခေတ်သမိုင်းမှာ တရုတ်ပြည်သူများနဲ့ တရုတ်အမျိုးသားများ ရှာဖွေရရှိခဲ့တဲ့ တိုးတက်သောတန်ဖိုးအမြင်ကို ထင်ဟပ်ပြလိုက်တာပဲ ဖြစ်ပါတယ်။ ပြည်ပချစ်စိတ် တိုးတက်မှု၊ ဒီမိုကရေစီ၊ သိပ္ပံနည်းပညာ၊ အားလုံးဟာ

ကျွန်တော်တို့ ယနေ့တိုင် စွဲကိုင်ပြီး လက်တွေ့ကျင့်သုံးနေတဲ့ အမြုတေတန်ဖိုးတွေပဲ ဖြစ်တယ်။

ဒါကို လူငယ်တွေသာ မြဲမြဲအောင် ဆုပ်ကိုင်ကျင့်သုံးရမှာ မဟုတ်ပါဘူး။ လူမှုအဖွဲ့အစည်းတစ်ရပ်လုံး မဆုတ်မနစ်နဲ့ ဖွဲနဲ့ နိုင်မြဲစွာ ကိုင်စွဲပြီး လက်တွေ့ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

လူသားအနွယ်၊ လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု သမိုင်းကြောင်း ဖော်ပြောချက်က အမျိုးသားတစ်ရပ်၊ နိုင်ငံတစ်ခု ရှုထောင့်ကနေ ပြောမယ်ဆိုရင် အလွန်တရာရှည်ကြာခိုင်မြဲပြီး အလွန်တရာ နက်ရှိုင်းတဲ့ အင်အားဟာ လူမှုအဖွဲ့အစည်း တစ်ခုလုံး အတူတကွ အသိအမှတ်ပြုခဲ့ကြတဲ့ အမြုတေတန်ဖိုးအမြင်ပဲ ဖြစ်ပါတယ်။

အမြုတေတန်ဖိုးအမြင်ဟာ အမျိုးသားတစ်ရပ်ရဲ့ ဝန်ကို တင်ဆောင်ထားသလို၊ နိုင်ငံတစ်နိုင်ငံရဲ့ စိတ်ဓာတ်ရှာဖွေ တည်ဆောက်မှုကိုလည်း သယ်ပိုးထားတယ်။ လူမှုအဖွဲ့အစည်းတစ်ခုရဲ့ အမှားအမှန်နဲ့ တရားနည်းလမ်း ကျ,မကျ အကဲဖြတ်ပေးတဲ့ တန်ဖိုးစံနှုန်းကို ထင်ဟပ်ပုံဖော်ပြတာ ဖြစ်တယ်။

ရှေးလူကြီးသူမတွေ ပြောခဲ့တာက...

"ပညာစခန်း၊ သင်ကြားလမ်းမှာ
ကိုယ်ကျင့်တရား၊ ထင်ရှားပေါ်လွင်
ချစ်ခင်လူထု၊ စင်ကြယ်မှုနဲ့
မိသားစုအလား၊ သနားကြင်နာ၊
မြင့်မားစွာတည့်..."

အမြဲတေတန်ဖိုးအမြင် ဆိုတာ တကယ်တော့ ကျင့်ဝတ်သိက္ခာတစ်မျိုးပဲ ဖြစ်ပါတယ်။ ဒါဟာ လူတစ်ဦးချင်းရဲ့ ကိုယ်ကျင့်တရား ဖြစ်တယ်ဆိုရင် အများပြည်သူနဲ့ဆိုင်တဲ့ ကျင့်ဝတ်သိက္ခာလည်း ဖြစ်သလို နိုင်ငံရဲ့စိတ်ဝမ်း၊ လူမှုအဖွဲ့အစည်းရဲ့အကျင့်သီလလည်း ဖြစ်ပါတယ်။ ကျင့်ဝတ်သိက္ခာမရှိတဲ့ နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှု မရနိုင်သလို၊ ကိုယ်ကျင့်တရား မကောင်းတဲ့ လူတစ်ယောက်ဟာလည်း ဘာအောင်မြင်မှုမှ မရနိုင်ပါဘူး။

တကယ်လို့ အမျိုးသားတစ်ရပ်၊ နိုင်ငံတစ်ခုမှာ တူညီတဲ့အမြဲတေတန်ဖိုးအမြင် မရှိဘူးဆိုရင် သဘောထားကွဲလွဲပြီး ဘယ်ဟာအမှန်၊ ဘယ်ဟာအမှား မခွဲခြားနိုင်ဘဲ ပြည်သူလူထု လိုက်နာဆောင်ရွက်ရမယ့် စည်းမျဉ်းဥပဒေ ကင်းမဲ့နေမယ်။

သူ့ရဲ့အကျိုးဆက်ကတော့ ဒီနိုင်ငံ၊ ဒီအမျိုးသားဟာ ဘယ်လိုမှ ရှေ့ကို ချီတက်နိုင်မှာ မဟုတ်ပါဘူး။ ဒီအလိုအခြေအနေမျိုးဟာ ကျွန်တော်တို့ သမိုင်းမှာရော မျက်မှောက်ခေတ် နိုင်ငံတကာမှာပါ မထူးဆန်းတဲ့ ကြုံတွေ့နေကျ ကိစ္စရပ်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံဟာ လူဦးရေ ၁.၃ ဘီလျံကျော်ရှိပြီး တိုင်းရင်းသားလူမျိုး ၅၆ မျိုးနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံကြီးဖြစ်ပါတယ်။ တစ်နိုင်ငံလုံးက တိုင်းရင်းသားပြည်သူအားလုံးနဲ့ အတူတကွ သဘောတူညီကြတဲ့ တန်ဖိုးအမြင် "အကြီးဆုံး ဘုံပိုင်းမြေ" ကို စိုက်ထူရောင်ပြန်ဟပ်ခဲ့တာက ပြည်သူတစ်ရပ်လုံး တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညာစွာ ရှပ်ရှပ်ချွံချွံ ရှေ့ချီခဲ့ကြတာ ဖြစ်တယ်။

ဒါက တိုင်းပြည်ရဲ့ အနာဂတ်ကံကြမ္မာနဲ့ ပြည်သူလူထုရဲ့ ကျန်းမာ၊ ချမ်းသာ၊ သုခ ပြည့်စုံမှုနဲ့ သက်ဆိုင်ပါတယ်။

ခေတ်အဆက်ဆက်တိုင်းမှာ ခေတ်တစ်ခေတ်ရဲ့ စိတ်ဓာတ်ဆိုတာရှိပြီး ခေတ်တစ်ခေတ်ရဲ့ တန်ဖိုးအမြင်၊ ခံယူချက် သဘောတရား ရှိကြစမြဲပါ။ ရှေးခေတ် တရုတ်ပြည်မှာ ကျွန်တော်တို့ရဲ့ ဘိုးဘေးတွေက အမြဲတေတန်ဖိုးအမြင် ဖွံ့ဖြိုးမှုနဲ့ ပတ်သက်လို့ ဒီလိုမီးမောင်းထိုးပြခဲ့ပါတယ်။

ရှိသေကိုင်းရှိုင်း၊ တရားမျှတ၊ သန့်ရှင်းရိုးသား၊ ဟီရိဩတ္တပ္ပတရား ဆိုတဲ့ လေးမျိုးကို နိုင်ငံအတွင်းမှာ စောင့်ထိန်းရမယ်။ "လေးမျိုးမသန်၊ နိုင်ငံပျက်သုဉ်း" ဒါဟာ ရှေးအခါက အမြဲတေတန်ဖိုးအမြင်ပေါ် နားလည်မှုဖြစ်ပြီး မျက်မှောက်တရုတ်ပြည်က ကျွန်တော်တို့ရဲ့ အမျိုးသား၊ ကျွန်တော်တို့ရဲ့ နိုင်ငံဟာ ဘယ်လိုအမြဲတေ တန်ဖိုးအမြင်ကို ဆုပ်ကိုင်သင့်ပါသလဲ။ ဒီပြဿနာက သဘောတရား ပြဿနာတစ်ခု ဖြစ်သလို လက်တွေ့ဖြတ်သန်းရမယ့် ပြဿနာတစ်ခုလည်း ဖြစ်ပါတယ်။

အကြိမ်ကြိမ် အဖန်ဖန် ထင်မြင်ချက်များ တောင်းခံစုဆောင်းပြီး ဘက်စုံပေါင်းရုံး သုံးသပ်ထားတဲ့ နားလည်မှုတွေနဲ့ ကျွန်တော်တို့ တင်ပြခဲ့တာက ချမ်းသာကြွယ်ဝမှုနဲ့ အင်အားတောင့်တင်းရေး၊ ဒီမိုကရေစီရေး၊ မြို့ပြယဉ်ကျေးမှုနဲ့ သဟဇာတဖြစ်ရေးတို့ကို ကမကထပြုရမယ်။

လွတ်လပ်မှု၊ တန်းတူမှု၊ တရားမျှတမှု၊ ဥပဒေစိုးမိုးရေးမှုကို ရှေ့ဆောင်ဆော်ဩရမယ်။ ပြည်ချစ်စိတ်ဓာတ်၊ လုပ်ငန်း

အပေါ် ရိုသေလေးစားမှု၊ ရိုးသားတည်ကြည်မှု၊ ချစ်ခင်ရင်းနှီးမှု၊ ဒါတွေကို တိုက်တွန်းအားပေးပြီး ဆိုရှယ်လစ်ဝါဒ၊ အမြတေ တန်ဖိုးအမြင်ကို ထက်ထက်သန်သန်နဲ့ ပြုစုပျိုးထောင် လက်တွေ့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ကြွယ်ဝတောင့်တင်းမှု၊ ဒီမိုကရေစီရေး၊ မြို့ပြယဉ်ကျေးမှု နဲ့ သဟဇာတ ညီညွတ်မျှတရေးဟာ နိုင်ငံတော် မျက်နှာစာက တောင်းဆိုတဲ့ တန်ဖိုးဖြစ်ပါတယ်။

လွတ်လပ်မှု၊ တန်းတူရေး၊ တရားမျှတမှုနဲ့ ဥပဒေစိုးမိုး ရေးတို့ဟာ လူမှုအဖွဲ့အစည်း မျက်နှာစာရဲ့ တောင်းဆိုတဲ့ တန်ဖိုး ဖြစ်ပြီး ပြည်ချစ်စိတ်ဓာတ်၊ လုပ်ငန်းအပေါ် ရိုသေလေးစားမှု၊ ရိုးသားတည်ကြည်မှု၊ ချစ်ခင်ရင်းနှီးမှုဟာ နိုင်ငံသားများ မျက်နှာ စာအတွက် တောင်းဆိုတဲ့ တန်ဖိုးဖြစ်ပါတယ်။

ဒီစုစည်းပေါင်းချုပ်ချက်က ကျွန်တော်တို့ ဘယ်လိုနိုင်ငံ တည်ဆောက်ရမလဲ ဆိုတာကို လက်တွေ့ကျကျ ဖြေကြားလိုက် တာပဲ ဖြစ်ပါတယ်။ ဘယ်လိုလူ့အဖွဲ့အစည်းကို တည်ဆောက် မှာလဲ၊ ဘယ်လိုနိုင်ငံသားကို ပြုစုပျိုးထောင်မှာလဲဆိုတဲ့ အရေး ကြီးတဲ့ ပြဿနာဖြစ်တယ်။

ရှေးခေတ်သမိုင်းမှာကတည်းက တရုတ်ပြည်သူတွေဟာ သဘာဝတရားရဲ့ အခြင်းအရာတွေ လေ့လာသင်ကြားပြီး ဆင်ခြင် တွေးဆ ကျိုးကြောင်းတရားကို သိရှိခဲ့ကြပါတယ်။ သဘောရိုး နဲ့ မှန်ကန်စွာ တွေးတောပြီး ကိုယ်ကျင့်တရားကို ဆောက်တည်၊ ရည်မွန်ယဉ်ကျေးအောင် ပြုစုပျိုးထောင်၊ မိသားစုကို စီမံခန့်ခွဲ၊

နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းအောင် လုပ်ကြတယ်။ ဒါကို ရှုထောင့်တစ်ခုကနေ ကြည့်မယ်ဆိုရင် ဆင်ခြင်တွေးဆ ကျိုးကြောင်းရှာသဘောရှိုးနဲ့ မှန်စွာတွေးတော၊ ကိုယ်ကျင့်သီလ ဆောက်တည်ကြဆိုတာ လူတစ်ဦးချင်း အဆင့်နေရာအတွက် တောင်းဆိုတာဖြစ်ပြီး မိသားစုစနစ်ကို ညီညာဖြဖြဖြစ်အောင် စီမံခန့်ခွဲတာဟာ လူမှုအဖွဲ့အစည်းဘက်က တောင်းဆိုတာ ဖြစ်တယ်။ နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းအောင် အုပ်ချုပ်တယ်ဆိုတာက တိုင်းပြည်နေရာက တောင်းဆိုတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အဆိုပြုခဲ့တဲ့ ဆိုရှယ်လစ်ဝါဒ အမြုတေတန်ဖိုးအမြင်ဟာ နိုင်ငံနဲ့ လူ့အဖွဲ့အစည်းအထိ သက်ဆိုင်နေပြီး နိုင်ငံသားများ တောင်းဆိုတဲ့ တန်ဖိုးဟာလည်း ဒီအထဲမှာပဲ တစတစည်းတည်း ပျော်ဝင်ပေါင်းစည်းသွားတယ်။ ဒါဟာ ဆိုရှယ်လစ်ဝါဒ ပင်ကိုသဘာဝရဲ့ တောင်းဆိုချက်ကို ထင်ဟပ်ပြတာဖြစ်သလို တရုတ်အမျိုးသားတို့ရဲ့ ထူးချွန်တဲ့ ရိုးရာအစဉ်အလာယဉ်ကျေးမှုကို အမွေဆက်ခံတာဖြစ်ပြီး အကျိုးရှိတဲ့ ကမ္ဘာ့ယဉ်ကျေးမှု အသီးအပွင့်တွေကို သိမ်းသွင်းလက်ခံတာ၊ ခေတ်ရဲ့စိတ်ဓာတ်ကို သရုပ်ဖော်ပြတာ ဖြစ်ပါတယ်။

ကြွယ်ဝတောင့်တင်းမှု၊ ဒီမိုကရေစီ၊ မြို့ပြယဉ်ကျေးမှု၊ ညီညွတ်သဟဇာတဖြစ်မှု၊ လွတ်လပ်မှု၊ တန်းတူမှု၊ တရားမျှတမှု၊ ဥပဒေစိုးမိုးရေး၊ ပြည်ချစ်စိတ်၊ လုပ်ငန်းအပေါ် ရိုသေမြတ်နိုး၊ ရိုးသားတည်ကြည် ချစ်ခင်ရင်းနှီး၊ ဒါတွေဟာ ထူးချွန်တဲ့ တရုတ်

ရိုးရာ အစဉ်အလာ ယဉ်ကျေးမှုနဲ့ သွေးသားတော်စပ်မှုကို အမွေဆက်ခံတာပဲ ဖြစ်တယ်။

အနီးခေတ်သမိုင်းမှာ တရုတ်ပြည်သူတစ်ရပ်လုံးရဲ့ ရှာဖွေစုဆောင်းမှုဟာ ဘဝမျိုးစုံ ဒုက္ခအဖုံဖုံကို နှစ်ပိရစ္ဆေဒ ကြာမြင့်စွာ ဖြတ်သန်းစိုက်တူခဲ့ရတဲ့ ရည်မှန်းချက်နဲ့ ယုံကြည်မှုအပေါ် ပုံအပ်ခဲ့တာဖြစ်ပြီး ကျွန်တော်တို့ လူတစ်ဦးချင်းရဲ့ လှပတဲ့စိတ်ကူးပုံရိပ်တွေကို တာဝန်ယူသယ်ဆောင်ခဲ့တာလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ဆိုရှယ်လစ်ဝါဒ အမြုတေတန်ဖိုးအမြင်ကို လူမှုအဖွဲ့အစည်းတစ်ခုလုံးမှာ ခိုင်မြဲအောင် စိုက်ထူရမယ်။ ပြည်သူတစ်ရပ်လုံး စုပေါင်းကြိုးပမ်း၊ မလျှော့တဲ့ ဖွဲ့လုံ့လနဲ့ အစဉ်အမြဲလုံးပန်းတိုက်ခိုက်ပြီး ကျွန်တော်တို့ရဲ့နိုင်ငံကို ပိုပြီးကြွယ်ဝတောင့်တင်းအောင်၊ ပိုပြီး ဒီမိုကရေစီကျအောင်၊ ပိုပြီးရည်မွန်အောင်၊ ပိုပြီး သဟာဇာတဖြစ်အောင်၊ ပိုပြီးလှပအောင် တည်ဆောက်ကြရမယ်။

တရုတ်အမျိုးသားများ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ပိုပြီး ရှိလာစေရမယ်။ ပိုပြီး ကိုယ့်အားကိုယ်ကိုးတဲ့ အနေအထားနဲ့ ကမ္ဘာ့အမျိုးသားများအကြားမှာ မားမားမတ်မတ် ရှိစေရမှာဖြစ်ပါတယ်။

ကြွယ်ဝတောင့်တင်းမှု၊ ဒီမိုကရေစီ ယဉ်ကျေးမှုနဲ့ ညီညွတ်အချိုးကျတဲ့ ဆိုရှယ်လစ်ဝါဒ ခေတ်မီနိုင်ငံကို တည်ဆောက်ရမယ်။ တရုတ်အမျိုးသားများရဲ့ ကြီးမြတ်တဲ့ ပြန်လည်ဆန်းသစ်ရေးကို အကောင်အထည်ဖော်တာဟာ ၁၈၄၀ ခု ဘိန်းစစ်ပွဲကြီး

ပြီးတဲ့နောက်မှာ တရုတ်ပြည်သူတွေရဲ့ အကြီးမြတ်ဆုံး စိတ်ကူး အိပ်မက်ဖြစ်ပြီး တရုတ်အမျိုးသားအပေါင်းရဲ့ အမြင့်မားဆုံးအကျိုး စီးပွားနဲ့ အခြေခံအကျဆုံး အကျိုးစီးပွား ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ ၁.၃ ဘီလျံကျော် လူတွေရဲ့ လုံးပန်းတိုက်ခိုက်မှု မှန်သမျှဟာ အရင်းစစ်တော့ အမြစ်မြေက ဆိုသလို ကြီးမြတ်တဲ့ ဒီရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော်ဖို့ပဲ ဖြစ်ပါတယ်။

ယခင်က တရုတ်ပြည်ဟာ ကမ္ဘာပေါ်မှာ စီးပွားရေးအင်အား ခိုင်မာတောင့်တင်းတဲ့နိုင်ငံ ဖြစ်ခဲ့ဖူးပါတယ်။

နောက်ပိုင်းမှာ ကမ္ဘာ့စက်မှုတော်လှန်ရေးက တဟုန်းဟုန်း တောက်လောင်တဲ့ မီးလျှံလိုပဲ လူ့အနွယ်ရဲ့ လူမှုအဖွဲ့အစည်းမှာ နက်ရှိုင်းတဲ့ ပြုပြင်ပြောင်းလဲမှုတွေ အဆက်မပြတ် ဖြစ်ပွားနေတာကြောင့် တရုတ်ပြည်ဟာ ကမ္ဘာကြီးနှင့်အတူ တိုးတက်ရမယ့် သမိုင်းအခွင့်အခါကောင်းတွေ ဆုံးရှုံးခဲ့ရတယ်။

လက်ဦးမှုမဲ့ အရှက်ရတဲ့ ဘဝမျိုးအထိ နောက်ကျကျန်ရစ်ခဲ့တယ်။ အထူးသဖြင့် ဘိန်းစစ်ပွဲကာလ နောက်ပိုင်းမှာ တရုတ်အမျိုးသားများဟာ ဆင်းရဲမွဲတေမှုနဲ့ အင်အားချည့်နဲ့မှုအတွင်း ပိုပြီး နစ်မွန်းခဲ့ရတယ်။ သူများပြုသမျှ နရတဲ့ လက်ခုပ်ထဲက ရေလို ရင်နာစရာ အဖြစ်ဆိုးတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

အဲဒီလို သမိုင်းအလွမ်းဇာတ်မျိုး နောက်တစ်ကြိမ်ဆိုတာ လုံးဝမရှိစေရဘူး။ ကြွယ်ဝတောင့်တင်းပြီး ဒီမိုကရေစီ၊ ယဉ်ကျေးမှု၊ ညီညွတ်ပြေပြစ်တဲ့ ဆိုရှယ်လစ်ဝါဒ၊ ခေတ်မီနိုင်ငံကို တည်ဆောက်ကြရမယ်။

ဒါဟာ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ပန်းတိုင် ဖြစ်သလို ကျွန်တော်တို့ရဲ့ တာဝန်ယူမှုဖြစ်ပြီး ရှေးက လူကြီးသူမတွေနဲ့ နောင်လာနောက်သားတွေအတွက် တာဝန်ယူတာ ဖြစ်တယ်။ ကျွန်တော်တို့ မဟာဗျူဟာချမှတ်မှု အင်အားနဲ့ ခိုင်မာတဲ့ ယုံကြည်ချက်ကို ထိန်းသိမ်းထားရမယ်။ မယိမ်းမယိုင် ခိုင်မြဲစွာနဲ့ ကိုယ့်လမ်းအတိုင်း ကိုယ်လျှောက်ပြီး မိမိရဲ့ပန်းတိုင်ဆီ ဦးတည်ချီတက်သွားရမှာ ဖြစ်ပါတယ်။

အခုတော့ တရုတ်ပြည်ဟာ ဖွံ့ဖြိုးတိုးတက်လာပြီ။ "အင်အားကြီးတဲ့ နိုင်ငံက ဗိုလ်ကျလွှမ်းမိုးတယ်"ဆိုတဲ့ လော့ဂျစ်ကို ကျွန်တော်တို့ လက်မခံဘူး။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ လမ်းကြောင်းပေါ်မှာ စွဲစွဲမြဲမြဲ လျှောက်လှမ်းသွားမယ်။ ဒါပေမဲ့ တရုတ်အမျိုးသားတွေကို ပြင်ပလူမျိုးက ထင်သလို ခြယ်လှယ်လိမ်ညာ လှည့်ဖြားတဲ့ခေတ်ဟာ ဘယ်တော့မှ ပြန်လှည့်လာမှာ မဟုတ်ဘူး။

ဘာလို့ ကျွန်တော်တို့ အခုလို လေသံနိမ့်နိမ့် ပြောနေရတာလဲ ဆိုတော့ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်လို့ပါ။ မျက်မှောက်ခေတ် တရုတ်ပြည်ရဲ့ နိုင်ငံတကာ အဆင့်နေရာဟာ အဆက်မပြတ် မြင့်တက်လာနေသလို နိုင်ငံတကာအပေါ် အကျိုးသက်ရောက်မှုအားဟာလည်း မပြတ်တိုးချဲ့လာနေတယ်။ ဒါဟာ တရုတ်ပြည်သူတွေ ကိုယ်တိုင်ကိုယ်ကျ နှစ်တစ်ရာလုံးပန်းတိုက်ခိုက်ပြီး ရရှိခဲ့တဲ့ ကြည်ညိုလေးစားမှု ဖြစ်ပါတယ်။

စဉ်းစားကြည့်စမ်းပါ။

အနီးခေတ်သမိုင်းမှာ တရုတ်ပြည်ဟာ အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရပြီး နိုင်ငံခြားသားက တရုတ်မြေပေါ်မှာ နိုင်ထက်စီးနင်း ဗိုလ်ကျရမ်းကားတဲ့ ရင်နာစရာ သမိုင်းအဖြစ်ဆိုးဟာ ခုခါမှာတော့ ပြတ်ပြတ်ထင်ထင် ပေါ်လွင်တဲ့ နိုင်းယှဉ်ကြည့်စရာ ဖြစ်လာပါပြီ။

တရုတ်အမျိုးသားတို့ရဲ့ မြို့ပြယဉ်ကျေးမှုနဲ့ အထူးသဖြင့် တစ်မူထူးတဲ့ တန်ဖိုးစနစ်တွေ ဖွဲ့တည်လာတာဟာ နှစ်ပေါင်းထောင်ချီ စဉ်ဆက်မပြတ် ရှည်ကြာခဲ့ပြီဖြစ်တယ်။ တရုတ်ပြည်ရဲ့ ထူးချွန်တဲ့ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုများဟာ တရုတ်လူမျိုးတို့ရဲ့ မျိုးစေ့ဗီဇ(gene) ဖြစ်နေပါပြီ။

ဒီရင်းမြစ်ဗီဇဟာ တရုတ်လူမျိုးတို့ရဲ့ နှလုံးသားထဲမှာ အမြစ်တွယ်ပြီး တရုတ်တို့ရဲ့ အတွေးအခေါ်နဲ့ ပြုမူဆောင်ရွက်ချက် နည်းနာများအပေါ်မှာ မသိမသာ တရွေ့ရွေ့ ပြောင်းလဲလာအောင် သြဇာညောင်းခဲ့ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ကမကထပြုပြီး ဆိုရှယ်လစ်ဝါဒ အမြုတေတန်ဖိုးအမြင်ကို ပျံ့နှံ့အောင် ရှေ့သို့သယ်ဆောင်သွားကြရမယ်။

ဒီလိုသယ်ဆောင်သွားတဲ့ အခါမှာလည်း ကောန်မုချ ပြည့်စုံကြွယ်ဝတဲ့ အာဟာရဓာတ်ကို မှီဝဲသုံးဆောင်ကြရမှာ ဖြစ်ပါတယ်။ မဟုတ်ရင် အသက်ရှင်သန်အားနဲ့ သက်ရောက်မှုအား ကင်းမဲ့နေမှာ ဖြစ်ပါတယ်။ ဥပမာ ပြောရရင် တရုတ်စာပေယဉ်ကျေးမှုမှာ အလေးထား ပြောခဲ့တာက "နိုင်ငံအရင်းအမြစ် ပြည်သူဖြစ်၏"။ "လူနဲ့သဘာဝ၊ ညီညွတ်မျှတ အချိုးကျ"။ "မတူသော်လည်း သင့်

မြတ်တယ်"။ ထပ်ပြီး ဖြည့်စွက်ပြောရရင် "သဘာဝတရား လှပ် ရှားသက်ဝင်၊ မိုးကောင်းကင် အစဉ်ပြောင်းသလိုပ၊ ကိုယ့်ထူး ကိုယ်ချွန် လူရည်မွန်က၊ မပြတ်လုံ့ ဥဿာဟတည့်။ "မဟာ လမ်းမှာ၊ အောင်မြင်ရာလည်း၊ မိုးအောက်မြေထက်၊ ပြည်သူ့တွက် သာ"။ ထပ်ပြောမယ်ဆိုရင် "နိုင်ငံရဲ့ကံကြမ္မာအတက်အကျဟာ ပြည်သူတိုင်းက တာဝန်ယူရမှာ"။ "ကိုယ်ကျင့်မှန်ကန်၊ ပညာ ဉာဏ်နဲ့၊ နိုင်ငံအုပ်ချုပ်၊ ယဉ်အောင်လုပ်လော့။ မြတ်သော ယောက်ျား၊ တရားမျှ၏"။ "ကောင်းမွန်ယောက်ျား၊ စိတ်ထား ပွင့်လင်း၊ ဖြောင့်ဖြူးခြင်းရှိ"။ "ယောက်ျားကောင်းမြတ်၊ စိတ် ဓာတ်သန့်ရှင်း၊ အရည်အချင်း ပဓာန"။ "ကတိမှန်သမျှ တည်စေ ရ၊ လုပ်သမျှက ပြတ်သားရမယ်"။ "ကတိဖတည်သူဆီက၊ ဘာ ကိုမျှော်ကိုးရ"။ "ကိုယ်ကျင့်တရား၊ မြင့်မားအမှန်၊ ဘယ်တော့မှ အထီးမကျန်"။ "ကရုဏာတရား၊ ရှေ့ထားသူက၊ မေတ္တာပွား၏"။ "တစ်ပါးသူအား၊ စေတနာထားပါ"။ "ကိုယ်မကြိုက်တဲ့အရာ၊ အခြားသူကို လက်မခံစေသင့်ပါ"။ "အချင်းချင်း၊ ချစ်ကြည်ရိုင်း ပင်း၊ မျှော်စင်ကင်းချ၊ ကာကွယ်ကြ၏"။ "ကြီးကဲသူကို ဂါရဝ ထား၊ ငယ်ရွယ်သူကို ကြင်နာသနား"။ "ဆင်းရဲမှုကို ကူညီပံ့ပိုး၊ ခက်ခဲသူကို ကူညီထောက်ပံ့၊ နည်းပါးတာကို မစိုးရိမ်နဲ့၊ မညီ မျှတာကို ပူပန်ရမယ်" စတဲ့ အရာတွေ ဖြစ်တယ်။

ဒီလိုအတွေးအခေါ်နဲ့ အယူအဆ စိတ်ကူးတွေဟာ ရှေး အခါကပဲဖြစ်ဖြစ်၊ အခုပဲဖြစ်ဖြစ် လတ်ဆတ်နေတဲ့ အမျိုးသား လက္ခဏာနဲ့ ထာဝစဉ် အရောင်မလွင့်တဲ့ ခေတ်ရဲ့တန်ဖိုးဖြစ်တယ်။

ဒီလိုအတွေးအခေါ်နဲ့ အယူအဆ စိတ်ကူးတွေကို ရွေ့လျားနေတဲ့ အချိန်ကာလ ခေတ်ရဲ့ပြုပြင်ပြောင်းလဲမှုများနဲ့အညီ သယ်ဆောင်ပြီး တောက်လျှောက် ရှေ့ကိုချီတက်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မွေးလာကတည်းက တရုတ်လူမျိုးအဖြစ် မွေးလာခဲ့တာဖြစ်လို့ အခြေခံအကျဆုံးက ကျွန်တော်တို့မှာ တရုတ်လူမျိုးရဲ့ ထူးခြားတဲ့စိတ်ဓာတ်၊ ကမ္ဘာနဲ့အရပ်သူအရပ်သားများ နေ့စဉ် အသုံးပြုပေမယ့် သတိမပြုမိတဲ့ တန်ဖိုးအမြင်တွေ ရှိရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဦးဆောင်ဆော်ဩနေတဲ့ ဆိုရှယ်လစ်ဝါဒ အမြဲတေတန်ဖိုးအမြင်ဆိုတာ တရုတ်အမျိုးသားတို့ရဲ့ ထူးချွန်ပြောင်မြောက်တဲ့ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုများရဲ့ လက်ဆင့်ကမ်း ဆက်ခံမှုနဲ့ အပြည့်အဝ မြှင့်တင်မှု ဖြစ်ပါတယ်။

တန်ဖိုးအမြင်ဆိုတာက လူ့အဖွဲ့ရဲ့ သိမြင်မှု သဘာဝနဲ့ လူမှုအဖွဲ့အစည်း ပြုပြင်ပြောင်းလဲမှုရဲ့ ဖြစ်စဉ်အတွင်မှာ မွေးဖွားလာတဲ့ စွမ်းဆောင်ရည် ဖြစ်တယ်။ မတူတဲ့လူမျိုး၊ မတူတဲ့တိုင်းပြည်၊ သဘာဝအကြောင်းအချက်နဲ့ ဖွံ့ဖြိုးမှုသမိုင်းကြောင်း မတူညီတဲ့အလျောက် ပေါ်ပေါက်ဖြစ်တည်လာတဲ့ အမြဲတေတန်ဖိုးအမြင်ဟာလည်း ကိုယ့်ထူးခြားချက်နဲ့ကိုယ်ပဲ ဖြစ်ပါတယ်။

လူမျိုးတစ်မျိုး၊ နိုင်ငံတစ်ခုရဲ့ အမြဲတေတန်ဖိုးအမြင်ဟာ အဲဒီလူမျိုး၊ အဲဒီနိုင်ငံရဲ့ ယဉ်ကျေးမှုသမိုင်းကြောင်းနဲ့ ကိုက်ညီနေရမယ်။ ဒီလူထုနဲ့ အတူတကွ မျက်မှောက်ဆင်နွှဲနေတဲ့ ကြိုးပမ်းတိုက်ခိုက်မှုမှာ ပေါင်းစပ်ရမယ်။

ဒီအမျိုးသားနဲ့နိုင်ငံက ဖြေရှင်းရမယ့် ခေတ်ကာလပြဿနာတွေနဲ့ လိုက်လျောညီထွေရှိရမှာ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ချွတ်ဇွတ်တူတဲ့ သစ်ရွက်နှစ်ရွက်ဆိုတာ မရှိပါဘူး။ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည်ဟာ ကေန်မုချ သိရမှာက ငါဘယ်သူလဲ ဆိုတာပဲ ဖြစ်တယ်။ ဘယ်ကလာတာလဲ၊ ဘယ်ကိုသွားမှာလဲ၊ စဉ်းစားသဘောပေါက်ပြီး မှန်ပြီဆိုရင်တော့ မယိမ်းမယိုင် ခိုင်ခိုင်မြဲမြဲ ပန်းတိုင်ရှိရာ ရှေ့ကိုချီတက်သွားကြရမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာ ၂၆ ရက်တုန်းက ရဲဘော်မော်စီတုံးရဲ့ နှစ် ၁၂၀ ပြည့်မွေးနေ့ အထိမ်းအမှတ် အခမ်းအနားမှာ ပြောကြားခဲ့တာက ၉.၆ သန်း စတုရန်းကီလိုမီတာရှိပြီး ကျယ်ပြောလှတဲ့ ကုန်းမြေပေါ်မှာ တရုတ်အမျိုးသားအပေါင်းဟာ ကြာညောင်းတဲ့ သမိုင်းကြောင်းတစ်လျှောက် ကြိုးပမ်းစုဆောင်းခဲ့တဲ့ ယဉ်ကျေးမှု အာဟာရဓာတ်ကို သောက်သုံးပြီး လူဦးရေ ၁.၃ ဘီလီယံရှိတဲ့ တရုတ်ပြည်သူ စုစည်းမှုဟာ အရှိန်အဟုန်ပြင်းတဲ့ ပဲ့တင်ရိုက်မှု အင်အားဖြစ်တာကြောင့် ကျွန်တော်တို့ ကိုယ့်လမ်းကိုယ်လျှောက်ကြရမယ်။

နိုင်းယှဉ်မရအောင် ကျယ်ပြောတဲ့ ဓာတ်ခံရှိတယ်။ နှိုင်းမရအောင် ကြီးမားလေးနက်တဲ့ သမိုင်းအဖြစ်အပျက်တွေ ရှိတယ်။ နှိုင်းစာမရအောင် ကြီးမားသန်စွမ်းပြီး ရှေ့ချီတက်မယ့် အင်အားတွေရှိနေတယ်။ တရုတ်ပြည်သူအားလုံး ဒီလိုယုံကြည်ချက်မျိုးရှိသင့်ပါတယ်။ တရုတ်လူမျိုးတိုင်း ဒီလိုယုံကြည်ချက် ရှိရမှာဖြစ်တယ်။

ကျွန်တော်တို့ လူသားမျိုးနွယ်၊ လူ့အဖွဲ့အစည်းက တီထွင်ဖန်တီးခဲ့တဲ့ ယဉ်ကျေးမှု အသီးအပွင့် မှန်သမျှကို နှိုင်းဆကြည့်စရာအဖြစ်နဲ့ နှိမ့်နှိမ့်ချချ လေ့လာသင်ယူရမယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကိုယ့်ဘဝ ကိုယ်မေ့ပြီး ဘိုးဘေးတွေကို သတိရလို့ မဖြစ်သလို တခြားနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုပုံစံကို အတုံးလိုက်၊ အတစ်လိုက် ပုံတူကူးချလို့လည်း မဖြစ်ဘူး။ ဘယ်လိုပြည်ပနိုင်ငံကမှ မာနတစ်ခွဲသားနဲ့ ဆရာလာလုပ်တာမျိုးကိုလည်း လုံးဝလက်မခံပါဘူး။

ကျွန်တော်ပြောတဲ့ ဒီစကားရဲ့ အဓိပ္ပာယ်က ကျွန်တော်တို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ ဖြစ်သလို တရုတ်ပြည် အိပ်မက်ကို အကောင်အထည်ဖော်ဖို့ ဖြစ်တယ်။ ကိုယ်ယုံကြည်တဲ့လမ်း၊ ကိုယ်ယုံကြည်တဲ့ သဘောတရား၊ ကိုယ်ယုံကြည်တဲ့ စနစ်ကို ဇောက်မှုချ ခိုင်မာအောင် အားသစ်လောင်းရမယ်။

"ထောင်သောင်းမက၊ ဒုက္ခခံစား၊ ထုသားတေသား၊ အင်အားဖြစ်တယ်၊ ရှစ်ခွင်တိုင်းက မိုးသက်ကျလည်း ကြံ့ခိုင်မြဲပေ" ဒီယုံကြည်ချက်သုံးရပ်ဟာ ကျွန်တော်တို့အတွက် အမြဲတေတန်ဖိုး အမြင့်အပေါ် ပြတ်သားတဲ့ ထောက်ခံမှုပဲ ဖြစ်ပါတယ်။

ကျွန်တော် ဘာကြောင့် လူငယ်တွေကို ဆိုရှယ်လစ်ဝါဒ အမြဲတေတန်ဖိုး အမြင့်ပြဿနာကို ပြောရတာလဲ။ အကြောင်းကတော့ အနာဂတ်ကာလ လူ့အဖွဲ့အစည်း တစ်ခုလုံးရဲ့ တန်ဖိုးဦးတည်ချက်ကို လူငယ်တွေရဲ့ တန်ဖိုးဦးတည်ချက်က အဆုံး

အဖြတ်ပေးလို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် လူငယ်များ ရောက်ရှိနေတဲ့ နေရာဟာ တန်ဖိုးအမြင် ဖြစ်တည်မှု စိုက်ထူနေတဲ့ အခါသမယ ဖြစ်တယ်။

ဒီကာလရဲ့ တန်ဖိုးအမြင်ကို မိမိရရဆုပ်ကိုင်ပြီး မွေးမြူပျိုးထောင်ရေးဟာ အလွန်တရာ အရေးကြီးပါတယ်။ ဒါဟာ အင်္ကျီဝတ်တဲ့အခါ ကြယ်သီးတပ်တာနဲ့တူတယ်။ တကယ်လို့ ပထမဦးဆုံး ကြယ်သီးတစ်လုံး အတပ်မှားတာနဲ့ကျန်တဲ့ ကြယ်သီးတွေလည်း အတပ်မှားမှာ ဖြစ်တယ်။ လူ့ဘဝရဲ့ ကြယ်သီးကို အစကတည်းက မှန်အောင် တပ်ရမှာပါ။

တရုတ်ရှေးစကား အဆိုက "နက်ရှိုင်းတဲ့ ရေတွင်းဟာ၊ ချိုင့်ခွက်ကလေး စ,တူးတာ"။ လူငယ်တွေဟာ အခုကတည်းက စပြီး လုပ်ဆောင်ရမယ်။ မိမိကိုယ်တိုင်ကစပြီး လုပ်ဆောင်မှသာ ဆိုရှယ်လစ်ဝါဒ အမြုတေ တန်ဖိုးအမြင်ဟာ မိမိရဲ့အခြေခံလိုက်နာမှု ဖြစ်လာပါလိမ့်မယ်။

ကျယ်ပြန့်တဲ့ လူငယ်တွေဟာ ဆိုရှယ်လစ်**ဝါဒ အမြု**တေ တန်ဖိုးအမြင်ကို ထူထောင်မွေးမြူကြပြီး အောက်ပါအချို့ကို အလေးထားရမှာ ဖြစ်ပါတယ်။

(၁) လုံ့လဝီရိယနဲ့ သင်ကြားရမယ်။ အပတ်တကုတ်ကြိုးပမ်းအားထုတ်ပြီး စစ်မှန်တဲ့ ပညာရပ်ကို ရှာဖွေလေ့လာရမယ်။ အသိပညာဟာ အမြုတေတန်ဖိုးအမြင်ကို ထူထောင်တဲ့ အရေးကြီးအုတ်မြစ် ဖြစ်ပါတယ်။ ဂရိဒဿနဆရာက ပြောတယ်။ ပညာဟာ ကောင်းမွန်တဲ့ အကျင့်စာရိတ္တ ဖြစ်တယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ရှေးလူကြီးသူမ ပြောတာကတော့ "သိပ္ပမသင်၊ စွမ်းရည်ကင်းမဲ့၊ မျှော်မှန်းချက်ဆန္ဒ မှားယွင်းက၊ ပညာမရှိ ဖြစ်လေစွ"။ တက္ကသိုလ်ရဲ့ ငယ်ရွယ်ပျိုမျစ်သော အချိန်တွေဟာ လူ့ဘဝမှာ တစ်ကြိမ်ပဲ ရှိပါတယ်။ ဒါကြောင့် မြတ်မြတ်နိုးနိုး တန်ဖိုးထားသင့်ပါတယ်။

သုတေသန ပညာရှာမှီးရာမှာ အပတ်တကုတ် အားထုတ်ခြင်းက တန်ဖိုးဖြစ်သလို နှိုက်နှိုက်ချွတ်ချွတ် လေ့လာဆည်းပူးခြင်းဟာလည်း တန်ဖိုးဖြစ်ပြီး ထာဝစဉ် တန်ဖိုးရှိနေမှာ ဖြစ်ပါတယ်။

ဆရာကြီးလူရှင့်က ပြောခဲ့ဖူးတယ်။ "ဘယ်သူလဲ ပါရမီရှင်၊ အခြားသူတွေ ကော်ဖီသောက်တဲ့အချိန်မှာ၊ ငါတစ်ချိန်လုံး အလုပ်လုပ်နေတာပဲ"။ တက္ကသိုလ်ကျောင်းသားဘဝမှာ "လူငယ်ကျောင်းသား၊ မိတ်အများလည်း၊ စိတ်ထားပြည့်လျှံ၊ အားနဲ့မာန်နဲ့ စွမ်းရည်ထက်၏"။ လူငယ်ကျောင်းသားတစ်ယောက်ဟာ ဘယ်လိုအနှောင့်အယှက် အတားအဆီးမှ မရှိဘဲ မိမိကိုယ်ကို ပညာဗဟုသုတထဲမှာ နှစ်မြှုပ်ထားလို့ရတယ်။ ဆရာဆီက သင်ကြားရမယ်။ ကျောင်းသားအချင်းချင်း အမြင်ချင်း ဖလှယ်ရမယ်။ စာအုပ်ပုံတွေကြားမှာ လှန်လှောမွှေနှောက် ရှာဖွေရမယ်။

ကိုယ်နဲ့မအပ်စပ်တဲ့အရာ မရှိဘူးလို့ မှတ်ယူပြီး လေ့လာမေးမြန်းရမှာ ဖြစ်ပါတယ်။ ဒီအချိန်မှာ မကြိုးစားရင် ဘယ်အချိန်မှာ ကြိုးစားမှာလဲ။ လုံ့လဝီရိယနဲ့ လေလာသင်ကြား၊ သွက်လက်ချက်ချာ၊ သင်ကြားတဲ့ပညာရပ်ရဲ့ အတွင်းသဘောကို အလေးဂရု

ပြုပြီး မိမိရဲ့အမြင် သဘောအသွင် ဖြစ်လာစေရမယ့်အပြင် သီးခြား ဘာသာရပ်ကို နှံ့စပ်အောင် လုပ်ရမယ်။

နိုင်ငံကို အလေးမူ၊ ပြည်သူကို ဂရုစိုက်၊ ကမ္ဘာကြီးကို အာရုံပြုပြီး လူမှုအဖွဲ့အစည်းရဲ့ တာဝန်ဝတ္တရားများကို ထမ်းဆောင်တတ်အောင် သင်ကြားရမှာ ဖြစ်ပါတယ်။

(၂) ကိုယ်ကျင့်တရားနဲ့ စိတ်သဘောထား မြင့်မြတ်အောင် တည်ဆောက်ပြီး ကိုယ်ကျင့်တရားရဲ့ လက်တွေ့ပြုမူ ဆောင်ရွက်မှုကို အလေးဂရုပြုရမှာ ဖြစ်တယ်။ "ကျင့်ဝတ်သိက္ခာ စောင့်စည်းသူက အရင်းခံကျ၏"။

ဆရာချိုင်ယွမ်ဖေက ပြောဖူးတယ်။ "တကယ်လို့ ကိုယ်ကျင့်သိက္ခာ မရှိဘူးဆိုရင် ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းပြီး ဉာဏ်ရည်၊ ဉာဏ်သွေး ဘယ်လိုပင် ကောင်းသော်လည်း အဆုံးသတ်မှာ အဆိုးဘက်ကို ရောက်သွားတယ်"။ ကိုယ်ကျင့်သိက္ခာဟာ လူတစ်ဦးချင်းမှာဖြစ်စေ၊ လူမှုအဖွဲ့အစည်း တစ်ရပ်မှာဖြစ်စေ၊ အခြေခံအုတ်မြစ်သဘောဆောင်တဲ့ အဓိပ္ပာယ်ရှိပါတယ်။

ပေါင်းသင်းဆက်ဆံရေးနဲ့ လုပ်ငန်းဆောင်ရွက်ရမှာ ပထမဦးဆုံး လိုအပ်ချက်က ကိုယ်ကျင့်သီလကို ရိုသေလေးစားမှုဖြစ်တယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ လူကိုရွေးချယ်တဲ့ စံချိန်စံနှုန်းဖြစ်ပြီး ဘာကြောင့် စာရိတ္တလည်း ကောင်း၊ လုပ်ရည်ကိုင်ရည်လည်းရှိတဲ့လူကိုမှ ရွေးရတာလဲ။

စာရိတ္တကို ရှေ့ကထားရတဲ့ အကြောင်းက ကိုယ်ကျင့်တရားက အဓိကရေးရှုချက် ဖြစ်လို့ပါ။ လူတစ်ယောက်မှာ ထင်

ရှားတဲ့ ကိုယ်ကျင့်သိက္ခာသာရှိရင် အများပြည်သူနဲ့ သက်ဆိုင်တဲ့ ကျင့်ဝတ်စည်းကမ်းတွေကို လိုက်နာတယ်။ တစ်ဦးချင်း စာရိတ္တကို တင်းကျပ်စွာ စောင့်ထိန်းတယ်။ ဒါမှသာ လုပ်ရည်ကိုင်ရည်ဟာ အသုံးကျစရာ နေရာရှိလာမယ်။ ကိုယ်ကျင့်တရား ဆောက်တည်ခြင်းဟာ မြင့်မားဝေးလံတဲ့ စိတ်ပိုင်းဖြတ်ချက်မျိုးနဲ့ ညီညာငြိမ်သက်တဲ့ ရပ်တည်မှု ရှိရမယ်။

အမိမြေကို ကျေးဇူးဆပ်တဲ့ မျှော်မှန်းချက်ထားပြီး ပြည်သူကို အလုပ်အကျွေး ပြုရမယ်။ ဒါက ကြီးမားတဲ့ ကျင့်ဝတ်သိက္ခာဖြစ်လို့ မွေးမြူပျိုးထောင်နိုင်သူဟာ လုပ်ငန်းကြီးကို အောင်မြင်နိုင်ပါတယ်။

တစ်ချိန်တည်းမှာပဲ ကိစ္စသေးသေးလေးတွေကို ကောင်းအောင်လုပ်၊ အသေးအဖွဲကလေးတွေက ခြေလှမ်းစပြီး ကောင်းအောင် စီမံခန့်ခွဲရမယ်။ "ကောင်းမှုမြင်လျှင်၊ ဆင်ခြင်သယ်ဆောင်၊ အမှားရှိက ပြုပြင်ရ၏"။ အများပြည်သူဆိုင်ရာ ကျင့်ဝတ်တွေနဲ့ ကိုယ်ကျင့်တရားကို တိတိကျကျ တည်ဆောက်ရမယ်။ ကာယအလုပ် လုပ်တတ်ရမယ်။ ခြိုးခြံချွေတာတတ်ရမယ်။ ကျေးဇူးတရား သိတတ်ရမယ်။ သူတစ်ပါးကို ကူညီတတ်ရမယ်။ စိတ်ထားနှိမ့်ချ လိုက်လျောတတ်ရမယ်။ သဘောထားကြီးပြီး သက်ညှာတတ်ရမယ်။ မိမိကိုယ်ကို ထိန်းချုပ်တတ်ရမှာ ဖြစ်ပါတယ်။

(၃) ရှင်းလင်းစွာ ခွဲခြားသိမြင်ရမယ်။ အမှား၊ အမှန်ကို ခွဲခြား သိမြင်ပြီး ဆုံးဖြတ် ရွေးချယ်တတ်ရမယ်။ ရှေးခေတ်ကဘိုးဘေးတို့ရဲ့ ဩဝါဒမှာ...

"သင်ပြီး မတွေး
ရောထွေးကမောက်ကမ၊
တွေးသော်မသင်၊
အဆင်ခြင်ကင်း
မိုက်မဲခြင်းပင်"

အမှား အမှန်ကို သိမြင်၊ ဦးတည်ချက်ရှင်း ဖြောင့်စင်းတဲ့ လမ်းမှာ လူတွေ အဆင်းရဲ၊ ပင်ပန်းခံ၊ စိုက်ထုတ်လုပ်ကိုင်မှသာ စွမ်းရည်နဲ့ ဉာဏ်ပညာ အသီးအပွင့်တွေ ပေါ်ထွက်လာမှာ ဖြစ်တယ်။

ကမ္ဘာကြီးရဲ့ နက်နဲရှုပ်ထွေးတဲ့ ပြောင်းလဲမှုတွေကို မျက်နှာမှုထားရမယ်။ သတင်းခေတ်ရဲ့ အမျိုးမျိုး အထွေထွေ၊ အတွေးအခေါ် စီးကြောင်းများရဲ့ အပြန်အလှန် လှုပ်ရှားရိုက်ခတ်မှုကို မျက်နှာမှုရမယ်။

အကောင်းအဆိုး သောင်းပြောင်းရောနေတဲ့ လူမှုအဖွဲ့အစည်းရဲ့ အခြင်းအရာတွေကို မျက်နှာမှုရမယ်။ သင်ကြားလေ့လာရေး၊ စိတ်ခံစားမှု၊ အလုပ်အကိုင် ရွေးချယ်မှုစတဲ့ ဘက်စုံစမ်းသပ်မှုတွေကို မျက်နှာမှုထားရတဲ့အတွက် တစ်ခါတစ်ရံမှာ ယုံမှားသံသယတွေနဲ့ ဇဝေဇဝါ ယောင်ချာချာဖြစ်ပြီး ဆုံးရှုံးခဲ့ရတာတွေဟာ လူ့လောကရဲ့ ဖြစ်နေကျ ပုံမှန်ဖြတ်သန်းမှုပဲ ဖြစ်ပါတယ်။

သော့ချက်ပြဿနာက စဉ်းစားတွေးခေါ်မှုကို သင်ကြားတတ်မြောက်ပြီး ခွဲခြမ်းစိတ်ဖြာတတ်ရမယ်။ မှန်ကန်စွာ ရွေးချယ်၊

တည်ကြည်လေးနက်စွာနဲ့ မိမိကိုယ်ကို ထိန်းချုပ်၊ ဣန္ဒြေမပျက်၊ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် နိုင်မာစွာ အားပြုရမှာ ဖြစ်ပါတယ်။

မှန်ကန်တဲ့ ကမ္ဘာ့အမြင်ကို စိုက်ထူရမယ်။ လောကအမြင်၊ တန်ဖိုးအမြင်၊ ဒီအထွေထွေသုံး သော့တစ်ချောင်းကို ဆုပ်ကိုင်ထားပြီး လူ့အဖွဲ့အစည်းရဲ့ အခြင်းအရာမျိုးစုံကို နောက်တစ်ကြိမ် ထပ်ကြည့်ရမယ်။

လူ့ဘဝခရီးစဉ်မှာ အမှား၊ အမှန် အားလုံးဟာ အဖြောင့်နဲ့ အကောက်၊ အမိုက်နဲ့ သာမည၊ အစစ်နဲ့အတု၊ ကောင်းမှုနဲ့ မကောင်းမှု၊ လှပမှုနဲ့ အကျည်းတန်ခြင်းကို သဘာဝက ကွက်ကွက်ကွင်းကွင်းနဲ့ ကြည်လင်ပြတ်သားစွာ မြင်တယ်။ သဘာဝတရားကသာ မှန်ကန်စွာ အကဲဖြတ်နိုင်ပြီး မှန်ကန်စွာ ရွေးချယ်လိုက်တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရှေးကဗျာက ရေးထားတယ်။

“ဆေးကြောကြိမ်ဖန်
ဆန်ခါတိုက်ကျင်း
ညစ်ကြေးရှင်း
ဆင်းရဲပန်းလျှလျှ၊
သဲစကင်းစင်
ရွှေရောင်လင်းလက်
ပြိုးပြိုးပြက်တည့်”

(၄) ရိုးသားဖြောင့်မတ်ပြီး အခြေခံကျကျ ခေါက်ချအလုပ်လုပ်ပါ။ တိကျသေချာတဲ့ လူတစ်ယောက်ဘဝနဲ့ နေရမှာ ဖြစ်

ပါတယ်။ မှန်ကန်တဲ့လမ်းကို ထိုင်ပြီးပြောနေရုံနဲ့ မရသလို ကိုယ်ကျင့်တရားက လက်တွေ့မပါဘဲ လေထဲမှာ တိုက်အိမ်ဆောက်လို့ မရဘူး။ ပိုပြီးလက်တွေ့ကျသင့်တယ်။

အသိပညာနဲ့ ပြုမူဆောင်ရွက်ချက်ဟာ လက်ချင်းတွဲပြီး သွားရမယ်။ အမြဲတေတန်ဖိုး အမြင်အတွင်းသဘောကသာ လူတွေရဲ့ စိတ်ဓာတ်ရာဖွေ ကြိုးပမ်းမှုအတွက်ဖြစ်ပြီး အပြင်ပန်းကတော့ လူတွေရဲ့ကိုယ်ပိုင်အသိစိတ်နဲ့ ပြုမူဆောင်ရွက်ချက်များအတွက် ဖြစ်ပါတယ်။

(LI JI)ထဲမှာ ပြောတာက "ပညာဗဟုသုတ ကြွယ်ဝအောင်ရှာမှီး၊ အသေးစိတ် စုံစမ်းမေးမြန်း၊ လေးလေးနက်နက် စဉ်းစားတွေးတော၊ ရှင်းလင်းစွာခွဲခြားသိမြင်၊ လက်တွေ့နဲ့ ရိုးသားဖြူစင်"။ တချို့ကပြောတယ် "သိကြားမင်းက သစ်ခုတ်သမား လုပ်နိုင်ပေမယ့် သစ်ခုတ်သမားကတော့ သိကြားမင်းလုပ်လို့ မရနိုင်ဘူး" ဒါက လူငယ်တွေကို တင်စားတာ။

လူငယ်တွေမှာ ကြီးမားတဲ့ အခွင့်အလမ်းကောင်းတွေ ရှိနေပါတယ်။

သော့ချက်က တည်ငြိမ်တဲ့ ခြေလှမ်းကိုလှမ်းပြီး အခြေခံအုတ်မြစ်ကို ခိုင်မာအောင်လုပ်၊ ကာလရှည်ကြာ အကျိုးဆောင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

ဘယ်လိုလေ့လာသင်ကြားမှုမျိုး ဖြစ်ပါစေ။ လုပ်ငန်းစတင်တည်ထောင်ဖို့ ဖြစ်တာကြောင့် စိတ်ဂနာမငြိမ်ဘဲ အခုမုန့်ဆီကြော်၊ အခုဆီထမင်း၊ တစ်ခုသင် တစ်ခုမေ့၊ လုပ်တာတစ်ခု ကျန်တာ

တစ်ခု၊ ခုတ်ရာတခြား ရှရာတလွဲ၊ ဒါတွေအားလုံးဟာ စိုးရိမ် ဖွယ်ရာ ကိစ္စတွေ ဖြစ်ပါတယ်။

"မိုးအောက်မှာ
ခက်ခဲတာမှန်သမျှ
လွယ်ကူရာက
အစပြုတယ်။
မိုးအောက်က
ကြီးတဲ့ကိစ္စ
ဟူသမျှ
သေးငယ်ရာက စတယ်"

အောင်မြင်မှုရဲ့ နောက်ကွယ်မှာ ထာဝစဉ် အခက်အခဲ ဆင်းရဲငြိုငြင်မှုနဲ့ ကြိုးစားအားထုတ်မှုဆိုတာ ရှိတယ်။ လူငယ်တွေ ဟာ ပင်ပန်းခက်ခဲတဲ့ ပတ်ဝန်းကျင်ကို မိမိအတွက် စမ်းသပ်လေ့ ကျင့်တဲ့ အခွင့်ကောင်းတစ်ရပ်လို့ သဘောထားရမှာဖြစ်ပြီး ကိစ္စ သေးကို ကိစ္စကြီးနယ် အလေးထား လုပ်ကိုင်ရမယ်။

ခြေတစ်လှမ်း ခြေရာတစ်ခုထင်ပြီး ရှေ့ကို လ ှမ်းတက် သွားရမှာ ဖြစ်တယ်။ ရေစက်ကလေးက ကျောက်တုံးကြီးကို ထွင်းဖောက်နိုင်ပါတယ်။ မဆုတ်မနစ် ဇွဲသတ္တိနဲ့ ကြံကြံခိုင်ပြီး စိုးစဉ်းမျှ နောက်မတွန့်ရင် အောင်ပွဲဟာ အရှေ့ဆီမှာ သင့်ကို စောင့်နေမှာ ဖြစ်ပါတယ်။

အမြဲတေတန်ဖိုးအမြင်ရဲ့ ပြုစုပျိုးထောင်မှုဟာ တစ်နေ့ တစ်ရက်နဲ့ ပြီးမြောက်ခဲ့တာ မဟုတ်ပါဘူး။ လွယ်ကူရာမှာ ခက်ခဲ

ရာ၊ နီးရာမှ ဝေးရာကို စွဲစွဲမြဲမြဲ စိုးစဉ်းမျှ နောက်မတွန့်ရင် အောင်ပွဲဟာ အရှေ့ဆီမှာ သင့်ကို စောင့်နေမှာ ဖြစ်ပါတယ်။

အမြုတေ တန်ဖိုးအမြင်ရဲ့ ပြုစုပျိုးထောင်မှုဟာ တစ်နေ့တစ်ရက်နဲ့ ပြီးမြောက်ခဲ့တာ မဟုတ်ပါဘူး။ လွယ်ကူရာမှ ခက်ခဲရာ၊ နီးရာမှ ဝေးရာကို စွဲစွဲမြဲမြဲ ကြိုးပမ်းအားထုတ်ခဲ့တာဖြစ်တယ်။

အမြုတေ တန်ဖိုးအမြင်ရဲ့ တောင်းဆိုချက်က နေ့စဉ်ပြုမူဆောင်ရွက်မှုရဲ့ စံထားချက်အဖြစ် ပြောင်းလဲသွားအောင် ကြိုးစားရမယ်။ တစ်ဆင့်တိုးပြီး ကိုယ်ပိုင်အသိနဲ့ လိုက်နာယုံကြည်တဲ့ စိတ်ကူးစံ ဖြစ်တည်စေရမှာ ဖြစ်ပါတယ်။

အဆင်ပြေတဲ့ အခါတွေမှာ တောင်ကိုမြင်ရင် တောင်၊ ရေကိုမြင်ရင် ရေလို့ ကိုယ်ပိုင်ယုံကြည်မှု အပြည့်ရှိတယ်။ အဆင်မပြေတဲ့ အချိုးအကွေ့ကိုရောက်ရင် သံသယစိတ်က မငြိမ်သက်တော့ဘူး။

တောင်ကိုမြင်ရင်လည်း တောင်မဟုတ်ဘူး၊ ရေကိုမြင်ရင်လည်း ရေမဟုတ်ဘူး ဖြစ်နေတယ်။ ဘယ်လိုအချိန်အခါပဲ ဖြစ်ပါစေ၊ တရုတ်ပြည် ကုန်းမြေပေါ်မှာ ဖွံ့ဖြိုးတိုးတက်ပြီး ဖြစ်တည်နေတဲ့ ဆိုရှယ်လစ်ဝါဒ အမြုတေတန်ဖိုးအမြင်ကို ကျွန်တော်တို့ ကြံ့ကြံ့ခိုင် ကာကွယ်စောင့်ထိန်းရမှာ ဖြစ်တယ်။ ခေတ်သစ်ကာလရဲ့ ဒီရေအမြင့်မှာ မိမိတို့ရဲ့ တန်ဖိုးကြီးတဲ့ ဘဝအောင်မြင်ထမြောက်မှုများနဲ့ တိုင်းကျိုးပြည်ဆောင် ထူထောင်ကြရမှာ ဖြစ်ပါတယ်။

ကျောင်းသားများ... ဆရာများ ခင်ဗျား...

ပါတီဗဟိုကော်မတီက ကမ္ဘာပေါ်မှာ ပထမတန်းစား ကောလိပ်နဲ့ တက္ကသိုလ်များ တည်ဆောက်ရေး မဟာဗျူဟာ ပေါ်လစီတစ်ရပ်ကို ဆုံးဖြတ်ချမှတ်ခဲ့ပါတယ်။ ကျွန်တော်တို့ အဲဒီ ဦးတည်ချက်ကို မျက်နှာမူပြီး ခိုင်ခိုင်မြဲမြဲ ရှေ့ကိုချီတက်ရမယ်။ တရုတ်ပြည်ရဲ့ ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကို တရုတ်ဝိသေသနဲ့ မုချတည်ဆောက်ရမှာ ဖြစ်တယ်။

ထူးခြားချက်မရှိရင် သူများနောက်က လိုက်နေရမယ်။ ဘယ်တော့မှ အောင်မြင်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ဘူး။ ဒီနေရာမှာ စကားတစ်ခွန်း ဖြည့်စွက်ချင်တယ်။ ပိုပြီး အမျိုးသား ဆန်လေ၊ ကမ္ဘာကြီးအတွက် ပိုပြီးအကျိုးရှိလေပါပဲ။

ကမ္ဘာပေါ်မှာ ဟားဗတ်တက္ကသိုလ်(Harvard University) တစ်ခုပဲရှိတယ်။ University of Oxford, Stanford University, Massachusetts Institute of Techonology and University of Cambridge သူတို့လည်း တစ်ခုစီပဲ ရှိတယ်။

ထို့အတူပါပဲ ကမ္ဘာပေါ်မှာ ပီကင်းတက္ကသိုလ်ဟာလည်း တစ်ခုပဲ ရှိပါတယ်။

(Peking University), (Tsing hua University) ချင်းဟွာ တက္ကသိုလ်၊ (Zhejiang University) ကျဲ့ကျန်းတက္ကသိုလ်၊ (Fudan- University) ဖူတန်တက္ကသိုလ်နဲ့ (Nanjing Univesity) နန်ကျင်းတက္ကသိုလ် စတဲ့ တက္ကသိုလ်များဟာ တရုတ်ပြည်ရဲ့ ထင်ရှားကျော်ကြားတဲ့ ကျောင်းတော်ကြီးများ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကမ္ဘာပေါ်က ရှေ့တန်းရောက်တဲ့ ကျောင်းတည်ထောင်ခြင်းနဲ့ ကျောင်းအုပ်မှု နည်းပညာ၊ အတွေ့အကြုံသစ်တွေကို လေးနက်စွာ စုဆောင်းသိမ်းသွင်းယူရမယ်။ အထူးသဖြင့် သင်ကြားပို့ချမှု ဥပဒေသအတိုင်း ပိုပြီး လေးစားလိုက်နာရမယ်။ တရုတ်ပြည်မြေပေါ်မှာ တက္ကသိုလ်ကျောင်း ထူထောင်ရေးဟာ အမြစ်တွယ်ရမှာ ဖြစ်ပါတယ်။

ဆရာလူရှင့်က ပြောခဲ့ဖူးတယ်။ "ပီကင်းတက္ကသိုလ်ဟာ ထာဝစဉ် နုပျိုသစ်လွင်ပြီး ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုရဲ့ ရှေ့ဆောင်တစ်ဦး ဖြစ်တယ်။ တရုတ်ပြည်ကို ကောင်းတဲ့ဘက် မျက်နှာမူစေခဲ့ပြီး ရှေ့ကိုချီရာ အနာဂတ်လမ်းမပေါ်မှာ ရှိနေပါတယ်။

(၁၈)ကြိမ်မြောက် ပါတီညီလာခံ တတိယအကြိမ် မျက်နှာစုံညီ အစည်းအဝေးက ဘက်စုံနက်ရှိုင်းသော ပြုပြင်ပြောင်းလဲရေး အချက်ပေးခရာမှုတ်သံ မြည်ခဲ့ပြီး ကျွန်တော်တို့နိုင်ငံရဲ့ အဆင့်မြင့် ပညာရေး နက်ရှိုင်းစွာ ပြုပြင်ပြောင်းလဲမှုကို ရှင်းလင်းပြတ်သားတဲ့ တောင်းဆိုမှုတွေနဲ့ တင်ပြခဲ့တာလည်း ဖြစ်ပါတယ်။

အခု အဓိကလုပ်ရမှာက စီမံကိန်း(Blue Print)ကို တစ်လှမ်းချင်း လက်တွေ့အကောင်အထည်ပေါ်အောင် ပြောင်းယူရမှာ ဖြစ်တယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ အဆင့်မြင့် သင်ကြားပို့ချရေး ကျောင်းကြီးတွေဟာ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းရဲ့ ရှေ့တန်းကနေ ချီတက်ရမှာဖြစ်ပြီး ဒီဦးတည်ချက်ကို ကိုယ်ကျင့်တရားဆိုင်ရာ စိုက်ထူမှုနဲ့ အကျင့်စာရိတ္တ ကောင်းသူတွေရဲ့

အခြေခံ တာဝန်ဝတ္တရားများ တင်းတင်းကျပ်ကျပ် ဝန်းပတ်ထားရမယ်။

ဒါ့အပြင် အားမာန်တွေ ပြည့်ဖြိုးပြီး ကြွယ်ဝတဲ့ သက်ရောက်မှုနဲ့ ပိုပြီး လွတ်လပ်ပွင့်လင်းမှုလည်းရှိ၊ ကျောင်းကိုအကျိုးပြုမယ့် သိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်မှု ယန္တရားစက်စနစ်ကို အမြန်ဖွဲ့စည်းတည်ဆောက်ရမယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းရဲ့ ရှေ့ဆုံးတန်းက စစ်သည်တော်တာဝန်ကို ကောင်းအောင် ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။

ပီကင်းတက္ကသိုလ်ဟာ ပြုပြင်ပြောင်းလဲ အသစ်တီထွင်ကြိုးကြိုးကုတ်ကုတ် အဆင်းရဲ အပင်ပန်းခံလုပ်တဲ့ ဖြတ်သန်းမှုတွေနဲ့ မျိုးဆက်သစ်ကျောင်းသားများဟာ တာဝန်ကို လက်ဆင့်ကမ်းပြီး ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် တည်ဆောက်ရေး အိပ်မက်ကို စောစီးစွာနဲ့ အကောင်အထည် ဖော်နိုင်မယ်လို့ ကျွန်တော်ယုံကြည်မျှော်လင့်နေပါတယ်။

ကျောင်းဆရာများဟာ အလွန်တည်ကြည် လေးနက်တဲ့ တာဝန်ကို သယ်ပိုးထမ်းရွက်ထားရပြီး အလွန်တရာ မွန်မြတ်တဲ့ တာဝန်ကို အပ်နှင်းခံထားရတာ ဖြစ်ပါတယ်။ ဆရာမေရိချီ (Mei yiqi)က ပြောခဲ့ဖူးတယ်။ "ပြောနေကျ တက္ကသိုလ်ကျောင်းတော်ဆိုတာ အဟန့်ကောင်းတဲ့ အဆောက်အအုံ မဟုတ်၊ ကဝိဂုဏ်ရှိတဲ့နေရာ"။

ကျွန်တော် ခံစားနားလည်မိတာကတော့ ဒီလိုဆရာဟာ ပညာရပ်ဆရာသာ မဟုတ်ဘဲ အကျင့်သိက္ခာမြင့်မြတ်တဲ့ ဆရာ

ဖြစ်ပါတယ်။ သူ့ရင်ထဲမှာ ထာဝစဉ်သယ်ဆောင်ထားတာက သူ့ရဲ့တာဝန်ယူမှုဖြစ်ပြီး ကျောင်းဆရာတွေဟာ တပည့်တွေအတွက် လှေကားတစ်စင်း၊ ဒါမှမဟုတ် ကျောက်ခဲအဖြစ်ခံရဲတယ်။

ဒါ့အပြင် ကျောင်းသားရဲ့ အရွယ်ကို ကောင်းစွာစည်းရုံးလှုံ့ဆော်ပေးနိုင်ပြီး ဆရာရဲ့ ဩဇာတိက္ကမ ကြွယ်ဝတဲ့ ပညာရပ်အကူအညီနဲ့ ဉာဏ်ပညာတံခါးကို ဖွင့်ပေးနိုင်တာ ဖြစ်ပါတယ်။

ပါတီကော်မတီနဲ့ အစိုးရက အထက်တန်းနဲ့ တက္ကသိုလ်၊ ကောလိပ် ပညာရေးလုပ်ငန်းကို အထူးဂရုစိုက် လုပ်ဆောင်ရမယ်။ ကျောင်းသားများရဲ့ လူလားမြောက်မှုကို အစမှ အဆုံးတိုင် အလေးထား စောင့်ရှောက်ရမယ်။

သူတို့ရဲ့ နုပျိုတဲ့စိတ်ကူးအိပ်မက်တွေ ပျံသန်းနိုင်ဖို့အတွက် လူ့ဘဝရဲ့ အောင်မြင်တဲ့ ဓာတ်ခံကို အကောင်အထည်ဖော် တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဘက်စုံနက်ရှိုင်းတဲ့ ပြုပြင်ပြောင်းလဲရေးအတွက် တရားမျှတ၊ သမာသမတ်ကျတဲ့ ပတ်ဝန်းကျင်တစ်ခုကို တည်ဆောက်ပြီး လူမှုအဖွဲ့အစည်း ရွေ့လျားမှုကို တွန်းဆော်ရမယ်။

ကျယ်ပြန့်တဲ့ လူငယ်ထုရဲ့ အားမာန်နဲ့ တီထွင်ဖန်တီးမှုစွမ်းရည်ကို အဆက်မပြတ် လှုံ့ဆော်ပေးရမှာ ဖြစ်ပါတယ်။ အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းနဲ့ လုပ်ငန်းတည်ထောင်၊ ဝန်ဆောင်မှုစနစ်တွေကို အားကောင်းအောင် တည်ဆောက်ပေးရမယ်။

ကျောင်းသားများရဲ့ လူမှုအဖွဲ့အစည်းထံ လှမ်းချီလာတဲ့ ပထမဆုံး ခြေတစ်လှမ်းကို ထောက်ခံကူညီနေမှာ ဖြစ်ပါတယ်။

အဆင့်အသီးသီးက ခေါင်းဆောင်ကေဒါများဟာ ကျောင်းသားများရှိရာကို မကြာခဏ သွားနေရမယ်။ သူတို့နဲ့အတူ မိတ်ဆွေဖွဲ့ရမယ်။ သူတို့ရဲ့ ထင်မြင်ချက်နဲ့ အကြံပြုချက်ကို နားထောင်မှတ်ယူရမှာ ဖြစ်ပါတယ်။

အခု အဆင့်မြင့်ပညာရေးကို သင်ကြား လေ့လာနေတဲ့ တက္ကသိုလ်ကျောင်းသားများဟာ အသက် ၂၀ ဝန်းကျင် ဖြစ်ပါတယ်။ အတန်အသင့် ချမ်းသာကြွယ်ဝတဲ့ လူမှုအဖွဲ့အစည်း ဘက်စုံတည်ဆောက်ပြီး ၂၀၂၀ ပြည့်နှစ်ကို ရောက်တဲ့အခါ လူအတော်များများဟာ အသက် ၃၀ မပြည့်တတ်သေးတဲ့ အရွယ်တွေပဲ ဖြစ်မယ်။

လက်ရှိ ၂၁ ရာစုနှစ်ရဲ့ သက်တမ်းတစ်ဝက်ကို ရောက်တဲ့အခါမှာတော့ အခြေခံအားဖြင့် ခေတ်မီရေးကို အကောင်အထည်ဖော်ပြီး ဖြစ်တယ်။ ဒီအခါမှာ လူအများစုဟာ အသက် ၆၀ မပြည့်သေးပါဘူး။ "နှစ်တစ်ရာနှစ်ခု"လုံးပန်းတိုက်ခိုက်တဲ့ ရည်မှန်းချက်ဟာ အကောင်အထည်ပေါ်ပြီလို့ ပြောတာလည်း ဖြစ်ပါတယ်။

ခင်ဗျားတို့နဲ့ သန်းပေါင်းများစွာသော လူငယ်အပေါင်းဟာ ဒီဖြတ်သန်းမှု ဖြစ်စဉ်ထဲမှာ အတူတကွ ပါဝင်ကြရမှာ ဖြစ်ပါတယ်။ ယုံကြည်ချက် ရှိတယ်။ စိတ်ကူးအိပ်မက် ရှိတယ်။ လုံးပန်းတိုက်ခိုက်မှု ရှိတယ်။ စွန့်လွှတ်ပေးဆပ်မှုရှိတဲ့ လူ့ဘဝကသာ အဓိပ္ပာယ်ရှိတဲ့ လူ့ဘဝဖြစ်တယ်။

မျက်မှောက်ခေတ် လူငယ်တွေဟာ နိုင်ငံအကျိုးဆောင်ထူထောင်တဲ့ လုပ်ငန်းဇာတ်ခုံဟာ မကြုံဖူးအောင် ကျယ်ပြောပြီး

စိတ်ကူးအိပ်မက်ဟာ တကယ်ဖြစ်လာခဲ့တယ်။ အနာဂတ်အလား အလာဟာလည်း ထူးကဲတဲ့ တောက်ပမှုတွေနဲ့ တရုတ်အိပ်မက်ရဲ့ ကြီးမြတ်တဲ့ လက်တွေ့ဖြတ်သန်းမှု အတွင်းမှာ မိမိတို့ရဲ့ အနှစ် သာရရှိတဲ့ လူ့ဘဝကို ဖန်တီးတည်ဆောက်ဖို့ အားလုံးပဲ ကြိုးစား ကြမယ်လို့ မျှော်လင့်ပါတယ်။

ယနေ့ခေတ်သစ် တရုတ်လူငယ်တွေဟာ ပါတီနဲ့ပြည်သူ က ပေးအပ်ထားတဲ့ သမိုင်းပေးတာဝန်ကြီးကို မုချထမ်းဆောင် နိုင်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ပျိုမျစ်တဲ့ ဘဝကို နိုးကြွဂုဏ်တင်၊ လူ့ဘဝကို လမ်းသစ်ချဲ့ထွင်၊ လူမှုအဖွဲ့အစည်း အတွက် ပေးဆပ်လှူဒါန်းသော ခရီးစဉ်အတွင်းမှာ ဘယ်လိုရုက်ရွဲ့ သိမ်ငယ်စရာမှ မရှိ၊ ခေတ်ကာလရဲ့ ခံ့ညားထည်ဝါတဲ့ အခန်း ကဏ္ဍသစ်ကို ရေးဖွင့်ခဲ့တာ ဖြစ်ပါတယ်။

လို့ ရှီကျင့်ဖျင်က ပြောကြားခဲ့ပါတယ်။

အခမ်းအနား တက်ရောက်လာသူတွေကို စိတ်ကျေနပ် စေပါတယ်။ သမိုင်းမှာ ခေါင်းဆောင်ကောင်းအဖြစ် ရပ်တည်နေ ပါတယ်။ ကမ္ဘာ့နိုင်ငံခေါင်းဆောင်တွေကလည်း ရှီကျင့်ဖျင်ကို အပြစ်ပြောတာ သိပ်မရှိပေ။

သူကလည်း နိုင်ငံ့ခေါင်းဆောင်များစွာနဲ့ တွေ့ဆုံပါတယ်။ တရုတ်နိုင်ငံကို အခြားနိုင်ငံတွေက အနိုင်ကျင့် ဖိအားပေးလို့မရ။ သမ္မတက လက်မခံရင် ဘာမှ လုပ်မရအောင် ဖြစ်နေပါတယ်။

ရှီကျင့်ဖျင်ဟာ သူ့အဖေလက်ထက်က အရုပ်ဆိုးစေတာ တွေကို သူ့လက်ထက်မှာ အကောင်းဆုံးတွေ လုပ်ပြနေပါတယ်။

သူ့နိုင်ငံ သူ့လူမျိုးအတွက် ကြိုးစားနေတဲ့ ခေါင်းဆောင်ကောင်း တစ်ယောက်ပါ။

အဲဒါကြောင့် တရုတ်နိုင်ငံမှာရှိတဲ့ ရှိကျင့်ဖျင်ဟာ နာမည်ကောင်းတွေ ပိုင်ဆိုင်ထားသူ အဖြစ်နဲ့ မှတ်ကျောက်အတင်ခံရသူတစ်ယောက် ဖြစ်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့ သမ္မတရှိကျင့်ဖျင် အပေါ် အမြင်လေးကို ဒီနေရာမှာ ရပ်နားလိုက်ချင်ပါတော့တယ်။

စာဖတ်သူအားလုံးကို လေးစားလျက်

မင်းပုည
၁၀-၁၀-၂၀၁၆